
www.burmeseclassic.com

# ခင်ခင်ထူး

## ဝတ်လဲတော်ရွှေပုခိုး တန်းဝိုးလို့ကြိုမပ်



BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

ကျွန်မ၏ 'ဝတ်လဲတော် ရွှေပုဆိုး တန်းထိုးလို့ ကြိုမယ်' မဂ္ဂဇင်းဝတ္ထုရှည်မှာ မဟေသီမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုရှည်အဖြစ် တစ်နှစ်နီးပါး ဖော်ပြခဲ့သော ဝတ္ထုဖြစ်ပါသည်။ မဟေသီမဂ္ဂဇင်းသို့ ၂၀၀၄ခုနှစ်ဖေဖော်ဝါရီလထဲမှာ ကျွန်မစာမူလှမ်းပို့ဖြစ်သည်။ မဟေသီ မဂ္ဂဇင်းအယ်ဒီတာ ဆရာဦးခင်မောင်မြင့်ထံသို့ ကျွန်မ၏ဝတ္ထု ပထမ တစ်ဖြတ်စာ စာမူသုံးပုဒ်နှင့်အတူ ပေးစာတစ်စောင်ကိုပါ ကျွန်မ ရေးပို့ ဖြစ်ခဲ့ပါသည်။ ထိုပေးစာထဲတွင် သည်ဝတ္ထုကို ကျွန်မရေးဖွဲ့ ဖြစ်သည့် ခံစားမှုနှင့် ဝတ္ထုထဲတွင်ပါသည့် ဒေသနောက်ခံ၊ ဇာတ်လမ်းပါ ဇာတ်ကောင်များနှင့်ပတ်သက်၍ ဆရာ့ကို ကြိုတင်အသိပေးသည့် သဘောများ ပါခဲ့ပါသည်။

ယခု ကျွန်မရေးနေရသည့် ဤအမှာစာတွင်လည်း ကျွန်မ ဆန္ဒအတိုင်း ပြောရလျှင် ဆရာဦးခင်မောင်မြင့်ထံ ကျွန်မရေးပို့ခဲ့သည့် ပေးစာကိုပင် ထည့်ချင်ခဲ့မိပါသည်။

သည်ဝတ္ထုအခြေခံရာဒေသဖြစ်သည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားရှိ ကျွန်းဆယ့်နှစ်ရွာကို ကျွန်မငယ်စဉ်က ကျွန်မ၏

www.burmeseclassic.com

www.burmeseclassic.com



မွေးရပ်ရွာပမာ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးပါသည်။ ကျွန်မမိခင်၏ အစ်မအကြီးဆုံး ကျွန်မကြီးတော်ရှိရာ ဧရာဝတီမြစ်ဆိပ်ကမ်းရွာတစ်ရွာဖြစ်သည့် မြေတော်ရွာ၏ အနောက်မြောက်ယွန်းယွန်းရှိ ဖြူဖူးရွာကို နှစ်စဉ် တပေါင်းလရောက်တိုင်း ကျွန်မတို့ မိသားစုများ သွားလေ့ရှိကြပါသည်။ သည်တုန်းက အဘ (အမေ့၏အဖေ) သက်ရှိထင်ရှား ရှိပါသေးသည်။ အဘကိုယ်တိုင်က အယူအစွဲကြီးသော ရှေးမြန်မာကြီးပီပီ ဘာသာတရားကိုင်းရှိုင်းသလောက် ဒေသရိုးရာယုံကြည်မှုအရ ကိုကြီးကျော်နတ်ကိုလည်း အစွဲထားသူတစ်ယောက်ဖြစ်သည်။ အဘ၏ ထိုစွဲလမ်းမှုကြောင့်ပင် ကျွန်မတို့ မိသားစုများ တပေါင်းလကိုကြီးကျော်နတ်ပွဲကို နှစ်စဉ်မပျက်မကွက် ရောက်ရခြင်းဖြစ်၏။

ဖြူဖူးရွာမှ ကိုကြီးကျော် နတ်နန်းရှိရာ ထန်းတောကူနီရွာကို ရှာလှည်းများဖြင့် တပျော်တပါး သွားကြရသည့် အရသာကို ထိုစဉ်က ကလေးပီပီ ကျွန်မ အလွန်နှစ်ခြိုက်သဘောကျနေခဲ့မိသည်။ မနက်မိုးမသောက်မီ ဝေလီဝေလင်း မှုန်တိမှုန်မွှား လရောင်အောက်မှာ ဆောင်းကြွင်းလေကို လန်းလန်းဆန်းဆန်း ရှူရှိုက်ရင်း လှည်တအိအိ စီးရသည့်အရသာကို ကျွန်မ ယနေ့အထိ မမေ့နိုင်ပါ။ လမ်းခရီးတစ်လျှောက် စီကာစဉ်ကာရှိနေသည့် မြေပဲခင်း၊ နှမ်းခင်း၊ ဆေးခင်း၊ နေကြာခင်းများကို ဖြတ်ရင်း အဝေးဆီက ထန်းတောညို့ညို့ကြီးတွေကို လှမ်းမျှော်ကြည့်ရသည့် အညာကျေးလက်ရှုခင်းများသည်ပင် ကျွန်မအရိုးအသားထဲအထိ စိမ့်ပေါက်နေခဲ့ပါသည်။ နတ်ဒိုးသံတွေ ကြိုင်ကြိုင်ဆူနေသည့် နေပူပူ ဖုန်ထူထူကြားက ကိုကြီးကျော်နတ်ပွဲတော် ကွင်းကြီးထဲမှာ ချွေးတလုံးလုံး ပြေးလွှားဆော့ကစားခဲ့ရသည့် အပျော်ကလည်း ဘယ်အပျော်နှင့်မှ မတူပါ။ သည်ဒေသ၊ သည်

BURMESE CLASSIC .com



ရှုခင်း သည်အရောင်၊ သည်ယုံကြည်မှုများနှင့်အတူ ကျွန်မ အကြိုက်အဘွားများ သီဆိုပြကြသည့် နတ်ချီ နတ်ချော နတ်ချင်းများမှာ ကျွန်မသွေးသားထဲမှာ စီးဝင်လှည့်ပတ်နေလေသလား ထင်မိပါသည်။

ကျွန်မ၏ ကျေးဇူးရှင် အဘနှင့် ကြီးတော်တို့ ဆုံးပါးသွားသည့်အခါမှာတော့ ကျွန်မတို့မိသားစု ဖြူဖူးရွာဆီကို အရောက်အပေါက် ကျဲပါးခဲ့ရသည်။ သည့်အတွက် ကိုကြီးကျော်နတ်ပွဲနှင့်လည်း ကျွန်မ အလိုအလျောက် ဝေးကွာခဲ့ရပါတော့သည်။ နှစ်ပေါင်းနှစ်ဆယ်နီးပါး မရောက်ဖြစ်ခဲ့သည့် ကျွန်မစွဲလမ်းခဲ့သော ကျွန်းဆယ့်နှစ်ရွာဆီကို ပြီးခဲ့သောနှစ်များဆီက ကျေးလက်ကို ချစ်ခင်တတ်သော ကျွန်မခင်ပွန်းနှင့်အတူ ခရီးထွက်ဖြစ်ခဲ့ပါသည်။ တပေါင်းလ ကိုကြီးကျော်နတ်ပွဲရက်ကို တမင်တကာ ရွေးပြီးမှ ကျွန်မဆွေမျိုးသားချင်းတားမဦးချနေထိုင်ရာ ဖြူဖူးရွာ၊ ကျောက်ဖူးရွာ၊ မီးလောင်ကျွန်းရွာ၊ ထန်းတောရွာ၊ ချင်းယားရွာ စသည့် ကျွန်းဆယ့်နှစ်ရွာအနှံ့ နွားလှည်းနေကုန်စီးကြရင်း ကျွန်မတို့ ခရီးလှည့်ခဲ့ကြသည်။ ကိုကြီးကျော်နတ်ပွဲကိုလည်း မရောက်မဖြစ် ရောက်ခဲ့ရသည်။ သည်ခရီးက အပြန်မှာတော့ ကျွန်မရင်ထဲ နှစ်ပေါင်းများစွာ ငုတ်လျှိုးနေခဲ့သော ကိုကြီးကျော်နတ်ပွဲသွားရိုးရာဓလေ့နှင့် ငယ်ဘဝဖြတ်သန်းမှုများက ကျွန်မကို မှုတ်နှိုးလိုက်ပုံရပါသည်။ ဥပမာဆိုရလျှင် သဲကျင်းစိုစိုထဲတွင် ထန်းလက်ခြောက်မိုး၍ ပျိုးထားသော ပဲစေ့ကလေးတွေ ပဲညှောက်ပေါက်သလို ရုန်းထွက်လာခြင်းဖြစ်သည်။

*'ဝတ်လဲတော်ရွှေပုဆိုး တန်းထိုးလို့ကြိုမယ်'* ဝတ္ထုရှည်က ကျွန်မ၏ ရင်နှင့်အမျှ တတ်စွမ်းသလောက် ရေးလိုက်သော ခံစားမှုဝတ္ထုလို့သာ ဆိုချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးခင်မောင်မြင့်ထံ စာမူသုံးပုဒ်နှင့်အတူ ပေးပို့လိုက်သည့် ပေးစာထဲတွင် သည်အကြောင်းကလေးတွေ ရေးပြရင်း ကျွန်မ၏ဝတ္ထုမှာ ခုနစ်လ ရှစ်လစာလောက်တော့ ဖော်ပြရလိမ့်မည် ထင်ကြောင်း ရေးခဲ့ပါသည်။ ဆရာက ဧပြီလထုတ်မှစ၍ ဖော်ပြမည့်အကြောင်း ဆရာစိုးဘားဒိုင်နှင့် သတင်းကောင်းပါးလိုက်သည့်အခါမှာတော့ ကျွန်မရေးလက်စစာမူကို ပြီးဆုံးအောင်ရေးဖို့ တွန်းအားတွေ ဖြစ်ခဲ့ရပါသည်။ စိတ်ပါရှိသမျှ တကယ်ချရေးလိုက်သည့်အခါမှာတော့ ကျွန်မဝတ္ထုမှာ ကျွန်မကြိုတင် ခွင့်တောင်းထားသည့် ခုနစ်လ ရှစ်လစာ မကတော့ဘဲ ဆယ့်တစ်လစာ ဖြစ်သွားခဲ့သည်။ ပထမသုံးပုဒ်အပြင် နောက်ထပ် စာမူရှစ်ပုဒ်နှင့်အတူ ဆရာဦးခင်မောင်မြင့်ထံ တောင်းပန်စာကလေးတစ်စောင် ရေးရပြန်ပါသည်။ ဝတ္ထုစတင်ပါခဲ့သည့် ၂၀၀၄ ခုနှစ် ဧပြီလဆန်းထဲမှာပဲ ကျွန်မစာမူကို အပြီးရေးပို့ခဲ့သည်။ ဆရာ့ထံမှ နောက်ထပ်ပေးပို့သည် စာမူအပိုင်းများရကြောင်း၊ ဆယ့်တစ်လစာ ဖြစ်သွားသည့်အတွက်လည်း နားလည်ပါကြောင်း၊ စာမူပေးပို့သည့်အတွက်ပင် ကျေးဇူးတင်ကြောင်း ဆရာက အကြောင်းပြန်သည့်အခါ ကျွန်မအထူးဝမ်းသာကြည်နူးခဲ့ရပါသည်။

ဧပြီလ (၂၁) ရက်မနေ့မှာတော့ ဆရာဦးခင်မောင်မြင့် ကွယ်လွန်ကြောင်း ဆရာညီပုလေးမှတစ်ဆင့် ကျွန်မတို့ ကြားသိရသောအခါ ဝမ်းနည်းကြေကွဲရမှုနှင့်အတူ ဆရာ၏ မေတ္တာစေတနာအတွက် ကျေးဇူးတင်စကားကလေးသော်မှ ကျွန်မ မပြောလိုက်ရလေခြင်းလို့ ယူကြုံးမရ ဖြစ်ခဲ့ရကြောင်းကိုလည်း ဖော်ပြချင်ပါသည်။ ဆရာသည် ကျွန်မ၏ စာမူအားလုံးကို အဝေးမှ ပေးပို့သည့် စာမူအဖြစ် လက်ခံပြီးမှ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ရာ ကွယ်လွန်ချိန်အထိ ဆရာနှင့် ကျွန်မ တွေ့ခွင့်၊ ကျေးဇူးစကားဆိုခွင့် မရခဲ့ခြင်းအတွက်လည်း ကြေကွဲမိရပါသည်။ ယခု လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေလိုက်သည့်အခါမှာတော့ ဆရာ့ကျေးဇူးတရားကို အောက်မေ့လျက် သည်အမှာစာကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။



ကွယ်လွန်သူ ဆရာဦးခင်မောင်မြင့်နှင့်တကွ မဟေသီ အယ်ဒီတာအဖွဲ့ မိသားစုများ၊ ကျွန်မချစ်လှစွာသော စာဖတ်ပရိသတ်များ၊ ကျွန်မ၏ ကျေးလက်နေ ဆွေမျိုးသားချင်းများကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ အထူးသဖြင့် ကျွန်မ၏ ဝတ္ထုထဲတွင် အလျင်းသင့်သလို ဖော်ပြခဲ့သည့် နတ်ချင်းများကို ကျွန်မ အသံသွင်းယူရန် ဆိုပြရွတ်ပြခဲ့ကြသော ကျွန်မ၏ ဦးကြီးဘကြီးများ၊ အစ်ကိုများနှင့်တကွ ရိုးရာနတ်ယုံကြည်မှုနှင့် ဓလေ့ထုံးစံများစာအုပ်မှ နတ်သီချင်းများကို လိုအပ်လျှင် ယူသုံးရန် ခွင့်ပြုသည့် ဆရာဦးခင်မောင်သန်း (စိတ်ပညာ)တို့ကို အထူးကျေးဇူးတင်ပါသည်။

အရိုးခိုက်အောင် စွဲလမ်းကြသည့် ကျေးလက် နတ်ယုံကြည်မှုဓလေ့များနှင့် ရောနှောကာ ကျွန်မ၏ဝတ္ထုကို အညာဓလေ့ အညာငွေ့ပါအောင် ကျွန်မ ကြိုးစားထားခြင်း ဖြစ်ပါသည်။ သည့်အတွက် ချစ်သော စာဖတ်ပရိသတ်များ နှစ်သက်နိုင်ကြလိမ့်မည်ဟု ကျွန်မ မျှော်လင့်မိပါသည်။

လေးစားလျက်
[illegible]
၂၀၀၅ ခုနှစ် မေလ
မန္တလေး

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယအကြိမ် ထုတ်ဝေခြင်းအမှာစာ

"ဝတ်လဲတော်ရွှေပုဆိုး တန်းထိုးလို့ကြိုမယ်" လုံးချင်းဝတ္ထုနှင့် ပတ်သက်၍ ဒုတိယအကြိမ် ထုတ်ဝေရခြင်းအပေါ် စာရေးသူတစ်ယောက်အနေဖြင့် ဝမ်းသာမိရပါသည်။ မဟေသီမဂ္ဂဇင်းတွင် ဆယ့်တစ်လတိုင်တိုင် ဖော်ပြခဲ့ပြီး စာအုပ်အဖြစ် ထွက်ရှိလာသည့်အခါ သည်စာအုပ်အပေါ် ခံစားမှုစုံကို ကျွန်မကြားနာခဲ့ရပါသည်။ ထောက်ပြဝေဖန်ကြသူများကိုရော၊ ချီးကျူးအားပေးကြသူများကိုပါ မေတ္တာအားဖြင့် ကျေးဇူးတင်မိရသည်လည်း အခါခါ ရှိရပါသည်။

တချို့ကလည်း ကျေးလက်စရိုက်ဖွဲ့ မေတ္တာသရုပ်ဖော် ဝတ္ထုကလေးကို မြတ်နိုးရပါသည်ဟု ဆိုကြသလိုပင် စာဖတ်ပရိသတ် တချို့ကလည်း ဝတ္ထုကို အဆုံ့သတ် မြန်ဆန်လွန်းသည့်အကြောင်း ထောက်ပြကြပါ၏။ အပြောကြဆုံးမှာ ဇာတ်ကောင် ကိုကျီးညို၏အဖြစ်ကို တင်ပြရာတွင် စာရေးသူအနေဖြင့် ရက်စက်လွန်းသည့်သဘော ဆိုကြခြင်းဖြစ်ပါသည်။ သည်တုံ့ပြန်မှုများအတွက် ကျွန်မမှာ အားဖြစ်ရသည်လည်း အမှန်ပင်။

သည်ဝတ္ထုထွက်လာပြီး အမှတ်တရ ဖြစ်ရတာတွေလည်း ရှိပါသည်။



သည်ဝတ္ထုကိုဖတ်ပြီး သည်ဒေသ၊ သည်ရှု့ရာ၊ သည်အရိပ်အရောင်တွေကို ခံစားလိုသော မိတ်ဆွေအချို့ကို ကျွန်မတို့မိသားစုက ပခန်းကိုကြီးကျော် နတ်ပွဲသို့ ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ခဲ့ရပါသည်။ ဝတ္ထုဇာတ်လမ်းပါ ကျေးရွာများကို ပို့ပေးချင်သော်လည်း အချိန်မပေးနိုင်ကြသည့်အတွက် မပို့ဖြစ်ခဲ့ပါ။ ရေစကြိုမြို့မှတဆင့် ပခန်းသို့ ကားလမ်းဖြင့်သွားကာ ပခန်းငယ်ရောက်မှ ချင်းတွင်းမြစ်ကို ဖြတ်၍ နတ်ပွဲထဲအရောက် ပို့ပေးနိုင်ခဲ့ပါ၏။ ကျွန်မကိုယ်တိုင်ပင် ကျွန်မဝတ္ထုဇာတ်အိမ်တည်ရာ ကျေးလက်လမ်းတစ်လျှောက်ကို အဝေးက လှမ်းမျှော်ကြည့်ရုံသာ ကြည့်ခဲ့ရပါသည်။ ရှာလှည်းတွေ ဆိုက်ကြသော လှည်းဝိုင်းကိုတော့ အလွမ်းပြေ ကြည့်ဖြစ်အောင် ကြည့်ခဲ့ပါသည်။

ကျေးလက်စရိုက်သဘာဝကို ဖော်ရာတွင် ကျေ တောနေ ကျေးတော ကြီးရသူကျွန်မအဖို့ မပင်ပန်းလှသော်လည်း ဝတ္ထုအဖြစ် တင်ပြရာမှာတော့ များစွာ အားထုတ်ရကြောင်းကိုလည်း ဝန်ခံရပါမည်။ အစဉ်အဆက်ရိုးသားမှုဖြင့် ရိုးရာသဘာဝအတိုင်း နေထိုင်လုပ်ကိုင် စာ သောက်ကြသူများ၏ စိတ်သဘောကိုပေါ်အောင် ဖော်နိုင်ရန် ကျွန်မ လွန်စွာအားထုတ်ခဲ့ရခြင်းကို ဆိုလိုပါသည်။ မည်သို့ပင်ဖြစ်စေ စာဖတ်ပရိသတ်၏ အားပေးမှုကို ရခဲ့သည့်အတွက် ကျွန်မ ကျေနပ်မိပါ၏။

နောက်ထပ် အမှတ်တရရှိရခြင်းမှာ နိုင်ငံကျော် ဂီတပညာရှင် ဆရာရေနံ့သာ (ဦး)စိုးလှိုင် ကိုယ်တိုင် ဝတ္ထုကိုဖွဲ့လန်းမိရာက နတ်ပွဲကျင်းအထိ သွားရောက်ကာ ကျေးလက်ရိုးရာ နတ်ချင်းများ ရေးဖြစ်ခဲ့သည့်ကို ဆရာကိုယ်တိုင် ကြွရောက်ပြောပြ ဆိုပြသဖြင့် ကျွန်မအတွက် နှုန်းအားဖြစ်ခဲ့ရပါသည်။ ဆရာက နတ်ချင်းတွေ ဆိုပြတော့ ကျွန်မမှာ ကြက်သီးများပင်ထလောက်အောင် ခံစားမိရပါ၏။

စာဖတ်ပရိသတ်များထဲက တစ်ဦးဖြစ်သော ဒေါ်နုနု (ဆရာမ ဒိုနီဥပဒေ)က လက်ဆောင်ပစ္စည်းများ ပေးပို့ခဲ့သည့်အပြင် ဇာတ်ကောင်များ

www.burmeseclassic.com



ဖတ်နေသောစာဖတ်ပရိသတ်များကို အသေ စိတ်ထောက်ပြ ပေး ပြသည့်အပေါက် လည်း ဆရာမကို ကျေးဇူးတင်ရပါသည်။

သည်ဒုတိယအကြိမ် အမှားမှာတော့ ကျေးလက်စရိုက်ဖွဲ့ လုံးချင်ဝတ္ထုများ ဆက်လက်ရေးသားရန် ကျွန်မ လုံ့လပြုနေပါကြောင်း ဖော်ပြလိုပါသည်။ ဆက်လက် ဖတ်ရှုဝေဖန်ထောက်ပြကြရန်လည်း မျှော်လင့်လျက် ရှိပါသည်။

ပထမအကြိမ် ထုတ်ဝေစဉ်ကပင် မျက်နှာဖုံးသရုပ်ဖော်ပုံကို ရေးဆွဲအား ဖြည့်ပေးခဲ့သော ဆရာဝသုန်နှင့် ဒုတိယအကြိမ် ထုတ်ဝေပေးသည့် ဦးဝင်းချို(မုဝံစာပေ) တို့ အပါအဝင် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူး တင်ရှိပါကြောင်း မေတ္တာပြုအပ်ပါသည်။

လေးစားလျက်

**ခင်ခင်ထူး**

၂၀၀၇ ခုနှစ်၊ ဇွန်တင်ဘာလ (၁)ရက်

မန္တလေး။

BURMESE CLASSIC .com

(၁)

"မသွယ်တဲ့မဝယ် × × × ရွှေနန်းဆို ကုန်မြင့်မှာ ဘုန်းရောင်ပွင့်ခြယ် × × × ရန်တိုင်းငယ်ကြွယ် × × × ဘယ်ဝယ်မှ ခန့်ပါဘူး × × × လေးရောင်ကိုင် × × × လက်ရုံး တော်ညာစိန်တိုင်နဲ့ × × × ပွဲပိုင်တဲ့ မင်း . . . မင်း . . . "

လေမတိုက်ရွက်မလှုပ်ငြိမ်သက်တိတ်ဆိတ်နေသော ကျီးမထ ကြက်မနိုး ညဉ့်လွှာရုံကို လှုပ်ခါလိုက်သလို ရှာထိပ်က လော်စပီကာသံက ဟိန်းထွက်လာသည်။ အထူးအဆန်းတော့ မဟုတ်ပါ။ သည်ရွာကလေးမှာ သည်ဓလေ့ရှိသည်။ မနက်ခင်းစောစောမှာ သည်လိုပဲ ဖွင့်နေကျ။ ပခန်းမင်းကျော်စွာ နတ်ပင့်သံက အိမ်မောကျ ရွာကလေးကို ပုတ်နိုးလိုက်သည်မို့ ခင်နှောင်းတစ်ယောက် အိပ်ရာထဲမှ ငေါက်ခနဲ ထထိုင်လိုက်မိ၏။ သူမ အိပ်ရာအနောက်ခန်းဘေး ကဲလားတံခါးကလေးကို အသာမ,ကြည့်လိုက်တော့ အပြင်မှ မြူတွေ ပိန်းနေအောင် ဆိုင်းကာ မှောင်မည်းမည်းညဉ့်ရိပ်များပင်ရှိသေးသည်။ ရွာပေါ်မှာ ခပ်ပြေပြေကလေး ဖိတ်ကျနေသည့်လရောင်က မြူနှင့် ရောကာ ဖိတ် ဖျချို့ စင်တစ်ဝက်။

www.burmeseclassic.com

www.burmeseclassic.com



အိမ့်နောက်ဘက် ဒန့်သလွန်ပင်ကြီးပေါ်မှ ရွှေစွန်ကြီး၏ အတောင်တဖျန်းဖျန်းရိုက်သံနှင့်အတူ နံနက်ချိန်ခါတေးသံသာ 'အောက်အီးအီးအွတ်' သည်ပင် ခါတိုင်းလို အားမရှိ။ ကြက်သံကို ဗဟိုပြုရသည့် တောကျေးလက်ဆိုတော့ လင်းလုပြီဆိုတာကို ခင်နှောင်းသိလိုက်သည်။ တစ်ဆက်တည်းဆိုသလိုပင် ရွာတောင်ဖျား ရှိ ဆရာတော့်ကျောင်းဆီက အုန်းမောင်းခေါက်သံတတုံတုံသည်ပင် ထွက်ပေါ်လာခဲ့ပြီ။ တစ်နှစ်တစ်ခါ အမျှော်ကြီးမျှော်ကြရသည့် ကိုကြီးကျော်နတ်ပွဲ အားခဲလို့ သွားကြဖို့ စိတ်တွေ စောနေမိတော့ ညက ကောင်းကောင်းအိပ်မပျော်။ နတ်ပွဲသွားတွေ မနိုးသေးဘူးထင့်။ ရွာထဲ ဘက်ဆီက လှူသံ၊ လှည်းသံတွေ ခပ်အုပ်အုပ်ထွက်ကျလာပြီ။ နတ်ပွဲ သွားတွေ ရွာထိပ်တံခါးဘက်ရောက်နေပြီ ထင်ပါရဲ့။ ခင်နှောင်းစိတ်ထဲ ပရိုးမရှုဖြစ်လာသည်။ အမောင်လေးဟာ ဝီရိယကို မရှိဘူး။ အစ်ကို ဖြစ်သူကို စိတ်ထဲက ကြိတ်အပြစ်တင်လိုက်ရင်း မီးအိမ်ကလေးကို ခင်နှောင်း စမ်းထွန်းလိုက်သည်။ အလင်းဝါဝါက အမှောင်ကို တွန်း ဖယ်လိုက်လေ၏။

"ဟဲ့ ခင်နှောင်း . . . စောရေ ခေါင်းကြီးရှိရှိသေးသဲ့ဟာကို"

ဘယ်အချိန်က နိုးနေမှန်းမသိသော အမေက လှမ်းငေါက် လိုက်တော့ ခင်နှောင်းနှုတ်ခမ်းကလေး စူလိုက်မိသေးသည်။ အမေက သာစောနေ ဟိုမှာသူများတွေအသံမကြားဘူးလား။ ရွာထိပ်မှာ ကျူသံ ဆူသံတွေ ညံလို့။

"အဖေ့ဖို့ ရေနွေးကျိုမလို့ပါ အမေရဲ့ . . . ပဲပြုတ် ဟင်း အိုးလည်း နွှေးရင်း . . ."



ပြောပြောဆိုဆိုဖြင့် ခင်နှောင်း မီးဖိုချောင်ကလေးဘက်ဆီ ကို ကူးတော့ အမောင်လေးက လသာသာ တလင်းကွက်ထဲမှာ လှည်း ပြင်နေတာကို တွေ့လိုက်ရသည်။ နွားချိုတွေမှာတောင် သပြေခက် တွေ ထိုးလို့။ သည်လိုတော့လည်း အမောင်လေးက အားအကိုးရ သား။ သူ့နွားနှစ်ကောင်ကို စောစောစီးစီးကြီး အစာတွေ ကျွေးပြီးနေ ပြီ။ လှည်းပေါ်မှာလည်း မြေပဲရိုးတွေ ခင်းပြီးနေပြီ။ သည်မြေပဲရိုးတွေ က နတ်ပွဲကွင်းမှာ နွားတွေကို ကျွေးဖို့ ရိက္ခာဖြစ်သလို နတ်ပွဲအသွား လှည်းပေါ်ထိုင်တော့လည်း စီးရပြုရတာ သက်သာသည်။

"အမောင်လေး ထမင်းကြော်လိုက်ရမလား"

အစ်ကို့ကို လှမ်း၍ မျက်နှာလုပ်ရခြင်းဖြစ်သည်။ သည်နှစ် ကိုကြီးကျော်ပွဲကို အမေမလိုက်နိုင်ရှာပါ။ ပြီးခဲ့သည့် ဝါဆိုဝါခေါင် ရေကြီးခါတုန်းက အိမ်ကပြင်တွင် ချော်လဲပြီး ဒူးဆစ်လည်သွားသဖြင့် ခြေကောင်းကောင်းမယောက်နိုင်သောကြောင့်ဖြစ်သည်။ နေ့စဉ်လိုလို ဘကြီးဖူး ဒဏ်ကြေလိမ်းဆေး မပြတ်လူးပေးနေ၍သာ အမေအိပ်ရာ ထဲ ပုံလဲမနေခြင်းဖြစ်၏။ နတ်ပွဲကွင်းအထိလိုက်ဖို့ မစွမ်းသာသော ကြောင့်သာ အမေလက်လျှော့လိုက်ပုံရသည်။ သည်နှစ် နတ်ပွဲလိုက် ဖို့ ကိစ္စမှာတော့ အမောင်လေးကိုသာ ခင်နှောင်းအားကိုးရတော့၏။

ခင်နှောင်းတို့လို အပျိုကလေးများအဖို့ မောင်ဘွားမိဘ အုပ်ထိမ်းသူမပါဘဲ ဘယ်လမ်းဘယ်ခရီး ဘယ်ပွဲလမ်းသဘင်ကိုမှ ခြေ တစ်လှမ်း လှမ်းဖို့မလွယ်။ မောင်နှမနှစ်ယောက်တည်းသာရှိသော ခင်နှောင်းအဖို့ အစ်ကိုပို့မှ ဒါမှမဟုတ် ဒွေးကြီးဒွေးလေးတွေပါမှ ရောက်ရမည့်ပွဲလည်း ဖြစ်သည်။ အစ်ကို့အထက်မှာ ခင်နှောင်းအစ်မ ၇ာစ်ယောက်ရှိသေးသည်။ မမက အကြီးဆုံးမို့ အစ်ကိုဖြစ်သူကို

www.burmeseclassic.com

www.burmeseclassic.com



အမောင်လေးဟု ခင်နှောင်းခေါ်ခြင်းဖြစ်၏။ အကြီးဆုံးအစ်ကိုဆိုလျှင် ခင်နှောင်းတို့က မောင်ကြီးဟု ခေါ်ကြရပါသည်။ မမက ကူနီနန်းနှင့် မဝေးသော ချင်းတွင်းမြစ်ဘေး ချင်းယားရွာသားနှင့် အိမ်ထောင်ကျကာ တစ်ရွာတစ်ကျေး သျှောင်နောက်ဆံထုံးပါသွားတော့ အိမ်မှာ ခင်နှောင်းနှင့် အမောင်လေးနှစ်ယောက်သာရှိသည်။ ကလေးငယ်ရယ်လို့မရှိသော အိမ်မှာ ခင်နှောင်းသည်ပင် ကလေးလိုဖြစ်နေသော်လည်း အုပ်လုံးကြီးသိမ်းစ အသက်ဆယ့်ကိုးနှစ်ထဲ ခင်နှောင်းရောက်ခဲ့ပြီ။ ခင်နှောင်းကို မွေးတာ သည်လို တပေါင်းလကြီးထဲမှာလို့ အမေက ပြောသည်။ သူ့အသက်ဆယ့်ကိုးနှစ်တောင်ရှိပြီလား။

"အဲသည်နှစ်က နတ်ပွဲလိုက်ရသာ ငါ့မယ်ဗိုက်ကြီး တပြုပြု နဲ့ပေါ့အေ . . . ညည်းအဖေက ပွဲတော်ကွင်းကြီးထဲမွေးရင် အခက်ဆိုပြီး ရှင်အေးသာနေခဲ့နဲ့လုပ်သေးသာ . . . ဘယ်ရလိမ့်မတုံး၊ တစ်နှစ်မှ တစ်ခါ မောင်ကြီးကျော်ပွဲ မလိုက်ရရင် နေမထိ ထိုင်မသာ၊ ဖြစ်လွန်လွန်းလို့ ကောက်ခနဲထလိုက်သာ . . . တော်သေးပေါ့တော် . . . ညည်းက နတ်ပွဲပြန် တပေါင်းလပြည့်ကျော် ခြောက်ရက်မှ မွေးသာ . . . မောင်ကြီးကျော်ပွဲနဲ့ ခုနစ်ရက်လား ခြားရဲ့ . . ."

ခင်နှောင်းတို့နယ်ကို ကျွန်းဆယ့်နှစ်ရွာဟု တင်စားခေါ်ဝေါ်ကြသည်။ မြင်းခြံအထက် အရှေ့မြစ်နှင့် အနောက်မြစ်ကြား (ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြား) လည်းသီးပုံကျွန်းကြီးတစ်ကျွန်းလို ပုံ့ပုံ့စုံ့စုံ့ကလေးဖြစ်နေသောကြောင့် ကျွန်းရွာလို့ ခေါ်ကြကြောင်း အဖေတို့က ပြောသည်။ ဝါဆိုဝါခေါင် ရေကြီးချိန်တွင် မြစ်မကြီးနှစ်မြစ်မှ ရေတွေ ကမ်းပြည့်ကမ်းလျှံ ဖောင်းလန်နေအောင် တက်လာတတ်သည်။ ချောင်းကြို ချောင်းကြား၊ လျှိုမြောင်ကြို လျှိုမြောင်ကြား၊ ကမ်းပါးကြို ကမ်းပါးကြား ဒီးတိုက် တိုးခွေ့စီးဝင်လာသော ရေတွေက ကျွန်းကြီးတစ်ခွင်လုံး ဖုံးလွှမ်းသွားတတ်ပါသည်။ သည်လို ရေကြီးခါမှာ မြေပြင်ကို လုံးဝမမြင်ရတော့သဖြင့် တစ်လောကလုံး ရေပြင်ကြီးများဖြစ်ကုန်ရော့သလားလို့တောင် ငယ်စိတ်ဖြင့် ခင်နှောင်းထင်မိသည်။ မြစ်ရေတွေ လျော့ဆင်းသွားပြန်တော့ နုန်းတင်မြေနုကျွန်းကြီးအဖြစ် တင်ကျန်ရစ်တတ်သဖြင့် သည်ကျွန်းပေါ်မှာ စိုက်သမျှ သီးနှံတွေ ဖြစ်ထွန်းရတာလို့ အဖေက သူ့ဇာတိကို ဂုဏ်တယူယူ ပြောတတ်သည်။

"တို့တစ်တွေ ဟောသည် မြေနုကျွန်းပေါ် နေရသာကိုက လူဖြစ်ရကျိုးနပ်သာ . . . မြေသြဇာအထူးချစရာ မလို့ဘူး . . . မြစ်နှစ်မြစ်က သူ့အလိုလို ပို့ပေးနေသာ . . . ကုသိုလ်ထူးချက်တော့"

အဖေက မြေနုကျွန်းကြီး၏ တန်ဖိုးကို အကြောင်းတိုက်ဆိုင်တိုင်း တဖွဖွပြောတတ်သလို အမေကတော့ သည်မြေနုကျွန်းကြီးကကိုကြီးကျော်နယ်ဆိုတော့ အဖေကြီး စောင့်ရှောက်နေတာဟု ပြောတတ်သည်။

"ချင်းတွင်းမြစ်ကြီးကို မောင်ကြီးကျော်တူးခဲ့သာပေါ့ . . . တူးမြောင်းဖောက်ပြီး ရေကို စကြို့သဲ့နေရာကို ရေစကြို့သဲ့တော့ . . . အဲသည် တူးမြောင်းက ရေမဆင်းသာကို ရမယ်ရှာပြီး နောင်တော်မင်း က ကွပ်မျက်လို့ ကံကုန်ရရှာသာ . . .၊ ဒါပေသိ မင်းကျော်ဗွာက နတ်ဖြစ်သွားပြီး ကာ်ဓိဘုရား

www.burmeseclassic.com



နား နန်းနဲ့နေသာ . . .၊ ကူနီနန်းမှာစံရင်း သည်နယ်ကို အပိုင်စားရတော့ မောင်ကြီးကျော်က သူ့နယ်သမီး နယ်သားတွေကို စောင့်ရှောက်သဲ့သဘောပေါ့အေ . . .၊ မြေဆီမြေခံများ ကောင်းအောင် နှစ်စဉ်မသယ် . . . မြေသီး မြေဆံအောင် အောင် မသယ် . . . သဟာတွေကြောင့် တစ်နှစ်တစ်ခါ မောင်ကြီးကျော် ပွဲနန်းထဲ နန်းရောက်သွားကြ ဆက်ကြရသာပေါ့အေ . . .၊ အရိုးခိုက်အောင် ကိုးကွယ်ကြသာ သဟာပေါ့"

ကျွန်းဆယ့်နှစ်ရွာဟု အမည်တပ်ထားသော်လည်း သည်ကျွန်းပေါ်မှာ ရွာပေါင်းဆယ့်နှစ်ရွာမကပါ။ မြေတော်၊ ပန်းညို၊ ကျောက်ဘူး၊ ကျွဲကုန်း၊ ဖြူဘူး၊ မီးလောင်ကျွန်း၊ သာဂေါင်၊ နွားမော့၊ ရွှေလုံ၊ မြစ်စုတ်၊ ဆင်ခြေရာ၊ မိဖုရားရွာ၊ မဲကုန်းရွာ၊ ငတေ့ော်၊ ရေရှား၊ မိုးဖြူ၊ မိုးကွဲ၊ ချင်းယား စသဖြင့် ရွာကလေးတွေ များလိုက်တာများ မှုံကျင်းတစ်ကျင်းနှင့်တောင်တူ၏။ သည်လိုရွာတွေက ကိုကြီးကျော်ပွဲကို နှစ်စဉ်သွားရောက်ဦး တိုက်ကြမြဲဖြစ်သည်။ ခင်နှောင်းသည်ပင် ကိုကြီးကျော်ပွဲကို နှစ်စဉ်ဝတ္တရားမပျက်လိုက်ခဲ့သည်မှာ ခင်နှောင်း အသက်နှင့်အမျှ ဖြစ်သည်။ သည်တပေါင်းတွင် အသက်ဆယ့်ကိုးနှစ်ပြည့်ပြီမို့ ကိုကြီးကျော်ပွဲကို လိုက်ရတာ ဆယ့်ကိုးနှစ်ရှိခဲ့ပြီ၊ အမေ့ဗိုက်ထဲက နှစ်ပါထည့်တွက်လျှင် အနှစ်နှစ်ဆယ် တင်းတင်းရှိခဲ့ပြီပေါ့။ ကြည့်စမ်း . . . နှစ်တွေတောင် မနည်းတော့ပါလား။

"ဟဲ့ ခင်နှောင်း. . '. ရေနွေးမပွက်သေးဘူးလား.ဟ"

အမောင်လေးက လှမ်းအော်လိုက်တော့ ခင်နှောင်းအတွေးစ ပြတ်သွားသည်။ ခင်နှောင်းရှေ့ ဖိုခွင်ပေါ်က မြေရေနွေးကရား



မည်းမည်းကြီး နှုတ်သီးဝမှ ရေနွေးငွေ့တွေ တဖြိုးဖြိုး ပန်းထွက်နေပါပကော။ သည်တော့မှ ကပျာကယာ အိမ်ရှေ့စားပွဲဆီပြေးကာ ကြိမ်ကြုတ်ကြီးထဲက စဥ့်ကရားကို ရေဆေး၊ လက်ဖက်ခြောက်တစ်ဆုပ်ခန့် ထည့်၍ ရေနွေးခပ်ပေးလိုက်ရ၏။ ထမင်းကို ကမန်းကတန်းကြော်ရင်း ရွာထိပ်ဆီကိုလည်း နားကလေးပေ စွင့်ထားမိသည်။

"ရွှေကူနီ နန်းတလျှောက် ထန်းပေါက်တွေက ဝေဝေဆာဆာ × × × သခင်ကျော်တို့နေရာမှာ သချာစွာ ရှု့စမ်းကွဲ့ × × ×ရွှေခန်းမြို့က ဖေဖေကျော်ပါ၊ ကူနီနန်းက ဘဘကျော်ပါ × × × ကူနီနန်းက ဘုရင်ကျော်ပါဟာ × × × ထင်ပေါ်စွာ မ,မယ်ပါ့မနှေး အေးဟေး× × ×ထင်ပေါ်စွာ မ,မယ်ပါ့မနှေး အေးဟေး . . . "

ရွာထိပ်လှည်းလမ်းမမှာ နတ်ပွဲလှည်းတွေ တော်တော်ရောက်နေကြပြီလားမသိ။ အသံတွေက ပိုလို့ညံနေသည်။ ခင်နှောင်းက အမောင်လေးကို ထမင်းကြော်တစ်ပန်းကန် ကမန်းကတန်းထည့်ပေးပြီး မနေ့ညကတည်းက လုံးထားသည့် ဟင်းအိုးတွေကို ပြန်နွေးကာ တောင်းကြီးတစ်လုံးထဲ စုထည့်၍ လှည်းပေါ် သွားတင်လိုက်သည်။ ထမင်းအိုးကလေးတစ်လုံး ကပျာကသီတည်ရင်း ထမင်းကြော်ကလေး စားဖို့ပြင်သည်။

"သောက်ရေအိုး တင်ပြီးပလား မိနှောင်း"

"အဲတော့ ဟုတ်သားပဲ မတင်ရသေးဘူး"

"သာလေးလုပ်ရသာကို မေ့နေရသေး . . . ပြောမပြောလိုက်ချင်ဘူး ဟွန်း"

ပါးစပ်ထဲက ကွမ်းယာပလုတ်ကြီးဖြင့် အမောင်လေးက ခင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခနောင်းကို ဝေါက်လားငန်းလား လုပ်နေသေးတော့၏။ ခင်နှောင်းဖို့လျှင် အမောင်လေးက သိပ်နိုင်စားချင်သည်။ အသက်ချင်းက ငါးနှင်လောက်ကွာသည်။ အစ်မ (မခင်ဦး) က ခင်နှောင်းဆယ့်နှစ်နှစ်သမီးကတည်းက အိမ်ထောင်ကျသွားသဖြင့် လက်ပွန်းတတီး သိပ်မနေလိုက်ရသလို ဖြစ်ခဲ့သည်။ အမောင်လေးနှင့် ခင်နှောင်းကတော့ ငယ်ကတည်းက မတည့်အတူနေကြသူတွေပဲ ဖြစ်သည်။ အဲမောင်လေးက ခင်နှောင်းကို နိုင်စားသလောက် ရွာမြောက်ပိုင်းက 'မဖူးငုံ' ကျတော့ အဲလွန်မျက်နှာချိုသွေးတတ်သည်။ မဖူးငုံကို အမောင်လေးက တစ်ပိုင်းသေနေအောင် ကြိုက်တာ ခင်နှောင်းသိသည်။ ကြိုက်တော့လည်း ကြိုက်ချင်စရာ။ မဖူးငုံက ခင်နှောင်းတို့ရွာက အပြိုင်မရှိ ကွမ်းတောင်ကိုင်။ ရွာကတော့ မဖူးငုံ အိမ်ထောက်ရက်သားပြုလျှင် ခင်နှောင်းကို ရွေးကြမည်ဆို၏။ ခင်နှောင်းကတော့ ဒါတွေ စိတ်မဝင်စားပါ။ အလှူအတန်းကလေးရှိမှ ကွမ်းတောင်ကိုင်ရတာကို ခင်နှောင်းမက်မက်စက်စက်မရှိလှ။ ပြောရလျှင် တစ်နှစ်တစ်ခါ အခုလို ကိုကြီးကျော်နတ်ပွဲသွားရတာလောက်ပင် စိတ်မဝင်စား။

"ခင်နှောင်း . . . ရွာက ဘယ်သူ့လှည်းတွေ ထွက်ကြမှာသဲ့ တုံး . . . နင်ကြားလား"

ခင်နှောင်းတို့ ရွာတွေက နတ်ပွဲကို ဘယ်သူတွေလိုက်ကြမှာလည်းဟု မမေးကြပါ။ လှည်းတွေကိုသာ အမည်တပ်၍ ပြောတတ်ဆိုတတ်ကြပါသည်။ တစ်အိမ်လှည်းတစ်လှည်း၊ နွားတစ်ယှဉ်းရှိသူတိုင်း ကိုကြီးကျော်နတ်ပွဲကို မရောက်မဖြစ် လိုက်ကြမြဲမဟုတ်လား။ သွားမှာလား မေးစရာမလို။ အခုမေးတာက သည်မနက်ဘယ်လှည်းတွေ သွားမှာလဲ မေးခြင်းဖြစ်သည်၊



"ကျုပ်ကြားသလောက်ဖြင့် မနက်ခင်း လိုက်မယ့်လှည်းတွေက ကိုကြီးသာမောင်တို့ လှည်းရယ် . . . ကြီးငြိမ်းခံတို့ လှည်းရယ်. . . ဦးဘတုတ်တို့လှည်းရယ် . . . မောင်ကြီးအောင်ရတို့ လှည်းရယ် . . . ပြီးတော့ အဲ မခင်သိုင်းတို့လှည်းရယ်. . . ဒါပဲ ကြားသယ် . . . မဖူးငုံတို့ လှည်းတော့ညနေကျမှ ထွက်မယ်ကြားသာပဲ . . ."

"နင့်ကို ငါက ဖူးငုံတို့လှည်း ထွက်မထွက် မေးနေသာ မှတ်ဖူး. . . ကတည်းမှ"

တစ်ရွာလုံးလိုလိုနှင့် အစေးမကပ်သော အမောင်လေးကဘယ်သူ့လှည်းတွေထွက်မှာလဲ မေးကတည်းက မဖူးငုံတို့ လှည်းသတင်းကို မေးမှန်း ခင်နှောင်းသိပြီးသား။ ဒါကြောင့်လည်း သူသိချင်သည်ထင်သော မဖူးငုံကို ထည့်ပြောလိုက်မိခြင်းဖြစ်သည်။ ခင်နှောင်းသိနေတာကိုပဲ ငါးပိသည်က ခွေးမမောင်း ရှက်ရမ်းရမ်းပြန်သေး၏။ ဒါတွေကြောင့်ပဲ အမောင်လေးနှင့် တစ်ရွာလုံး အပေါက်အလမ်းမတည့်ကြတာ ဖြစ်ပါလိမ့်မည်။ ခင်နှောင်း သောက်ရေအိုးကလေးရေဖြည့်ပြီး လှည်းပေါ်တင်နေတုန်းမှာပဲ အမေနိုးပြီ။

"ချစ်ခင် . . . မင်းတို့လှည်းထွက်ရင် ရှင်ကြော့မေတို့ သားအမိတစ်တွေကို ဝင်ခေါ်သွားဖို့ မမေ့နဲ့ဦး . . . ခမျာများ မနေ့တုန်းကတည်းက လာပြောထားရှာသာ . . ."

အရီးကြော့က အဖေ့နှမဝမ်းကွဲဖြစ်၍ သမီးပျိုနှစ်ယောက်နှင့် ရင်ခေါင်းကြိုးစည်း ကုန်းရုန်းနေရရှာသော မုဆိုးမဖြစ်သည်။ လှည်းနွားမရှိရှာတော့လည်း ကြုံရာလှည်းနှင့် လိုက်ကြရမြဲ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ သည့်အတွက် မျက်နှာငယ်စရာမရှိပါ။ ရွာက သည်လို ခေါ်ခွင့်ရတာကိုပဲ ဝမ်းသာတတ်ကြသည်။

"အမေကလည်းဗျာ ... ကိုယ့်လှည်းနဲ့ကိုယ် ချောင်ချောင် မသွားရဘူး ... အရိုးကြော့က စကားများက များနဲ့ ..."

"ဟဲ့ ... နင့်ပုခုံးပေါ် ထမ်းသွားရသာ မှတ်ပါဘူး ချစ်ခင်ရဲ့ ... သည်နှစ်ငါမလိုက်နိုင်တော့ ခင့်နှောင်း အတွက် လူကြီးသူမရယ်လို့ အဖော်အလှော်လည်း ရသာပေါ့ ... တစ်ခါတည်းမှာလိုက်ပါရဲ့နော်... မောင်နှမနှစ်ယောက် စကားများလာသံကြားလို့ကတော့ အသတ်ပဲ ... ငါ့သမီး က အငယ်ပေသိ သည်းခံသယ် ... နင့်မှာရသာ ကြားလား ချစ်ခင်"

အမေဆူတော့ အမောင်လေးက မျက်နှာကြီးသုန်မှုန်နေတော့၏။ အထူးသဖြင့် အမောင်လေးက အရိုးကြော့ကို မျက်နှာကြောတည့်သူမဟုတ်။ သည်ကြားထဲ အရိုးကြော့၏ သမီးနှစ်ယောက်ဖြစ်သော မမိစန်းနှင့် မမိဂျမ်းတို့နှစ်ယောက်က ပါလာဦးမည်ဆိုတော့ အမောင်လေးက အလိုလို အပျိုထိန်းဖြစ်ရတော့မှာ မဟုတ်လား။ တစ်လှည်းနှင့်တစ်လှည်း ဟိုဘက်သည်ဘက် လှမ်းစကြနောက်ကြပြောင်ကြလျှင် မျက်နှာပူရတော့မည် မဟုတ်လား။

အမေနှင့် အမောင်လေးကို ထားခဲ့ပြီး သနပ်ခါးလူးဖို့ အနောက်ခန်းထဲ ခင်နှောင်းဝင်ခဲ့သည်။ ဒီဇယ်မီးခွက်ကြီးကို ထွန်းပြီး မှန်ရှေ့ချကာ ကိုယ့်မျက်နှာကို သေချာကြည့်နေမိလိုက်သေး၏။ ကော့ညွတ်ညွတ် မျက်ခုံးမွှေး တုတ်တုတ်မည်းမည်းကြီး နှစ်သွယ်က



ခင်နှောင်းမျက်နှာပေါ်မှာ အထင်းဆုံး။ မျက်လုံးဝိုင်းတာက အမေ့ကို တူပြီး နှာတံဖြောင့်စင်းစင်းက အဖေနှင့်တူသည်။ ဝိုင်းစက်စက် မျက်နှာလုံးလုံးကလေးပေါ်က နှုတ်ခမ်းထူထူကလေးကတော့ ဘယ်သူနှင့်မှ မတူသော ခင်နှောင်းကိုယ်ပိုင်ဖြစ်မည်ထင်၏။ အစ်မရော အစ်ကိုရော အသားညိုသလောက် ခင်နှောင်းက တစ်သွေးတခ်မွေးဖြူ အသားကလေးဝါဝင်းစိုဖပ်နေသည်။ သနပ်ခါးကို တောထဲသွားသလို ပဲ ဘဲကြားလူးလိုက်သည်။ တောထဲဆိုသည်မှာ ယာထဲကိုင်းထဲကို ခေါ်ခြင်းဖြစ်သည်။ ပါးပြင်နှစ်ဘက်ပေါ်တွင် သနပ်ခါးတွေ အပုံးလိုက်ပုံကာ သွားပွတ်တံဖြင့် ခြစ်ရင်း ပါးကွက်ကလေးကို ပုံဖော်ယူသည်။ သနပ်ခါးစွန်းသွားသော ကျောက်နီနားကပ်ကလေးကို လက်တံတွေးဆွတ်ကာ ဖျက်လိုက်တော့ ရဲမှည့်သွားလေ၏။ မီးတောက်ရောင်ထဲမှာ ကျောက်နီနားကပ်ကလေးက တဖျပ်ဖျပ်။

"ကိုင်း နွားတပ်တော့ ... ထွက်ကြ ထွက်ကြ ... တစ်ယောက်စောင့် တစ်ယောက်စောင့်နဲ့ နေမြင့်သွားလိမ့်မယ် ... ကုန်းနီနန်းရောက် သုံးနာရီလောက် မောင်းရသာ ... နွားတွေ နေပူမိမှာ စိုးရသယ်"

အဖေ့အသံကြားတော့မှ ခင်နှောင်းဘဝတ်အစားကို ကသီကရိုလဲကာ ထွက်လာခဲ့သည်။ အဖေ လောဆော်သဖြင့် နွားနှင့်ကောင် ကောက်တပ်လိုက်ရသော်လည်း အမောင်လေးက စိတ်တော့ ပါပုံမရ။ သူက ညနေစောင်းမှ မဖူးငုံတို့လှည်းတွေနှင့်အတူ ထွက်ချင်ပုံရသည်။ အမေက လှည်းပေါင်းမိုးထဲ ခေါင်းထိုးကြည့်ရင်း လိုအပ်သည်များ ပါမပါ တစ်ခုချင်း လှန်လှောကြည့်နေသည်။ လှည်းဦးထိပ်တွင် သောက်ရေအိုးနှင့် ထမင်းအိုးတောင်း ဟင်းအိုးတောင်း။ လှည်း

www.burmeseclassic.com



ပေါင်းမိုးထဲမှာတော့ စောင်ထုတ်နှင့် အဝတ်အစားအိတ်၊ ပြီးတော့ ခင်နှောင်းအတွက် သနပ်ခါးဖာတောင်းကလေး။ သည်ဖာတောင်းကလေးထဲမှာ ဘီးနှင့်မှန်ပါသည်။ မနေ့တုန်းကတည်းက လက်မောင်းအောင့်နေအောင် သွေးထည့်ထားသည့် သနပ်ခါးနှစ်ပူးကလေးပါသည်။ ပြီးတော့ မျက်ခုံးမွှေးမွှေးဆွဲတံကလေးနှင့် မကုန့်တကုန်နှုတ်ခမ်းဆိုးဆေးတောင့်ပူးကလေးလည်း မမေ့မလျော့ ထည့်ခဲ့ရသေး၏။

"ချစ်ခင်ဖို့ ကွမ်းအစ်ပါပြီလား"

"အဲ ဟုတ်သားပဲ ကွမ်းအစ်မယူရသေးဘူး"

အဖေက လှမ်းသတိပေးမှ ခင်နှောင်း ကပျာကယာ ပြေးယူရ၏။

"အဲသဟာတွေကြောင့် အမေ့သမီးကို ကျုပ် ဝေါက်ရသာ . . . သူ့ဖို့ကျ မမေ့ပေါင်ဗျာ"

အမောင်လေးက ခင်နှောင်း၏ သနပ်ခါးဖာတောင်းကလေးကို မေးငေါ့ပြလိုက်သည်။ သဘောကတော့ ခင်နှောင်းက အပျိုလုပ်ဖို့ရာလောက်သာ စိတ်ရောက်နေသည်ဟု ငေါ့လိုက်ခြင်းဖြစ်သည်။ အဖေတို့အမေတို့ ရှေ့မှာမို့ ခင်နှောင်းဘာမှပြန်မပြောဘဲ အသာငြိမ်ခနေလိုက်၏။ ပြီးတော့ သည်လမ်းသည်ခရီးက သူ့ပို့မှ ရောက်ရမှာမဟုတ်လား။ စိတ်မဆိုးသော်လည်း ကောက်လိုက်ချင်သေးသည်။

"ခင်နှောင်း . . . အမေမှာသာတွေ မမေ့နဲ့နော်။ နှံ့အောင် ဝယ်ခဲ့ . . . တစ်နှစ်မှ တစ်ခါဝယ်ရသာ . . . ပွဲတော်ကွင်းမှ ပစ္စည်းက စုံသာ . . . ကိုယ့်ရွာနဲ့ ကိုယ့်လှည်းအားနာစရာမလိုဘူး . . . ဈေးနာမျှားဆစ်စုက်ဝယ်နော်



. . . ဈေးသည်ကဆိုတိုင်း မပေးနဲ့ နာနာဆစ်ဟဲ့ ဘာမှတ်လို့တုံး . . . ဆယ့်နှစ်ပွဲဈေးသည်တွေရယ် ရှစ်စပ်က ဂျင်ချေလည်ပြီးသား . . . သူ့ရိုက တစ်ရာဆိုရင် ကိုယ်က ငါးဆယ်လောက် ဖမ်းဆစ်၊ ထက်ဝက်ခေါက်ချိုးဆစ်မှ ဈေးက တန်ကာ ကျသာ . . . တစ်ဆိုင်ထဲ ပေမဝယ်နဲ့ . . ဟိုဆိုင်သည်ဆိုင် လည်မေး . . . ဈေးဝယ်ရင် ပစ္စည်းလည်းကြည့်လူလည်း အကဲခတ် . . . မျက်နှာပေါက် မကြိုက်ရင် မဝယ်နဲ့ ပြီးတော့ . . ."

"အံမာလေး အေးသာရာ . . . မင်းပါလိုက်သွားပါရောလား ဟ . . .

"ကျိုးနေလို့ပေါ့ ကိုဘမင်းရယ် . . . အေးသာတို့က ဒိုးသံကြားလို့ကတော့ လက်လှုပ်ချင် ခြေလှုပ်ချင်ထဲကပါတော် . . . ဗိုက်ကြီး အင်းထိုးနေသာတောင် မောင်ကြီးကျော်ဆီအရောက် သွားခဲ့သေးသာ တော်အသိပဲဟာ . . . ဩော် ခင်နှောင်း . . . အမေနေမကောင်းလို့ နန်းထိ နန်းရောက် မလာနိုင်သဲ့အကြောင်း မောင်ကြီးကျော့်ကို ဂယနဗာတောင်းပန်လိုက်ဦးနော် . . . ပန်းကို လက်ထိလက်ရောက်ဆက်ဟဲ့၊ ပြန်ပန်းလည်းပါအောင်ယူခဲ့ . . . သာမှ မောင်ကြီးကျော်ကလည်း လက်ထိလက်ရောက်မ,မှာ . . . အိမ်ကနေလည်း အမေလှမ်းတင်မှာ သမှာပါ . . . ဩော် နေဦး အပြန်ခင်ဦးတို့ဆီဝင်ရင် ပဲငါးပိလေးပြည်လောက် တောင်းခဲ့စပ်ကြားလား ပဲငါးပိခြောက်လုပ်ရအောင်လို့ . . . "

"အင်းပါ အမေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



မပြီးနိုင် မစီးနိုင် အထပ်ထပ်မှာကြားနေသည့် အမေ့ကို ကြည့်ရင်း ခင်နှောင်းစိတ်ကောင်းဖြစ်မိသေးသည်။ နှစ်ပေါင်းများစွာ ကိုကြီးကျော်နန်းကို ပွဲတွင်းပွဲခါရောက်တိုင်း မပျက်မကွက် နန်းထိ နန်းရောက်ဦးတိုက်ခဲ့သော အမေ့၏ ယုံကြည်စွဲလမ်းမှုကို ခင်နှောင်း ရင်နှင့်နားလည်လိုက်မိ၏။ အမောင်လေးကတော့ အမေ့ကို စိတ်ရှည် ပုံမရပါ။ လှည်းကြီးတော်င့်ထားရင်းက မျက်နှာများ သုန်မှုန်လို့။

"ကိုင်းသွားမယ်ဗျား . . . သွားမယ်ဗျား . . . အဖေ သွားပြီဗျို့ . . ."

ပြောပြောဆိုဆို လှည်းကိုမောင်းထွက်လာခဲ့သည်။ ခင်နှောင်းက လှည်းနောက်မြီးမှ စွေ့ခနဲတင်ပါးလွှဲခုန်တက်ရင်း ပိုက်ဆံလွယ်အိတ်ကလေးကို အမေမြင်အောင်ပြပြီး စုထုံးလိုက်သည်။ ခင်နှောင်းတို့ တောရွာသူများ ငလေ့တော့ မြို့ကြီးသူမမများလို သားရေအိတ်များ မလွယ်တတ်ကြပါ။ ကျောင်းလွယ်အိတ်တစ်လုံးကို စုထုံးပြီး ရင်ခွင်တွင်အပ်၍ ကျစ်ကျစ်ပါအောင်ပွေ့ထားတတ်ကြသည်။ ပိုက်ဆံတစ်ခါပျောက်လျှင် တစ်သက်လုံး နှမြောမဆုံးတော့။ မနေ့ညကတည်းက အမေက ခင်နှောင်းကို ဈေးသုံးငွေတွေ လွယ်အိတ်က လေးထဲထည့်ရင်း ကိုယ်နှင့်မကွာထားဖို့ တတွတ်တွတ်မှာကြားခဲ့သည် မဟုတ်လား။

"ဟင် အမောင်လေး . . . အရီးကြော့တို့ကို ခေါ်ရဦးမှာလေ"

အရီးကြော့တို့အိမ်လမ်းဘက်ကို မချိုးဘဲ ရွာလယ်လမ်းမကြီးဘက်ဆီသို့ လှည်းကို ပန်းမောင်းလိုက်ခြင်းကြောင့် ခင်နှောင်းက လှမ်းသတိပေးလိုက်ခြင်းဖြစ်သည်။



"သိသယ် . . . သူရို့အိမ်ထိ သွားပင့်နိုင်ပေါင်ဗျာ . . . လမ်းထိပ်ရောက်ရင် နင်လှမ်းဟစ်လိုက် . . . လှည်းရှိရာ လာစီးပလေ့စေ"

အမောင်လေးနဲ့တော့ခက်ပြီ။ သည်နှစ် အမေပါမလာတော့ သူကဗိုလ်လုပ်တော့မှာ သေချာသည်။ ခင်နှောင်းက လှည်းပေါ်မှ ဆင်းကာ လမ်းလေးခွဆုံထိပ်မှနေ၍ အရီးကြော့တို့ကို ဟစ်ခေါ်ရတော့၏။ အသံလူကြားလို့ ရှက်စရာမရှိပါ။ ဒါကရွာထုံးစံ။ အော်ခေါ်နေကျ။

"အရီးကြော့ရေ . . . လှည်းရောက်ပြီ . . . ထွက်ခဲ့တော့ တော်ရေ . . ."

"ဟေ့ . . . အေးအေး လာပြီ ဟေး"

သည်လိုအော်သံဟစ်သံတွေက ခင်နှောင်းတို့တင်မကပါ။ နတ်ပွဲကြွလိုက်သူတိုင်းကို တကြော်ကြော် ဟစ်ကြ ခေါ်ကြ တစ်ရွာလုံး အိပ်လို့မရအောင် ဆူညံနေတော့သည်။ လှည်းနွားမရှိလို့ ကိုကြီးကျော်ဆီ မလိုက်နိုင်သူမရှိစေရ။ လှည်းနွားရှိသူက မရှိသူကို စောင့်ခေါ်တတ်ကြသည်။ တစ်ရွာလုံးကလည်း ဆွေရိပ် မျိုးရိပ်မကင်းကြသူတွေ ဆိုတော့ ချောင်ရာလှည်းပေါ် တက်စီးလိုက်ကြရုံသာ။ ရွာထိပ်ကလော် စပီကာသံကလည်း ပို၍လွင့်တက်လာသည်။

*"မှူထမ်းတော် လွန်ကောင်းလျက်ကယ်နဲ့ ××× တူးမြောင်းတဲ့ရေမလာ ယိုးမယ်ဖွဲ့ကာ × × × နောင်မဟာ ငြိုးရှာလို့ ပစ်ထား × × × ကျော်စွာမောင် အသေဆန်းတယ် × × × ခန်းရွှေမြို့သား . . ."*

www.burmeseclassic.com

www.burmeseclassic.com



အရိုးကြော့တို့ သားအမိသုံးယောက် ထဘီတွေ စွန်တောင်ဆွဲ၍ ထန်းခေါက်တောင်းကိုယ်စီရွက်ကာ ထွက်လာကြသည်။ ခင်နှောင်းက အရိုးကြော့ခေါင်းပေါ်က တောင်းကို ပြေးယူကာ လှည်းပေါ်ဆင့်တင်ပေးသည်။ အရိုးကြော့တို့သားအမိသုံးယောက်နှင့် တောင်းသုံးတောင်းတင်လိုက်တော့ လှည်းက မလှည့်သာအောင် ကျပ်ကျပ် သပ်သပ် ထိုင်ကြရတော့၏။

"အလိုဗျာ အရိုးရို့ဟာက နတ်ပွဲလိုက်သာနဲ့ မတူဘူး. . . တစ်ရွာတစ်ရွာ အိမ်ထောင်ပြောင်းသာကျနေသာပဲ"

"ညဉ့်အိပ်ညနေဆိုတော့ ထည့်ရတာပေါ့ ငါတို့ရဲ့ မင်းနှယ် . . . ဘာမှမပါပါဘူးကွယ် ထမင်းအိုးတောင်း ဟင်းအိုးတောင်းနဲ့ စောင်ကလေးဘာလေးပါ . . . သည်တောင်းက နတ်ပွဲသုံးဖို့ရအောင် အိမ်ကငရုတ်တစ်တောင်း ထည့်လာခဲ့သာ"

ခင်နှောင်းတို့ ရွာတွေက နတ်ပွဲသို့လိုက်ရင်း ကိုယ့်စိုက်ခင်းထွက်ကလေးတွေရောင်းကြချကြတာမျိုးရှိသည်။ တစ်ပိုင်တစ်နိုင်ကိုကြီးကျော်နတ်ပွဲသုံးဘို့အတွက် ပွဲခင်းထဲမှာ ငွေဖြစ် ပွဲခင်းထဲမှာပဲ သုံးကြသည်။ ခင်နှောင်းတို့ ကျွန်းနယ်ရွာကလေးများမှာ သီးနှံကို မြင်းခြံမြို့ဘက်လည်းပို့သည်။ ရေစကြိုဘက်လည်း တက်ရောင်းကြသည်။ မြင်းခြံသို့သွားချင်လျှင်ရွာမှလှည်းနှင့်သီးနှံတင်ကာ ဧရာဝတီမြစ်ကမ်းဘေးမြေတော်သင်္ဘောဆိပ်ကို တကန်တက သယ်ကြရသည်။ မြေတော်ဆိပ်မှ သင်္ဘောစောင့်စီးချင်စီး၊ စက်လှေငှားတင်ချင်တင်။ မြင်းခြံပွဲရုံများကိုသွားကြရသည်။ ရေစကြိုဘက်သို့ သွားရောင်းလိုလျှင်လည်း လှည်းဖြင့်ပင် ချင်းတွင်းမြစ်ဆိပ်ကမ်းဆင်ခြေရာရွာ



မော်တော်ဆိပ်ရောက်အောင် မောင်းရသည်။ ဆင်ခြေရာရွာမှ တစ်ဆင့် မော်တော်ကလေးများဖြင့် ရေစကြိုမြို့သို့ကူးရသည်။ ဘယ်မြို့ကိုပဲသွားသွား လူပမ်းနွားပမ်းတာလည်းအတူတူ။ စရိတ်ထောင်းတာချင်းလည်း အတူတူပင်။ သီးနှံပွဲစားများ လက်ဝယ်အရောက်ကိုယ်က စရိတ်စက အကုန်ခံရသည်။ မြင်းခြံသွားလျှင် ဧရာဝတီမြစ်ကို ဖြတ်ကူးရမည်။ ရေစကြိုသွားလျှင် ချင်းတွင်းမြစ်ကို ဖြတ်ကူးရမည်။ ခင်နှောင်းတို့ ကျွန်းရွာကလေးတွေမှာ ခရီးလမ်းပန်း ဆက်သွယ်ရေးယာဉ်က လှည်းနှင့်နွားပင်ဖြစ်၏။ ရွာကိုလာ၍သိမ်းသော အထိုင်သီးနှံပွဲစားများတော့ရှိပါသည်။ ဈေးက ယက်ခက်ခေါက်ချိုး အနှိမ်ခံရတတ်သည်။ သည်တော့ ကိုယ်က စရိတ်ကုန် လူပမ်းခံတာနှင့် အထိုင်ပွဲစား၏ ဆိုဈေးပေးဈေး ကြိုက်ရာရွေး၍ ရောင်းကြရသည်။ အမောင်လေးကတော့ ရွာလက်စွဲသီးနှံပွဲစားများ၏ ခေါင်းပုံဖြတ်ကို မခံဟုဆိုကာ ရေစကြိုမြို့အထိ တကန်တက သယ်ကာပိုးကာ ပွဲရုံများသို့အရောက် သွားသွင်းတတ်လေ၏။

ရွာထိပ်မှာလှည်းတွေအတော်ရောက်နေပြီ။ ကိုကြီးသာမောင်လှည်းက ထိပ်ဆုံးက။ လော်စပီကာ ဟွန်းကြီးကို လှည်းပေါ်ခေါင်းတင်၍ အသံကုန်ဖွင့်ထားလေ၏။ ခင်နှောင်းတို့လှည်းရောက်သွားတော့ လှည်းကကိုးစီးတောင်ရှိနေပြီ။ လှည်းတန်းနောက်မှ လှည်းကိုဝင်ထိုးကာ နေရာယူလိုက်သည်။ အသံချဲ့စက်က ကိုကြီးသာမောင့်အိမ်ပိုင်။ ငှားစားတာမဟုတ်။ ဝါသနာကြောင့်ဝယ်ထားခြင်းဖြစ်သည်။

"ဟဲလို. . . ဝူးဝူး . . . ဖြူဘုံကျေးရွာအတွင်းမှ ဖေကြီးကျော်ပွဲလိုက်ကြမယ့် လှည်းများခင်ဗျာ . . . ကျွန်တော်တို့ ရွာထိပ်မှာလှည်းတွေ အတော်စုံနေပါပြီလို့နော်

www.burmeseclassic.com

www.burmeseclassic.com



. . . ဟခြားရွာက လှည်းတွေ လမ်းပေါ်တောင် ရောက်နေကြပြီခင်ဗျ . . . ကျွန်တော်တို့ရွာက လှည်းထွက်နောက်ကျရင် ဝီရိယမရှိလေခြင်း . . . သူများ နောက်ကောက်ကျလေခြင်း စကားတင်းအဆိုခံရရင် ရှာနာမည်ပျက်လှသယ်ဗျာ . . . အချိန်မဆိုင်းဘဲ အိမ်တိုင်းက လှည်းတွေ ထွက်ခဲ့ကြပါဟော့ဗျို့ . . . "

"ရွှေလမ်းငွေလမ်း ခင်းလို့ပေးမယ် xxx ကျော်ကျော် ကျော် ကျော် xxx တို့ ဖေကြီးကျော် xxx ဖေဖေကျော်ကို ချစ်လိုက်ပါတဲ့ မောင်းမတွေရယ် xxx ဖေကြီးကျော်ကို ကြိုက်လိုက်ပါ တဲ့မောင်းမတွေရယ် xxx ငွေဆိုငွေမရှား ရွှေဆိုရွှေမရှား စိန်ဆို ပတ္တမြား အများလိုရာတွေ xxx ရကြပါစေ ရပါစေ xxx ဖေဖေကျော်က ပို့တဲ့ မေတ္တာရေ. . . "

ကိုကြီးသာမောင့် အသံဆုံးသည်နှင့် ပခန်းမင်းချော နတ်ဒိုးသံတွေက ကပ်လျက် ချပ်လျက် ထွက်ကျလာသည်။ ခင်နှောင်းတို့တတွေမပြောနှင့် နွားတွေပင်လျှင် ခြေတပြင်ပြင်လည်တမော့မော့နှင့် ခြူသံတွေ ဆူဝေနေတော့၏။

"ကြာသယ်ကွာ စောင့်မနေနဲ့တော့ ဦးလှည့်ကြ . . . မောင်းစမ်း"

အမောင်လေးက လှည်းဦးထိပ်မှ ရပ်ကာဟစ်လိုက်သည်။ ခင်နှောင်းတို့နောက်မှ လှည်းတွေ လေးငါးစီးထပ်ရောက်လာသည်။ ခဏနေတော့ ရှေ့ဆုံးမှ ကိုကြီးသာမောင်လှည်းက စထွက်တော့သည်။ လှည်းဆယ့်ငါးစီးတန်းဆီမှ ကက်ဆက်နတ်ဒိုးသံတွေ၊ လှူသံ



တွေ၊ လှည်းသံ၊ခြူသံတွေ။ လှည်းဘီးစလိမ့်လိုက်သည်နှင့် ခင်နှောင်းမှာ အပျော်တွေ လှုံးလွန့်လာခဲ့သည်။ နှစ်စဉ်နှစ်တိုင်းလိုက်နေကျ၊ သွားနေကျပွဲဆိုသော်လည်း တစ်နှစ်တစ်ခါ သည်အပျော်သည် ခံစားမှုတွေက ခင်နှောင်းအတွက် အမြဲလိုလိုရင်ဖိုရသည်။ အခုလည်း အပျော်ကြောင့် မျက်ရည်များပင်စို့နေချင်ပြီ။

"စိန်တလိမ်လိမ် မြေမှာလိမ့် လှည်းကြီးရွှေဘီး ချာချာလည် x x xလှည်းသံလားခြူသံလား ခြူသံလား လှည်းသံလားဟော့ xxx လှည်းသံခြူသံ ခြူသံလှည်းသံဟော့ xxx လှည်းသံရယ် ခြူသံရယ် လှည်းသံပါဗျို့ xxx လှည်းသံတွေကညံမစဲ ဖေဖေကျော် ပျော်ပါတဲ့ပွဲ အဲ ဟဲ"

အသံချဲ့စက်က သီချင်းနှင့်လှည်းသံတွေ ရောထွေးသွားသည်။ ရွာဦးရေကျော်ချောင်းစောက် တံတားကိုလွန်ခဲ့ပြီ။ အပေးဆီမှ ထန်းတောညို့ညို့ကြီးမှာ မြူတွေနှင့် ဖုံးကာ မှိုင်းမှုန်လို့နေသည်။ တပေါင်းလဦး နှင်းစကလေးတွေ သစ်ခင်းတွေထဲရှဲနှစ်နေသည်။ လေကလေးဝှေ့လိုက်တော့ ခင်နှောင်းချမ်းစိမ့်စိမ့်ကလေးပင်ဖြစ်သွားမိသေး၏။

"သွားပါဟ ကောင်ကြီးရ. . . တွေ့ဘူးလား သူများတွေ သွားနေသာ ရော်ဗျာ. . . "

အမောင်လေးက သွားနေသည့် နွားတွေကို အပြစ်ရှာရင်းတိုးလို့သာငေါက်နေသည်။ မဖူးငုံ မပါလို့များလား။ သည်လို တွေးမိတော့ ခပ်နှောင်းရယ်ချင်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂)

*"လာပြီတဲ့လာပြီ xxx ဖောင်းဝတ်ဖြူမြင်းရယ်နဲ့*
*မင်းနောင်ကြီးညီ xxx ရွှေကူနီ ကျော်ကြားတယ် xxx*
*နန်းတော်ထက်ဖွား . . . ဟား . . ."*

လှည်းတန်းရှည်ကြီးထိပ်မှ နတ်သီချင်းသံ နတ်ဒိုးသံတွေ ဦးဆောင်သောခင်နှောင်းတို့ လှည်းတပ်ကြီး တအိအိ။ တပေါင်းလဆန်းထဲရောက်ပြီဆိုသော်လည်း မြူနှင်းတွေက အဝေးမှာဝေနေကြဆဲ။ နံနက်ခင်းနေခြည်ကောင်းကောင်းမသာသေးတော့ မြူနှင်းစတွေက ကောင်းကင်နှင့် မြေပြင်ကြားနှင်းငွေ့ဖွဲ့နေကြသည်။ လှည်းအုပ်ကြီးဖြတ်မောင်းသဖြင့် ခေါင်းထောင်ထလာသော နှင်းသိပ်ဖုန်ခိုးတွေက လှည်းနံရံတွေအထိ ဖျောခနဲ ဖျောခနဲ လှိုင်းလုံးကြီးထလို့နေသည်။ မြူနှင့်ဖုန်ခိုးများရောကာ မှုန်မှိုင်းရီဝေနေသော မနက်ခင်းညာ တပေါင်း၏ ဆန်းကြယ်သောအလှကို ငေးမောရင်း ခင်နှောင်းလိုက်ပါလာခဲ့သည်။ သစ်ပင်တွေ တော်တော်များများ ရွက်ဝါတွေ တဖျတ်ဖျတ်ကြွေလျက်၊ တချို့အပင်တွေမှာတော့ ပုရစ်နုတွေစိမ်းနုနေသည်။



လောကသစ်တစ်ခု မွေးဖွားဖို့ တာစူနေတတ်သော ဆွတ်ပျံ့ဖွယ်ရာသီ။ သည်လိုတပေါင်း သည်လိုမြူငွေ့တွေ သိုင်းလေ ဆိုင်းလေတိုင်း ပခန်းကိုကြီးကျော်နတ်ပွဲကို ကူနီနန်းအရောက် သွားကြရသည့် ရွာခလေ့ ရပ်ခလေ့ကိုပင် ခင်နှောင်းငယ်စဉ်ကတည်းက စွဲလမ်းခဲ့တာ မဟုတ်လား။

ကိုကြီးကျော်နတ်ပွဲရက်သည် နှစ်စဉ်တပေါင်းလဆန်း ၃-ရက်နေ့အထိဆိုသော်လည်း ခင်နှောင်းတို့နယ်က လူတွေကတော့ ကိုယ့်ရက်ကိုယ်ရွေးကာ သူ့ရွာသူ့ရက် ကိုယ့်ရွာကိုယ့်ရက် နတ်ပွဲလိုက်ကြသည့် အလေ့ရှိသည်။ တပေါင်းလဝင်သည်နှင့် လဦးလဖျား ကိုကြီးကျော်နတ်ပွဲမကျင်းပမီရက်များအတွင်း ဆိုင်ရာဆိုင်ရာနယ်သူနယ်သားများက မလှော်ကန္တာ‌းထိုးကာ သားရှင်ပြုသမီးနားသအလှူမင်္ဂလာပွဲတွေကျင်းပလေ့မရှိ။ ဆိုင်းမတီး ဗုံမခေါက် ဒိုးသံမပေးရတာလည်းရှိပါ၏။ ကိုကြီးကျော်ကသူ့ကို စင်ပြိုင်သည်ဟု မှတ်ယူမှာ မကြိုက်မှာစိုးကြသည်။ ကိုကြီးကျော်နတ်ပွဲကွင်းအတွင်းမှာပင် နန်းရင်းကြီးက နတ်ဒိုးဆွဲပြီးမှ နန်းခွဲတွေက နတ်ဒိုးတီးခြင်းစရသည်။ နန်းရင်းက နတ်ဒိုးသံမကြားရမချင်း တစ်နယ်လုံး ဆိုင်းသံဗုံသံမကြား တိတ်ဆိတ်နေတတ်ကြသည်။

သည်လိုပွဲတော်ရက်မှာ သီးနှံသိမ်းချိန်နှင့် တိုက်ဆိုင်တတ်ပါသည်။ ပဲဆွတ်သူ၊ ရေတ်ခူးသူ၊ ကြက်သွန်တူးသူ၊ နှမ်းခြွေသူ၊ နေကြာရိတ်သူ၊ ဆေးရွက်ကြီးဖွဲ့သူ. . .။ နေထွက်က နေဝင် အလုပ်တွေ ယားသော်မှမကုတ်အား ယားနာတို့ထုံးတို့မှတ်နေကြသည့်ကြားက မဖြစ်မနေ နတ်ပွဲလိုက်ရခြင်းပင်။ တပေါင်းလမဝင်ခင် တပို့တွဲက ကုန် ပေါက်လဲငုံကလေးတွေ ဖူးစီကတည်းက အဝေးမှာ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးကြောင့် ရောက်နေသူဒေသခံတွေအပါအဝင် အနယ်နယ် အရပ်ရပ်က ဖေဖေကျော်ကို ချစ်လိုက်ပါတဲ့ မောင်းမမိသံတွေ၊ ကိုကြီးကျော်ကို ကိုးကွယ်ဆက်သ တိုင်တည်လိုကြသူတွေ၊ အညာကျေးတောနေ တောသူတောင်သားများအတွက် အသုံးအဆောင်ပစ္စည်း 'အပ်'ကအစ သိကြားမင်းနားကင်းအထိ ဈေးပွဲခင်းကြမည့်သူတွေ စသဖြင့် ဝင်လာမစဲ တဖွဲဖွဲဖြစ်နေတော့သည်။ ဧရာဝတီမြစ်ဘက်က လာကြတာလည်းရှိ၏။ ချင်းတွင်းမြစ်ဘက်က လာကြတာလည်း ရှိ၏။ မြစ်ရိုးမြစ်မတစ်ကြောလုံး လှေတော်သံ၊ လှည်းတော်သံ တညံညံဖြင့် ယုံကြည်သူတွေ စုဝေးရောက်လာကြခြင်းကိုပဲ တွေးမိတိုင်း ခင်နှောင်းအံ့သြရသည်။

"ဟဲ့ ဟိုရှေ့က လှည်းတန်းကြီးက ကျောက်ဘူး လှည်းတွေ ထင်သယ်နော်"

မြူနှင့် ဖုန်ကိုလွှင်းလုံးစီးကာ အတန်းလိုက်ကြီးရွေ့လျားနေသော လှည်းတန်းကြီးကို လက်ညှိုးထိုးရင်း အရီးကြော့ကမေးလိုက်ခြင်းဖြစ်၏။

"အဲသာတော့ ကျုပ်လည်း ခင်ဗျားနဲ့အတူတူ လှည်းပေါ်ထိုင်နေသာပဲဟာ ဘယ်သိပါ့မလဲ"

အမောင်လေးစကားကြောင့် ခင်နှောင်းမရယ်မိအောင် မနည်းထိန်းထားရသည်။ သည်လိုခွန်းတုံ့ပြန်သော်လည်း အရီးကြော့စိတ်မဆိုး။ ကိုယ်က ပြောတော့လည်း ဒါမျိုးပဲမပဟုတ်လား။ အခုလည်း 'ဟုတ်ထင်ပါရဲ့'ဆိုလျှင်လည်း ပြီးတဲ့ကိစ္စ။ အမောင်လေးက အဲသလို အမောင်လေး။



ပေါင်းမိုးထဲက မြင်ရသလောက် ခင်နှောင်းလှမ်းကြည့်လိုက်သည်။ ဟုတ်ပါရဲ့။ အရီးကြော့ပြောသည့် ကျောက်ဘူးရွာက လှည်းတန်းကြီးပဲဖြစ်မှာပါ။ လှည်းတွေက ဒေသလှည်းတွေဆိုတော့ ထူးထူးခြားခြား ပြောင်းလဲတာမျိုး မရှိသည့်တိုင်ခန့်မှန်းနိုင်ကြတာများသည်။ ခင်နှောင်းတို့ရွာ ဖြူဘူးနှင့်ကျောက်ဘူးက မနီးမဝေး။ သူတို့လည်း ဖြူဘူးရွာနှင့် နတ်ပွဲလိုက်ရက်တူသည်။ လိုက်ရက်တူသည့်ရွာတွေအားလုံး သည်လိုပဲ လမ်းမှာဆုံတတ်ကြသည်။

ကိုကြီးကျော်နတ်ပွဲထုံးစံ တပေါင်းလဆန်း ၃-ရက်နေ့တွင် ချိုးရေတော်သုံးပွဲဖြင့် စတင်မြဲဖြစ်သည်။ စံနန်းဆောင်တွင် စံ ပယ်လျက်ရှိသော ကိုကြီးကျော် နတ်မြင်းစီးနေသည့် ပုံတော်နှင့်အတူ ရှင်ဘို့မယ်၊ မဏိစည်သူ၊ ဝေဠုဝတီစသည့် ပုံတော်များကို ဝေါထမ်းကြီးတွေက ဝေါတော်ဖြင့်ထမ်းပြီး ချင်းတွင်းမြစ်ဆိပ်ကမ်းအရောက် ပို့ဆောင်ကြရသည်။ ဖောင်တော်ပေါ် ပုံတော်များတင်ပြီး ချင်းတွင်းမြစ် ထန်းတော ရွာဆိပ်မှအထက် ချစ်သူရွာလောက်အထိ စုန်ချည်ဆန်ချည်သုံးလား လားပြီး ချိုးရေတော်သုံးသည်။ ထိုနေ့မှာတော့ ဒေသခံနတ်နေကြီး နတ်ဝါကြီးတွေက နတ်ချော့ကြရ၏။

တပေါင်းလဆန်း ၄-ရက်နေ့ တိုင်ပြီဆိုလျှင်တော့ နတ်ပုံတော်များကို ရွှေချကြရသည်။ ဒါကို ရွှေဘုံဆင်းသောနေ့လို့ ခေါ်ကြသည်။ နောက်တစ်ရက်တပေါင်းလဆန်း ၅-ရက်နေ့ရောက်ပြီဆိုလျှင်တော့ နန်းရင်းက နတ်ဒိုးကြီးဗြုန်းခနဲတီးကာ နတ်ဒိုးဆွဲနတ်ချော့ကြပြီ။ ကြက်လောင်းကြပြီ။ သည်ပွဲဦးရက်များကို ကိုကြီးကျော်၏ ကျူနီနတ်နန်းတည်ရာ ထန်းတောရွာနယ်ခံရွာသူရွာသားများက ဒိုးတီးပြီး ပူဇော်ကြသည်။ နယ်ခံနတ်ကတော်များက ပဒန်းမင်းကျော်စွာနတ်ကို

www.burmeseclassic.com



ရည်စူးကာ နတ်ချော့ကြရင်း ပွဲဦးမင်းကို ကြိုကြပါသည်။ သည်လိုပွဲဦးရက်တွေကတော့ ထုံးတမ်းဓလေ့နှင့်အညီလုပ်ဆောင်ရသည့် ရက်တွေဆိုတော့ သိပ်မစည်ကားလှသေးပါ။

တပေါင်းလဆန်း ၆-ရက်၊ ၇-ရက်၊ ၈-ရက်၊ ၉-ရက်. . .။ သည်ရက်တွေမှာတော့ နယ်စုံပယ်စုံက နတ်ကတော်တွေ ဧည့်ခံနန်းကြီးပေါ်မှာ ကိုယ့်အဖွဲ့နှင့်ကိုယ်တက်၍နတ်ချော့ခွင့်ရကြသည်။ ဗိုးသံတဗြောင်ဗြောင်၊ ကြက်လောင်းကြက်တိုက်သံ တထိထိနှင့်နတ်သံဆိုင်းသံ ညံမစဲ ပွဲလယ်မင်းကို ပသကြသည်။ ကြက်လောင်းငွေတွေတွေ တဖွားဖွား၊ စိန်တွေရွှေတွေတကြွားကြွားနှင့် 'နတ်ကတော် သူဌေးမတွေပေါ့အေ့' လို့ အမေက ခင်နှောင်းကို ပြောဖူးပါသည်။ သည်ရက်တွေမှာ နတ်ချော့ကြသော အဖွဲ့ချင်းဆက်ကာ မောင်းမမိသံ အထောင်အသောင်းပြောင်းဆန်အောင် နတ်ချော့ကြသည့်ရက်ဖြစ်သည်။ ဒါကိုပဲ ပွဲလယ်ချော့ခေါ်ကြ၏။ သည်လိုရက်များတွင် သာမာန်သူလို ကိုယ်လိုရှက်ကြမ်းရေကျိုနတ်ကတော် (အမေကတော့ ဆင်းရဲသား နတ်ကတော်ဟု သုံးပါသည်)မျ‌ား မောင်ကြီးကျော်အပါးယောင်လို့တောင် မကပ်နိုင်ကြ။

သည့်နောက်ပိုင်းရက်တွေကိုတော့ ပွဲသိမ်းရက်ဟု ခင်နှောင်းတို့နယ်က အခေါ်လေ့ပါသည်။ အယုတ်အလတ်အမြတ်ရယ်လို့မရှိကြတော့ဘဲ နတ်နန်းကြီးပေါ်မှာ ပွစာကြီးတက်အောင် အလုအငင်တိုးကြလေ၏။ ပွဲသိမ်းမင်း ပန်းဆက် ပသပွဲကြီးဖြစ်သည်။ တပေါင်းလဆန်း ၁၀-ရက်နေ့မှာ နန်း၏အနောက်တောင်ဘက်ရှိ ကြက်တိုက်ညောင်ပင်တွင် အုန်းငှက်ပျောကန်တော့ပွဲများ ဟည်းနေအောင်ထိုးကာ ကြက်တိုက်ကြတာကိုက ပျော်စရာကောင်းလှပါသည်။



ခင်နှောင်းကလေးတုန်းက ညောင်ပင်ကြီးရှိသေးတာမှတ်မိသည်။ လေပြင်းကြီးကျစဉ်က ညောင်ပင်ကြီးပြိုလဲသဖြင့် အခုတော့ ကြက်တိုက်နန်းတစ်ဆောင် ဆောက်ကာ ကြက်တိုက်ပွဲကျင်းပခဲ့ကြတာပဲကြာပါပြီ။ ကြက်တိုက်ပွဲအထိမ်းအမှတ်ပြီးလျှင် နတ်ကတော်များက ဧည့်ခံနန်းကြီးမှာ နတ်ဗိုးသံ တဗိန်းဗိန်းဖြင့် နတ်ချော့ကြပြန်သည်။ ရောက်တုန်းရောက်သခိုက် နွှဲလိုက်ကြစမ်းဆိုတာမျိုး ဖြစ်၏။

တပေါင်းလဆန်း ၁၁-ရက်နေ့ တောင်ပြုံးမင်းညီနောင်နှင့် မယ်တော်မယ်ဝဏ္ဏတို့ စံနန်းဆောင်မှ ဧည့်ခန်းဆောင်သို့ပင့်၍ ဦးမင်းကျော်ကို တိုင်တည်ပြီး နတ်ချော့ကြသည်။ တပေါင်းလဆန်း ၁၂-ရက်နေ့ကတော့ ကိုကြီးကျော်၏ နောင်တော် နေရင်းမင်းကြီး ပခန်းပွဲကို ကြသည့်နေ့ဖြစ်၏။ ကူနီနန်း၏ အရှေ့တောင်ယွန်းယွန်းရှိ နေရင်းရွာမှ နောင်တော်နေရင်းမင်းက ကူနီညီတော့်ပွဲကို ကြွခြင်းဟုဆိုပါသည်။

သည်ကနေ့က တပေါင်းလဆန်း ၁၃-ရက်။

ပွဲတော်လာ နတ်ပွဲလာတို့ အမျှော်ကြီးမျှော်ကြသည့် အမေရွှေကိုင်းမယ်တော်ကြွမြန်းလာမည့်နေ့။ ဇီးတောဆည်ရွာဆီက မယ်တော်ကြီးကြွအလာကို အရိုးအဆက်နတ်ကတော်ကြီးများနှင့်အတူ လိုက်ပါခွင့်ရကြသည့် နတ်ကတော်တွေ ကူနီရွာအနီး နန်းဦးရွာမြောက်ဘက်ညောင်ထောက်ပင်စခန်းကိုထွက်၍ မယ်တော်ခရီးအကြွလမ်းခုလတ်က ကြိုနှင့်ကြရသည်။ မယ်တော်ကိုယ်တိုင်ကျွဲလှည်းကိုစီးကာ သားတော် ပခန်းမင်း၏ပွဲတော်ကို ကြွရောက်သည်။ မယ်တော်ပင့်လာသည့် ကျွဲလှည်းကို နန်းတော်ကွင်းရှေ့ရောက်နေသည့်နွားလှည်းမှာတပ်ဆင်ထားသည့်ကျွဲတွေကို ချွတ်လိုက်သည့်အခါလှည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးကမြေပေါ် ဝှန်းခနဲ ဆောင့်ကျသွားတော့သည်။ ထူးဆန်းတာက လှည်းပေါ် တင်လာသော ထမင်းအိုး ဟင်းအိုးသောက်တော်ရေအိုးတွေက နဂိုပကတိအတိုင်း မဖိတ်မစင်မပြိုမလဲ ရှိနေတတ်သည်။ စီးတော်ကျွဲနှစ်ကောင်၏ ချိုနှစ်ဘက်မှာ ပန်ထားသော ဦးချိုပန်းတွေကို ခင်နှောင်းတို့လို ပွဲတော်လာတွေမက်မက်စက်စက် တိုးခွေ့လုယက်ကြရတာကလည်း ပျော်စရာ။ မယ်တော်၏ စီးတော်ကျွဲချိုပေါ် က ပန်းတစ်ခက်သည်ပင် အဖိုးတန်ရတနာ။ မယ်တော်ကြွမြန်းလာသည့်နေ့ဆိုသော်လည်း သားတော်မင်းကျော်စွာ နတ်နန်းပေါ် ချက်ချင်းမတက်သေးဘဲ နန်းတောင်ဘက် ကန္တားဆောင်ထိုး၍သီးသန့် အပ အသခံတော်မူသည်။ စံနန်းဆောက်မည့် ဝါးနှီးစသည့် အသုံးအဆောင်တွေကို သားတော်ထံမှ တစိုးတစိယူမသုံးပဲ မယ်တော်ပိုင် ဝါးနှီးအသစ်များဖြင့် ကန္တားဆောက်ရသည်ဟု ဆိုကြသည်။

တပေါင်းလဆန်း ၁၄-ရက်ရောက်ကာမှ ရွှေကိုင်းမယ်တော်ကြီးသားတော်နန်းတက်လေသည်။ သားတော်၏ နန်းကိုမတက်မီ ဝေဠုဝတီပုံတော်နှင့်အတူ ရွှေမုဌောဆုတောင်းပြည့်စေတီကို ခုနစ်ပတ် ပတ်ရင်းရတနာသုံးပါးကို ရည်စူးကာ ဖူးမြော်သေးသည်။ ညနေနေဝင်ချိန်ကြတော့မှ အနောက်လှေကားမှတစ်ဆင့် သားတော်၏ နန်းပေါ်သို့နောက်ပြန်ကျောပေး၍ တက်လေသည်။

"သည်အချိန်များ သားအမိနှစ်ယောက်အဖြစ်မြင်ရသာ သနားစရာပါအေ. . . သားဆိုတော့ မလာလို့ကလည်း မဖြစ်လာပြန်တော့လည်း သားအရက်သမားကို စိတ်နာ . . . ခမျာမယ် စိတ်ထဲမကောင်းတော့ နန်းပေါ် နောက်ပြန် တက်ရှာသာ. . : "



အရက်သမား၊ ထန်းရည်သမား၊ ကြက်လောင်းသမားတို့၏ အမေဖြစ်ရခြင်းအပေါ် စိတ်နာလွန်းတော့လည်း သားတော်နန်းပေါ် နောက်ကျောပေးတက်တော့တာပေါ့လို့ အမေက ပြောပြဖူးသည်။ နန်းပေါ်ရောက်တော့ မယ်တော်က စားသွေးရင်းတအောင့်ခဏသာ နတ်ချော့ခံကာ နန်းဆောင်တောင်ဘက် လှေကားမှ သားတော်အား ကျောခိုင်း၍ပြန်ဆင်းလေသည်။

သည်နှစ်ရက်ကတော့ ချင်းတွင်းမြစ်ကမ်းဘေးပခန်းနယ်သူနယ်သားတွေ သာမက ခင်နှောင်းတို့ ကျွန်းသူကျွန်းသားတွေ အပါအဝင်အရပ်တကာက နတ်ပွဲလာသူတို့ အင်တိုက်အားတိုက်ပူဇော်ကြသောနေ့မို့ တိုးမပေါက်အောင် စည်ကားလွန်းလှပါသည်။ တပေါင်းလပြည့်နေ့ မနက်သံယာတော်အရှင်မြတ်တို့အား ဆွမ်းကြီးလောင်းပွဲပြုလုပ်ကာ ရေစက်ချအမျှအတန်းများပေးဝေအပြီးမှာတော့ ပခန်းနယ်ကိုကြီးကျော်နတ်ပွဲလည်း ပြီးဆုံးသွားတော့၏။

ခင်နှောင်းတို့တစ်တွေက ပွဲသိမ်းမင်းကို ကြိုဆိုနတ်ဆက်ကြရမည့် နယ်သူနယ်သားများဖြစ်သည်။ ချင်းတွင်းဆင်ခြေရာရွာတွေဘက်ဆီက တပေါင်းလဆန်း ၁၀-ရက်နေ့၊ သာဂေါင်နွားမော့ရွာများဘက်ဆီက တပေါင်းလဆန်း ၁၁-ရက်နေ့၊ ခင်နှောင်းတို့ ဖြူးဘူးကျောက်ဘူးကျွဲကုန်းရွာများဘက်ဆီက တပေါင်းလဆန်း ၁၃-ရက်နေ့ နန်းအရောက်အဆက်အသ သွားလေ့ရှိကြသည်။ သည်နေ့သည်ရက်ရောက်ကာမှ ဘာကြောင့်သွားရမှန်း ခင်နှောင်းမသိသော်လည်း ခင်နှောင်းငယ်ငယ်ကတည်းက တပေါင်းလဆန်း ၁၃-ရက်ပွဲသွား ၁၄-ရက်ပွဲပြန်ဆိုတာ စိတ်ထဲစွဲနေခဲ့သည်။ အဖေ့ကိုမေးကြည့်တော့ အဖေက "ပွဲတော်ကွင်းထဲ လူကြပ်မစိုးလို့ထင်ပါရဲ့" ဟု ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ပွဲဆိုသော်လည်း ပွဲဈေးကြီးဟည်းနေအောင်စည်ကားတော့ သည် ရက်တွေမှာ ဈေးပေါင်ကျိုးကလေးဝယ်ရင်းခြမ်းရင်း ပွဲတော်ကွင်းထဲ မရောက်ရမနေနိုင်။ နှစ်စဉ်ပြုနေကျ ဝတ္တရားတစ်ရပ်လို့သာ ခင် နှောင်းသိထားပါသည်။ဒါကြောင့်လည်း ရှေ့ကလှည်းတန်းကြီးကို ကျောက်ဘူးရွာကလှည်းတွေ ဖြစ်မည်ဟု ခင်နှောင်းမှန်းဆကြည့်မိခြင်း ဖြစ်ပါ၏။

"ဟဲ့ ခင်နှောင်း ဘာဟင်းတွေ ချက်ယူလာသလဲဆို"

လှည်းနံ့ရံတိုင်ကိုမှီရင်း အတွေးတွေထဲကျုံနစ်နေသည့် ခင်နှောင်းကို အရီးကြော့ကပေါင် ဖျန်းခနဲရိုက်လိုက်တော့ ခင်နှောင်း တုန့်သွားသည်။ သည်တော့မှ ခင်နှောင်းပြုံးတူးပျာတာဖြင့် အရီး ကြော့ကို လှမ်းကြည့်လိုက်မိသည်။ မနက်ခင်း အမှောင်တွေ လွင့်စင် သွားပြီဖြစ်သော်လည်း မြူထုနှင့် ဖုန်ခိုးဖုန်ငွေ့များကြောင့် လှည်းပေါင်း မိုးထဲမှာအလင်းကောင်းကောင်းမဝင်သေး။ နေပါဦး . . . မနေ့တုန်း က အမေဘာတွေ ချက်ပေးလိုက်တာပါလိမ့် . . .။

"ဟိုလေ . . . ခရမ်းချဉ်သီးငပိချက်ရယ်
. . . အမဲသားနှပ်ရယ် . . . ငရုပ်သီးကြော်ရယ် . . .
ဒါပဲတော့် ဟိုကျမှ ပဲနီကလေးတစ်အိုး ပြုတ်မလို့"

"ခင်နှောင်းရယ် ကိုကြီးကျော်ပွဲ ငါးဒန်တွေ ပေါ
ချက်ဟာကို ဘာကိစ္စများ အမဲသားနှပ်လာခဲ့ရသတုံးအေ
. . . ငါတို့သားမိတစ်တွေကတော့ ငပိချက်နဲ့ ပဲပြုတ်ပဲပါ
သယ်. . . ပွဲကွင်းရောက်မှ ငါးဒန်ဝယ်ချက်မယ် အောက်
မေ့သယ်"



ကိုကြီးကျော်ပွဲရက်တွေမှာ ချင်းတွင်းမြစ်ထဲက ငါးဒန်ကြီး တွေအားကြီးအားမောင်းဆန်တက်လာတတ်ကြသည်။ ခင်နှောင်း တွေ့ဖူးသမျှ ငါးတွေထဲမှာ ကိုကြီးကျော်ပွဲက ငါးဒန်တွေက အကြီးဆုံး လို့ထင်သည်။ လက်သုံးတောင်ဆုပ်လောက် အကောင်ကြီးတွေဆို လျှင် အချိန်တစ်ဆယ် ဆယ့်ငါးစီးသည်ဆို၏။ တခြားရက်တွေမှာ ချင်းတွင်းဆိပ်ကမ်းတွင် ငါးဒန်ကြီးများ မတွေ့ရဘဲ ကိုကြီးကျော်နတ်ပွဲ ရက်ကျကာမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတတ်ကြသည့် ထူး ဆန်းသော နတ်ပွဲလာငါးများလို့လည်း ပြောတတ်ကြသည်။ ငါးဒန်ကြီး တွေက ကိုကြီးကျော်ကို လာရောက်ဦးတိုက်ရင်း ပွဲတော်လာများ အတွက် အသားလာလှူကြခြင်းမို့ စားကောင်းချက်ကောင်းသည်ဟု အယူရှိကြသည်။

"အမောင်လေးက ငါးမှ မကြိုက်သာ အရီးကလဲ"

အမောင်လေးက ပြောလည်းပြောစရာ။ ငါးစိုငါးစိမ်းချက် များတော့ သေရမလောက်ကြောက်သူဖြစ်သည်။ ငါးပိငါးခြောက်စား သော်လည်း ငါးအစိုကို ယောင်၍ပင်အနံ့မခံသော အမောင်လေး၏ ခွကျကျနိုင်မှုကို ခင်နှောင်းနားမလည်ပါ။ အိမ်မှာ ငါးဟင်းချက်သည့် နေ့ဆိုလျှင်အမောင်လေးက မီးဖိုချောင်ထဲ ယောင်လို့မှမဝင်။ ဘာ ရောဂါမှန်းလည်းမသိ။

"ဖြစ်ရလေ မောင်ချစ်ခင်ရယ်. . . တို့ရွာမှာ
ငါးရှားကရှားပါဘိသနဲ့. . . ရေကြီးခါကလွဲရင် ငါးများ
အရုပ်ရေးကြည့်ရမလား မှတ်ရသဲဟာ . . . သည်လို
ပေါတုန်း စားမှ ပေါ့ကွယ့်"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နှမစားချင်သဲ့ဟာကို ဘယ်နှာကြောင့်
ဖွတ် စားခိုင်းရသာပါလိမ့်. . . သလောက်စားသချင်ရင်
ဝက်သားတစ်ပိဿာလောက် ချက်ကျွေးဗျာ ကိုင်း . . ."

အမောင်လေး၏ အရွဲ့တိုက်စကားကြောင့် ခင်နှောင်းထိတ်ခနဲဖြစ်သွားရသည်။ နတ်ပွဲသွားနေတဲ့ ခရီးကို ဝက်သားဆိုသည့်စကားမပြောရဟု ခင်နှောင်းနားလည်ထားသည် မဟုတ်လား။

"သည်ဘက်ခေတ်မှ့လို့ပေါ့ကွယ် . . . ဟိုတုန်း
ကများ ကိုကြီးကျော်ပွဲဆိုရင် ဝက်သားပေါချက် ရက်စက်
သယ် . . . ဝက်ပိဿလုံးတွဲကြီးတွေဆို လျှော်ပင်တွေကို
တင်းလို့ . . . ပွဲဈေးထဲ ချက်ချင်းပေါ် ချက်ချင်းခုတ်. . .
ဝက်သတန်း ကြီးရှည်လှပေါ့တော် . . . ပြောကြသာ
တော့ ကိုကြီးကျော်က တောင်ပြုံးမင်းညီနောင်ကို အရွဲ့
တိုက်ချင်သာနဲ့ သူ့ပွဲတော် ရက်ကျရင် ဝက်သားအစား
ခိုင်းသာတဲ့လေ. . . ဘယ်သူက ဘယ်လိုလုန့်လိုက်လို့
ရယ်တော့ ပြောတတ်ပါဘူး ခုများ ကိုကြီးကျော်ပွဲ ဝက်
သတ္တဲမတွေ့သာ ဆယ်နှစ်လောက်ရှိရောပေါ့တော်. . ."

အရီးကြော့ပြောကာမှ ခင်နှောင်း တရေးရေးမှတ်မိလာသည်။ ကလေးတုန်းက လှည်းဝိုင်းကြီးတွေကြားက သူတို့လှည်းနောက်မြီးမြေကြီးပေါ် မြေစိုင်ခဲကြီးသုံးလုံးဆိုင်၍ မီးဖိုထားသောဖိုခွင်ပေါ်တွင်ဝက်သားအိုးကြီး တဗွမ်းဗွမ်းပွက်နေပုံကို မျက်စိထဲမြင်ယောင်နေမိပါသေးသည်။ ဝက်သားတွဲကြီးများမှ မဟုတ်ပါ။ ခင်နှောင်းငယ်ငယ်ကကြားခဲ့ဖူးသော အမေတို့ဆိုနေကျ နတ်သီချင်းကိုပင် အခုခေတ်ဆိုသံမကြားရတော့ပါ။



"ကြက်ကလေးငယ်ဆူပါလွှန်း ဝက်တဲ့ ဝက်
သပြွန်း xxx ဝက်သပြွန်းနဲ့ အရက်သောက်ချိန်တန်ချည့်
လေး xxx သောက်ပါလို့လာ ဖျာမှာအလူး မင်းကျော်စွာ
ရွှေကိုယ်ဦး ထန်းရည်ဗူးကိုတဲ့နောက်ကလွယ် xxx ပျော်
တယ် မြူးချည့်လေး . . ."

အရီးကြော့ကတော့ စပ်စပ်စုစုနှင့် စကားများတတ်သူပီပီ သည့်မှာတင် စခန်းသတ်မသွားသေး။ ဟိုတုန်းက နတ်ပွဲလိုက်ကြသည့်အကြောင်းတွေ တစ်သီကြီးဆက်လို့နေပြန်သည်။ နတ်ဒိုးသံ တလွင့်လွင့်၊ လှည်းသံတအီအီ၊ အလင်းစတွေမကွဲတကွဲ။ အရီးကြော့၏ စကားတွေက လှည်းပေါင်းမိုးထဲမှာ လွမ်းစရာပင် ကောင်းနေတော့၏။ အမောင်လေးသည်ပင် ကြိမ်တို့ရင်း နားသောင်နေပုံရ၏။

"ဟိုတုန်းက ကိုကြီးကျော်ပွဲဆို တစ်ရွာ့တစ်ရွာ
ထွက်လိုက်ကြသဲ့ လှည်းတွေဆိုသာများ အစီးလေးငါးဆယ်
အနည်းဆုံးပဲ . . . လှည်းတန်းကြီးကို ပိုးဆက်တွန့်ကောင်
ကြီးကျလို့ . . . လှည်းတန်းရှည်လေ ရွာဂုဏ်ရှိလေကိုးအေ့
. . . သူ့ရွာကလှည်းတန်းနဲ့ ငါ့ရွာကလှည်း တန်းပြိုင်ရသာ
အမော. . . တို့များ လှည်းပေါ်ကဆင်းပြီးတောင် လှည်း
တွေရေကြည့်ကြသာရယ်. . . ဟို ဘူးကိုင်းတို့ ဆယ်ရွာတို့
ဘက်ကဆို လှည်းတွေစုပြီးမောင်းလာကြသာ အစီးနှစ်ရာ
သုံးရာ ပြောရင် ယုံစရာမရှိဘူး . . . ခပ်လှမ်းလှမ်း လှည်း
အုပ်မြင်ရင် အမိလိုက်မောင်းကြသာပဲ. . . စိုက်ခင်းတွေ
ရှင်းသဲ့နေရာရောက်ရင် တစ်စီးတစ်စီး ကျော်တက်ကြသာ
များအေ ဝိသုကြုံရဲ့လှည်းတောင်ရှုံးလောက်ကဲ့ . . . ဒုန်း

www.burmeseclassic.com

www.burmeseclassic.com



မောင်းကြသာများ မခိုင်သဲ့လှည်း ပုံကျရေချရဲ့ . . . လှည်းပေသိများ ဂျစ်ကားမှတ်ကြသာကိုးအေ့ လှည်းနရံတိုင် မြဲမြဲဆုတ်ပြီး လှည်းစီးတွေကလည်း ပါးစပ်က ညာသံပေးတက်ကြသာ. . . မြီး ညှောင့်ရိုးတွေများဆိုအောင့်လို့ . . . အဲသာက အသွားလှည်း အသွားလှည်းချင်း အပြန်လှည်း အပြန်လှည်းချင်းပြိုင်ကြသာ. . . ခုထိ ကြက်သီးများတောင်ထပါရဲ့ . . . ဘုရားစူး"

အရှေ့မိုးကောင်းကင် နေခြည်ကလေး ဖြာနွေးလာတော့ မြူနှင်းစတွေ တဖြုတ်ဖြုတ်ပျောက်ကွယ်သွားကြပြီ။ အဝေးလှည်းတွေဆီက ဖုန်မှုန့်တွေကတော့ လေပွေထလို့နေသည်။

"တစ်ခါတလေကျတော့ အသွားလှည်းနဲ့ အပြန်လှည်း ထိပ်တိုက်တိုးကြသာမျိုးကလည်း ရှိသေးသတော် . . . စိုက်ခင်းမသိမ်းရသေးသဲ့ နေရာတွေရောက်ရင် သတိထားမောင်းကြရသာ . . . လှည်းတွေက ကန်သင်းဖဲ့ပြီး အခင်းမထိအောင် ဂရုစိုက်ကြပါရဲ့. . . နတ်ပွဲလှည်းတွေကြောင့် အခင်းပျက်ရသာမျိုးတော့ အခင်းရှင်က ကျေနပ်သယ် ပျက်စမ်းပလေ့စီ အောက်မေ့ကြသာရယ်. . . မရှောင်သာ မတိမ်းသာ လှည်းလမ်းကလေးကျဉ်းကျဉ်း နောက်ပြန်ဆုတ်ပေးချင်သဲ့ လှည်းမရှိဘူး ဆုတ်ရတဲ့လှည်းက ဇွဲ့ရာကျမစိုးလို့ . . . သည်တော့ သူ့လှည်းဆုတ် ကိုယ့်လှည်းဆုတ်နဲ့ ငြင်းကြခုန်ကြရင်း မာန်မလျှော့ချင်သာနဲ့ပဲ လှည်းဦးချင်းတိုက်ပြီး အရွဲ့တိုက်ရပ်ထားကြသာ . . . တကတဲ့ည်း နွားတွေချွတ် လှည်းထောက်တွေထောက်ပြီး အဲသည်နားတင်



တစ်ညဆိုး တစ်အိမ်ထောင်ကြတော့မယ့် အတိုင်းပဲ. . . ထမင်းကလေး ဟင်းကလေးချက်စားပြီး မဖယ်ကြစတမ်း ဒုံးပေကပ်သပ် တောင့်ထားကြသာကော . . . သွားမယ့်လှည်းကလည်း မသွားရပြန်မယ့်လှည်းကလည်း မပြန်ရနဲ့ . . . တစ်ခါတလေ နှစ်ရက်သုံးရက်အထိ ကြာချင်ကြာသွားတတ်သေးသာ . . . အဲသာဘေးလူက အမြင်မတော်လို့ အနီးအနားရွာလူကြီးတွေက ကြားသွားရင်တော့ နှစ်ဖက်တောင်းပန်ပြီး ထွက်ဖြန်ဖြေပေးသာပေါ့. . ."

ခင်နှောင်းငယ်ငယ်က နတ်ပွဲသွားလမ်းတွင် သည်လိုလှည်းချင်း ဆုံကြတာမျိုး ကြုံခဲ့ရဖူးပါ၏။ လှည်းမောင်းလှည်းစောင့်ကို ချန်ထားရစ်ခဲ့ကာ နတ်ပွဲအရောက် ခြေကျင်ဒုတ်ဒုတ်ထိလျှောက်ခဲ့ရတာဖတ်ဖတ်မောခဲ့ရသည်။ ကိုယ့်ဇောနှင့် ကိုယ်ခရီးတာ ဘယ်လောက်ဝေးဝေး ဖေကြီးကျော်နန်းဆီ အရောက်ဇောနှင့် လျှောက်ကြရသည်။ အရိုးကြေအပြောတော့ ခင်နှောင်းကိုယ်တွေ့ကလေး ခေါင်းထဲပေါ်လာခဲ့သည်။

"ရွာလူကြီးများက လာဖြန်ဖြေပေးသာတောင်လျှော့ချင်ကြ သေးသာမှတ်ဘူး . . . ထိပ်စည်း လှည်းချင်းသူတစ်ဘီးရွှေ့မှ ကိုယ်တစ်ဘီးရွှေ့ကြသာ . . . ရှောင်သာပြီဆိုတော့လည်း တစ်ယောက် တစ်ယောက် ချစ်ချစ်ခင်ခင်နှုတ်ဆက်ပြီး မောင်းခဲ့ကြပြန်ရော . . . စိတ်စက်တွေ ဘာတွေ မဆိုးတတ်ကြပေါင်တော်. . . အဲသလို သူ့ရွာ ကိုယ့်ရွာ သူ့လှည်းကိုယ့်လှည်း အရွတ်ချင်းပြိုင်ရသာကိုပဲ ပျော်စရာအောက်မေ့ခဲ့ကြသာဆိုတော့ တုတ်တစ်ပြက် ဓားတစ်ပြက်

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိကြဘူး . . . အခုခေတ်များတော့ နွားတွေကို ကစားစရာ ပျော်စရာ မလုပ်နိုင်ကြတော့ပေါင် နွားတစ်ကောင် သိန်းကိုးသောင်းတန်နေသာကိုး . . . လူတွေကလည်း တော့တုန်းကလို အချိန်ပေး မရှုတ်နိုင်ကြ တော့ပါဘူး အေ . . . ရှုတ်ရသာ လွယ်မှတ်လို့"

အရီးကြော့စကားကို ခင်နှောင်းတို့ ညီအစ်မတစ်တွေက သဘောကျစွာ ရယ်မောကြရသေး၏။ အမောင်လေးကတော့ နွားကျောကုန်းကို နကန် (နွားရိုက်တုတ်တံ)ဖြင့် တို့ရင်း ကွမ်းယာတွေ တစ်ယာပြီးတစ်ယာ ခါးပိုက်ထဲကထုတ်ဝါးရင်း အရီးကြော့စကားတွေကို စိတ်ဝင်စားနေပုံရသည်။ ပြောလို့သာပြောရသည် ငယ်စဉ်ကတည်းကယောင်မကျိုးခဲ့သော တူကလေးကို ချစ်တော့လည်း အရီးကြော့ နားလည်ခွင့်လွှတ်ရှာပါသည်။ အမောင်လေးက ဘေးဘီနှင့် သင့်တင့်အောင် ပြောဆိုပေါင်းသင်းတတ်ခြင်း မရှိသည်မှအပ ဝမ်းတွင်း စိတ်ရင်းမြူခင်တာ ခင်နှောင်းသိပါသည်။ အရီးကြော့တို့ကို နွမ်းပါးသော ဆွေရယ်မျိုးရယ်လို့ အပေးအကမ်းအရက်အရောတော့ အမောင်လေးက မခေါင်းပါးပါ။ အရီးတို့မှာ မြေဆို၍ဘုရားဗူးလွှတ်ရုံကလေး 'တစ်သွယ်'သာရှိသည်။ ခင်နှောင်းတို့နယ်ကမြေကို ဘယ်နှဧကရှိသည် ဘယ်နှစ်ကွက်ရှိသည်ဟု ပြောခဲ့ကြသည်။ မြေတစ်သွယ် နှစ်သွယ် ဒါမှမဟုတ်လျှင် တစ်ကြိုး နှစ်ကြိုးစသဖြင့် သင့်သလို သုံးတတ်ကြပါသည်။

ခင်နှောင်းတို့မှာက မြေဆယ့်နှစ်သွယ်ရှိသည်။ သည်မြေဆယ့်နှစ်သွယ်ကို အမောင်လေးတစ်ယောက်တည်း ထွန်ကာယက်ကာ နွားနှင့်အတူ ကုန်းရုန်း၍ လုပ်ကျွေးနေသော ကျေးဇူးတရား



ကြောင့် အမောင်လေးဘယ်လောက်ဆိုဆို၊ ဘယ်လောက်ဆိုးဆိုး ခင်နှောင်းတို့က သည်းညည်းခံကြရပါသည်။ ပဲစိုက်၊ ပဲနှုတ်၊ ငရုတ်ခူး၊ ပေါင်းလိုက်၊ ပေါင်းထိုး၊ ပဲလှန်း၊ ပဲရွေးစသည့် အလုပ်စုံအမယ်စုံတွေကို ခင်နှောင်းနှင့် အရီးကြော့တို့ သားအမိသုံးယောက်က ဝိုင်းကူရသည်။ သည့်အတွက် အရီးကြော့တို့ကို အခကြေးငွေရယ် မဟုတ်ဘဲ သားအမိတစ်တွေ နှစ်ပေါက် စားလောက်သောက်လောက် သုံးလောက်စွဲလောက်အောင် ခင်နှောင်းတို့က ပြန်စောင့်ရှောက်ကြရပါသည်။ သည်လို ပေးလို့ကမ်းလို့ကတော့ အမောင်လေးက နှမြောတွန့်တိုတတ်သူမဟုတ်။ အမေနှင့် ခင်နှောင်းသဘောအတိုင်းပင် ဖြစ်၏။

*"ပြည်ပေါက္ကံရာဇာသနင်း သမ္မာလင်းထင်စွာ*
*xxx ပဏ္ဏာနှင်းကြင်ယာမှ ခင်သဒ္ဒါထပ်ပွား xxx သိန်းခွင်*
*မင်းရဝေတိုင်းပျော်မှာ xxx ရွှေကိုင်းကတော် ရင်သွေး*
*ကျော်တဲ့သား . . . အား ဟား . . . "*

နေလုံးအကြွတွင် ခင်နှောင်းတို့ လှည်းတန်းကြီးထိပ်က လော်စပီကာ နတ်ချင်းဝံ့ထောက်သံတွေက ပို၍မြိုင်လာခဲ့သည်။ သည်ရေ သည်မြေ သည်နယ်ပယ်က သည်အသံတွေကြားရဖို့ ခင်နှောင်း မျှော်ခဲ့ရတာ မဟုတ်လား။ နေရောင်ထိုးသဖြင့် မြူနှင်းတို့ ကွဲကုန်သော်လည်း ဖုန်မှိုးတွေက ပိုလို့ဝေလာသည်။ လှည်းပေါင်းမိုးပေါ်အထိ တက်လာသော ဖုန်လုံးကြီးများသည် မိုးတိမ်တွေလို ပြေလွှားကာ လှည်းတန်းကြီးနောက်သို့ လိုက်နေသလား မှတ်ရသည်။ လှည်းလမ်းဝဲယာ တစ်ဘက်တစ်ချက် မြေပဲခင်း၊ ငရုတ်ခင်း၊ နေကြာခင်းတွေက သန်စွမ်းလှသည်။ နေရောင်ကလေးရင့်လာတော့မှ

www.burmeseclassic.com

www.burmeseclassic.com



ခင်နှောင်းတို့ရွာက လှည်းတပ်ကြီး မိဖုရားရွာထိပ်သို့ ရောက်လာခဲ့တော့၏။

"ရွာထဲလမ်းက မောင်းမှာလား ရွာပြင်လမ်းက မောင်းမှာလားဟင် မောင်ချစ်ခင်"

"အဲသာ ကျုပ်ဘယ်သိပါ့မတုံး . . . ရှေ့လှည်းတွေ သွားသဲ့နောက် လိုက်ရမှာပေါ့ဗျ"

ထိပ်စည်းလှည်းက ရွာတွင်းမဝင်ဘဲ မိဖုရားရွာအရှေ့ ရွာခြေ လမ်းမှ ကပ်၍မောင်းသည်။ လော်စပီကာသံတဆူဆူဖြင့် ကိုကြီးကျော် နတ်ပွဲကို ချီတက်လာခဲ့ကြသော ခင်နှောင်းတို့လှည်းတန်းကြီးကို မိဖုရားရွာက ကလေးလူကြီး တစ်အုံတစ်ခဲကြီးထွက်ကြည့်ကြသည်။ ထူးဆန်းသော မြင်ကွင်းမဟုတ်သော်လည်း ရပ်ရွာတွေမှာ သည်လိုကြည့်လိုက်ရမှ အားရကြသည်။

"ဟေး မစံထီကို ပြောလိုက်စမ်းပါ့. . . ကိုကျောင်းမောင်က မှာလိုက်သယ်လို့"

လူအုပ်ကြီးဆီသို့ ဘယ်သူဘယ်ဝါရယ် မဟုတ်ဘဲ ရွာအမှာကို တစ်ဆင့်ပြောပေးဖို့ အရီးကြော့က ဟစ်လိုက်ခြင်းဖြစ်သည်။ လူအုပ်ကြီးထဲမှာ မစံထီရှိမရှိ မသေချာသလို မစံထီကို မှာပေးမပေးကလည်း အတတ်မပြောနိုင်။ လူအုပ်ကြီးထဲက တစ်ယောက်ကတော့ လှမ်းမေးရှာပါသည်။

"ဘယ်သူ"

"မစံထီလေ မစံထီ. . . ဆေးရိုးသည် မစံထီ သိသမှုတ်လား"

"သိသယ် သိသယ်"



"အေး သိရင် ပြောလိုက်စမ်းပါအေ. . . ဖြူဘုံးက ကိုကျောင်းမောင်က မနက်ဖြန် ဆေးရိုးလာချိန်လှည့်ချည်လို့ မှာလိုက်သယ် ဟေး . . ."

လမ်းတွင် ရပ်ကြည့်နေသော မိဖုရားရွာသူရွာသားတွေထဲက မစံထီကိုသိသူ ဘယ်သူကဖြစ်ဖြစ် သွားပြောပေးမှာ သေချာသည်။ မပြောပေးမှာ မပူရ။ ချက်ချင်းပြေးပြောကြမည့်သူတွေ။ ခင်နှောင်းတို့ ကျွန်းသူကျွန်းသားများသည် တစ်ရွာတင်ရွာ လူကြုံလှမ်းမှာခြင်းသည် မြန်သလောက် ခရီးရောက်သော ဆက်သွယ်ရေးဖြစ်၏။ စာတိုက်မလို၊ တယ်လီဖုန်းမလို။ လူကြုံရှိဖို့သာလိုသည်။ ပါးစပ်ပါရွာရောက်ဆိုသလို ပါးစပ်ပါ ,လူကြုံစကားက ရောက်သွားတတ်စမြဲ။ စကားလူကြုံသာမက စာလူကြုံ၊ ပစ္စည်းလူကြုံ ပါးချင်သေးသလား။ ရောက်အောင် ဆောင်ကြဉ်းပေးတတ်ကြသည်။ တကန်တက စီးပိုးလေခြင်းဟု သဘောမထား။ ကိုယ့်ကိစ္စလိုပဲ အရေးတယူ ရှိကြမြဲဖြစ်သည်။

ခင်နှောင်းတို့ရွာနီးချုပ်စပ် ရွာတွေထဲမှာ မိဖုရားရွာက ရှေးရွာကြီးဖြစ်သည်။ မိဖုရားရွာဘုရားကြီးထဲတွင် ကျောက်စာများ၊ ရှေးဟောင်းဘုရားများ၊ သမိုင်းအထောက်အထားများရှိသည်။ ရွာကြီးကလည်း နရန်းရှိရွာနှစ်ရွာသုံးရွာစာလောက်ကျယ်ဝန်းပါသည်။ အိမ်ခြေတွေတိုးပွားလာသဖြင့် အနီးရှိ မဲကုန်းရွာနှင့်တစ်ဆက်တည်းလို ဖြစ်သွားသည်။ သည်ကျွန်းပေါ် ရှိရွာများကို နှစ်ရွာတစ်တွဲ အမည်တပ်၍ ခေါ်တတ်ကြသည်မှာလည်း ရှေးတုန်းကတည်းက ဖြစ်သည်။ မဲကုန်းမိဖုရား၊ ကျောက်ဘုံးကျွဲကုန်း၊ ဖြူဘုံး မီးလောင်ကျွန်း၊ သာဝေါ်ရွှေမော့၊ ဝတရော်ရေရှား၊ မိုးဖြူမိုးကွဲ စသဖြင့် နီးစပ်ရာနှစ်ရွာပေါင်း၍ ခေါ်ဝေါ်သုံးနှုန်းတတ်ကြသည့် အလေ့ရှိ၏။ ဒါမှ လေးလေးပင်ပင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ဟု သဘောထားကြပုံပေါ်၏။ တချို့ရွာနှစ်ရွာက တွဲခေါ်ကြသော်လည်း ရွာချင်းဝေးတာလည်း ရှိပါသည်။

"ကြည့်စမ်း . . . မိဖုရားရွာက ပဲခင်းတွေ ဖြစ်ချက်ကတော့ . . . ဟိုမှာ ဂျုံခင်းတွေများ ခဲလို့ သည်းလို့တော် . . . အံ့မယ် မေမြို့ပန်းတွေတောင် စိုက်ထားလိုက်ကြသေး ကောင်းချက်တော့"

"ကောင်းသာပေါ့ သူရို့က ရေပန်းစိုက်ကြသာဗျ . . . တစ်နာရီ ရေတင်ခ သုံးရာတဲ့ အချိန်မရွေး ရေရနေကြသာကိုး . . . တစ်နှစ်တစ်သီး မကတော့ဘူး . . . သုံးသီးတောင် စိုက်ကြသာတဲ့ . . . ပုလဲလုံးတော့ အားချင်းချရဆိုပဲဗျ"

သဘာဝအားဖြင့် ခင်နှောင်းတို့ ကျွန်းရွာတွေက မြစ်ရေတစ်လကိုးသီတင်းဝင်ပြီး ရေအကျထွန်ပြီးထယ်ပြီးလျှင် အခင်းထဲ နောက်ချေးချတတ်ကြသည်။ မိုးမကောင်းလျှင် အငြိးပြေတစ်သီးနှင့် ပြီးရသည့်နှစ်တွေလည်းရှိသည်။ မိုးကောင်းလျှင် နှမ်းကျည်းပြီး နောက်တစ်သီးထပ်စိုက်ကြသည်။ အခုတော့ မိုးမဟောင်းလည်း ကိစ္စမရှိ။ ရေစုပ်စက်များဖြင့် ရေတင်ကာ ရေမတိုးခင် နောက်တစ်သီး ထပ်စိုက်နေကြပါပြီ။ အမောင်လေးပြောသည့် ပုလဲလုံးဆိုတာကတော့ ပုလဲဓာတ်မြေဩဇာကလေးများကို ဆိုလိုကြောင်း ခင်နှောင်း သဘောပေါက်ပါသည်။ အဖေကတော့ တစ်နှစ်သုံးသီးစနစ်ကို ကြိုက်လှသူမဟုတ်။ အဖေ့အတွဲက တစ်မျိုး၊

"မြေကြီးမှာလည်း အစာလိုသာပဲ . . . အဆီအနှစ်လိုသာပဲ . . . တစ်နှစ်တစ်ခါ မြစ်ရေနဲ့ပါလာသဲ့



မြေဩဇာထက် ကောင်းသာ ဘာရှိလိမ့်မတုံး . . . မြေကြီးကို မြစ်ကပါလာသဲ့ နုန်းက သူ့ဟာသူပြင်ပေးသွားသာ . . . ဓာတ်တွေနဲ့ မြေကို အစာကျွေးသာမျိုးကတော့ မဟန်ပါဘူးကွာ . . . မြေကြီးလည်း ဘယ်ဓာတ်ဒဏ်ခံနိုင်ပါ့မလဲ . . . ပြီးတော့ ဓာတ်နဲ့ သီးသဲ့အသီး ငါဖြင့် မမက်စက်ပေါင်ကွာ . . . ပေါ့ရွှတ်ရွှတ် မှတ်သာပဲ"

အဖေကတော့ သည်မြေကသီးသည့် သစ်ဥသစ်ဖုကိုပင် ခုံမင်မြတ်နိုးတတ်သူဖြစ်သည်။ သဘာဝကပေးသော သစ်သီးသစ်နှံကိုသာ စားကောင်းသည်ဟု အထင်ရောက်သူဖြစ်သည်။ သဘာဝကပေးတာမဟုတ်ရင် ကြာရှည်မကောင်းနိုင်ဘူးလို့ ရိုးရိုးသားသား ယုံကြည်စူးနစ်သူလည်းဖြစ်၏။ ခင်နှောင်းကတော့ ဒါတွေ နားမလည်ပါ။ ခင်နှောင်းတို့မြေကထွက်သည့် အသီးအနှံတွေ တစ်နှစ်တစ်ခါပေါ်လေတိုင်း တစ်နှစ်လုံးအိမ်ရှိလူကုန်ပမ်းသမျှ ပျော်ရသည့်နှစ်ချည်းဖြစ်ပါသည်။ မိဖုရား၊ မဲကုန်းရွာတွေကို ကျော်လာတော့ စိုက်ခင်းတွေက ပိုမိုကျယ်ပြန့်လာသည်။ ထန်းတောတွေက ပိုညို့လာသည်။ ရွာဆက်လည်း နည်းနည်းခြားသွားသည်။ ခင်နှောင်းတို့ လှည်းတန်းကြီးကို မြေပဲဆွတ် မိန်းမအုပ်က တဟေးဟေးအော်ကာ နှုတ်ဆက်ကြ၏။ လှည်းပေါ်မှ ယောက်ျားသားတွေပါလာတာကို စကြ နောက်ကြခြင်းဖြစ်သည်။

"လိုက်ခဲ့မယ်လေ . . . တစ်ယောက်တည်း သွားတော့မလို့လား"

"စောစောပြန်ခဲ့နော် . . . အိမ်မှာ ကလေးအနီးတွေ လျှော်ရဦးမှာ ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



"ဝါး ဟား ဟား ဟား . . ."

ခင်နှောင်းတို့ လှည်းပေါ်ကလည်း လက်တွေဝှေ့ယမ်းပြရင်း အော်ကြဟစ်ကြ။ လှည်းတပ်ဦးထိပ် လော်စပီကာက နတ်ဒိုးသံတွေ တဗြဲဗြဲနှင့် ပွက်ပွက်ရိုက်လို့နေသည်။

*"သခင်ကျော်တဲ့ သခင်ကျော်xxxသခင်ကျော်*
*တဲ့ သခင်ကျော် xxxရွှေကူနီနန်းကပါနော် ရွှေကူနီနန်း*
*ကပါနော် xxx သောက်ခေါင်တွင် ဗိုလ်မှူးကွယ့် သောက်*
*ခေါင်တွင်ဗိုလ်မှူးကွယ့် xxx မူးလှတဲ့ မောင်ကျော်သာ*
*တွဲထူကာ မကြပါတော့ xxx ကြင်ကြင်ရာရာခင်ခင်က*
*ညာ xxxတပေါင်းလရာသီမှာ ပျော်မြူးတွေ စုံလှပါ. . ."*

လှည်းပေါင်းမိုးထဲမှာ အထိုင်ကြာလာတော့ ခင်နှောင်း လှည်းနောက်ဘက်ကို ရွှေ့ထိုင်သည်။ နောက်လှည်းက ခင်နှောင်းကို လှမ်းနှုတ်ဆက်ကြသည်။ ကိုကြည့်တူမကလေးများ။

"မမခင်နှောင်းပွဲခင်းထဲကျရင် ကျုပ်တို့နဲ့ ထမင်း လာစားလှည့်"

"ဟိုကျရင် အတူတူလည်ရအောင်နော်"

အသံတွေက စာထွက်နေသည်။ ခင်နှောင်းက လက်လှမ်းပြရင်း 'အေး အေး' ဟုဆိုလိုက်ရသေးသည်။ ဒါကလည်း ရွာဓလေ့။ ပွဲတော်ကွင်းထဲမှာ အပျိုမဒါန်းကလေးတွေက အရွယ်ဖားဖားအပျိုတွေ နောက်လိုက်ချင်သည်။ မိဘမောင်ဘွားနှင့်လိုက်တော့ငေး, ငေးကြပြန်ပြီ။ ကြည့်, ကြည့်ပြန်ပြီ။ အဆူအငေါက်မလွတ်တော့ မိဘများ ယုံကြည်လောက်သည့် မိန်းကလေးကြီးများကို အဖော်စပ်နှင့်ကြရသည်။ သည်တော့လည်း မိဘတွေက ယုံယုံကြည်ကြည် ထည့်လိုက်



တာပါပဲ။ အခုလည်း မိပွံ့တို့ မိလုံးတို့တစ်တွေက ခင်နှောင်းကို အဖော် လှမ်းဆွယ်ထားကြခြင်းဖြစ်သည်။

သည်တော့မှ သူ့ကိုယ်သူမငယ်တော့ပါလားလို့ ခင်နှောင်း ခံစားမှုကလေး ဝင်လာခဲ့ရပြန်သည်။ အပျိုပေါက်ကလေးတွေက သူ့ကို အဖော်လုပ်ကြမလို့တဲ့။ ရွာမှာ ခင်နှောင်းကို ခနိုးခနဲ့ စချင်သူတွေ ရှိသော်လည်း သူကလည်း အနေတည်၊ အမောင်ကလေးကိုလည်း ကြောက်ကြတော့ အတိအလင်းရယ်လို့မရှိ။

တစ်ခါတစ်ခါ ရင်ခုန်မိတာကလေးတွေတော့ ရှိသား။

■

www.burmeseclassic.com

www.burmeseclassic.com

(၃)

ခရီးတော်တော်ရောက်လာတော့ နတ်ပွဲလာ လှည်းတန်းကြီးတွေကို ဘယ်နေရာပဲကြည့်ကြည့် အားရစရာကောင်းလောက်အောင် လှမ်းမြင်ကြရပြီ။ ရှေ့တမျှော်တခေါ်မှာလည်း လှည်းတစ်အုပ်၊ နောက်မျက်စေ့တဆုံးမှာလည်း လှည်းတစ်အုပ်။ ရှေးရှေးက လှည်းကုန်သည်တွေ ကုန်ရောင်းသွားကြတာနှင့်ပင်တူသည်။ ဖုန်လုံးကြီးတွေ လှည်းတန်းတစ်လျှောက် တလိပ်လိပ် တဖွားဖွားတက်နေသည့်ကြားမှ ပွဲသိမ်းမင်းကို ကြိုဆိုနှုတ်ဆက်ကြမည့်သူများ။ ဘေးတစ်ဘက်တစ်ချက် ကျယ်ပြန့်သောစိုက်ခင်းကွင်းပြင်ကြီးထဲမှာ ဖုန်တွေအုပ်လိုက်သင်းလိုက်ဖွဲ့နေတာမြင်တိုင်း လှည်းတန်းကြီးရှိနေမှာပဲလို့ ခင်နှောင်းခန့်မှန်းလို့ရသည်။ အညာကျေးလက်မှ မြင်နေကျသည်မြင်ကွင်းတွေက လွမ်းစရာကောင်းသလောက် ခင်နှောင်းအဖို့တော့ ကြည်နူးစရာတွေချည်း။ ဖုန်ထလှည်းတန်းကို ခင်နှောင်းခံစားလို့ရသည်။



နေရောင်ဖူးဖူးကလေးကျလာတော့ လှည်းပေါင်းမိုးကလေးယံမှာ ခင်နှောင်းတို့ ချွေးတွေရော ဖုန်တွေရော လူးပေပြုပြီ။ နွားတွေကတော့ စိုက်ခင်းကြားက လှည်းလမ်းမှာ ကုန်းကြရုန်းကြနှင့် ပန်းကြပုံမရသေးပါ။ သည့်ထက်နေမြင့်လာလျှင်တော့ နေပူပူ ဖုန်ပူပူဘွင် ခမှာများ ပန်းကြရှာရောမည်။ ဒါကြောင့်လည်း နွားတွေ နေပူမမိခင် ရွာကစောစောထွက်ကြရခြင်းဖြစ်သည်။ တချို့ကလည်း တစ်လှည်းချင်း သီးသန့် သွားကြသူတွေရှိသလို စက်ဘီးသမားတချို့ကိုလည်း မကြာခဏဆိုသလို တွေ့ရသည်။ သည်ဘက် လေးငါးနှစ်မှာတော့ ဆိုင်ကယ်တွေကလည်း ဆေးပင်ကန်သင်ရိုးများ၊ လှည်းလမ်းချိုင့်ခွက်များကို တိုးဝှေ့ဖြတ်ကျော်ရင်း ကိုကြီးကျော်ပွဲတော်ခင်းကို အမြန်ခရီးနှင်ကြသည်လည်း ရှိပါ၏။

"ဖုန်တွေ မွမ်းလိုက်သာဟာ. . . ခလယ်က လိုက်ရသာ မဟန်ပါဘူး. . . နောက်ပြောင်းဦးမှ . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

အမောင်လေးက လှည်းရှေ့မှ မောင်းရသူဆိုတော့ မွန်လာပုံရသည်။ ပါးစပ်က ပြောပြောဆိုဆိုဖြင့် နွားတွေကို ဇုတ်သပ်ရင်း လှည်းကို လှည်းတန်းကြီးထဲမှ ခွာကာ လမ်းဘေးဖယ်ဆင်းလိုက်သည်၊ အမောင်လေး သည်လိုဆင်းလိုက်တော့ နောက်လှည်းတွေပါ တုန့်ကုန်တော့သည်။

"ဘာဖြစ်သာလည်းကွ ချစ်ခင် ဟေ"

ကပ်လျက် နောက်လှည်းဆရာ ကိုကြည်က တစ်ခုခုဖြစ်သည်ထင်၍ မေးခြင်းဖြစ်သည်။ သည်လို လှည်းအုပ်နှင့်သွားရသောအခါ သည်မှာ လမ်းတွင် တစ်စုံတစ်ရာ အခက်အခဲ၊ အန္တရာယ်ရှိလျှင်

www.burmeseclassic.com

www.burmeseclassic.com



တောင် အချင်းချင်းဝိုင်းကြဝန်းကြ ကူညီနိုင်ကြတော့ သွားရလာရတာ ကောင်းသည်။ တစ်ဦးကိုတစ်ဦး ဖေးမခေါ် ယူနိုင်ကြသည်။

"ဖုန်မွမ်းလို့ကွ နောက်ကလိုက်မလို့"

"အံမာ တောသားက ဖုန်ကြောက်ရသယ်လို့ကွာ မင်းနှယ်. . ."

"ဖုန်ကြောက်သာ မှုတ်ဖူးဟေ့ . . . ရှေ့လှည်း နောက်လှည်း ကြားလိုက်ရသာ မောတောကြပ်တပ်ကြီးမို့လို့ကွ . . . ကျော်မှာသာ ကျော်စမ်း"

ကိုကြည်က စေတနာဖြင့် ရပ်မေးခြင်းကို အမောင်လေးက ငေါက်နေပြန်သေးသည်၊ ခင်နှောင်းတို့နောက်မှ ပါလာသော လှည်းငါးစီးကျော်တက်သွားတော့မှ ခင်နှောင်းတို့လှည်းက လမ်းပေါ် ဘလိုက်သင့် ပြန်တက်ရင်း နောက်မှ ဆက်လိုက်ကြသည်။ သည်ဘက်ပိုင်းရောက်လာတော့ ဆေးခင်းတွေက ပိုများလာသည်။ ဟိုတုန်းက ဗမာဆေးရွက်ကြီးခေါ်ကြသည့် ပြည်တွင်းဆေးအစိုက်များသော်လည်း သည်ဘက်ပိုင်းမှာတော့ ဗာဂျီးနီးယားဆေးတွေကို ပိုစိုက်လာကြသည်။ ခင်နှောင်းတို့ ရွာတွေကတော့ ဗမာဆေး၊ ကုလားဆေးဟု သာခေါ်ကြသည်။ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ရွာတွေဆီက ဆေးကို ကုန်းဆေးဟုခေါ်ပြီး ခင်နှောင်းတို့နယ်ဘက်က ဆေးကိုတော့ ကျွန်းဆေးဟု ခေါ်ပါသည်။ ကုန်းဆေးက ပြင်းသလောက် အရသာသက်သည်။ ကျွန်းဆေးက ပေါ့သည်၊ ချိုသည်။ ဒါကြောင့်များ မြစ်နှစ်မြစ်ကြားက သည်ကျွန်းဆယ့်နှစ်ရွာဒေသကို ဆေးစိုက်သည့် ကျွန်းခေါ်ကြတာ ဖြစ်လိမ့်မည်။ ကိုကြီးကျော် ပလီလွန်းတယ် ဆေးစိုက်တဲ့ကျွန်းဆိုသည်မဟုတ်လား။ တချို့ကတော့ ပလီလွန်းတဲ့ကျွန်းဟု ပြောတတ်ကြသည်။



"မြောင်းတူး . . . ့ လျှောက်ပါလို့ ပိတောက်တဲ့ ရွှေကျူနီ သင်းပြန်ခဲ့ပြီ ××× ညနေ ညနေဆီ နွယ်နီတဲ့ သောင်စွန်း ××× ကိုကြီးကျော် ပလီလွန်းတယ် ဆေးစိုက်တဲ့ကျွန်း"

ကိုကြီးကျော်နှစ်သက်သော ဆေးပင်များကို ယာတစ်ခင်းဆေးသုံးပင် စတီထည့်စိုက်ကြမြဲသာ။ မြေပဲစိုက်စိုက်၊ ပဲစိုက်စိုက်၊ ငရုတ် စိုက်စိုက်၊ နေကြာစိုက်စိုက် ဆေးပင်သုံးပင် ထည့်စိုက်ကြခြင်းအားဖြင့် အလေးအမြတ်ပြုကြသည်။ သည်လိုစိုက်ပြတော့ သီးနှံအောင်မြင်ဖြစ်ထွန်းသည်၊ ကိုကြီးကျော် စောင့်ရှောက်သည်ဟု ယုံကြည်ကြသည်။

နေရောင်ရှန်းကြွလာတော့ လမ်းဘေးဝဲယာက နေကြာပင်တွေ ငိုက်နေရာမှ ခေါင်းမတ်လာကြပြီ။ တချို့အခင်းတွေက နေကြာချည်သီးသန့်စိုက်ထားတတ်ကြသလို၊ မြေပဲခင်းဆေးခင်းတွေထဲမှာ ကွက်ပြောက်ထိုးသီးညှပ်စိုက်ထားတာများလည်း ရှိသည်။ ဆေးခင်းတွေက စိမ်းစိမ်း၊ နေကြာပွင့်တွေက ဝါဝါ။ ကောင်းကင်ပြာပြာ၊ သစ်ခင်းစိမ်းစိမ်း၊ နေကြာဝါဝါလှလှလွန်းလှသည့် ရွာရိပ်ဝန်းကျင်ဖြစ်သည်။ သည်နေကြာကအစေ့ကို ဆီကြိတ်ယူကြသည့် ဆီထွက်နေကြာဆိုတော့ ခင်နှောင်းတို့ နယ်တစ်ကြောလုံး အခုတော့ နေကြာဆီကောင်းမှန်းသိကြပြီ။ မြေပဲဈေးနှမ်းဈေးက များလာတော့ အခင်းကထွက်သမျှငွေဖော်ကြရသည်။ ပဲဆီ နှမ်းဆီ စစ်စစ်ဆိုလျှင် ဆေးဖြပ်ဝါးခြင်းလောက် ယူထားကြတာများပြီ။ ပဲဆီမွှေးမွှေး၊ နှမ်းဆီသင်းသင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့်မှ မြန်ကြသူများအဖို့တော့ ရှေးကလို စဉ့်အိုးကြီး စဉ့်အိုးငယ်အသွယ်သွယ် ဇောင်းလန်အောင် မစားဖြစ်ကြတော့ပါ။ ငှစ်ပေါက်လိုသလောက် ယူထားတာမျိုးလောက်ပဲ ရှိတော့သည်။ ကိုယ့်နေကြာခင်းက နေကြာဆီက လုံလောက်နေတော့ ဈေးကောင်းသောမြေပဲ နှမ်းတွေ ရောင်းလိုက်ကြကာများသည်။ နေကြာဆီသည် အဖေခေါ်သလို 'ခေတ်သစ်စားဆီ' ဖြစ်တော့၏။

"ဟော . . . ဘယ်က လှည်းတွေပါလိမ့်လို့ ဖြုံဘူး အဖွဲ့ကိုးဗျ. . . ထင်တော့ထင်သား. . . သည်ရက်ထဲလာတဲ့ လှည်းတွေဆိုရင် အဲသည်ရွာတွေဘက်က ဖြစ်မယ်လို့"

ဧရာဝတီမြစ်ဆိပ်ကမ်း မြေတော်ရွာက တိရစ္ဆာန်ဆေးကုဆရာလေး ကိုသိန်းဒန်က ခင်နှောင်းတို့လှည်းနောက် ဖုန်တွေကြားထဲ ဆိုင်ကယ်တစ်စီးနှင့် ရောက်လာသည်။ ကိုသိန်းဒန်က မြေတော်ရွာသားတော့မဟုတ်။ မြေတော်ရွာကြီးမှာ တည်းခိုနေထိုင်ရင်း ခင်နှောင်းတို့ ကျွန်းနယ်က ကျွဲနွားတိရစ္ဆာန်တွေကို ဆေးကုပေးနေသည်ပင် ကြာပြီဖြစ်သည်။ တစ်နယ်လုံးက ဆရာလေးခေါ်ကာ ခင်ကြမင်ကြသည်။ လူပျိုဆေးဆရာမှန်းသိတော့ ကျွန်းရွာသူတွေက ဗီဒိယိုမင်းသားလောက် အရေးပေးခံရသူလည်းဖြစ်သည်။

"ဩော် နွားဆရာ ဘယ်တုံးဗျ . . . နတ်ပွဲလား"

အမောင်လေးက ဆရာလေး ကိုသိန်းဒန်ကို နွားဆရာလို့ ခေါ်လိုက်တော့ ခင်နှောင်းပင် မျက်နှာကလေးဖျန်းခနဲ ပူသွားရသည်။ အများခေါ်သလို ဆရာလေးဟုမခေါ်ဘဲ အမောင်လေးက နားဝင်မဆိမ့်သည့် နာမ်စားကို သေသေချာချာများ ရှာကြံသုံးလေရော့သလားထင်ရ၏။ အမောင်လေးက ရွာမူလတန်းကျောင်းဆရာလေး



ကို ကျောင်းဆရာလို့ ခေါ်နေကျ။ မီးလောင်ကျွန်းရွာက ကျောက်ကျန်းမာရေးမှူးကလေးကိုကျတော့ ဆေးဆရာတဲ့။ အမေက အများခေါ်သလို ကိုသိန်းဒန်ကို ဆရာလေးလို့ ခေါ်ဖို့ပြောတော့ အမောင်လေးက သူကပင် မှန်သလိုလို ပြန်ပြောတတ်သေး၏။

"အမေတို့ကလည်းဗျာ . . . လူဆေးကုတဲ့ဆရာလည်း ဆရာလေးပဲ . . . နွားဆေးကုတဲ့ ဆရာလည်း ဆရာလေးပဲ . . . စာသင်တဲ့ ဆရာလည်း ဆရာလေးပဲ . . . ဟော မယ်သီလရင်တွေ ကျတော့လည်း ဆရာလေးတဲ့ အမေတို့ ခေါ်တာတွေက မဟုတ်သာ . . . သူ့ဟာနဲ့သူ ခေါင်းတပ်ခေါ်လိုက်တော့ မရှင်းဘူးလား . . . လောကထဲ ဆရာတွေက ပေါလှချည့်လား"

သည်လို အခေါ်အဝေါ်တွေကို အကြားရိုင်းသည်ဟု ထင်ရသော်လည်း အမောင်လေးကတော့ ရိုးရိုးသားသား သုံးခြင်းဖြစ်ကြောင်း ခင်နှောင်းသာသိသည်။ ဆရာလေး ကိုသိန်းဒန်ကတော့ အမောင်လေး ဓာတ်ကြောသိနေသူမို့ စိတ်မဆိုးတတ်တော့ပါ။ ကိုသိန်းဒန်က တစ်နယ်လုံးကလူတွေနှင့် သင့်တင့်အောင် ပေါင်းတတ်သူမို့ လူချစ်လူခင်များသည်။ အထူးသဖြင့် လူ့ခွစာ အမောင်လေးနှင့်အဖွဲ့ကျကျပေါင်းတတ်တာကိုပဲ ခင်နှောင်း အံ့ဩမိရပါသည်။ အမောင်လေးကလည်း ကိုသိန်းဒန်ကိုတော့ ခင်မင်ပုံရသည်။ သူ့နွားတွေကို လမ်းကြုံတိုင်း ဝင်,ဝင်ကြည့် ပေးနေတာလည်း ပါပါလိမ့်မည်။ အခုလည်း ခေါ်ပုံကိုက နွားဆရာတဲ့။ ဆရာလေးမျက်နှာမှာ ဖုန်တွေအလူးလူး။

www.burmeseclassic.com

www.burmeseclassic.com



"နတ်ပွဲရယ် မဟုတ်ပါဘူးဗျာ . . . တေရော်ရွာဘက် သွားမလို့ပါ . . . အင်း ကိုချစ်ခင်တို့အဖွဲ့ကိုမြင်တော့ နတ်ပွဲအထိတောင် လိုက်ချင်လာပြီ ပျော်စရာကြီးဗျာ . . ."

"ရော် . . . လိုက်ခဲ့ပါရောလား နွားဆရာရဲ့ ဘာခက်သာ မှတ်လို့ . . . တေရော်ရောက်ရင် ဆိုင်ကယ်ဝင်ထားခဲ့ . . . ကျုပ်လှည်းပေါ်တက်လိုက်ခဲ့ သည်မှာ အချောင်ကြီးဗျား . . ."

အရီးကြော့တို့ကိုခေါ်တုန်းက အောင့်ကြီးဆောင့်ကြီးလုပ်ခဲ့သော အမောင်လေးက ကိုသိန်းဒန်ကိုတော့ လိုလိုလားလားကြီး ခေါ်နေပါရောလား။ တကယ်တော့ မိန်းကလေးအုပ်နှင့်ပင် လှည်းပေါ်မှာ ထိုင်စရာမရှိတော့တာ သိလျက်နဲ့။ ခင်နှောင်းက အမောင်လေးကို စိတ်ပျက်သွားမိသော်လည်း မမိစန်းနှင့် မမိဂျမ်းတို့ကတော့ အခုကတည်းက ကိုယ်လုံးကလေးတွေ ကြဲ့ပေးချင်နေပုံရသည်။

"ကိုချစ်ခင်က ခေါ်တာဟုတ်ပါပြီ ခင်နှောင်းတို့က လိုက်မှ လိုက်စေချင်ရဲ့လားဗျာ . . . တော်ကြာ လှည်းကြပ်တယ်ဆိုပြီး ကျွန်တော့်ကို တွန်းချနေပါဦးမယ်"

ခင်နှောင်း ဘာပြန်ပြောရမှန်းမသိသဖြင့် မျက်လုံးကလေးပြူးကာ ကိုသိန်းဒန်ကို ကြည့်နေမိ၏။ အရီးကြော့ကတော့ စကားဖောင်ချင်သူပီပီ ကိုသိန်းဒန်ကို လိုက်ခဲ့ဖို့သာ တွင်တွင်ကြီး ခေါ်နေတော့သည်။ လှည်းပေါင်းမိုးဝ ခေါင်းထုတ်ရင်း အော်ကြီးဟစ်ကျယ် ခေါ်နေသေးသည်။

"လိုက်သာ လိုက်ခဲ့စမ်းပါ ဆရာလေးရယ် . . . မောင်ကြီးကျော်ပွဲ သွားသဲ့လှည်း ကြပ်သယ်ရယ်လို့ ဘယ်ရှိပ!



. . . ဆန့်သလောက်တက် တက်သလောက်ဆန့်သဲ့ နှင်ပွဲလှည်းပါတော့် . . ."

"ဟား ဟား ဟား . . . ဟုတ်ပါပြီဗျာ . . . ကိုင်း ကိုချစ်ခင် ကျွန်တော် တေရော်ရွာထိပ်က စောင့်နေမယ်ဗျာ . . . သွားမယ်နော်"

ဆိုင်ကယ်ကို ကုန်သင်းပေါင်ပေါ် တဝုန်းဝုန်းခုန်နေအောင် ဝူးခနဲ စီးထွက်သွားသော ကိုသိန်းဒန်၏ ကျောပြင်ကို ကြည့်ရင်း ဘာရယ်မဟုတ် ခင်နှောင်းစိတ်ရှုပ်သွားရသည်။ ကိုယ့်ရွာကလူဆို လှည်းပေါ်မှာ အနေကြပ်စရာမရှိ။ ဒူးတင်ပေါင်တင် ဖြစ်သလို စီးတတ်ကြတာ မဆန်းပါ။ သူ့လှည်းကိုယ့်လှည်း ကြုံသလို ကျသလို စီးနေကျ။ အခုတော့ တစ်ရွာသား လူပျိုတစ်ယောက် လှည်းပေါ်မှာ အတူထိုင်လိုက်မည်ဆိုသောအခါ ခင်နှောင်း မနေတတ် မထိုင်တတ် ဖြစ်ရတော့သည်။ ပြီးတော့ ဆရာလေးကို ရွာပေါင်းစုံက သိနေကြတော့ စကားတင်း အဆိုခံရမှာ ခင်နှောင်းစိုးသည်။ အပျို့တွေကြားထဲ သူကလည်း ငုတ်တုတ်ထိုင်လိုက်ဦးမှာလား။ အမောင်လေးက သူထင်ရင်ထင်သလို ရှေ့နောက်စဉ်းစားနေသူမဟုတ်။

"အမောင်လေးကလည်း . . . လှည်းကဖြင့် ကြပ်နေပြီဟာကို သူလမ်းသူသွားသဲ့လူ လှမ်းခေါ်လိုက်ရသေး"

"ဟ သူ့လမ်းသူ သွားသဲ့လူပေသိ သည်လို လူမျိုးပေါင်းထား ရသယ် ဘာမှတ်လို့ကုံး . . . ကိုယ်က နွားနဲ့လုပ်စားနေရသာ . . . နင်တို့ လူမှုရေးနားမလည်ပါဘူးဟာ အသာနေစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောရတယ်ရှိသေး။ ခင်နှောင်းကတော့ နှုတ်ခမ်းကလေးစူကာ အမောင်လေးကျောပြင်ကြီးကိုသာ မျက်စောင်းလှမ်းချိတ်လိုက်မိ၏။ မမိစန်းတို့နှစ်ယောက်ကတော့ ကိုသိန်းဒန်လှည်းပေါ်ပါလာမှာကိုပဲ အတွေးနဲ့ပျော်နေပုံရသည်။ စကားတွေက ပို၍ လှိုင့်လာသည်။ အသံတွေ စီထွက်လာသည်။

ကန်ဦးရွာကိုကျော်တော့ နတ်ပွဲပြန်လှည်းတန်းကြီးနှင့် ခင်နှောင်းတို့ လှည်းတန်းမျက်နှာချင်းဆိုင် လာဆုံကြသည်။ နတ်ပွဲပြန်လှည်းထိပ်အသံချဲ့စက်က နတ်ဒိုးသံနှင့် နတ်ပွဲသွားလှည်းထိပ်က နတ်ဒိုးသံချင်း ထိပ်တိုက်တိုးကာ ပွက်ပွက်ရိုက်နေလေတော့၏။

*"ရွှေနန်းမင်းကျော် မြင်းပေါ်တင်ကာခေါ် xxx
မောင်ကပျော် မောင်ကပျော် မောင်ကပျော် xxx လိုက်
ချင်သူလာကြနော် xxx လာကြနော်xxx လာကြနော်
xxx လာကြနော်လေး. . . ."*

*"ပြန်ဦးမယ်နော် ပွဲတော်ပြီးပြန်ပေါ့ xxx ချစ်
ဇနီးတွေရဲ့ မှာချင်ပါတယ် ချစ်ဇနီးတွေရဲ့ မှာချင်ပါတယ်
xxx လာရင်ကွယ် ရှေ့နှစ်များပါ ဆက်ကြစေဖွယ် xxx
ကိုယ်ဖိတ်နှစ်ဖြာ သာယာအေးမယ် xxx ဘယာဘေး
တွေ ဖယ်ရမယ် . . ."*

နတ်ပွဲပြန်လှည်းတွေပေါ်မှာ နှစ်ပေါက်စာ ဝယ်ခြမ်းလာကြသော ကုန်တွေကအပြည့်။ စဥ့်အိုးစဥ့်ခွက်တွေ၊ ဖျာလိပ်တွေ၊ တောင်းပလုံး ဆန်ကော ဆန်ကာတွေ၊ ပေါက်တူး ပေါက်ပြား တူရွင်းတွေ၊ ထယ်သွားတွေ၊ ပခုံးကျိုးစောင်ထုပ်ကြီးတွေ၊ ကလေးကစားစရာ အိုး



စည် လင်ကွင်း အိုးပုတ်ချိုးရုပ်တွေ လှည်းနှင့်အပြည့် ပဒေသာပင်သီးလို့နေသည်။

"ကျုပ်တို့လှည်းတွေက ဝန်အပြည့်ပါသယ် . . .
နောက်ဆုတ်လို့ မဖြစ်ဘူး . . . ဘေးကပ်ပေးရုံဆို ဖြစ်သယ်
. . . ခင်ဗျားတို့ က ကန်သင်းရိုးခွမောင်းရမှာ ဖြစ်မလား"

တစ်ဘက်လှည်းတန်းထိပ်က လှည်းဦးစီးက အော်ပြောတော့ ကိုကြီးသာမောင်က လှည်းပေါ်မှ ဆင်းကြည့်သည်။ လှည်းလမ်းဘေးတစ်ဘက်တစ်ချက်ရှိ စိုက်ခင်းတွေထဲမှာ မြေပဲပင်တွေ၊ နေကြာပင်တွေက တိုးမပေါက်အောင် ကောင်းလွန်းလှသည်။ အခင်းကိုပျက်စီးအောင် မလုပ်ရ ဥပဒေထုတ်မထားသော်လည်း ခင်နှောင်းတို့ကျေးလက်နေ တောသူတောင်းသားတိုင်း သည်စည်းကမ်းကို တတ်နိုင်သမျှ လိုက်နာ ကျင့်သုံးတတ်ကြသည်။ စိုက်ခင်းတစ်ခင်း၏ တန်ဖိုးကို ရင်နှင့်အမျှ ခံစားနားလည်ကြပြဖြစ်သည်။ လှည်းဘီးရာကြောင်းကြီး နှစ်ကြောင်းကို တစ်ကြောင်းစီ ခွယူကြရမည်။ ဘေးကပ်မည့်လှည်းက အသာရပ်ထား၍ရသော်လည်း ရှောင်မောင်းရမည့် ခင်နှောင်းတို့လှည်းတွေက တစ်ဘက်ရှိ ကန်သင်းရိုးမြင့်မြင့်ကြီးပေါ် လှည်းဘီး တစ်ဘက်နင်းတက်ကာ စောင်းရှောင်ရမည်ဖြစ်သည်။

"ဖြစ်သယ် ဖြစ်သယ်. . . ကိုင်း ခင်ဗျားတို့ ဘေးကို
ရတတ်သလောက် ကပ်ကြပေရော့"

ဝန်ပါသော လှည်းတွေကို ညှာရခြင်းသည်လည်း ရပ်ရွာကျင့်ဝတ်အဖြစ် စွဲမှတ်ထားကြ၏။ ခင်နှောင်းတို့လှည်းတွေ တစ်ခြမ်းစောင်းသွားတော့ လူတွေပါ ဖိုးလိုပက်လက်လန်ကုန်ကြသည်။ မှောက်ခုံထိုးသူက ထိုးဖြစ်ကုန်ကြသည်။ ဒါကိုပဲ တဝါးဝါးတဟားဟားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ကြရခြင်းဖြစ်သည်။ သည်ကြားထဲ မှောင်ရင်းတိမ်းရင်း ဟိုဘက်လှည်းတွေပေါ်က ဝယ်ခြမ်းလာသော ကုန်ပစ္စည်းဈေးနှုန်းကို လှမ်းစုံစမ်းလိုက်ကြသေး၏။ ဟိုတုန်းကဆိုလျှင် အရီးကြော့ပြောသလို တစ်ဖွဲ့နှင့်တစ်ဖွဲ့ မရှောင်စတမ်း၊ အလျှော့မပေးစတမ်း လှည်းထောက်ထောက်ကာ ရွတ်ခဲ့ပေခဲ့သတဲ့။ သူတို့တုန်းကလည်း ပျော်ကြမှာပဲ။ ဒါသည်ပင် နတ်ပွဲသွားရသည့်ခရီးလမ်း အရသာတစ်မျိုးဖြစ်တော့၏။

ကန်ဦးရွာက အနောက်ကို စွေစောင်းမောင်းလာတော့ မကြာခင် ရွာကျော် ရပ်ကျော် နာမည်ကျော် မိုးကွဲချောင်းနိမ့်ကြီးက ခင်နှောင်းတို့ လှည်းတန်းကြီးကို ကန့်လန့်ဖြတ်ဆီးကြိုနေပြီ။ ခင်နှောင်းတို့လှည်းတွေသည်ဘက်ချောက်ထိပ်မှာ အတန်းလိုက်ရပ်လိုက်ကြသည်။ ကိုကြီးသာမောင်က လှည်းဦးစီးပီပီ လှည်းထိပ်မှ မတ်တတ်ရပ်ရင်း အနောက်လှည်းတပ်ဆီသို့ လှည့်၍အော်လေ၏။

"ကဲဟေ့ ချောက်ဆင်းချောက်တက် အရှိန်နဲ့
မောင်းကြရမှာနော်. . . တစ်စီးနဲ့တစ်စီး ကပ်မလိုက်ကြနဲ့
ခွာလိုက်ကြဟေး. . . လှည်းမကောင်းရင် လူတွေဆင်းခိုင်း"

မိုးကွဲချောက်ကြီးက အဆင်းနက်သလောက် အတက်မတ်စောက်လွန်းလှသည်။ နွားမကောင်းလျှင် ဒါမှမဟုတ် လှည်းမောင်းမကျွမ်းကျင်လျှင် ပြန်လန်ကျတတ်သည့်ချောက်။ ခင်နှောင်းငယ်ငယ်ကတော့ သည်လောက်စောက်မနက်လှပါ။ မိုးချောင်းရေတွေ နှစ်စဉ်တိုက်စားပြီး တကယ့်ကို ချောက်နက်နက်ကြီးဖြစ်သွားခဲ့ပြီ။ လှည်းပေါ်တွင်ပါလာသော ထမင်းအိုးတောင်း ဟင်းအိုးတောင်းမှအစ လှည်းပေါ်မှာပါလာသည့် တောင်းပလုံးမှန်သမျှကို လူတွေက ခေါင်းရွက်ဖြင့်ကဲ့ယူကြရသည်။ လှည်းပေါ်တွင် လှည်းမောင်းသူတစ်ဦးသာ လိုက်ရ



သည်။ လှည်းဆင်းလှည်းတက်ပေါ့ပါးစေရန်ထက် ချောက်ဆင်းချောက်တက်မှာ ပါသမျှပစ္စည်း အကုန်ပြုတ်ကျတတ်သောကြောင့်ဖြစ်၏။

"ကိုင်းဟေ့ ဖေ့သားကြီး ကြိတ်ထားလိုက်စမ်းကွ
. . . သည်တောင်ကို မောင်ဖြိုပါ့မယ် မြင့်မိုရ်မို့လား . . .
တိုးဟ. . . တိုးဟ. . . တိုးဟ. . ."

"အို ဘာသဲ့တုံး . . . ဖြုံဘူးလှည်း အာဂမှတ်လို့
ကွာ. . ."

"ဝေး ဟေး ဟေး"

နွားခြူးသံတလွင်လွင်၊ လှည်းဆောင့်သံတဂျောင်းဂျောင်းဖြင့် နွားကြန်စုံတို့ကို ခြေကုန်နှင်၍ပြေးကြတော့သည်။ ခင်နှောင်းတို့တစ်တွေက အေးမှနေ၍ ညာသံတွေဝိုင်းပေးကာ အော်ကြဟစ်ကြနှင့် ကိုကြီးသာမောင် လှည်းကမ်းပါးထိပ်ကို ရောက်သွားပေပြီ။ လှည်းတွေတစ်စီးပြီး တစ်စီးတက်နေကြသလို လူတွေလည်း တောင်းပလုံးတွေရွက် ကုန်းကြီးကိုအပြေးမော့တက်ကြရသည်မှာ ပျော်စရာ။ ခင်နှောင်းတို့တောသူတွေကတော့ သည်ကုန်းယံလောက်တော့ ခေါင်းပေါ်က အချိန်တစ်ဆယ်တောင်း ဖြစ်ပါစေ ကဆုန်ပေါက်တက်နိုင်ကြသည်။ မွေးကတည်းက ယာထဲကိုင်းထဲ နေပူစပ်ခါးနေကြမ်းကြမ်း မြေကြမ်းကြမ်းမှာ အလေ့အကျင့်ရပြီးသား။

"ဟေ့ ချစ်ခင်. . . လာလကွာ မင့်တစ်လှည်း ကျန်
တော့သာ"

www.burmeseclassic.com

www.burmeseclassic.com



ချောက် ဟိုဘက်ကမ်းပါးထိပ်မှာ အမောင်လေးလှည်းတစ်စီးသာကျန်တော့သည်။ ခင်နှောင်းတို့ တောင်းရွက်သူတွေတောင်သည်ဘက်ကမ်းပါးထိပ် ရောက်နှင့်ကြပြီ။

"လာလိမ့်မပေါ့ကွာ. . . ကတည်းမှ"

ပြာပြောဆိုဆိုဖြင့် အမောင်လေးက လှည်းကိုအရှိန်ကောင်းကောင်း တရကြမ်းမောင်းဆင်းလာတော့သည်။ ကုန်းအတက်တစ်ဝက်လောက်အထိ နွားတွေက အရှိန်ဖြင့်ပါလာသော်လည်း ကုန်းတစ်ဝက်အရောက်မှာ နွားတွေအရှိန်ကုန်ကာ ကုန်းကြရုန်းကြရတော့သည်။ ကုန်းကုန်းရုန်းရုန်းဖြင့် တက်လာသော တိမ်ပြာနှင့်ငနီကို ခင်နှောင်းသနားလှစွာ လှမ်းကြည့်နေလိုက်မိ၏။ ခင်နှောင်းတို့အိမ်မှာ ကိမ်ပြာနှင့်ငနီအပြင် နွားမကြီးတစ်ကောင် နွားမဒါန်းကလေးနှစ်ကောင်နှင့် နွားပေါက်ကလေးနှစ်ကောင်ရှိသေးသည်။ အိမ်မွေးခြံပေါက်နွားတွေကို တကန်တကမွေးတတ်ကြပြီး တောသူတောင်သားများ နွားများလေ ဂုဏ်ရှိလေသာဖြစ်၏။ တိမ်ပြာနှင့်ငနီ အတွဲကတော့ ထွန်ရာထယ်ရာ အားကောင်းမောင်းသန် ခိုင်းနွားကြီးနှစ်ကောင်ဖြစ်ရုံမက အတိုင်အလှည့်ညီသော နွားညီနောင်ဖြစ်သည်။ ခိုင်းနွားကြီးတွေဆိုသော်လည်း သည်လိုခရီးဝေး ခရီးကြမ်း နေပူကျဲကျဲမှာ ခရီးနှင်ရတော့လည်း ပမ်းရှာကြသည်။ အမောင်လေးက လူတွေနှင့် အပေါက်အလမ်းမတည့်ပေမယ့် သူ့နွားကြီးနှစ်ကောင်ကိုတော့ အလွန်ညာသူသာဖြစ်၏။ တုန်နေအောင်ချစ်သည်။

"ဟာ"

"အို. . . အမယ်လေး"



ခင်နှောင်းကြည့်နေဆဲမှာပင် ငနီကြီး ခြေခေါက်လဲသွားတော့သည်။ အမောင်လေးကလည်း လှည်းပေါ်မှခုန်အဆင်း၊ ခင်နှောင်းကလည်း ကုန်းထိပ်ပေါ်မှ ဒလဟောပြေးဆင်းလိုက်တော့၏။ လှည်းကကုန်းအမော့မှာ ခြေကုပ်မမြဲတဲ့ နွားတစ်ဘက်အညွတ်မှာ တလိမ့်လိမ့်ထိုးကျသွားတော့ လဲလျက်စငနီကြီးပင် ခြေခေါက်လျက် ဒရွတ်တိုက်ပါသွားသည်။ ခင်နှောင်းတို့ မောင်နှမဘာလုပ်ရမှန်းမသိဖြစ်နေစဉ်မှာပင် လှည်းဘီးကို တစ်ယောက်က ဖမ်းဆွဲကာ တုန့်ပစ်လိုက်သည်။ အရှိန်နှင့် စောင်းကျတော့မည့်လှည်းက ဘန်းလန်းကြီးရပ်သွားသည်။

"ဟေ့လူ. . . တုံးပါလား တုံး . . . လှည်းဘီး
အောက်က ကြမ်းတုံးခုလိုက် . . . နွားကိုသွားမဆွဲနဲ့လေဗျာ
. . . ထား ထား ဘာမှ မဖြစ်ဘူး . . . တုံးသာယူ"

အမောင်လေးက သူ့နွားငနီကြီးကို ဆွဲပွေ့ထားရာမှ လွှတ်လိုက်ပြီး လှည်းပေါ်မှ ခုစရာတုံးရှာသည်။ လှည်းနှင့်နွားဝန်ကြီးကို ကုန်းပေါ်မှ လျောမကျအောင် တောင့်ထားရသော လူစိမ်းကို ခင်နှောင်း မော့ကြည့်လိုက်မိပါသည်။ လက်မောင်းကြွက်သားတွေက ချိုင်းပြတ်အင်္ကျီထဲက ခုံးရုန်းထနေသည်။ ခြေနှစ်ဘက်တောင့်တောင့်ကြီးကားကာ ခါးကိုကော့ထားသည်။ လည်ကြောပါးကြောကြီးတွေထောင်နေအောင် အားတင်းနေလိုက်ပုံက အကြောတွေများ ပေါက်ထွက်တော့မှာလားထင်ရသည်။ အမောင်လေးက လှည်းဘီးအောက်ကို တုံးခုလိုက်တော့မှ သူ့ညှစ်အားတွေကို လျော့ချလိုက်ပုံရလေ၏။ ကိုကြီးသာမောင်တို့တစ်တွေလည်း ပြေးဆင်းလာကြပြီး ငနီကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကွေးနေသော ခြေထောက်ကို ဆွဲဆန့်ဖို့လုပ်တော့ လူစိမ်းက ဟန့်တားလိုက်သည်။

"နေကြဦး . . . အဲသလိုလုပ်လို့ ဘယ်ရမလဲဗျ နွားပိုနာမှာပေါ့ . . . နွားကိုထမ်းပိုးက အရင်ချွတ်ပစ်လိုက် . . . လှည်းထောက် မြန်မြန်ထောက်လိုက်ကြဦး. . . ဟိုဘက်နွားကိုအရင်ဖြုတ် ခမျာလည်း ခါးတခြမ်းစောင်းနေရှာပြီ . . . နေ့နေ အဲသည်နွားကို ကျုပ်ထူမယ်"

သူခိုင်းသည့်အတိုင်း လှည်းထောက်ကို ထောက်ပြီး တိမ်ပြာက အရင်ချွတ်လိုက်ကြသည်။ လူစိမ်းက ငနီကို အရင်ဆွဲပွေ့လိုက်ပြီးမှ ခွေနေသော ခြေထောက်ကို ဆွဲဆန့်ချလိုက်၏။ သည်တော့မှ ငနီကြီး သူ့ဘာသာ မတ်တတ်ထရပ်သည်။ အမောင်လေးကတော့ ငနီ့ခြေထောက်ကို ဆုတ်နယ်ပြီးချော့နေသည်။ ခင်နှောင်းကတော့ မဖြစ်ကောင်းဖြစ်ကောင်း ခြေထောက်များ ကျိုးသွားလေသလား စဉ်းစားမိတော့ မျက်ရည်တွေဝိုင်းနေမိလေ၏။ ဖေကြီးကျော်မကြိုက်တာများ ခင်နှောင်းတို့ ပြောမှားဆိုမှား ရှိခဲ့မိလေသလား။ စိတ်ထဲကပဲ ဖေကြီးကျော်ကို လှမ်းတောင်းပန်မိသေးသည်။ ပြီးတော့ အဖေ့ကို သတိရသည်။ သူ့နွားတွေ သည်လိုဖြစ်တယ်သာကြားလို့ကတော့ ထမင်းပင် စားလိမ့်မည် မဟုတ်။

'တော်သေးရဲ့ နွားက ခြေနည်းနည်းနာရုံတင်ပါ . . . ကျိုးတာပဲ့တာ အကြောအဆစ်လွဲတာ မရှိပါဘူး . . . ကဲ ခင်ဗျား နွား နှစ်ကောင်ကို ကုန်းထိပ်ဆွဲသွားတော့ . . . လှည်းကို ကျုပ်ဆွဲတင်ခဲ့မယ်"

"ကုန်းအတက်ကြီး ဖြစ်ပါမလား"



"ကိုင်းပါ ကျုပ်ရှေ့က ဆွဲပါ့မယ်. . . ကျန်တဲ့လူတွေက လှည်းဘီးကို ဝိုင်းတွန်းပေးကြရင် ဖြစ်ပါသယ် . . ."

အမောင်လေးနှင့် ခင်နှောင်းတို့ မောင်နှမက နွားနှစ်ကောင်ကို ကုန်းထိပ်ဆွဲယူခဲ့ကြသည်။ လူစိမ်းက ထမ်းပိုးအောက်ကို ပုခုံးလျှိုကာ လှည်းကို ဆွဲဖို့ပြင်သည်။ ကိုကြည်က တစ်ဘက်။ လူစိမ်းက တစ်ဘက်။ နွားနှစ်ကောင်ရှန်းသည့်နေရာမှာ ကုပ်ဝင်ပိုးကာ ပုခုံးနှစ်ဘက်ကို ထမ်းပိုးအောက် သိုင်းလျှိုရင်း ကုန်းအမော့ကို လှည်းဆွဲတက်လာသော လူစိမ်းကို ခင်နှောင်း အားနာနေမိသည်။ ကိုကြီးသာမောင်တို့ လူအုပ်က လှည်းဘီးနှစ်ဘီးကို ဝိုင်းတွန်းတင်လိုက်ကြတော့ လှည်းအိမ်ကြီး ကုန်းထိပ်ပေါ် ရောက်လာခဲ့တော့၏။ လှည်းဆွဲတက်လာရတာ သက်သာပုံမရ။ လူစိမ်း၏ ဖိုလှိုက်နေသော ရင်အုံကြီးမှာ မို့ချည်မောက်ချည်။ ချွေးတွေကလည်း ညိုမောင်းသော လက်မောင်းလက်ပြင် တစ်အုံလုံး ဆီတွေ လောင်းချထားသလို ပြောင်လက်နေသည်။ ခင်နှောင်းက သောက်ရေကလေးတစ်ခွက်ခပ်တိုက်လိုက်မိသေးသည်။ ကျေးဇူးကြီးပါပေ။

"ဟာ အေးလိုက်စက်လိုက်သာဗျာ အမောကို ပြေကရော . . . ကိုင်း နွားကို ကြည့်ကြရအောင်ဗျာ . . ."

ငနီကြီး ခြေထောက်နားငုတ်တုတ်ထိုင်ရင်း သူ့လက်ကြမ်းကြီး နှစ်ဘက်ဖြင့် နွားခြေထောက်ကို ဆုတ်ကာ နယ်ကာ စမ်းနေသည်။ ငနီကြီးက ခြေကိုကစ်ချက်ခါလိုက်သည်။ ဘူးခနဲ တခ်ျက်အော်သည်။ အမောင်လေးကတော့ ငါ့သာဖြစ်လိုက်ပါတော့ကွာဆိုသည့် မျက်နှာဖြင့် သုန်မှုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . နည်းနည်းတော့ နာသွားပုံရသယ် . . . နတ်ပွဲအထိဆို တော်တော်သွားရဦးမှာပဲ။ နွားကို ခဏ အနားပေးလိုက်ရင်တော့ ဖြစ်ပါသယ် . . . ဒါပေမယ့် ခမျာ ဝန်တွေနဲ့တော့ ရုန်းနိုင်မှာမဟုတ်ဘူး . . . ခင်ဗျားတို့လှည်းက ဝန်တော်တော်ပါသလား"

အမောင်လေးက လှူငါးယောက်နှင့် ပါလာသည့် ဝန်စည် စလယ်တွေကို လက်ညှိုးထိုးပြလိုက်သည်။ လူစိမ်းက မျက်မှောင် ကြုတ်ကာ စဉ်းစားနေသည်။ ထူထဲနက်မှောင်သော ဆံပင်ဘုတ်သိုက် ငိုက်စိုက်အောက်က မျက်လုံးတွေမှာတော့ အရောင်တဖျပ်ဖျပ်လက် လို့နေလေ၏။ နှုတ်ခမ်းပါးပါး မေးရိုးကားကား တည်ကြည်သည့် ရုပ် ရည်မျိုး။ လူဟန်ကမန္တွဲ့သော်လည်း နူးညံ့ပုံရသည်။ ချွေးတွေကလည်း ရွှဲလို့။

"ခင်ဗျားလူတွေ ဝန်တွေကို ကျုပ်လှည်းပေါ် ပြောင်းတင်ပြီး လိုက်ခဲ့ . . . ကျုပ်လှည်းပါသယ် . . . နတ်ပွဲ ပြန်ညော့်သည်တွေ မြေတော်သဘော်ဆိပ်ပို့လာသာ . . . လှည်းက အခွံချည်းပဲ။ ဒါပေမယ့် ခင်ဗျားနွားကတော့ နားဦး မှဖြစ်မှာ။ နို့မို့ တစ်သက်လုံး သုံးမရဖြစ်သွားလိမ့်မယ်"

အမောင်လေးကတော့ သူ့နွားနီကြီးကိုပဲ ငေးကြည့်နေ သည်။ အရီးကြော့တို့ ခင်နှောင်းတို့ကတော့ အမောင်လေးစီမံသည့် အတိုင်း လိုက်နာကြရုံသာ။ ဒါပေမယ့် အတူလာခဲ့ကြသော လှည်း တွေကရော။

"ကဲ . . . ကျုပ် လှည်းသွားမောင်းချေဦးမယ် . . . ပြောရစ်ကြဦး ကိုင်း"



ချောက်ထဲရပ်ထားရစ်ခဲ့သော သူ့လှည်းဆီသို့ လူစိမ်း ခပ် သွက်သွက်ထွက်သွားသည်။ ကိုကြီးသာမောင်ကတော့ လူစိမ်းပြော သွားတာကို လက်ခံသင့်ကြောင်း ပြောသည်။ ခင်နှောင်းတို့ကတော့ ဘာပြောတတ်မှာတဲ့လဲ။

"သာမှ တော့် အတူသွားလို့ရမှာပေါ့ . . . နို့မဟုတ် ရင် မင်းချည်းကျန်ရစ်ခဲ့လည်း မကောင်း။ တော့်ချည်း မောင်း သွားရမှာလည်း စိတ်မဖြောင့်ဖြစ်ရဦးမှာ . . . လှည်းအခွံ ချည်းဆို ငနီလျှောက်နိုင်မှာပါ . . . နတ်ပွဲကွင်းရောက်မှ နားကြသာပေါ့ကွာ . . ."

ကိုကြီးသာမောင်က သူစဉ်းစားမိသလို သဘောထိုးနှင့် ပြော ခြင်းဖြစ်သော်လည်း လူတစ်ပေါက်ထိုး အမောင်လေးက ရှုးခနဲ ဒေါ တွေ ပွနေလေတော့၏။

"ခင်ဗျားနွား သည်လိုဖြစ်ရင် ဖွတ်သွားနိုင်မှာလား ကိုသာမောင် . . . နွားခြေထောက် နာနေသဲ့ဟာကို ကျုပ် မလိုက်ဘူးဗျာ . . . ခင်နှောင်းတို့လည်း မထည့်ဘူးဗျား။ ကိုင်း . . . ခင်ဗျားတို့လှည်းတွေ ထွက်နှင့်ကြတော့ . . ."

"မဟုတ်သာ ချစ်ခင်ရာ အတူလာကြပြီးတော့မှ ဘယ့်နှယ်ကြောင့် ထားခဲ့ရမှာတုံးကွ . . . ဟိုလူပြောသလို ခင်နှောင်းတို့ကို သူ့လှည်းပေါ်တင်လိုက်ရင် ဖြစ်နေသဲ့ ဥစ္စာ ကြီး . . . မင်းနှယ် ကပ်စရာမရှိ ရှာကြံကပ်နေပြန်ပါဘိ"

"ဟုတ်သားပဲကွယ် ငါ့တူနှယ် . . . အတူလာ အတူ သွားပေါ့ နွားတွေနေပူရင် သည့်ထက် ပမ်းမှာပေါ့ကွယ် . . . ဖြည်းဖြည်းမောင်းကြသာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အရိုးကြော့က ကိုကြီးသာမောင်ဘက်က ဝင်ပြောတော့ အမောင်လေး ပိုဒေါသထွက်လာပုံရသည်။ မျက်နှာကြီး နီမြန်းလာကာ ရှက်ရမ်းရမ်းတော့၏။

"ကိုင်း ကိုင်း ကျုပ် တစ်ခွန်းပဲ ပြောတော့မယ် . . . ခင်ဗျားတို့လုံ့လည်းတွေ့ သွားကြတော့ . . . ထားရစ်ခဲ့သကော ရယ်လို့လည်း ကျုပ်မအောက်မေ့ပါဘူး . . . ကျုပ်ဘာသာ ကျုပ် အေးအေးဆေးဆေးကျမှ မောင်းခဲ့ပါရစီ . . . စိတ်ဆိုး လို့ ပြောသာမဟုတ်ပေါင်ဗျာ သွားနှင့်ကြပါ . . ."

အမောင်လေး လက်ပေါက်ကပ်နေပုံကြောင့် မပြေမလည် ဖြစ်ကြရတော့မည်။ ခင်နှောင်းကတော့ အော်သာငိုလိုက်ချင်မိတော့၏။ ဘယ်လိုမှပြောရမည် မဟုတ်မှန်း သိကြတော့ ကိုကြီးသာမောင်ကို ရှာလှည်းတွေ မောင်းထွက်သွားကြပြီ။ လူစိမ်း၏ လှည်းသည် ကုန်းထိပ်ကို မော့တက်လာပြီး ခင်နှောင်းတို့ဘေး ထိုးရပ်လိုက်၏။

"ကဲ အရီးတို့ ကျုပ်နှမတို့ သည်လှည်းကို ပြောင်း ကြ"

အရီးကြော့က ပြောင်းလိုက်ချင်သည်မှ ဖင်တကြွကြွ။ လမ်းမှာရပ်ပြီး ခရီးဖင့်နေမည့်အစား ကိုကြီးကျော်နန်းရောက်ချင်လှပြီ မဟုတ်လား။ ပါးစပ်က တဖွဖွရွတ်ရင်း ကိုကြီးကျော်ကို တောင်းပန်နေ လိုက်သည်မှာ အမြုပ်ထလုမတတ်။ မမိစန်းတို့နှစ်ယောက်ကတော့ အမောင်လေးကို မျက်စောင်းမထိုးဝံ့ကြသော်လည်း မျက်နှာကြီးတွေ စူပုပ်နေကြသည်။ ခင်နှောင်းကတော့ အစ်ကိုဖြစ်သူ၏ အရိပ်အကဲကို သာ ကြည့်နေရတော့၏။



"သည်မှာ ဟော့လူ . . . ခင်ဗျားလှည်း အားမနာ သိသယ် . . . ဒါပေသိ ခင်ဗျားလှည်းနဲ့ ကျုပ်တို့ မလိုက် တော့ဘူး သွားနှင့်တော့ဗျာ . . ."

ကိုကြီးသာမောင်တို့နှင့်ဖြစ်သည့် ဒေါသက အရှိန်မသေ သေးသဖြင့် အမောင်လေးအသံက မာဆတ်နေသည်။ လူစိမ်းကတော့ အမောင်လေးကို ပြုံးကြည့်လိုက်ရင်း 'သဘောပေါ့ဗျာ' ဟု တစ်ခွန်း တည်းဆိုကာ သူ့လှည်းကို အေးအေးဆေးဆေး မောင်းထွက်သွား တော့၏။ ပေါင်းမိုးပင်မပါသော သူ့လှည်းအခွံကြီးမှာ နှီးချောဖျာကြီး တစ်ချပ် ပြန့်ပြန့်ကြီးခင်းထားလိုက်လို့ စီးလိုက်ချင်စရာ။ ပြီးတော့ 'သည်လောက်ကူညီခဲ့သည့်လူကို ကျေးဇူးတင်ကြောင်း၊ ရွာဘက် ရောက်လျှင် အလည်ဝင်ခဲ့ဖို့ ဖိတ်ပါကြောင်း၊ ဘယ်ရပ်ဘယ်ရွာက ဆိုတာ သိချင်ပါကြောင်း' စသဖြင့် လောကဝတ်ကလေးလောက်တော့ အမောင်လေး ပြောဖို့ ကောင်းသည်။ အခုတော့ ဘုရားပြီး ငြမ်းဖျက် ပြတ်တောင်းလွန်းသည်။ သို့သော် ခင်နှောင်းတို့ ဘာတတ်နိုင်မှာလဲ။ အမောင်လေး၏ ကတ်ဖိုးကတ်ဖဲ့နိုင်မှုကို ခင်နှောင်းစိတ်ထဲ ခုတုတ ဖြစ်မိလေသည်။ အိမ်ပြန်ရောက်လျှင် အမေ့ကို တိုင်မည်လို့ တေးထား လိုက်သည်။ အရီးကြော့တို့ သားအမိတတွေကိုလည်း ခင်နှောင်း အား နာနေမိသည်။ ခေါ်သူက ခေါ်ပါလျက် မလိုက်ရသည့်အဖြစ်။ ခင် နှောင်းရင်ထဲ ဝမ်းနည်းလာမိသလိုလို။ ခရီးကဝေးသေးသည်။ ပြီး တော့ လမ်းခုလတ်ကြီးမှာ၊ နေပူပူကြီးထဲမှာ၊ ပြီးတော့ နွားမှာလား သွားမှာလား။ ခုထိမသေချာ။ ကလေးတစ်ယောက်လို ခြေဆောင့် ငိုချင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဪ ဟုတ်လား . . . ကျုပ်နာမည်လည်း မှတ်ထား ဦး. . . ထန်းတောရွာသား ကျီးညိုလို့ မေးရင်ရပါတယ်ဗျား . . . ရောက်ခဲ့ရင်ပေါ့ဗျာ"

လှည်းမောင်းထွက်သွားရာမှ နောက်ပြန်လှည့်အော်လိုက်သော အသံဝါကြီးချောက်ကမ်းပါးတဝိုက် ဟိန်းသွားသလားထင်ရ၏။ ထန်းတောသား ကျီးညိုတဲ့။ ထန်းတောရွာသား ကိုကျီးညိုပေါ့။ ခင်နှောင်းလှမ်းကြည့်လိုက်တော့ တော်တော်ဝေးဝေးကို ရောက်နှင့်ပြီ။ လှည်းအခွေချည်းက လိုက်ခဲ့ရောပေါ့လို့ ခေါ်နေသယောင်။ သို့သော် လှည်းပေါ်စိတ်နှင့် လိုက်ပါကြည့်ဖို့တောင် မရဲပါ။ ထန်းတောဆိုတော့ နန်းကြီးရွာပေါ့။ ကိုကြီးကျော်ရဲ့ နယ်ခံရွာကပေါ့။

"ကိုင်း ငနီကြီးသစ်ပင်ရိပ်ရွှေ့ကြရအောင် . . . ငါ့နှမများ လာဟာ ထွက်လာမှတော့ ရောက်ရမှာပေါ့ . . . ခဏနေသွားကြသာပေါ့"

အမောင်လေးပင် လေကလေးပျော့သွားသည်။ ချောက်ဘက်ဆီက နတ်ပွဲလှည်းတွေတဂျုံးဂျုံး။ ဝေးခနဲ အော်သံတွေက စီစီညံနေလေ၏။

■

(၄)

မိုးကွဲချောက်ကြီးတစ်ဘက်ဆီမှ နတ်ပွဲလာ လှည်းတန်းကြီး တစ်တန်း ဖြတ်ကူးတက်လာကြသည်။ လှည်းဦးထိပ်မှာ ပြူးပြူးကြီး လှန်ထားသော အသံချဲ့စက်ဟွန်းကြီးမှ နတ်ချော့ နတ်ပင့် နတ်သီချင်း သံတွေကလည်း နားကွဲလုမတတ်ပင်။ တစ်ဘက်ချောက်ကမ်းပါးထိပ်မှ ဆီး၍ ချောက်နက်ထဲရှိ ပေါင်းမိုးကွေးလှည်းတန်းကြီးကို ငုံ့ကြည့်ရတာကပဲ တစ်ကောင့်အမြီးတစ်ကောင် ခေါင်းတော့ကာ ဘန်းဆက်လိုက်နေသော ခါချဉ်ကောင်ကလေးတွေနှင့်တူသည်။ ချောင်းချောက်ကြီး တစ်ဘက်တစ်ချက်ရှိ သမန်းရိုင်းပင်များ၊ ဝါးကြိမ်တော ငုတ်စပ်ကလေးများ၊ စိန်နားပန်းခြုံပုတ်ကလေးများထဲ ဝပ်ပုန်းနေကြသည့် မြေလူးငှက်ကလေးတွေ လှည်းသံ၊ ခြူသံ၊ လူသံ၊ ဆူသံ၊ နတ်သံတွေကြောင့် လန့်ဖျပ်ကာ ဖလူးခနဲ ထိုးပျံသွားကြသည်လည်းရှိပါ၏။ ချောက်ကမ်းပါးဝန်းကျင် မြင်ကွင်းတွေကို ငေးရင်း ခင်နှောင်းကတော့ ကိုကျီးညိုဆိုသူ လူညိုရောင်ကိုသာ မျက်စိထဲ မြင်ယောင်နေ၏။ အသားညိုညို၊ မျက်လုံးမျက်ဖန်ကောင်းကောင်းနှင့် ညိုညိုမောင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်း။ တကယ့်တောသား။ ရုပ်ရည်ကတော့ အဆိုးကြီးမဟုတ်။ ဝိုးခနဲ ဖပ်ခနဲတော့ ရှိသား။ သည်လိုတွေးမိတော့လည်း ခင်နှောင်းရှက်မိသေး၏။ ဘာဖြစ်လို့များ သည်လို တွေးမိရတာပါလိမ့်။ အနားကလူတွေကိုပင် လိပ်ပြာမလုံသလို ခင်နှောင်းကြည့်လိုက်မိပါသေးသည်။

"ကျွဲကုန်းက လှည်းတွေ အမေရေ . . . ဟိုမှာ ကိုကြီးကျော် သောင်းကြီးတော့"

မမိစန်းက လှည်းတန်းကြီးကို လက်ညှိုးထိုးရင်း ဆိုလိုက်သည်။ ကျွဲကုန်းရွာက လှည်းတပ်ကလည်း အင်အားမသေးလှပါ။ အစီးနှစ်ဆယ်ထက် လျော့စရာမရှိ။ မိုးကွဲချောက်တစ်ခွင်လုံး ဖုန်ခိုးတွေ သီးနေသည်။

"ဟော ဘယ်သူတွေများတုန်းလို့ ဖြူဘူးက ချစ်ခင်ကြီးပါလားကွ . . . မင်းရဲ့လှည်းတွေ ထွက်သွားသာကြာပြီ မတ်သာ . . . ခုမှ သည်ရှိသေးသလားကွ ကောင်ရ . . ."

ကျွဲကုန်း ကိုကျော်သောင်းက ခင်မင်ရင်းစွဲရှိသူပီပီ ရွှန်းရွှန်းဝေဝေလှမ်းနှုတ်ဆက်ရှာသော်လည်း အမောင်လေးက မျက်ခုံးတစ်ချက်သာ ပင့်ကြည့်လိုက်ပြီး ဘာမှပြန်မဖြေတော့ အစီးကြော့မှ ကပျာကသီ ဝင်ပြောရ၏။

"ရွာလှည်းတွေက သွားနှင့်ကြပါပြီ ငါ့တူရယ် . . . ငတို့ လှည်းက နွားခြေထောက်နာသွားလို့ . . ."

"ဘယ်လိုဖြစ်သာလဲဗျ"

ကိုကျော်သောင်းက လှည်းကို တစ်အောင့်လောက် တောင့်လိုက်ရင်း အမောင်လေးကို ကြည့်ပြီးမေး၏။ သည်တစ်ခါလည်း အစီး



ကြော့ကပဲ ဝင်ပြောရပြန်သည်။ အမောင်လေးက မျက်နှာကြီး သုန်နေတုံး။ ခက်များခက်ရချေရဲ့။

"ချောက်က မော့အတက် နွားခြေခေါက်သွားလို့ဟဲ့ ဖြစ်ရပုံ များ"

"ဟောဗျား . . . သာဖြင့် ဘယ့်နှယ်လုပ်ကြမတုံး"

"ထိုင်နေသယ်လေကွာ . . . မင်းကလည်း မြင်ရက်သားနဲ့"

"မဟုတ်ဘူးလေ ငါပြောသာက မင်းနွားနာနေရင် မိုးဖြူက ငါ့ညီ နွားတစ်ကောင် ဝင်ဆွဲပေးလိုက်မလို့ မေးသာပါကွ မင်းကလဲ"

မိုးဖြူဆိုတာက မိုးဖြူရွာကို ပြောခြင်းဖြစ်သည်။ သည်နယ်မှာမွေး သည်နယ်မှာကြီးကြသူချင်းဆိုတော့ ရွာခြားသော်လည်း တစ်ဦးနှင့်တစ်ဦး ပြောမနာ ဆိုမနာ စိတ်မဆိုး စိတ်မခုတတ်ကြ၍သာ တော်တော့သည်။ အမောင်လေး စကားပြောအပေါက်အလမ်းမတည့်တာ သိနေကြသူတွေမို့ သည်းညည်းခံကြတာလည်း ပါပါလိမ့်မည်။

"မင်းနွား မိုးဖြူမှာ ထားခဲ့ . . . လာ ငါနွားချင်းလိုက်လဲပေးမယ်"

ကိုကျော်သောင်းက စေတနာစကားဆိုခြင်းကို အမောင်လေးက စိတ်ရှုပ်ဟန်ဖြင့် ကိုယ်ကိုတစ်ချက်ဆန့်လိုက်ပြီး နောက်သို့လှန်ကာ ခပ်ဆတ်ဆတ်ဆိုလိုက်၏။

"ကိုင်းကွာ ကျော်သောင်း . . . ငါဟာငါ တအောင့်တစ်ဖြုတ် နားပြီး ထွက်မှာပါ. . . မင်းရှိသာ သွားမှာသွားကြ"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . သဟာဖြင့်လည်း ပြီးရောပါ မောင်ရာ
. . . သိပ်နေမမြင့်စေနဲ့ဟ ကောင်ရ . . . နွားနေပူသယ်"

ကျဲကုန်းလှည်းတန်းကြီး အိခနဲ ထွက်သွားတော့ နေရောင်က ပိုပြီး ရင့်ရင့်စူးစူး ဖြစ်လာခဲ့ပြီ။ တပေါင်းလ အညာနွေဆိုတော့ အပူငွေ့တို့ချောင်းချောင်းထချင်ပြီ။ အမောင်လေးက သူ့နွားငနီကြီး ခြေထောက်ကို သူ့လက်ဖဝါးသန်သန်ကြီးများဖြင့် အားပါးတရ ဆုပ်နယ်ပေးရင်း ပွစိပွစိလုပ်နေသေး၏။ အရီးကြော့ကတော့ ကူနီနန်းရှိရာဘက်ကို လက်အုပ်ချီရင်း တောင်းပန်တိုးလျှိုးနေသည်။

"မောင်ကြီးကျော် နန်းအရောက်လာကြသဲ့ နှမများ
ပါဘုရား အပြစ်ရှိလည်း လွှတ်တော်မူပ့ါ . . . ကျိုးစားသမှု
ပြုသဆိုလည်း ပြေတော်မူပ့ါ . . . မောင်ကြီးကျော်နန်း သက်
သောင့် သက်သာ ချောချောပြေပြေ ရောက်ပါရစီ ပသပါရ
စီပါဘုရား . . ."

ခင်နှောင်းတို့ ညီအစ်မသုံးယောက်ကတော့ အဖော်တွေလည်း မမီနိုင်လေတော့ နတ်ပွဲကွင်းမှာ ကသီကရီဖြစ်ရတော့မည့်အရေးတွေးပူနေမိကြသေးသည်။ ပွဲကွင်းရောက်လျှင် နန်းအရင်သွားပြီး ပန်းဆက်၊ ငွေဆက်၊ ထန်းရည်ကဖော်ဆက်၊ ကြက်ကြော်ဆက်ပြီး ဖေကြီးကျော်ကို တိုင်တည်ကြရဦးမည်။ အမေရွှေကိုင်းမယ်တော်ကြွအလာကို ကြိုဆိုရဦးမည်။ ပွဲဈေးတန်းတွင် အမေမှာလိုက်သမျှပါအောင်ဝယ်ကြရဦးမည်။ ခင်နှောင်းတို့အတွက် အထည်စကလေး၊ ရှင်မတောင်သနပ်ခါးတုံးကလေးအစ ဝယ်ကြရဦးမည်။ ကိုကြီးကျော်နတ်ပွဲလိုက်ကြသည့်အထဲမှာ အိမ်အတွက်၊ ယာအတွက် နှစ်ပေါက်စာလိုအပ်သမျှ ဝယ်ကြခြမ်းကြဖို့ရာကလည်း အဓိကကျသည်။



အမောင်လေးလုပ်ပုံနဲ့ဆိုရင်တော့ ထီးတင်ပွဲလည်းမမီ ဆွမ်းသိမ်းပွဲလည်းမမီ ဖြစ်ကြရတော့မည်။

ခင်နှောင်းက ဟိုဟိုသည်သည်တွေးရင်းဖြင့် မဖူးငုံအကြောင်း ခေါင်းထဲဖျတ်ခနဲ ရောက်လာခဲ့၏။ မဖူးငုံဆိုသည့် နာမည်ကိုက ဆယ့်နှစ်ရွာပေါက်ပြီးသား။ ခင်နှောင်းတို့ရွာက ကွမ်းတောင်ကိုင်အလှပဂေးမို့ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတာ မဆန်းပါ။ အသားကလေး မဖြူမရော်ကိုက ဝင်းစက်နေသည်။ တောသွေးတောရိပ်မထင်သည့် နန်းဆန်ဆန်မျက်နှာကလေးကြောင့် တော်ရုံလူမကပ်ဝံ့တာလည်းရှိသည်။ သဘောမနောကတော့ မဆိုးပါ။ သူ့အလှကပဲ သူ့စိတ်ကို ပင့်တင်ထားသည် ထင်ပါ၏။ သည်လို ဝိုင်းဝိုင်းလည်ကြသည့်အထဲမှာ အမောင်လေးပါသလို မြေတော်ရွာက တိရစ္ဆာန်ဆေးကုဆရာလေးကိုသိန်းဒန်လည်းပါသည်။ ခင်နှောင်းသာ အမောင်လေးနှမ မဟုတ်ဘဲ မဖူးငုံညီမဆိုလျှင် အမောင်လေးလိုလူနှင့် ခင်နှောင်းသဘောတူမိမှာ မဟုတ်။ မဖူးငုံဘက်ကပင် ခင်နှောင်းအကဲကလေးဆတ်လိုက်ချင်မိသေး၏။ အခုကော အမောင်လေးဟာ ညနေစောင်းမှလာမယ့် မဖူးငုံကို စောင့်နေတာများလား။

"ကိုင်း . . . တက်ကြ တက်ကြ . . . သလောက်ဆို
ငနီရုန်း နိုင်ပါပြီ. . . ရွာကလူတွေ မြင်ပြင်းကတ်လို့ ချန်နေ
ရစ်ခဲ့သာ အဟုတ် . . . ဟဲ့ ခင်နှောင်း တိမ်ပြာသွားဆွဲချေ
ပြီးရင် တပ်လိုက်တော့"

ဘာစိတ်ကူးရသွားတယ်မသိ။ သွားချင်တော့လည်း ချက်ချင်း။ ခင်နှောင်းက တိမ်ပြာကို ထမ်းပိုးတုံးအောက် ခေါင်းလျှိုသွင်းကာ ထမ်းပိုးကျည်းနှစ်ချောင်းကြားသွင်း ထမ်းပိုးကြိုးထိုးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ နွားတွေတပ်ပြီး ခင်နှောင်းတို့လှည်း မိုးကွဲချောက်ထိပ်က ထွက်လာတော့ နေအတော်ကလေးရင့်နေပြီ။ သစ်ရိပ်ဝါးရိပ်ကောင်းသော မိုးဖြူရွာကလေးသည်ပင် မြူတွေ ရှင်းသွားလို့ နေရောင်အောက်မှာ ထင်းကြွနေပြီ။ မိုးဖြူမိုးကွဲရွာတွေကတော့ သည်ဘက်ရွာတွေမှာ ရေနေရေခင်းကောင်းလို့လားမသိ။ သရက်ပင်ကြီးတွေ၊ ပိန္နဲပင်ကြီးတွေ၊ မာလကာပင်တွေ၊ သဘော်ပင်တွေ။ ပြီးတော့ ခင်နှောင်းတို့နယ်က ကုလားတယ်သရက်ဟုခေါ်ကြသော ပဒေသာပင်လိုတွဲတွဲရွဲရွဲသီးနေကြသည့် လဲမှိုပင်တွေက ရွာစည်းရိုးမှာ ထိုးထိုးထောင်ထောင်။

မိုးဖြူမိုးကွဲနှစ်ရွာကျော်ပြီးတော့ ဘာကျိုးနီးယားဆေးခင်း၊ ပြောင်းခင်း၊ နေကြာခင်း၊ ကြက်ဆူခင်းတွေကို ပိုအတွေ့ရစိတ်လာသည်။ ခပ်ဝေးဝေး ရေရှားရွာကလေးကတော့ ဖုန်တွေနှင့် လုံးထွေးနေသည်။ ဘုရားငုတ်တိုညောင်ထိုထိုနှင့် မှိုင်းမှိုင်းစိုစို ရေရှားရွာကလေးကို မျှော်ကြည့်လိုက်မိသည်။ ရေရှားပြီးရင်တော့ တေရော်။ တေရော် ရွာကလည်း ရွာကြီးဖြစ်၏။ တေရော်ရွာမြောက်ဘက် လှည်းလမ်းမကြီးအတိုင်း ဖြတ်မောင်းလာကြတော့ သစ်ခင်းထဲ ငုတ်တုတ်ထိုင်နေတာနှင့်တူသော သချိုင်းအုတ်ဂူသုံးလုံးကို ခင်နှောင်းလှမ်းကြည့်ဖြစ်အောင် ကြည့်လိုက်မိသေး၏။ ပြာသာဒ်ဆောင်ကြီးများ ချွန်ထွက်နေသော ထူးခြားသည့် အုတ်ဂူသုံးလုံးတန်း။ ဒါကို ခင်နှောင်း ငယ်ငယ်ကတည်းက မြင်ဖူးနေခြင်းဖြစ်သည်။

"အဲသဟာ ညီအစ်မသုံးယောက် ဂူတွေပေါ့တော်
. . . တော့ ကြားဖူးသာဖြင့် စစ်ကြီးတုန်းက ဝမ်းရောဂါဖြစ်ပြီး
ညီအစ်မသုံးယောက် ရှေ့ဆင့်နောက်ဆင့် ဆုံးကြရာသာလို့
ပြောသာပဲ. . . သနားစရာပါအေ"



အရှိုးကြော့က သူမမြင်ဖူးသော ညီအစ်မသုံးယောက် အုတ်ဂူတန်းကို သတင်းကြားနှင့် လှမ်းနေသေးတော့၏။ တေရော်ရွာကြီးထဲ မဝင်ဘဲ မြောက်ဘက်ဘေးမှ ပန်းကာရွာအနောက်တည့်တည့် မောင်းခဲ့ကြသည်။ ရွာအနောက်မြောက်ဖျားက တေရော်သချိုင်းကို ဖြတ်တော့ ရွက်စိမ်းထိုးစ ကုက္ကိုပင်ရိပ်ကြီးတွေက စိမ့်ခနဲအေးမြသွားတော့၏။ တချို့အပင်တွေကတော့ ရွက်ဝါတွေ ခါချတုန်း။ စိမ်းညို့အုပ်မည်းနေသော အရိပ်ကောင်းကောင်းမှာ ငြိမ်သက်မှေးစက်နေကြသည့် အုတ်ဂူတွေကပင် လှမ်းစရာကောင်းနေသေးတော့ဟု ခင်နှောင်းထင်မိသည်။ သချိုင်းကုန်းဖုန်းဆိုးတောလို ချောက်ချားစရာမကောင်းဘဲ အေးဆေးတိတ်ဆိတ်သော ကမ္ဘာ့ဥယျာဉ်ရိပ်သာကလေးနှင့် ပင်တူလှ၏။ တေရော်သချိုင်းလွန်တော့ ခြေနာနေသောငနီကြီးက အလှမ်းတိုင်းမှာ ဆပ်ခနဲ ဆပ်ခနဲ ခါနေသည်။

"သည်ကောင် မြေမျှားကိုင်ရော့လားကွာ . . .
ခွကျချက်တော့"

အမောင်လေးက ငနီကြောကို လက်ဖြင့်လှမ်းကုတ်ရင်း ဆိုလိုက်တော့ ခင်နှောင်းပင်လန့်သွားလိုက်မိသေး၏။ ခင်နှောင်းတို့ ငယ်ငယ်က မြေကြီးပေါ်မတော်တဆ ချော်လဲလျှင် မြေကိုင်တတ်သည်ဆိုကာ အမေတို့က လဲသည့်မြေကို ခြေဖြင့်ဆောင့်တတ်တာကို သတိရလိုက်မိပါသည်။ ငနီကြီးလဲသည့်နေရာကို ခင်နှောင်း အဲသလို မလုပ်ခဲ့ရတာ စိတ်မကောင်းသလို ဖြစ်သွားလိုက်မိသေး၏။ ငနီနာသွားလျှင် . . .။ ခင်နှောင်းတွေးပင်မတွေးဝံ့။ ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ။

တေရော်ရွာ အနောက်ထိပ်လမ်းဆုံသို့ ရောက်သောအခါ ခင်နှောင်းတို့လှည်းတစ်ထောက် နားလိုက်ကြရပြန်သည်။ သည်

www.burmeseclassic.com

www.burmeseclassic.com



တေရော်လမ်းဆုံက နှစ်စဉ်နတ်ပွဲအသွားအပြန်လှည်းတွေကို ရွာက သဒ္ဓါတတ်အားသမျှ ကြိုဆိုဧည့်ခံကြရင်း နားနားနေနေရှိကြသည့် နေရာဖြစ်သည်။ သည်လမ်းဆုံက လှည်းအပေါင်းဆုံရာ လမ်းခွလည်း ဖြစ်၏။ တစ်ရွာတစ်ရွာ ချိန်းဆိုကြသည့်နေရာ။ အရှေ့ကျွန်းရွာများသို့ တက်သောလမ်း၊ အနောက်ချင်းတွင်းမြစ်ဘက်ဆင်းသောလမ်း၊ တောင်ဘက်ကူနီနန်းသို့ သွားသောလမ်း၊ မြောက်ဘက်ခင်နှောင်းတို့ လာခဲ့သောလမ်း။ သည်လမ်းလေးခွဆုံရာ တေရော်လမ်းဆုံမှာ မဏ္ဍပ်ကန္နားထိုးကာ လက်ဖက်၊ ဂျင်းသုတ်၊ ဆီးယို၊ ထန်းလျက် စသဖြင့် အကျွေးအမွေးဖြင့် ဧည့်ခံလေ့ရှိသည်။ လမ်းထိပ်တွင် ပေါက်နေသော လက်ပံပင်ကြီးတွေက မိုးပေါ်သို့ တစ်မျှော်တစ်ခေါ် မျှော်လျှက် အဖူးအငုံကလေးတွေပြနေတာလည်းရှိ သီးကင်းတွေ ခဲနေတာ လည်းရှိသည်။ တချို့လည်း ရဲရဲမှည့်မှည့်ပွင့်နေကြသည်။ အပွင့်စောခဲ့ သည့် အပင်တွေက လက်ပံပွင့်ကြွေတွေ လှည်းလမ်းမကြောင်းမှာ ရဲပဒေါင်းခတ်နေသည်။ နွေလက်ပံပွင့်ဦးကြွေများ . . .။

ခင်နှောင်းတို့နယ်ကတော့ သည်လိုရာသီမှာ အိမ်တိုင်း လိုလိုက လက်ပံပွင့်ကြွေတွေကို တောင်းကြီးတောင်းငယ်ဖြင့် တကန် တက ထွက်ကောက်ကြသည့်ဓလေ့ရှိသည်။ လက်ပံပွင့်ဖတ်ကို ခြွေ၊ လက်ပံခေါင်းအူတံမှ မျက်သီးများကို ခြွေကာ နေပြင်းပြင်းမှာ သွေ့ နေအောင် အခြောက်လှန်းထားတတ်ကြသည်။ ရေကြီးခါ သီးနှံမပေါ် ခင်ကြား သီးနှံရှားပါးချိန်မှာ လက်ပံခေါင်းခြောက်ချဉ်ရည်ဟင်းတစ် ခွက်သည်ပင်လျှင် ထမင်းမြိန်စရာ။ ပဲပုန်းရည်၊ ဝက်သား၊ လက်ပံ ခေါင်းခြောက် အစေးပေါက်အောင် ရောကျိုထားသော ဟင်းလေးအိုး ကြီးဆီမှ သင်းပျံ့နေတတ်သည့် ဟင်းနံ့မှာ ကျွန်းရွာများ၏ ရေကြီးခါ



မိုးဖွဲ့ချောင်နံ့လည်း ဖြစ်သည်။ သူ့အိမ်ကိုယ့်အိမ်ရောက်ကြရသည့် ဟင်းဖြစ်သည်။ မက်စက်ကြသလား မပြောနဲ့ဆိုသည့်အထဲက ဟင်း မယ်ဖြစ်သည်။

"ကဲ . . . နတ်ပွဲသွား အမောပြေအဆာပြေကလေး
သုံးဆောင်ကြပါဦးဗျား . . ."

ရေနွေးကြမ်းပွဲ၊ လက်ဖက်ဘုတ်၊ ဂျင်းသုတ်၊ ဆီးယို၊ မုန်လာ ချဉ်သုတ်များကို ကြွေဇလုံကြီးများဖြင့် ထည့်ကာ ဧည့်ခံကြတော့ ခင်နှောင်းတို့ကလည်း ယူစားကြရသည်။ လှည်းပေါ်မှ မဆင်းသူတွေ ကို ဇလုံကြီးတွေရွက်၍ လှည်းနောက်မြီးအထိ လက်တစ်ကမ်း ကျွေးတတ် မွေးတတ်ကြသေး၏။

"ကိုင်း စားကြပါဦး . . . သောက်ကြပါဦး . . .
ယူလိုက ယူသွားကြဦး ကျုပ်နှမကြီးများ . . . ဖေဖေကျော်
ပွဲသွားရသာ စိတ်ချမ်းသာ လက်ချမ်းသာ ရှိကြပါစေဗျား . ."

အရီးကြော့က ဒန်ချိုင့်ကလေးထဲကို လက်ဖက်သုံးလေးဇွန်း ကော်ထည့်လိုက်သည်။ မမိဂျမ်းကလည်း ဆီးယိုတစ်ချိုင့် ထည့်ယူ လိုက်သည်။ အမောင်လေးကတော့ လှည်းပေါ်မှဆင်းကာ လှည်း ထောက် ထောက်၍ နွားတွေကို ကြွေပေးပြီး ငနီခြေထောက်ကိုပဲ ငုံ့ကြည့်နေသည်။ မီးလောင်ကျွန်းရွာက နတ်ပွဲပြန်လှည်းတွေက ခင်နှောင်းတို့ကို နှုတ်ဆက်ကြသည်။ ကျုပ်တို့တော့ တစ်နှစ်တစ်ပွဲစာ အောင်ခဲ့ပေါ့ ဆိုသည့် မျက်နှာတွေ။ ခင်နှောင်းနှင့် မမိစန်းလည်း လှည်းပေါ်မှ ဆင်းကာ လက်ပံပင်အောက်ရှိ စေတီတန်ဆောင်းပြုပြင် ရန် အလှူခံ သေတ္တာထဲသို့ တတ်အားသမျှ သွားလှူလိုက်ကြသည်။ သည်ငွေက နောက်နှစ်ကိုကြိုးကျော် နတ်ပွဲသွားတို့အတွက် စတုဒိသာ

www.burmeseclassic.com



အရပ်လေးမျက်နှာက ခရီးသွားတို့ကို ဧည့်ခံကြတာလည်း ရှိပါသည်။

"အို . . ."

အလှူခံသေတ္တာပုံး နောက်နားက ဖျာကြမ်းတစ်ချပ်ပေါ်မှာ ကျောပေးထိုင်ရင်း ရွာခံတွေနှင့် စကားလှိုင်နေသော ကိုကြီးညိုကို ခင်နှောင်းတွေ့လိုက်ရလို့ပဲ ဖြစ်သည်။ သူမသွားသေးဘူးလား။ ခင်နှောင်းတို့ဘက်ကို ဖျပ်ခနဲ လှည့်ကြည့်လိုက်တော့ ခင်နှောင်းတို့ ညီအစ်မကို သူ မြင်သွားပြီ။ ညိုမောင်းမောင်း ညှင်းသိုးသိုးမျက်နှာထဲက အပြုံးတွေက ဝင်းဝင်းစက်စက်ရှိလှ၏။

"ဟော. . . ကျုပ်နှမတို့ ရောက်လာကြပြီလား. . . မရောက်လောက်သေးဘူးထင်သာ. . . ထူးဆန်းလိုက်သာဗျာ . . . ကျုပ်က နောက်လှည့်ချင်လို့ လှည့်လိုက်သာ . . . နတ်များ နှိုးဆော်လိုက်သလိုပဲ . . ."

ကိုကြီးညိုက လွယ်အိပ်ထဲက ထရပ်ရင်း ငှက်ပျောဖက်ဖြင့် သပ်သပ်ယပ်ယပ်ထုတ်ထားသော အထုပ်ကြီးကို ယူကာ ခင်နှောင်းတို့ ဘေးကပ်လိုက်လာသည်။ အမောင်လေးကတော့ သူ့နွားခြေထောက်ကိုသာ မဲကြည့်နေလေ၏။

"ကိုချစ်ခင်ဆိုသဲ့လူ အင်မတန် လက်ပေါက်ကပ်ဆိုပဲဗျ. . . ခင်ဗျားတို့ရွာကဟာတွေ ပြောသွားသာပဲ. . . သူ့နှမကလေးကတော့လည်း သဘောကောင်းလှဆိုကြရဲ့ . . ."

ကိုကြီးညိုက ခင်နှောင်း၏ ချွေးစို့နေသော မျက်နှာဝင်းဝင်းကလေးကို ကြည့်ရင်း စကားဆိုလိုက်တော့ ခင်နှောင်း ရှက်သွားမိသည်။ ကြည့်စမ်းပါဦး။ စကားတွေက ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ စောစောကလည်း နတ်နှိုးဆော်လို့ လှည့်ကြည့်တာတဲ့။ ဘာ



ကိစ္စ သူနဲ့ငါ နတ်နှိုးဆော်ရမှာလဲ။ မမိစန်းကတော့ "အမောင်လေး အကြောင်း မပြောပါနဲ့တော့ ကိုကြီးညိုရယ်" ဟု ဆိုကာ သူကချည်း အမောင်လေးဆိုးကြောင်းတွေ ပြောင်ချနေတော့၏။ လှည်းနား ရောက်လည်း မမိစန်းက, တခိခိ ရယ်သွားပါသည်။

"ဟောတော် . . . ဟိုသူငယ် မင်းသည်ရှိသေး သလားကွယ်"

"ဟုတ်သာပ အရီးရယ် . . . ကျုပ် ကိုချစ်ခင်နွား ကို ဆေးလူးပေးချင်လို့ စောင့်နေသာပါ . . . ရွာထဲက တောင် တစ်ခေါက်ပြန်ရောက်လာခဲ့ပေါ့ . . . ကိုင်း ကိုချစ်ခင် ခင်ဗျားနွား ဆေးလူးရအောင် . . . နွားဆေးထဲမတော့ ပထမတန်း ဖတ်စကလပ်ပဲ ကိုယ့်လူ . . ."

ကိုကြီးညိုက ငှက်ပျောဖက်ဖြင့် ထုပ်ယူလာသော ဆေးမည်း မည်းကြီးတွေကို လက်ဖြင့် ဆုတ်ယူကာ ငနီကြီး ခြေထောက်ကို အုံ လူးလူးပေးတော့၏။ အသားထဲဝင်အောင် လက်ကြမ်းကြီးဖြင့် ဆေး လူးရင်း ဆုပ်ချေပေးနေလိုက်သေး၏။

"ဟော့လူ . . . ခင်ဗျား ဆေးက ဘာဆေးတုံးဗျ"

"အထူးအဆန်းဟုတ်ပါရိုးလား ကိုချစ်ခင်ရဲ့ . . . နွားက မြေပေါ်လဲသာဆိုတော့ မြေစွဲကလေးပျောက်သဲ့ဆေး ပါ. . . အကြောများ နာနေရင်လည်း ပြေပျောက်ပါသယ် . . . ကျုပ်အဘ သင်ပေးသွားသာလေ. . . ပဲခူးမြေ၊ ပုဂံမြေ၊ လေးကျွန်းမြေအမျှစ် နဂါးပြေက ရေနဲ့ဖျော်ပြီး အထက်က စလို့ အောက်ဘက်စုန်လူးရသတဲ့. . . ကြည့်နေ ခင်ဗျားနွား တစ်အောင့်နေလို့ ထမပြေးတော့ပြော . . . နောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုကျီးညို ရှာလိုက်ခဲ့မလုပ်နဲ့ . . . ကျုပ်က လိုက်ချင်ချင်ရယ်"

လုပ်ပြန်ပြီ။ သူကတော့ ရိုးရိုးပြောနေတာပါပဲ။ ဒါပေမယ့် ခင်နှောင်းကိုပဲ ပြောနေသလိုလို။ ကိုကျီးညိုက ငနီကြီး ပေါင်ခြံရင်းကနေ ခွာအထိ ဆေးတွေကို ပယ်ပယ်နယ်နယ်ကြီး သပ်သပ်ချကာ လူးပေးရင်း ပြောနေခြင်းဖြစ်သည်။ သူ့လက်နှစ်ဘက်သည်ပင် ဆေးနှစ်မည်းမည်းတွေ ပေနေတော့၏။ ပြီးတော့ ခေါင်းကိုင်လိုက်၊ ကျောကိုင်လိုက် ပွတ်သပ်လို့။ အားနာစရာ။

"နေစမ်းပါဦး ကိုကျီးညိုရ . . . အဲသည် ဆေးက ဘယ်လိုရယ်"

အမောင်လေးက ကိုကျီးညိုဆေးကို စိတ်ဝင်စားပုံရ၏။ နာမည်တွေ ဘာတွေတောင် ထည့်ခေါ်လို့ပါလား။ ကိုကျီးညိုတဲ့။ ဘာကြောင့်မှန်းတော့မသိ။ အမောင်လေးနဲ့ ကိုကျီးညို ခင်မင်သွားကြရင် ကောင်းမှာလို့ ခင်နှောင်း တွေးနေမိ၏။

"ဩော် . . . ပဲခူးမြေဆိုသာက ချောင်းဟိုဘက်က မြေပျား . . . ပုဂံမြေဆိုသာက ချောင်းသည်ဘက်က မြေပျား . . . လေးကျွန်းမြေက ဟောသည် လမ်းလေးခွ အလယ်တည့်တည့်က မြေကို တူးရသာ . . . တစ်ကျွန်းမြေကတော့ သုသာန်ကမြေလေ . . . အဲသည် မြေလေးမျိုး ပေါင်းပြီး နဂါးပြေက ရေဆိုသဲ့ ရေနံကြေးနဲ့ ရောနယ်ထားသာ . . . မြေစာတ်နဲ့ ရေနံပေါင်းပြီး အစွမ်းထက်ချင် တိုင်းထက်တော့သာပျား . . ."



"ဒို့ ခနပါဦး . . . အဲသာတွေနဲ့ နွားခြေထောက်နာသာနဲ့ ဘာဆိုင်လို့တုန်းဗျ . . . ဆေးမြစ်နာဖြစ်လည်း မပါဘဲနဲ့ ခင်ဗျားဟာ . . ."

"မြေစွဲ အစိက ပျောက်သဲ့ဆေးလို့ ကျုပ်ပြောသားပဲ . . . နွားခြေထောက်နာသာကတော့ ရေနံလူးရုံနဲ့ ပျောက်သာပေါ့ ကိုချစ်ခင်ရဲ့"

အမောင်လေးက ကိုကျီးညိုကိုကြည့်ကာ ဘာကြောင့်မှန်းမသိ ပြုံးနေသည်။ ကျေကျေနပ်နပ်ကြီး ပြုံးနေတာတော့ သေချာသည်။ အမောင်လေးမျက်နှာက အပြုံးဆိုတာ မြင်ရခဲသား။ အခုကော ဘာကို ပြုံးတာလဲ။ ခင်နှောင်းသိချင်သည်။ အမောင်လေးမျက်နှာကို လှမ်းကြည့်ရင်း ကိုကျီးညိုကို သူခင်မင်သွားတာ သေချာရဲ့လား။ ခင်နှောင်းအကဲခတ်သည်။ အို . . . ငါက ဘာကိစ္စ အကဲခတ်စရာလိုသလဲ။ သူ့ဟာသူ ခင်ချင်ခင် မခင်ချင်နေပေါ့။

"ကိုင်း . . . ခင်ဗျားနွား သက်သာသွားမှာပါဗျာ . . . သိပ်လည်းကြာမနေနဲ့ဦး နွားနေပူရင် ပိုပမ်းသယ် . . . ဖုန်ပူမိသာထက် နွားကျောပူရင် မကောင်းဘူး . . . ကိုင်း ကျုပ်သွားမယ်"

သည်လိုကျပြန်တော့လည်း ကိုကျီးညိုက ခင်နှောင်းတို့တစ်တွေကို တစ်စိုးတစ်စိမှပင် လှည့်မကြည့်တော့ပါလား။ သူ့လှည်းအခွဲကြီးကို တစ်ချိုးတည်း မောင်းထွက်သွားတော့၏။ တကန်တကဆေးဖော်ပြီး စောင့်လူးပေးတာကိုတော့ ခင်နှောင်းကျေးဇူးမမေ့ပါ။ မောင်းမင်းကြီးသား အားကိုးရလို့ တော်ပါသေးရဲ့။ တစ်ယမ်းတုံး လူတွေနဲ့ ဘုဘောက်ကျနေရလို့ပဲ အမောင်လေး မောသွားပြီလား

www.burmeseclassic.com

www.burmeseclassic.com



မသိ။ ကိုကျီးညိုထွက်သွားရာကို လှမ်းမျှော်ကြည့်ရင် ဘာတစ်ခွန်းမျှ မပြောတော့ပါ။ ငတရော်ရွာရိပ်ကထွက်ဖို့ ပြင်ရပြီ။ သည်အချိန်ကလေးမှာပဲ ခင်နှောင်းတို့ လှည်းနားကို တိရစ္ဆာန်ဆေးကုဆရာလေး ရောက်လာသည်။

"ကိုချစ်ခင်. . . စာစာက ကျွန်တော်တစ်ခေါက်လာကြည့်သေးတယ်"

"သြော် . . . နွားဆရာ"

"ကျွန်တော် အလုပ်လက်စလေး မပြတ်သေးလို့ မလိုက်သေးဘူးဗျာ . . . ညနေ မဖူးငုံတို့ လှည်းနဲ့တော့ ကြုံကောင်းပါရဲ့ . . . ဘုရားသိကြားမလို့ . . ."

မဖူးငုံ။ မဖူးငုံ နာမည်ပါလာတော့ အမောင်လေးက ကိုယ့်ကို တစ်ချက်ငဲ့လိုက်သည်။ ဆရာလေး ကိုသိန်းဒန်ကို စကားတစ်လုံးမှ မပြောဘဲ တွေတွေကြီး စိုက်ကြည့်နေသည်။ ကြုံကောင်းပါရဲ့တဲ့လား။ မကြုံကြုံအောင် စောင့်နေမှာကို သိလျက်နှင့် ကံကို ယိုးမယ်ဖွဲ့နေတာကတော့ ရယ်စရာကောင်းနေသည်။

"ခင်နှောင်းကတော့ ကျွန်တော်မလိုက်ဟာ ဝမ်းသာ သွားမှာပေါ့ဗျာ။ ဟား ဟား ဟား . . . ခေါ်မှာလား ခင်နှောင်းရဲ့ . . ."

"လှည်းကြပ်နေသာ ဆရာလေးအမြင်ပဲဉစ္စာ. . ."

သည်တစ်ခါတော့ အမောင်လေးဘက်က ခင်နှောင်း ဘုဝင်တောလိုက်မိသည်။ သည်လို သရိုးသရီလုပ်ချင်တာမျိုး ခင်နှောင်း မကြိုက်။ ပြီးတော့ အမောင်လေးကို သည်လို ညွှန့်ချင်တာမျိုးတော့လည်း ယောက်ျားမပီသသလို ခံစားရတာလည်း ပါပါသည်။ အမောင်



လေးက နှုတ်ပင်မဆက်တော့ဘဲ လှည်းကို ဖောင့်ခနဲ မောင်းသွက်ခဲ့တော့၏။ သည့်ရှေ့လမ်းတစ်လျှောက်မှာတော့ ရွာဆက်ရယ်လို့ မငဲ့တော့ပါ။ လမ်းဘေးဝဲယာ ဆေးခင်းတွေ၊ နေကြာခင်းတွေ၊ မြေပဲခင်းတွေက ပိုပြီး ထူသိပ်လာသည်။ ချင်းတွင်းမြစ်နှင့် ပိုနီးလာလို့လားတော့ မသိ။ ဆေးပင်တွေက ရေနံ့ရကြတော့ သန်စွမ်းလိုက်ပါဘိ။ တချို့များ လူ့တစ်ရပ်တောင်ရှိသည်။ နေကြာပွင့်တွေက နေရောင်အောက်မှာ ပို၍ အရောင်လွင်လာသည်ထင်ရ၏။ ဝါဝင်းထိန်တောက်လို့နေသည်။ ဆေးခင်းတွေကိုလွန်တော့ ပွဲတော်ကွင်းပြန့်ပြန့်ကြီးကို အဝေးက လှမ်းမြင်နေရလေသည်။ ခင်နှောင်းရင်တွေပင် လှိုက်ခနဲ ဖိုသွားမိတော့၏။ ပွဲတော်ကွင်းဆီ ကိုယ်ကလေးမတ်ကာ ခေါင်းကလေးထောင်ကြည့်ရင်း တစ်နှစ်တစ်ခါရောက်ရပါပြီကောရယ်လို့ ဝမ်းသာလွန်း၍ မျက်ရည်စို့ချင်၏။ ဖုန်လုံးကြီးတွေ တလိပ်လိပ်လုံးတက်လာပုံကိုက ရွှေကူ နီနန်း၏ သင်္ကေတ။ အသံခွဲ့စက်သံတွေ တဝေါဝေါကြိုင်ကြိုင်ဆူနေ တာကိုက ဖေကြီးကျော်နတ်ပွဲ၏အသံ။ အသံတွေကြောင့် နွားကြန်စုံသည်ပင် ပိုမြူးလာလေသလား ထင်မိ၏။

အရီးကြော့သည် လှည်းပေါင်းမိုးထဲက ခေါင်းပြူထွက်ရင်း နဖူးပေါ် လက်ဖြန့်တင်ကာ ဖေကြီးကျော်ကို လှမ်း၍ အရိုအသေပြုရင်း တိုင်တည်လိုက်သည်။

"ကိုင်းတော်. . . မောင်ကြီးကျော်နန်း အရောက်လှမ်းခဲ့ကြသဲ့ နှမကြီးတွေပါဘုရား. . . နှုတ်ကိုလည်း စောင်မတော်မူပါ လက်ကိုလည်း စောင်မတော်မူပါ. . . မြေသီးမြေနှံများ ကောင်းအောင် မတော်မူပါ. . . စီးပွားလာဘ်လာဘများ ပေးတော်မူပါ. . . ညာဘက်က တစ်လှည်းဝင်လို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်က တစ်ကမ်းသွင်းတော်မူပါ မတော်မူပါ စ,တော်မူပါ ချစ်ခင်,တော်မူပါ . . . မောင်ကြီးကျော်ဘုရား. . ."

"ဘယ်နှယ့်ကြောင့် ကျုပ်နာမည်ထည့် ပြောရသာတုံး"

"ချစ်ခင်တော်မူပါ့ဆိုသာ နင့်ပြောသာမဟုတ်ဘူးဟဲ့ သစ်တုံးရဲ့ . . . ကိုကြီးကျော်က ချစ်မှ ခင်မှ မတော်မူမှာ . . . သဟာကို ပြောသာ"

"အို . . . သူ မ,မ ဘယ်သူက လာနေလိမ့်မတုံး"

ဟောကြည့်။ အမောင်လေးက ပြောပုံဆိုပုံကို။ တကယ်တော့ အမောင်လေးပြောတာ ကိုကြီးကျော်က နှစ်စဉ်စောင်မနေလို့သာ ကျွန်းနယ်သူ ကျွန်းနယ်သားများ နှစ်စဉ်လာရောက်ဦးတိုက်ကြဟာပေါ့ဟု ရိုးရိုးသားသား ဆိုလိုရင်းသာ ဖြစ်ပါ၏။ ကိုကြီးကျော်စောင့်ရှောက်သည်ကို ယုံကြည်ကြ၍သာ နတ်ပွဲကွင်းတိုးမပေါက်အောင် စည်ကားနေကြခြင်း ဖြစ်သည်ကို အမောင်လေးက ယုံကြည်လေးစားစွာဆိုသော စကားသာ ဖြစ်ပါ၏။ ဒါပေမယ့် ပြောပုံက အချိုးမကျတော့ ကြားရတာ မချိုသာ။ အမောင်လေးက အဲသလို အမောင်လေး။

နတ်ပွဲကွင်းစပ်မှာပဲ ရွာပေါင်းတကာက လှည်းတပ်ကြီးက ကွင်းအပြည့် အပ်ချစရာပင် မရှိလောက်အောင် ထောင်သောင်းချီကာ ပိတ်သည်းနေသည်။ ခင်နှောင်းတို့ ဖြူဘူးရွာက လှည်းတွေ ဘယ်နားချွတ်ကြတာပါလိမ့်။ လှည်းတွေက ခွဲခြားမရသလို နတ်ပွဲလာသူတွေကလည်း တစ်သားတည်း။ လှည်းတပ်ကြီးဆီမှ မီးခိုးငွေ့တွေ အူအူ ထနေသလို နတ်ပွဲလာသူတွေကလည်း နှမ်းတောင်းကြီး မှောက်



ကျထားသလို တအုံတမကြီး။ သည်မြင်ကွင်း သည်လှည်းတပ်ကြီးကို နှစ်စဉ်တွေ့နေကျဖြစ်သော်လည်း နှစ်တိုင်းလည်း လှည်းတစ်စီးမလွဲသာအောင် ဖြစ်နေတတ်ခြင်းကို ခင်နှောင်း အံ့သြနေမိရပါသည်။

"ဟေး မမခင်နှောင်း ကျုပ်တို့က သည်မှာ"

မိပုံ့တို့တစ်တွေက လှမ်းခေါ်ကြသည်။ ကိုယ့်ရွာကိုယ်လှည်းအုပ်စုအလိုက် နွားချွတ်ကာ စုစုစည်းစည်းနေတတ်ကြခြင်းသည်ပင် ရွာစိတ်ရပ်စိတ်ခေါ် လေမလား။ ကိုကြီးကျော်ပွဲကွင်းထဲ လှည်းများကို အိမ်လုပ်ကာ ရွာလာတည်ကြတာနှင့်တောင် တူပါ၏။

"လှည်းအုပ်ကြီးထဲ ခေါင်းဝင်မသျှိုတော့ဘူးဟာ . . . မနီးမဝေး သည်ဘက်ကန်သင်းဖုံ့ရပ်မှနဲ့ တူသယ် . . ."

ကွင်းပြင်အပြည့်ဖြစ်နေသော လှည်းအုပ်ကြီးထဲ ခေါင်းထိုးမဝင်တော့ဘဲ ခင်နှောင်းတို့ လှည်းကို ရွာလှည်းတွေနှင့် မနီးမဝေး လှည်းဝိုင်းကြီးအပြင် နှုတ်ခမ်းသားရှိ ကန်သင်းပေါင်ကိုလှည်းဘီးနှစ်ဘီးခွကာ ရပ်လိုက်သည်။ အမောင်လေးကတော့ သူ့နွားတွေကို ချွတ်ကာ အရိပ်ရှာသော်လည်း လှည်းကွင်းတစ်ကွင်းလုံး အရိပ်ရသစ်ပင်ရယ်လို့ မရှိ။ ကွင်းပြင်ခေါင်ခေါင်ကြီးထဲသို့ တပေါင်းနေသည် စူးစူးရှရှ ပြင်းပြင်းပျပျကျလို့ နေသည်။ ငနီရော တိမ်ပြာပါ ချွေးတွေ ရွှဲကြလို့။

"ကဲ ခင်နှောင်း . . . အမေ့ထည့်ပေးလိုက်သဲ့ ငါးစပ် တင်းတိမ်စောင်ကြီးထုတ်စမ်း . . . ငါပေါင်းမိုးက ဆွယ်ပြီး ဝါးလုံးထိုး လိုက်မယ် . . . နွားတွေ အရိပ်ရအောင် စောင်ကို ဝါးပေါ်လွှားပြီး ကြိုးချည်လိုက်စမ်းမယ် . . . ကိုင်း ငါ့ကောင်ကြီးတွေ အရိပ်ထဲ နားရအောင်ဗျား . . ."

www.burmeseclassic.com

www.burmeseclassic.com



အမောင်လေးက လှည်းဘေးကပ်ချည်လာသည့် ဝါးလုံးလေးငါးလုံးဖြင့် ငါးစပ်တင်းတိမ် တဲပြန့်ကြီးဖြစ်အောင်ထိုးကာ နွားတွေကို အရိပ်ကောင်းကောင်းထဲ သွင်းလိုက်သည်။ ခင်နှောင်းတို့တစ်တွေကတော့ လှည်းအောက်ဖျာခင်းကာ အရိပ်ခိုကြရ၏။ ပူလိုက်တဲ့နွေ။ တောသူတောင်သားတွေပေမယ့် ခြစ်ခြစ်တောက်နေပူလာတော့ အပူဒဏ်ကို ဖျင်းဖျင်းထအောင် ခံစားရသည်။ ခဏနေတော့ အမောင်လေးက နတ်ပွဲကွင်းအုတ်ရေကန်ဆီသို့သွားကာ ရေနှစ်ပုံးဆွဲလာသည်။ နွားနှစ်ကောင် ရေတိုက်၊ လှည်းပေါ် ခင်းလာသည့် မြေပဲရိုးတွေကျွေးပြီးတော့မှ ခင်နှောင်းတို့ ထမင်းတောင်းချကာ ထမင်းစားလိုက်ကြသည်။ ပြီးလျှင်တော့ ဖေကြီးကျော်နန်းသွားကာ ပန်းတော်ဆက်ကြရဦးမည်။

နတ်ပွဲကွင်းမှ ဖြောင်ဖြောင့်ရောက်ပါ့မလား တစ်လမ်းလုံးပူခဲ့ရသည့် ခင်နှောင်း အခုမှပဲ အလုံးကြီးကျရတော့သည်။ ငနီကြီးခြေနာပုံမပြတော့။ ကျေးတောသူဆိုတော့လည်း နွားလန်းတာ မလန်းတာလောက်တော့ သိထားသူဖြစ်သည်။ ကိုကျီးညို့ဆေးက စွမ်းလှလွန်းလို့ပဲလား။ ကိုကျီးညိုတစ်ယောက် နတ်ပွဲကွင်းထဲမှာပဲလား. . . ။ သူ့အိမ်ဆိုတာကကော ဘယ်နားမှာလဲ . . . ။ ခင်နှောင်းတွေးမိရင်းမလုံမလဲ.အရိုးကြော့တို့ သားမိတတွေကို ဖျပ်ခနဲ လှမ်းကြည့်လိုက်မိ၏။ သားအမိသုံးယောက် ဘယ်လောက်ဆာနေကြသည်မသိ။ စားလိုက်ကြတာများ ပလုတ်ပလောင်း။

ပွဲတော်ကွင်းကတော့ ခြတောင်ပို့ ဖြိုချလိုက်တာနှင့်တောင်တူနေလေသည်။

■

(၇)

"ကဲ မိနှောင်း . . . နင့်တို့ကိစ္စ အရင်သွားလုပ်ကြချေ . . . ငါလှည်းစောင့်ရင်း တစ်ရေးမှေးလိုက်ဦးမယ်"

ခင်နှောင်းက စားပြီးသောက်ပြီးသည်နှင့် အိုးခွက်ပန်းကန်တွေ ဆေးကြောသိမ်းဆည်းသည်။ အမေပေးလိုက်သည့် လွယ်အိတ်ကလေးဖွင့်ကာ ပိုက်ဆံတွေပြန်စစ်၊ လွယ်အိတ်ကလေးကို ပြန်ထုံး။ ပွဲတော်ကွင်းထဲ သွားဖို့ အစ်ကိုဖြစ်သူ ခွင့်မပြုသေးတော့ ချက်ချင်းထသွားရဲတာ မဟုတ်။ အခုတော့ သွားချင်သွားကြဆိုနေပြီ။ နင်တို့ကိစ္စဆိုတာက နတ်နှင့်ပတ်သက်လို့ လုပ်စရာရှိတာလုပ်၊ ဝယ်စရာရှိတာဝယ်၊ ငေးစရာရှိတာ ငေးကြလို့ ဆိုခြင်းဖြစ်၏။ အဓိကကတော့ ကိုကြီးကျော်နန်းမှာ နတ်ပန်းဆက်ဖို့။ ကိုကြီးကျော်ပွဲရောက်လျှင် နန်းရင်ပြင်အရောက်သွားကာ ရွှေပိန်းချကိုကြီးကျော်ပုံတော်ကို ပန်း၊ ကြက်ကြော်၊ အရက်ကဇော်စသဖြင့် အရင်ဆုံးသွားရောက်ဦးတိုက်ဆက်သရသည်။ အသပြာဆက်သူကလည်း ဆက်ကြသည်။ ဘယ်လောက်ဘယ်မျှရယ်မဟုတ်။ သတိတရရှိသည်ဆိုလျှင်ပင် လုံလောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ နတ်ပွဲကွင်းထဲလည်၊ ပွဲဈေးတန်းမှာ ဈေးနာဝယ်။ ပွဲတော်ကွင်းရောက်လျှင် သူ့ကို အရင်ဦးတိုက်မှလည်း ကိုကြီးကျော်ကကြိုက်သည်ဟု ယုံကြည်ကြသူတွေ ဖြစ်သည်။

"လှည်းစောင့်သာက ဟုတ်ပါပြီ . . . အမောင်လေး အိပ်ပျော်သွားလို့ နွားတွေ လူဆွဲသွားမှ ဟုတ်မေ့ ဖြစ်နေဦးမယ်"

"နင်က ငါ့ကို ဆရာလုပ်နေပြန်ပါပြီ . . . နွားတွေကို ငါ့လည်ပင်းကြိုးကွင်းစွပ်ပြီး အိပ်မဗျား၊ ကိုင်း . . . သွားမှာ သွားကြစမ်းပါ . . . ကတည်းဟာ"

လည်ပင်းကြိုးကွင်းစွပ် အိပ်မှာဆိုတာကတော့ ခင်နှောင်းကိုပေါ့ခြင်းဖြစ်သည်။ သည်လောက်လုပ်စရာတော့လည်းမလို။ အမောင်လေးက သူ့ထုံးစံ အကဲကလေးပိုလိုက်ရမှ။ တစ်ခုတော့ ရှိပါ၏။ နတ်ပွဲကွင်းမှာ ဟိုတုန်းဟိုခါကလို နွားပျောက်နွားဆွဲမရှိ စိတ်ချက်လက်ချထားလို့တော့ မဖြစ်နိုင်တော့ပါ။ သည်ဘက်နှစ်တွေမှာ ဒါမျိုးတွေကြားလာရသည်။ ကိုယ့်နွားအကောင်းကို မျက်စေ့ကျသူက နွားချင်းလဲပြီး မောင်းသွားတာမျိုး၊ လူသူလေးပါးလွတ်ကင်းလျှင် နွားကို ကြိုးဖြုတ်ဆွဲသွားတာမျိုးတွေ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကြားလာရပြီ။ ခိုင်းနွားတစ်ကောင် တစ်သိန်းကိုးသောင်းတန်နေသည့် ကာလကြီးမှာ နွားတစ်ကောင်ပျောက်တာ ရွှေပျောက်သထက် တန်ဖိုးကြီးလာပြီမဟုတ်လား။ ရွှေက ချက်ချင်းဝယ်လို့ရသည်။ နွားက စိတ်တိုင်းကျဖို့ခက်သည်။ ဒါကို ခင်နှောင်းက သတိပေးခြင်းဖြစ်သည်။ တကယ်တော့ သတိသာပေးရတာပါ။ အမောင်လေးက သူ့နွားတွေကို မက်စက်တာ သိပြီးသား။



"လာစမ်းပါအေ. . . ချစ်ခင်က ကလေးမဟုတ်ပါဘူး. . . သူ့ဟာသူ လည်ပင်းစွပ်စွပ် ခြေမစွပ်စွပ် . . . တော်ကြာ ရွာစုံပြုံကျလို့ မောင်ကြီးကျော်နန်း လူကြပ်မှတိုးမရ ခွေ့မရဖြစ်နေပါဦးမယ် . . . ကတည်း"

နဂိုက အရောက်နောက်ကျရသည့်အထဲ ခင်နှောင်းတို့မောင်နှမက တစ်မှောင့်ဆိုသည့်ပုံနှင့် အရီးကြော့က လောဝင်ဆော်သည်။ အရီးကြော့ပြောလည်း ပြောစရာ။ နတ်ပွဲကွင်းမှာ လူတွေဆိုတာ ပုရွက်တွင်းရေလောင်းချလိုက်သလို မွမွတက်နေသည်။ အကျည်းသန်သည့် နှမ်းခင်းထဲက နှမ်းပင်ပေါက်တွေလို ပိတ်ပိတ်သည်းသည်းဖြစ်နေပြီ။ တိုးလို့မပေါက်အောင် စည်နေပြီကော။ လှည်းဝိုင်းကြီးနားက သောက်ရေအိုးများတည်ရာ ထန်းလက်တဲရိပ်ခိုနေကြသူတွေကပင်မနည်း။ လူ့ခါးစောင်းလောက် ပစ်ထိုးထားသည့် ဝါးလုံးတန်းပေါ်က ရေအိုးအလုံးငါးဆယ်လောက်ပင် ရေသောက်သူတွေ လက်မလည်နိုင်။ ချင်းတွင်းမြစ်ရေကို ရေစုပ်စက်ဖြင့် တိုက်ရိုက်ပိုက်သွယ်ကာ ရေဖြည့်နေသူတို့လည်း ရေပိုက်ကို လက်ကမချလိုက်ဖြည့်နေရ၏။

စက်ဘီး၊ဆိုင်ကယ် အအပ်လက်ခံသည့်ဌာနမှာလည်း သူ့နေရာ၊ သူ့ဝါးတန်းကလေးအတွင်းမှာ နောက်ထပ်သွင်းစရာ၊ ထားစရာ နေရာပင် မရှိသလောက်။ အလှူခံဌာနတွေ၊ စားသောက်ဆိုင်ခန်းကလေးတွေ၊ ပြီးတော့ ဖင်တစ်ထိုင်နေရာကလေး ကျပ်ကျပ်သပ်သပ် တောင်းတစ်လုံး၊ ခြင်းတစ်လုံးစာ ခင်းပြီး ဈေးရောင်းနေကြသူတွေ။ နတ်နန်းသွားရာ လမ်းကျဉ်းကလေးတစ်လျှောက် နဖူးစည်းပိတ်နီစကြီးတွေ ပတ်ထားသည့် ထန်းလက်မိုး၊ ဝါးကပ်ကြမ်းခင်း

www.burmeseclassic.com

www.burmeseclassic.com



ယာယီမဏ္ဍပ် ယာယီနတ်နန်းတွေက စီကာစဉ်ကာ တစ်ခန်းနှင့် တစ်ခန်း ပုတီးစေ့ သီနေကြသည်။ အရိုးအစဉ်အတိုင်း ရောက်လာကြသည့် နတ်နန်းများ ဖြစ်သည်။ တချို့က ကွင်းစောင့်နတ်နန်း ခေါ်ကြ၏။ နေရာတိုင်းမှာ နတ်ပွဲတော်လာလူတွေက ပဲသွန်ပဲမှောက်။ ပွဲအစပ်ကွက်လပ်ကြီးထဲ ဗန်းခင်းရောင်းနေကြသော မြစ်ငါးသည်များ။ ကြက်သားသည်များဆီမှ သားစိမ်းငါးစိမ်းအညှီနံ့တွေကလည်း သည်ဘက်ပွဲကွင်းထဲက ညှော်နံ့၊ ရေမွှေးနံ့များနှင့်အတူ အီတောက်တောက်ကြီး ဖြစ်နေသည်။ သည်အနံ့ကပင် ကိုကြီးကျော်နတ်ပွဲဆီ၊၊ ပွဲတော်ရနံ့လို့ ခေါ်ရမလားမသိ။

ခင်နှောင်းတို့ တူဝရီးတစ်တွေ ကိုကြီးကျော် နန်းရင်းရှိရာ အနောက်ယွန်းယွန်းဘက် ဦးစိုက်ရင်း တိုးကြရသည်။ ကိုကြီးကျော်စံရာ နန်းရင်းတောင်ပေါက်မှ သံချေးရောင် နတ်မြင်းကြီးနှစ်ကောင်က ထပဲ ဟီလိုက်တော့မလိုလို၊ ပတာပ်ပဲ ထရပ်တော့မလိုလို။ စံနန်းပေါ်မှာလည်း ရောက်နှင့်ကြသူတွေ ကြိတ်ကြိတ်တိုးလို့နေကြသည်။ လမ်းကျဉ်းတစ်လျှောက်လုံး ကိုကြီးကျော်ဆက်သသည့် နတ်ပန်းရောင်းတဲ့ဆိုင်တွေက ဗုံတောင်စီလျက်ရှိသည်။ ခင်နှောင်းတို့က စံနန်းအနောက်ဘက်ရှိ ကိုကြီးကျော် ကန္နားပေးနေရာ ဧည့်ခံနန်းဆီသို့ အရောက်တိုးခဲ့ကြသည်။ ဧည့်ခံနန်းရှေ့ရှိ ပန်းဆိုင်တစ်ဆိုင်က နတ်ပန်းတစ်စည်းစီ ဝယ်လိုက်ကြပါသည်။ ပန်းတွေကမျိုးစုံ။ သပြေ၊ နှင်းဆီ၊ မေမြို့ စသည့်ပန်းတွေအပြင် အုန်းဖူး အုန်းခိုင်ကြီးတွေလည်း ရှိသည်။ စိုစိုဖပ်ဖပ် အသွေးစုံကြွနေတော့ အလှဆုံးရွေးဖို့ပင် ခက်နေရသည်။ တစ်စီးကောက်ကိုင်လိုက်၊ တစ်စီးရွေးလိုက်၊ ပြန်ချလိုက်။ ဒါလေးကကော . . . လှတာပါပဲ။



"အမေ ရွှေကိုင်းမယ်တော် ကြွပြီးသွားပြီလားတဲ့"

"ကြွလာပြီရယ် . . . ကျွဲလှည်းတောင် ဖြုတ်ပြီးသွားပေါ့"

"ဟော်တောအေရယ် . . . မိမှ မမိလိုက် နာချက်တော့"

"မိလည်း တော့်လောက် လူလုံးနဲ့ မတိုးနိုင်သေးဘူး . . . လူတွေ အားကြီးလွန်းလို့ နင်းချေသွားမှာပဲ"

ချေးသည်က သူ့အမြင်ကို အားမနာတမ်း ပြောခြင်းဖြစ်သည်။ ပန်းသည်ရှေ့ ပန်းရွေးတာတောင် လူတိုးမလွတ်။

"ဟဲ့ ပလုတ်တုတ် . . . ဘယ်နှာကြောင့် ဇွတ်တိုးရသာပါလိမ့်တော် . . . လူကို ဟတ်ထိုးလဲတော့မလို့ . . . ပလီစိချောက်ချက်မတွေ . . . နတ်ပွဲသလားချင်လို့ လာရှသဲ့ဟာတွေ . . ."

ကြီးတော်သုံးလိုက်သော ပလီစိချောက်ချက်မတွေဆိုတာကို ခင်နှောင်းသဘောကျမိသည်။ ဒါက ရွာအသုံးဖြစ်၏။ အလေးအနက်မဟုတ်ဘဲ ဟန်လုပ်နေသူတွေလို့ ဆိုလိုခြင်းဖြစ်သည်။ တချို့တွေကလည်း ကိုကြီးကျော်နတ်ပွဲရောက်ဖူးတယ်ရှိအောင် ရောက်လာတတ်ကြသည့် ဧည့်သွားဧည့်လာတွေလည်းရှိသည်။ ကိုကြီးကျော်နတ်ပုံတော်ရှိရာ ဧည့်ခံနန်းရှေ့မှာ လူတွေက လူးလူးလိမ့်လိမ့်ရှိနေကြ၏။ ခင်နှောင်း အခေါက်ပေါင်းများစွာ ရောက်ဖူးသော်လည်း ကိုကြီးကျော်နတ်ရုပ်ကို ရဲရဲမော့်မကြည့်ဝံ့၊ အမေတို့ပြောကြသည့်အတိုင်းဆိုလျှင် အရွယ်မရောက်သေးသည့် မငွေတောင်ကို အတင်းလက်ဆက်သတဲ့၊ ထန်းရည်သည်မ မယားမဘိုမယ်ကို နှိပ်စက်သတဲ့။ မြင်းကြီးဧော မှာ

www.burmeseclassic.com



ဒူးပေါ် ပေါင်ပေါ် ထိုင်လျက်၊ ကြက်ကိုပိုက်၊ သောက်ခေါင်ပူးနှင့် ဖလား ကိုင်ထားသော အိမ်မှာချိတ်ထားတဲ့ ကိုကြီးကျော်ပုံတော်မှာပင် တန်ခိုး ဣဒ္ဓိပါဒ်တွေ ရှိနေသလားထင်မှတ်ရ၏။ အမေ့နတ်ခန်းထဲ ခင်နှောင်း ရဲရဲမဝင့်ဝံ့။

ချင်းတွင်းမြစ်ရိုးက ပခန်းကိုးကြသည့် နယ်သူနယ်သားတွေ၊ ခင်နှောင်းတို့ ကျွန်းသားတွေ၊ ပြီးတော့ နယ်ပေါင်းစုံက ဖေကြီးကျော် ကို ပသလိုက်စမ်းမဟဲ့ဆိုကာ ရောက်လာကြသူတွေ။ တစ်ယောက် ဖနောင့် တစ်ယောက်နင်းမိမတတ် ခြေသလုံးချင်းရိုက်နေကြလေ သည်။ နန်းရင်းဘက်ဆီက လူကြိတ်သံ၊ ကြက်တိုက် နန်းဘက်ဆီမှ ကြက်လောင်းဒိုးသံ၊ ညှော်ခံနန်းပေါ်က နတ်ဆိုင်းသံတွေကလည်း အသွေးအသားထဲများ ဆေးထိုးသွင်းသလို တဆစ်ဆစ်ဝင်နေလေ သည်။ နတ်ဒိုးသံကြောင့် သွေးကလေးကြွကာ ပိုမြူးလာကြနလေ သလားမပြောတတ်။ ခင်နှောင်းတို့တစ်တွေပင်လျှင် လက်လှုပ်ချင် သလိုလို ခြေလှုပ်ချင်သလိုလို အသံများတောင် တုန်ချင်နေကြပြီ။

ညှော်ခံနန်းခြေရင်း လှေကားဘေးမှာ တစ်အောင့်စာစုံ ရပ်ရင်း နန်းပေါ်တက်ဖို့ ပြင်နေကြသူတွေကို ခင်နှောင်းတစ်ချက် အကဲခတ်လိုက်မိသည်။ ထဘီတိုတို ခါးသိမ်အောင်ဝတ်၊ ဖိနပ်ခါးထိုး သူကထိုး၊ ခေါင်းပေါ်က ဘီးစပတ်ပြေသူကပြေ။ တိုးလိုက်တိုက်လိုက် စမ်းမဟာဆိုကာ သောက်ထားသည့် ထန်းရည်ကလေးအမူးအားကိုး နှင့် လူရေးပြချင်သူတွေလည်း မြင်နေရသည်။

*"ပိုးပုသိမ်ဝေဘူပေါင်းရယ်နဲ့ ××× ကြက်*
*လောင်းမယ် ရွှေပွဲလာ ငွေပါရဲ့လား ××× ပြာကျားတဲ့နော်*
*××× ခုန်လွှားကာ တစ်ခါကျော်လိုက်ရင် ဒင်ကမော်ခေါင်*



*ကချိုးနေကျ ××× ရွှေခန်းပျော် ငယ်ကပျိုးပါတဲ့ အဖိုး*
*ဘယ်မဖြတ်နိုင်ဘူး ××× ကြက်မြတ်ကယ် တိမ်ပြာရောင်*
*ကရယ် ××× မိုးခေါင်ထိကြူး . . . "*

နန်းပေါ်မှ နတ်ကတော်၏ ကြက်လောင်းသီချင်းသံကြောင့် ခင်နှောင်း ကြက်သီးဖျန်းဖျန်းထသွားမိသည်။ ကြက်လောင်းဖို့ ငွေပါ ရဲ့လားတဲ့။ ကိုကြီးကျော်ပွဲလာမှတော့ ကြက်ဖိုးငွေပါကြပေမပေါ့။ နတ် ဆိုင်းသံတွေ ကြိုင်ကြိုင်ဆူနေသည့် နန်းပေါ်မှာလည်း လူတွေက တိုး လို့မပေါက်။ အုံးခနဲ အိမ်းခနဲ တိုးခွေ့နေကြသော လူအုပ်ကြီးက ကြောက်စရာ။ ခင်နှောင်းလက်ထဲမှာ ကိုင်လာသော နတ်ပန်းစည်း ကလေးကို ကိုကြီးကျော် နတ်ပုံတော်ရှိရာ လက်ထိလက်ရောက် သွား ဆက်နိုင်ဖို့ မလွယ်ဘူးထင်ပါရဲ့။ ဇောချွေးများပင် ပျံပါ၏။ ဒါပေမယ့် အားတော့ မငယ်မိပါ။ သည်လိုတိုးကာ ခွေ့ကာ ပန်းဆက်ရတာကပဲ ကိုကြီးကျော်နတ်ပွဲလိုက်ရခြင်း၏ အရသာ မဟုတ်လား။ အရီးကြော့ တို့သားအမိတွေလည်း ခင်နှောင်းလိုပဲ ကြည့်နေကြဆဲ။

"ညည်းတို့ အပျိုမတွေ တိုးနိုင် ထင်ပေါင်အေ. . .
အားလုံး အတွက် ငါတစ်ယောက်တည်း သွားဆက်ကြည့်စမ်း
မယ် . . . ပေး ခင်နှောင်း"

အရီးကြော့က ဆုံးဖြတ်ချက် ကျပုံမျိုးဖြင့် ပြော၏။

"အို အရီးကလည်း . . . တိုးဖို့မလွယ်သာတော့ သိပါရဲ့ . . . ကိုကြီးကျော်နန်းရောက်ကာမှ ပန်းကို လက်ထိလက်ရောက် မဆက်ခဲ့ ရကောင်းလားလို့ အမေက ကျုပ်ကို ဆူမှာပေါ့တော်"

"အေး ဟုတ်သားပဲ . . . ညည်းမအေ မရွှေဘေး က မောင်ကြီးကျော်ဆိုရင် အဲ့ဂဲဆတ်က ဆတ်သနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောလို့သာ ပြောရသည်။ တကယ်တမ်း နန်းပေါ်တက်ပြီး ပန်းဆက်ဖို့ဆိုတာ မပြောနှင့်။ နန်းခြေက လှေကားနားတစ်အောင့်စာ ရပ်ဖို့တောင် မလွယ်ပါ။ ခုလည်း လူတွေက တိုးကြလှပြီ။ လူတွေက ခင်နှောင်းတို့ကို ဝေါခနဲ ဝေါခနဲ ဖိတိုးကာ နန်းကြမ်းခင်းပေါ် ခြေတစ်ကုတ်စာရဖို့ အလုအယက်။ နန်းပေါ်က ဆင်းသူနှင့် နန်းပေါ်ကို တက်သူတွေ အချင်းချင်း ရောထွေးကာလုံးလည်ကြီး လိုက်နေသည်။ အရီးကြော့က ခါးဝတ်ထဘီကို မြဲအောင် ကျစ်ကျစ်ကြီးလုံးကာ တင်းနေအောင် ပတ်လိုက်သည်။ ဘီးစပတ် ပတ်ထားသော ဆံပင်မှ ဘီးကို ဖြုတ်၍ ငယ်ထိပ်ပေါ် မြှောက်၍ ငုတ်စိစိကလေးထုံးလိုက်၏။ နန်းပေါ်က ကိုကြီးကျော် ခြေဖမိုးအရောက် တိုးတော့မည်ဆိုသည့်ပုံ။ ခင်နှောင်းတို့ညီအစ်မသုံးယောက်လည်း အရီးကြော့လိုပင် ထဘီကို တင်းတင်းရင်းရင်းဝတ်၍ အရီးကြော့နောက်က ကောက်ကောက်ပါကြဖို့ ပြင်ကြပြီ။

"တစ်ယောက်ထဘီစ တစ်ယောက်ဆွဲထား မလွှတ်စေနဲ့ ငါရှေ့ကရအောင်တိုးမယ် . . . ဘာရလိမ့်မတုံးအေ . . . မိကြော့သဲ့ဟော့နော် . . . မောင်ကြီးကျော်လက်ထဲ ပန်းဆက်နိုင်မှ ရွာပြန်မယ်ဟေ့"

အရီးကြော့က အံကို တင်းတင်းကြိတ်ကာ မာန်တွေသွင်းရင်း ရှေ့ကနေ ခွတိုးလေတော့၏။ အရီးကြော့နောက်က မမိဂျမ်းက ထဘီခါးစထဲ လက်သွင်း၍ ဆွဲလိုက်သလို ခင်နှောင်းကလည်း မမိဂျမ်းခါးကိုဆွဲ၊ ခင်နှောင်းခါးကို မမိစန်းကဆွဲ။ ခင်နှောင်းတို့ငယ်ငယ်က လသာသာတလင်းပြင်မှာ ကစားခဲ့ကြသည့် ရွှေစွန်ညိုဘာလို့ဝဲဆိုတာနှင့်ပင် တူတော့သည်။ တကယ်တမ်း တိုးကြည့်တော့ အတန်းလိုက်



ကြီး တိုးဖို့ မဖြစ်နိုင်ပါ။ တိုးရင်းတိုးရင်းဖြင့်ပင် ထဘီစမြဲမြဲဆွဲထားသည့်ကြားက လွတ်သွားတော့၏။ ထဘီစလွတ်သွားတော့ ခင်နှောင်းရှေ့ဆက်မတိုးနိုင်တော့ပါ။ ပြုဆင်းကျလာသည့် လူတွေက ခြေထောက်တွေကို နင်းကြတော့သည်။ အရီးကြော့နှင့် မမိဂျမ်းကို မမီလိုက်ကြသော ခင်နှောင်းတို့ညီအစ်မမှာ နန်းအဆင်းလူအားနှင့် အဖိခံရကာ နန်းအပြင်ဘက်သို့ ပြန်ပြီး လည်ထွက်လာကြသည်။ အရီးကြော့တို့သားအမိကို မျှော်ကြည့်လိုက်တော့ ခေါင်းပေါ်က တယ်သီးလောက်ဆံထုံးပုံ့ပုံ့ကလေးလောက်ကိုသာ ဟုတ်နိုးနိုးမြင်ရလေသည်။ အရီးကြော့တို့ကတော့ နန်းရင်ပြင်ထဲ ရောက်သွားကြပြီ။ ရှေ့ကို တိုးနိုင်ပါဦးမလားမသိ။ လူတွေက ပန်းတွေမကျိုးအောင် မြှောက်ကိုင်ထားကြတော့ ပန်းယိမ်းကနေကြသလိုဖြစ်နေ၏။ တဝေါဝေါ လူတိုးသံတွေကြားက နတ်သီချင်းသံက အပြိုင်ထွက်နေသည်။

*"ဒေါင်းအသပြာငွေအများရယ်နဲ့ xxx လောင်းစရာ ဖေမရှားပါဘူး xxx ကြက်ကျားကိုတဲ့ တိုက်မယ်ပြင် ခန်းကြော့နတ်ရှင် xxx တိုက်မယ်လို့ပြင် xxx တိုက်မယ်လို့ပြင် ယဉ်လေတဲ့ သက်ထား xxx ကြက်ဖောင်းပျံ့ရန် ပုံကြွယ်ကရယ် မိုးနယ်ထိကြား . . ."*

ကြက်လောင်းကြက်တိုက်သံတွေ တပြောင်ပြောင်၊ နတ်ဒိုးသံတထိထိက ပွဲတော်လာ ပရိသတ်များကို သွေးကြွအောင် မြှောက်ပေးနေသလိုပင်။ ခင်နှောင်းပင်လျှင် ရင်ထဲ တဆတ်ဆတ်တုန်ကာ ဘာမှန်းမသိဘဲ ရင်ဖိုချင်သလိုလို၊ တွေဝေမိန်းမူးချင်သလိုလို ချောက်ချောက်ချားချား ဖြစ်မိ၏။ လက်ထဲက နတ်ပန်းကို လူလွတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



မြောက်ကိုင်ရင်း ကြက်လောင်းကြေးငွေတစ်ထောင်ကို တင်းနေအောင် ဆုပ်ကာ နောက်တစ်ကျော့ ကြိုးစားတိုးကြပြန်သည်။

"ကြက်ဖောင်းတဲ့ဘဂို ... ပွဲလယ်မှာ မာန်စောင်ထားတယ် ရဲလှရန်ဖြို ... လောင်းမယ်လို့ဆို ... ပို လိုက်ကြလက်ဖျား ... တောင်ဇမ္ဗူပြိုင်သူရှားတယ် ... ခန်းရွှေမြို့သား . . ."

နတ်ဆိုင်းသံက ဗိန်းကြမ်းရိုက်လေ လူတွေက တိုးကြလေ။ သည်နေရာမှာတော့ ယောကျ်ားမိန်းမ မခွဲခြားနိုင်တော့ပါ။ ကိုကြီးကျော်ဆီအရောက်သွားပြီး ပန်းဆက်ဖို့၊ ကြက်ကြော်ဆက်ဖို့၊ အရက်ပုလင်းတွေဆက်ဖို့လောက်သာ စိတ်ဇောရှိကြပါသည်။ ကြက်လောင်းငွေတွေကလည်း တဖွားဖွားနှင့် မြောက်တက်လာသည်။ ခင်နှောင်းကတော့ ခြေထောက်နှင့် နန်းကြမ်းပြင်ထိမိသည်မထင်။ လူတွေ ဖိညှပ် တိုးရာနောက် အလိုက်သင့်ပါသွားပြီး လူတွေပြန်လာရာနောက် တစ်ခါ လိုက်ရပြန်သည်။ ပုံတော်ရှေ့မှ လူအုပ်ကြီးက လျော့သွားသည် မရှိ။ တိုး၍ တိုး၍သာ လာနေသည်။ သည်နေရာမှာ မိန်းမသားရယ်လို့ ဘယ်ယောကျ်ားသားကမှ ညှာမနေအားပါ။ ကိုယ့်ကိစ္စကိုယ်ပြီးဖို့သာ ကြည့်ကြသူတွေ။ မမိစန်းလည်း ဘယ်ရောက်သွားပြီမသိ။ ခင်နှောင်းကတော့ ပန်းတစ်စည်းနှင့် နန်းအပြင်ပြန်ရောက်လု ရောက်ခင်။

အခုမှ ခင်နှောင်းတကယ် အခက်တွေ့ရတော့သည်။ **အရိုး**ကြော့တို့နှင့်လည်း လူချင်းကွဲကြပြီ။ ကိုယ်တစ်ယောက်တည်း **နန်းထဲ**ဝင်ပြီး ပန်းဆက်ဖို့ ဘယ်လိုနည်းနှင့်မျှ မဖြစ်နိုင်တော့။ ကိုကြီးကျော်နန်းရောက်ကာမှ ပန်းမဆက်ဘဲ ပြန်ရတော့မှာလား။ သည်လိုဆိုတော့



ခင်နှောင်းငိုချင်စိတ်ပေါက်သွားသည်။ မျက်ရည်ကျေပင် ငိုင်ကာသည်။ လူတွေက များသည်ထက်သာ များဖို့ ရှိတော့သည်။ နန်းပေါက်လှေကားရင်းမှာ ရပ်ရင်း ခင်နှောင်း မျက်ရည်တွေ စီးကျလာတော့သည်။ အားငယ်စိတ်က ငိုချင်စိတ်ကို တွန်းထိုးလွှတ်နေသည်။ အမောင်လေး လှည်းစောင့်ရင်း တစ်ရေးပဲရနေသလား။ ဆူဆူအောင့်အောင့်ပဲ လုပ်နေရောသလား။ ဒါပေမယ့် သည်သဘာဝတွေကို အမောင်လေး သိပြီးသားပါလေ။

အချိန်ကလေးတော်တော်လင့်သည်အထိ နန်းရင်ပြင်ထဲ ခင်နှောင်းမဝင်နိုင်သေး။ နောက်တစ်ကြိမ်ထပ်တိုးကြည့်ဖို့ အားတင်းမိသော်လည်း လှေကားထစ်အတက်မှာပင် ပြန်လန်ကျလာပြန်သည်။ များလိုက်တဲ့ လူတွေ လူတွေ။ စည်လိုက်တဲ့ ကိုကြီးကျော်ပွဲ။ သည်လောက်သည်လူတွေ ဘယ်ကနေဘယ်လိုရောက်လာကြတာပါလိမ့်။ ရိုက်နှက်ပြီး လွှတ်လိုက်သလား မှတ်ရလောက်အောင် လူတွေ ကိုကြီးကျော်ကို အားကိုးယုံကြည်လွန်းကြတာကို ခင်နှောင်း အသိဉာဏ်နှင့် ချိုးဖဲ့မရနိုင်တော့ပါ။

"ခင်နှောင်း"

"ရှင်"

ခင်နှောင်းရှေ့တွင် မားမားကြီးလာရပ်နေသော ကိုကျော်ညိုကို တွေ့လိုက်ရတော့ အံ့အားပင် သင့်မိပါ၏။ သည်လောက်များပြားလှသည့် လူတွေထဲ ကိုကျော်ညိုကို တွေ့နိုင်မည် မထင်ခဲ့သော်လည်း အခုတော့ စုတ်စုတ်ကန်းကန်းကြီးကို လာတွေ့နေပါပကော။ ကိုကျော်ညိုက လမ်းတစ်လျှောက်မှာ တွေ့ခဲ့ရတုန်းကလို အကျီချိုင်းပြတ် ပုဆိုးတိုတိုနှင့် မဟုတ်တော့။ အကျီလက်ရှည်ဖြူဖြူ ပန္နက္ကူကွက်ပိုးပုဆိုး

www.burmeseclassic.com

www.burmeseclassic.com



ညိုညိုနှင့် ခုံခုံညားညားရှိနေသလို ဆံပင်ဘုတ်သိုက်ကြီးကိုလည်း ရှေးက မင်းသားကြီးတွေလို သပ်သပ်ရပ်ရပ်ဖြီးသင်လာတော့ ကြည်ကြည်စင်စင်အရှိသား။ အသားညိုစိမ့်စိမ့်နှင့် မဟာနဖူးထင်းထင်းကြီးက မြင်သာလှသည်။ အမေတို့ ရွတ်နေကျ ကိုကြီးကျော်နတ်စာထဲကလို 'မြလေးပန်းညို၊ ကြည့်တိုင်းယိုသည် လူညိုမှိုင်း၊ သောက်တိုင်းထွားကြည်၊ ပျိုမျှားချစ်ဖွယ်' ခိုဘာမျိုး။

"ကျုပ် ဟောဟိုက နန်းတိုင် မှန်ကွက်ကလေးထဲမှာ ခင်နှောင်းကို ဖျပ်ခနဲ တွေ့လိုက်လို့ရယ် . . . တွေ့ပြီးမှ ပျောက်သွားလို့ ရှာလိုက်ရသာဗျာ . . ပန်းများကော မဆက်ရသေးပါလား . . ."

နန်းရင်းတိုင်လုံးကြီးတွင် ပိန်းပိတ်နေအောင်ချထားသော မှန်စီရွှေချ မှန်ကူကွက်ကလေးတွေက ဒင်္ဂါးဝိုင်းတစ်ဝိုင်းစာလောက်ပဲ ရှိသည်။ သည်မှန်စကလေးတွေကို အကွက်ဖော်ကာ ဆက်ထားခြင်းဖြစ်၏။ သည်လောက် သေးသေးမှန်ကွက်ကလေးထဲမှာ လာပေါ်တဲ့ ခင်နှောင်းမျက်နှာကလေးကို သူမှတ်မိလိုက်သတဲ့လား။ ကိုကျော်ညိုက ရိုးရိုးပြောနေတာ ဖြစ်စေဦးတော့ ခင်နှောင်း ရင်တွေခုန်မိရပါ၏။ ရင်ထဲမှာ နေကြာခင်းလေတိုက်သလို အလှိုင်းအလှိုင်းထသွားတော့၏။ ကိုကျော်ညိုတွေ့လိုက်ရသည်ဆိုသော မှန်ကူကွက်ကလေးတွေရှိရာ တိုင်လုံးတွေဘက်ကို ခင်နှောင်းမျှော်ငေးကြည့်လိုက်မိသေးသည်။ မှန်ကူကွက်ကလေးထဲက ခင်နှောင်း။ ပျောက်သွားလို့ ရှာလိုက်ရတာတဲ့။ လမ်းပေါ်မှာ ခဏတွေ့ခဲ့ရတဲ့လူက ခင်နှောင်းကို ငယ်ပေါင်းတွေလို ဆက်ဆံနေပါရောလား။



"ခင်နှောင်းတစ်ယောက်တည်းလား . . . အရီးတို့ရော"

"ဟို . . . ဟို အရီးကြော့တို့နဲ့ ကွဲသွားလို့တော် . . . သူတို့တော့ မပြောတတ်ဘူး . . . ကျုပ် အခုထိ နတ်ပန်း မဆက်ရသေးဘူးရယ်"

"ပန်းကိုင်ထားကတည်းက သိသားပဲ . . . ဘယ်လွယ်မှာတုံး . . . ကိုင်း ပေးစမ်းပါဗျား ကျုပ် သွားဆက်ပေးစမ်းပါ့မယ်"

"ဟင့်အင်း . . . ကျုပ်က ဖေကြီးကျော်ဆီ နန်းထိနန်းရောက် လာပြီးမှာတော့ လက်ထိလက်ရောက် ဆက်ချင်သာရယ်တော့်"

မျက်ရည်ဥကလေးတွေဝဲနေသော ခင်နှောင်းရင်ထဲက အာသီသကို ကိုကျော်ညိုသဘောပေါက်ပါသည်။ သူလည်း သည်ကျွန်းပေါ်က ဖေကြီးကျော်နယ်သားပဲမဟုတ်လား။ သည်ယုံကြည်မှုကို ခံစား နားလည်တတ်သူပဲဖြစ်သည်။ ပြီးတော့ ခင်နှောင်းဆန္ဒတွေကို သူလိုက်လျောကူညီချင်နေမိတာလည်း ပါပါသည်။ တရော်လမ်းဆုံမှ ခွဲခွာလာရကတည်းက သူ့ရင်ထဲတွင် ခင်နှောင်းကောက်ကောက်ပါခဲ့ပြီ။ သည်မောင်နှမတစ်တွေ နတ်ပွဲကိုမှ ချောချောမောမောရောက်ပါ့မလား သူ စိုးရိမ်နေခဲ့မိသည်။ ခင်နှောင်းတို့ မိန်းမသားတွေ သူ့လှည်းပေါ် တင်ခေါ်လာခဲ့ချင်သော်လည်း အခြေအနေက မပေးခဲ့သလို ချက်ချင်းကြီး မသင့်ပေဟ်တာလည်း သူသဘောပေါက်သည်။ အသားကလေး ဝင်းဝင်းဝါဝါနှင့် ထူပြည့်ပြည့်ဝိုင်းစက်စက် ဖြူဘွေးသူ ခင်နှောင်း မျက်နှာကလေးကို သူစွဲလန်းမိခဲ့ပြီ။ သူတစ်သက်ဘယ်တုန်း

www.burmeseclassic.com

www.burmeseclassic.com



ကျမှ မလှုပ်ခဲ့သော သစ်ငုတ်က ဒီတကာ်ကလေးထွက်ချင်ခဲ့ပြီ။

ခင်နှောင်းကို တွေ့လိုတွေ့ငြား နန်းရင်းထိပ်က သွားစောင့်နေခဲ့မိသည်အထိ။ မိန်းကလေးတစ်ယောက်အတွက် သူသည် လောက် အပင်ပန်းမခံခဲ့ဖူးတာ သူကိုယ်တိုင်အသိ။ များပြားထူသိပ်လှသော လူပဲပေါင်းချောင်ကြီးထဲမှာ ခင်နှောင်းလို ပဲတစ်စေ့ကို သူ ဘယ်လိုရှာလို့ ဘယ်လိုဖွေရမှန်းမသိခဲ့ပါ။ တွေ့မည့်တွေ့တော့ နန်းရင်းဘိုင်မှန်ကူကွက်ကလေးတွေထဲမှာ အမှတ်တမဲ့ သွားတွေ့လိုက်ရခြင်းဖြစ်၏။ ဆန်းတော့ အဆန်းသား။ ကိုကြီးကျော်ကများ စုံဖက်လေရောသလား။ သူ့ရင်ထဲဝဲနေသော ခင်နှောင်းကို သူကမရှာဘဲ သူ့နှလုံးသားက ရှာနေသည်ကော။ ခင်နှောင်း၏ပုံရိပ်ပေါ်နေသည့် မှန်ကွက်ကလေးနှင့် ဆန့်ကျင်ဘက်တည့်တည့်တန်းတန်းလူအုပ်ကိုတိုးကာ တိုးကာ ထွက်ရင်းရှာလာခဲ့သည်။ သူ့ရင်ထဲက ခင်နှောင်းကို သူရှာဖွေတွေ့ရှိခဲ့ပြီ။ နန်းခြေမှာ။

"ကဲ သာဆိုလည်း ကျုပ်နောက်က ပုဆိုးစသာ ဆွဲလိုက်ခဲ့ ပေရော . . . ဒါရှိသာပဲ . . . ကျုပ်ါနန်းထဲလိုက်ပို့ပေးမယ်လေ"

ဒါရှိတာပဲတဲ့။ ဟုတ်သားပဲ။ တကယ်လည်း သည်နည်းပဲရှိတော့သည်။ ပြီးတော့ သူ့ဘက်ကလည်း ရိုးရိုးသားသား ပြောနေမှန်း ခင်နှောင်းသိပါသည်။ ကိုကျိုးညိုနှင့်မှ လိုက်မသွားလျှင် သည်နှစ်အဖို့ ရာ ခင်နှောင်းနတ်ပန်းဆက်နိုင်ဖို့ မလွယ်တော့။ သည်တော့လည်း ကိုကျိုးညိုနောက်က ပုဆိုးခါးစဆွဲကာ ခင်နှောင်းလိုက်သွားမိတော့၏။ လူအုပ်ကြီးထဲကို သူ့အားနှင့်ဖိတိုးရင်း ခင်နှောင်းကိုလည်း 'မြဲမြဲဆွဲထားနော် မကွာစေနဲ့' ဟု လှည့်ပြောနေသေးသည်။ လူတွေဆီကလား၊ သူ့ဆီကလား ချဉ်စုတ်စုတ်လန်းရည်နံ့ရနေတာ သတိထားမိသည်။ နန်းရင်ပြင်ပေါ် ဖိသိပ်တိုးဝင်လာသော လူလှိုင်းကြီးကို စီးရင်း ခင်နှောင်းပါးပြင်က တစ်ခါတစ်ခါ သူ့ပုခုံးနှင့် ထိလုမတတ်။ နောက်တော့ ကိုကျိုးညိုနှင့် ခင်နှောင်းတို့နှစ်ယောက်စလုံးရှေ့ကတိုးနေကြသည့် လူတွေကို တစ်ရစ်ချင်းကျော်တက်ကာ နတ်ပုံတော်ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတော့၏။ သည်အထိတော့ ခင်နှောင်းက ပုဆိုးစဆွဲလျက်သား။ ကိုကျိုးညိုက သူ့ကို ခွင့်တောင်းနေဟာမျိုးမရှိဘဲ ရုတ်တရက်လှည့်လိုက်ကာ ပခုံးကို ဆွဲကိုင်လိုက်သည်။ ပြီးတော့ သူ့အားကြီးနှင့် ဆွဲယူ၍ အလိုက်သင့် သူ့ရှေ့ရောက်အောင် နေရာဖယ်ပေးသည်။ သူ့ရင်ခွင်ကြီးထဲ ခင်နှောင်းကိုယ်လုံးကလေးပင် သိမ်သွားလေသလား ထင်မိ၏။

"နတ်ပန်းကို ဆက်လိုက်လေ ခင်နှောင်း . . . ကြာ . ကြာရပ်လို့မရဘူး"

ခင်နှောင်းလက်ထဲက ပန်းစည်းကို ပုံတော်ဘေးတွင် ရပ်နေသော နန်းထိန်းကြီးလက်ထဲ လှမ်းထည့်လိုက်သည်။ နန်းထိန်းအမျိုးသားကြီးက ပုံတော်ကို ပန်းစည်းဖြင့်ရိုက်၍ ပန်းကို ပြန်ပစ်ပေးတော့ ကိုကျိုးညိုက လက်ပေါင်းစုံကြားက အလုအယက် လှမ်းဖမ်းလိုက်ရသည်။ နန်းထိန်းကြီးက ဘယ်သူ့ပန်းရယ်၊ ဘယ်ဝါ့ပန်းရယ် လှည့်ကြည့်မနေအား။ လက်ထဲရောက်လာသမျှ ပန်းစည်းဖြင့် ကိုကြီးကျော်ပုံတော်ကို ဖြန်းခနဲရိုက်ကာ ပြန်ပစ်ပေးနေရသည်မှာပင် ရိုင်ပတ်ကာ၍ မြေပဲသီးတွေ ရိုက်ခြွေနေသည့်အတိုင်း။

"ကိုကျိုးညို . . . ကျုပ် ကြက်လောင်းရဦးမှာ . . . အမေက မှာလိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း သဟာဖြင့် လာဗျား သည်ဘက်"

ပန်းဆက်သူ၊အရက်ဆက်သူ၊ကြက်ကြော်ဆက်သူ၊ အသပြာဆက်သူ၊ တောင်းတော်ဆက်သူတွေကလည်း ရှေ့ပိုင်းမှာ တိုးလို့မပေါက်သာ။ ရှေ့တည့်တည့်လှည့်မရတော့ ခင်နှောင်းမှာ ဘေးတိုက်ရွေ့၍သာ ပုစွန်လုံးလိုက်လိုက်ရ၏။ ပန်းစည်းတွေက ပုံတော်ဘေးမှာ တောင်လိုပုံနေသလို ကြက်ကြော်တွေ၊ အရက်ပုလင်းတွေကလည်း နန်းဘေးပေါက်မှ ခြင်းကြားတောင်းကြီးတွေနှင့် ထမ်းထုတ်နေတာ ခင်နှောင်းမြင်နေရသည်။ ဒါတွေသာ အကုန်သောက်ရလျှင် ကိုကြီးကျော် တုံးလုံးလဲရာက ထဖွယ်မရှိ။ နန်းပေါ်မှာ လူတွေက ကြောက်ခမန်းလိလိ တိုးလို့ ခွေ့လို့ ဆက်လို့သလို့မဆုံး။ တစ်သက်လုံးပြီးပါ့မလားလို့တောင် ထင်ရတော့သည်။

"ဗျို့ ဗျို့ သည်ဘက်လာပါဦးဗျ ကိုကြီးကျော်

သည်က နှမကလေးက ကြက်လောင်းချင်လို့သဲ့ဗျား"

ဇာပုဂါပန်းနုရောင်ကို နောက်စထောင်ပေါင်း၍ စိန်နားကပ်ကြီး တဝင်းဝင်းဖြင့် ကြက်လောင်းနေသော နတ်ကတော်ကြီးကို ကိုကျီးညိုက လှမ်းခေါ်လိုက်သည်။ ငွေဖလားတစ်ဘက်၊ ရွှေချထားသောလောင်းကြက်ကို တစ်ဘက်ကိုင်လျက် တငြိမ်ငြိမ့်လှုပ်ခါရင်း နတ်ကတော်က ခင်နှောင်းရှေ့ ငွေဖလားထိုးပေးတော့ ခင်နှောင်းက ကြက်လောင်းငွေတစ်ထောင် ထည့်လိုက်သည်။ မနက်ရေနွေး ညရေအေးနှင့် ကိုကြီးကျော်ငယ်က မွေးပါတဲ့ ကြက်ဖောင်းလေး။ ခင်နှောင်းက ကိုကြီးကျော်၏ ကြက်ဖောင်းကလေးကို ရည်၍ ဆုတွေ တသီကြီးတောင်းလိုက်မိပါသေး၏။



"ဖန်ပြာခွက်နဲ့ ကျောက်စက်တဲ့ ရေကြည်စင်

ပန်း ဖြေဖို့ပြင် xxx ကြက်ပူတိုက်လို့ လွတ်လိုက်ရင် နိုင်ဖို့

သာလျှင် ကြာမနေး xxx အလေးကြော ဘယ်မရှောင်

ပြာကျားသူ အောင်ပေါ့ x x x ဖျိုတို့မောင် သောက်ခေါင်

ကြူးလိုက်မယ် xxx ပြောင်းခွေလို့ မူး. . . "

တရကြမ်းဗိန်းမောင်းတိုက် တီးနေသော နတ်ဒိုးစည်းချက်အတိုင်း ကိုကြီးကျော်က အားနှင့်မာန်နှင့် ကြက်လောင်းနေသည်။ ငွေဖလားက မြောက်သွားလိုက်၊ လောင်းကြက်က မြောက်သွားလိုက် ဖနောင့်ကို ဆတ်ခနဲ ပေါက်လိုက်၊ ရှေ့ကို စိုင်းပြေးလာလိုက်။ မောဘဲ မမောနိုင်။

"ကိုင်း . . . လာ လာ ထွက်ကြရအောင်၊ ကြာရင်

လူတွေထပ်ပြီး ထွက်မရဖြစ်နေဦးမယ်"

ပုံတော်ရှိရာ တစ်ခဲနက်တိုးဝင်လာသော လူတွေကို အံတု၍ ပြန်ထွက်ဖို့က အဝင်ထက်သာ၍ ခက်သောအလုပ်ဖြစ်သည်။ ကိုကြီးကျော်ဆီ လက်ထိလက်ရောက် လာရောက်ဆက်သကြသူတွေနှင့် မျက်နှာချင်းဆိုင်လိုက်ရတော့မှ စူးနစ်ကိုးစားကြသော ယုံကြည်မှုကို ခင်နှောင်း ကြက်သီးဖျန်းဖျန်းထမိတော့၏။ ပုံတော်ဆီရောက်လိုဇော ကိုကြီးကျော်ကို တိုင်တည်လိုဇောတွေနှင့် နတ်ဝင်သည်လို မျက်နှာတွေက မာန်တွေတင်းလျက်ရှိသလို ချွေးစီးကြောင်းတွေက တဒီးဒီးကျနေကြသည်။ ခင်နှောင်းဘေးက အမယ်အိုမှာ ကျွတ်ထွက်သွားသော ထဘီကို ပြန်မဝတ်နိုင်တော့။ အထက်ဆင်ကို သွားဖုံးဖြင့်ကိုက်ကာ ရှေ့သို့သာ ကြိတ်တိုးနေရှာတော့၏။ သန်စွမ်းလိုက်တဲ့ အမေကြီး သည်အားတွေကို မောင်ကြီးကျော်က ပေးသနားတော်မူထားသည်လို့

www.burmeseclassic.com

www.burmeseclassic.com



ထင်နေပုံရပါ၏။ နန်းရင်ပြင်ထက်က ဆင်းခဲ့တော့မှ ခင်နှောင်း အသက်ကို ဝအောင်ရှူရတော့သည်။ ပြန်အထွက်တစ်လျှောက်လုံး ကိုကျီးညိုက ခင်နှောင်းလက်ကောက်ဝတ်ကလေးကို တင်းတင်းကြပ်ကြပ် ဆုတ်ကိုင်လာခဲ့သဖြင့် လက်ကောက်ဝတ်ကလေးနာချင်ချင်။ နန်းပြင်ရောက်တော့ ပြေလျော့နေသော နှစ်ပတ်လျှိုဆံထုံးကလေးကို ပြင်ထုံးဖို့ လက်ကို ရုန်းရတော့၏။ ရှက်သွေးစိုသော အပျိုဖျန်းမျက်နှာကလေးဖြင့် ခင်နှောင်းက လက်ကို ရုန်းတော့မှ ကိုကျီးညိုက သတိထားမိပုံပါပဲ။ ခင်နှောင်းနဲ့သူ ရင်ငွေ့ချင်းကူးကာ နန်းထဲက ထွက်ခဲ့ကြတာပါလား။

"လှည်းပြန်မှာလား ကျုပ်လိုက်ပို့ပေးမယ်လေ"

"ကျုပ် တစ်ယောက်တည်း ပြန်လို့ကဖြင့် မဖြစ်ချေသေးဘူး . . . အမောင်လေးက ဆူမှာပေါ့လို့ . . . အရီးကြော့တို့ကို ရှာရဦးမယ်"

"ကိုင်းသဟာဖြင့်လည်း ကျုပ်ရှာပေးပါ့မယ် . . . သည်နားတင်နေနော်"

ကိုကျီးညို ထွက်သွားပြီးမကြာပါ။ အရီးကြော့တို့ သားအမိတစ်တွေ ရောက်လာကြသည်။ အရီးကြော့မှ ထဘီချက်ပြုတ် ဆံပင်ဖားလျားနှင့် အတော်ကလေး တိုးခဲ့ခွေ့ခဲ့ပုံရသော်လည်း ဆေးထွက်ကောင်းသည့် တောင်သူလို ပင်ပန်းခဲ့တာတွေ ပြေပျောက်သွားခဲ့ပြီ။ မမိစန်းတို့ ညီအစ်မလည်း ဆံမြိတ်ဖွေပြေ၊ သနပ်ခါးတွေပျက်၊ အင်္ကျီတွေ တွန့်ကြေလျက် ဖရိုဖရဲဖြစ်နေကြသည်။ သူတို့ကိုကြည့်ပြီး ခင်နှောင်းက ရယ်တော့ အားလုံးလည်း သဘောပေါက်သွားကြပုံဖြင့် အုန်းခနဲ ရယ်လိုက်ကြလေသည်။ သည်အကြောင်းတွေက ပွဲပြန်



လှည်းပေါ်မှာ၊ ရွာရောက်တော့ ရွာထဲမှာ၊ လယ်ထဲကိုင်းထဲမှာ ပြောမဆုံးပေါင် ရယ်ကြရဦးမှာမဟုတ်လား။

"ကိုင်း အဖော်တွေ တွေ့ရင်ဖြင့် ကျုပ်ပြန်မယ် . . . ဩော် ညနေကျရင် လှည်းကွင်းထဲ ကိုချစ်ခင်ဆီ ကျုပ်လာခဲ့ဦးမယ်"

အရီးကြော့တို့က ကိုကျီးညိုကိုတွေ့လိုက်ရတော့ အံ့ဩနေကြပုံ။ ခင်နှောင်း ကပျာကသီ လိုတိုးပိုလျှော့ ရှင်းပြရ၏။ နန်းမြောက်ဘက်ဆီ စိုက်စိုက် စိုက်စိုက်နှင့် ထွက်သွားသော ကိုကျီးညိုကို လှမ်းကြည့်ရင်း ခင်နှောင်းရင်မှာ ဟာတာတာဖြစ်သွားရသည်။ မောင်မင်းကြီးသား ရောက်လာပေလို့သာပေါ့။ သည်တစ်ခါလည်း သူ့ကို ကျေးဇူးတင်ကြောင်းလေးတောင် မပြောလိုက်မိ။ နန်းပေါ်မှာ လူတွေ အုံး အုံးထတိုးနေကြသည်။ ကြက်လောင်းကြက်တိုက်သံက ညံတုန်း။ ပန်းတန်းမှာ နတ်ပန်းတွေက ရောင်းလို့ မလောက်နိုင်တော့။

သည်တစ်နှစ်အတွက်တော့ ကိုကြီးကျော်ကို နန်းထိနန်းရောက် လက်ထိလက်ရောက် ခင်နှောင်း ပန်းတော်ဆက်သနိုင်ခဲ့ပြီ။ ပြန်ပန်းလည်း ရခဲ့ပြီ။ အမေ့ကိုလည်း ဂုဏ်လုပ်နိုင်ပြီ။ အမေကတော့ နှစ်စဉ် ပြန်ပန်းကို အိမ်ဦးတိုင်မှာ တချို့ချည်သည်။ ပဲမှော်စင်မှာ တချို့ချည်သည်။ လှည်းဦးမှာ တချို့ချည်တတ်သည်။ ခင်နှောင်းကတော့ သည် နှစ်ပြန်ပန်းထဲက တစ်ပွင့်ကို အမြတ်တနိုးသိမ်းထားဖို့ ယူထားလိုက်ပြီ။

ပွဲတော်ကွင်းကတော့ လောင်လောင်ကြီး တောက်နေလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၆)

လှည်းပေါင်းများစွာကြပ်ကြပ်လည်နေသည့် ပွဲတော်ကွင်းထဲမှာ ကိုယ့်လှည်းကိုယ်ရောက်အောင် ပြန်လာရတာကိုက မလွယ်။ နေရာမှတ်မိလို့သာ တော်တော့သည်။ လှည်းတွေနွားတွေက နေရောင်အောက်မှာ အားလုံးဆင်တူရိုးမှားချည်း ဖြစ်၏။ လှည်းဆီကို ခင်နှောင်းတို့ ကသုတ်ကရက်ပြန်ရောက်လာတော့ အမောင်လေးက တစ်ရေးတောင် နိုးနေပါပြီ။ ကွမ်းယာတွေ တစ်ယာပြီးတစ်ယာ မြုံ့ရင်း နွားတွေကို ရေတိုက်နေသည်။ ခင်နှောင်းတို့ အနားလာရပ်တော့ မျက်နှာကြီးတင်းသွားကာ ငေါက်တော့သည်။

"ကြာလိုက်သာဟာ တကတည်းမှ . . . ပန်းဆက်သွားသဲ့ ဟာတွေ နတ်ကတော်များ ဖြစ်နေကြသလားလို့ . . . ကိုင်း နင်တို့ ကိစ္စပြီးပလား ငါသွားလိုက်ဦးမယ် . . . ပေးစမ်းမိနှောင်း ငါ့ကို ပိုက်ဆံ"



ခင်နှောင်းက ငွေသုံးထောင်တစ်ရွက်ချင်း ရေပေးလိုက်သည်။ အမောင်လေးက လုပ်ခင်းကိုင်ခင်းအတွက် လိုအပ်သည့် ထွန်ရေးထယ်ရာ လယ်ယာသုံးပစ္စည်းတွေကို ဝယ်ဖို့ အမေက သုံးထောင်ပေးဖို့မှာလိုက်တာမဟုတ်လား။ ခင်နှောင်းပေးသောငွေကို အမောင်လေးက ဘာတစ်ခွန်းမျှ မပြောပါ။ ခင်နှောင်းက အငယ်ပေမယ့် ငွေနှင့်ကြေးနှင့်ပတ်သက်လျှင် မိန်းကလေးတွေက စီမံရတာမျိုးလို့ ယူဆထားပုံရသည်။

"လောက်ပါ့မလား အမောင်လေး. . . ဘာတွေဝယ်မှာလဲ"

"လောက်သလောက်ပေါ့ဟာ"

အမောင်လေးထွက်သွားလို့ လူတွေကြားထဲပျောက်သွားမှပင် သူ့သုံးဖို့စွဲဖို့ သတ်သတ်မပေးလိုက်ရလေခြင်းလို့ ခင်နှောင်းတွေးမိသည်။ အမောင်လေးက တစ်ခုတော့ တော်ပါသည်။ ငွေကို ထင်သလိုကိုင်သုံးတတ်သော လူ့လက်ဖွာတော့မဟုတ်။ မဖူးငုံသာ အမောင်လေးကို လက်ခံရင် ကောင်းမှာပဲဟု တွေးရင်း သည်တစ်ခါတော့ အမောင်လေးနှင့် မဖူးငုံတို့ကို ခင်နှောင်း သဘောတူလိုက်မိပြန်သည်။ အမောင်လေးထွက်သွားပြီး အရိုးကြော့က ရေတတ်တစ်တောင်းရရာရဈေး ပြေးရောင်းရင်း ချင်းတွင်းငါးဒန်တွေ တနင့်ကြီး ဝယ်လာသည်။ အရိုးကြော့ကို လှည်းစောင့်ထားခဲ့ကာ ခင်နှောင်းတို့ ညီအစ်မသုံးယောက် ပွဲဈေးတန်းဘက် ထွက်ခဲ့ကြသည်။ အမောင်လေးက ဘာပဲဖြစ်ဖြစ် ကြာဦးမှာမို့လား။ နတ်နန်းကိစ္စပြီးပြေအောင် လုံးပမ်းနေရတာနဲ့ပဲ ပွဲဈေးခင်းကို ဒုက်ဒုတ်ထိမရောက်ရသေး။ မိန်းမပျိုကလေးတွေပီပီ အထည်ဆန်းကလေးတွေ ငေးချင်ပါသေးသည်။ ခန်း

www.burmeseclassic.com

www.burmeseclassic.com



အိုးပုတ်ကလေးတွေ ဝယ်ချင်သေးသည်။ ရွာမှာ မရနိုင်သည့် သွားရည်စာကလေး စားချင်သေးသည်။

နတ်ပွဲကွင်းကြီးထဲမှာ နယ်ပေါင်းစုံ၊ ရွာပေါင်းစုံ၊ အရပ်တကာစုံက လာရောက်ကြတာဆိုတော့ သိုက်မြိုက်လွန်းလှသည်။ အထူးသဖြင့် သည်ဘက်နှစ်တွေမှာ ပိုစည်လာတာ ခင်နှောင်း သတိထားမိသည်။ ဝတ်ပုံစားပုံတွေကလည်း တောသိပ်မဆန်ချင်ကြတော့။ ဗီဒီယို ဇာတ်ကားတွေထဲကလို ဝတ်ကြစားကြပြီ။ ထန်းလက်မိုးကတ်ကြမ်းခင်း တာလပတ်စကြီးတွေ ကာထားသော ဈေးဆိုင်တွေက ကျုံထရံ ကွက်လိုက်နေသည်။ အတန်းလိုက် လက်ခုပ်လက်ယှက်ဆောက်ထားသည်မို့ လမ်းဘေးဝဲယာတစ်လျှောက် ကြားအလပ်မရှိစီနေသည်။ မျက်နှာချင်းဆိုင် ဆိုင်တန်းတွေကြားက ဈေးလျှောက်လမ်းကလေးတွေမှာ လူတွေ ခြေချစရာမရှိအောင် အသွားအပြန်ရက်ကန်းလွန်း ပြေးနေတော့၏။

အနယ်နယ်က အလှကုန်ပစ္စည်းဆိုင်များ၊ အဆင်ဆန်းအသွေးဆန်းများဖြင့် ဖမ်းစားတတ်သော အထည်ဆိုင်များ၊ မုံရွာ၊ ပခုက္ကူနယ်ထွက် စောင်ဆိုင်များ၊ ပြက္ခဒိန်နှင့် မင်းသားမင်းသမီးပိုစတာဆိုင်များ။ ကလေးကစားစရာဆိုင်တွေ၊ ဓားသံကတ်ကြေးကုန်မာဆိုင်တွေ၊ ပလတ်စတစ်ပစ္စည်းမျိုးစုံဆိုင်တွေ။ သည်ဆိုင်တန်းတွေကို ကျော်ပြီး ဘယ်ဘက်ကို ကွေ့ဝင်လိုက်တော့ တောင်သူသုံးပစ္စည်းတွေ ခင်းကျင်းရောင်းချသော ဆိုင်တန်းများရှိသည်။ နွားအဆင်တန်ဆာများ၊ လှည်းပစ္စည်းများ၊ တောင်းပုလုံးဆန်ကောဆန်ကာတင်းတောင်းများ၊ ထွန်ခြစ် ထွန်သွား ပေါက်တူး ပေါက်ပြားများ။



သည်ဆိုင်တွေရှေ့မှာတော့ တောင်သူတွေ လုံးကြီးခဲရ အုံကျင်းဖွဲ့ဝယ်ခြမ်းနေကြသည်။

ခင်နှောင်းက ဒမိုက်သာ (တစ်မိုက်သာ) တောင်းဆိုင်တွေဆီ အရင်သွားလိုက်သည်။ တောင်းက တောင်သူသီးနှံသိမ်းရာမှာ မရှိမဖြစ် ပစ္စည်းဖြစ်သလို ခရီးခန္ဓသယ်ရာပိုးရာ အရေးပါသော ထုတ်ပိုးပစ္စည်းမို့တောင်းက ကျေးလက်မှာမရှိမဖြစ် သုံးကြရသည်။ တောင်းတွေ လူ့လက်ခုပ်တစ်ဖောင်လောက် ဆယ်လုံးဆယ့်ငါးလုံးဆင့်ကာထပ်ထားသော တောင်းဆိုင်တွေရှေ့မှာတော့ မိန်းမပရိသတ်မည်းမည်းတုတ်နေ၏။ တစ်လုံးမကြိုက် တစ်လုံးလဲ။ တောင်းကို ဖင်တစ်ပြန် ခေါင်းတစ်ပြန်ကြည့်ရင်း အနာအဆာရွေးကြတာကလည်း မပြီးနိုင်မစီးနိုင်။

"သည်တောင်း ဘယ်လောက်သဲ့တုံးတော့"

ဝယ်ပြီးသားတောင်းသစ်ထဲ ပစ္စည်းပစ္စယတွေ ထည့်သိုနေသော ဈေးဝယ်မိန်းမကို တောင်းဈေးကပ်မေးရင်း အရင်စုံစမ်းရသည်။ ဝယ်ပြီးသား တောင်းဈေးက တောသူတို့ လက်ကုန်နှိုက်ထားသော ဈေးဆိုတော့ ဈေးမမှားနိုင်တာ သေချာသည်။ တောသူတောင်သားများမှာ တစ်ဆယ်ကိုးကျပ်လည်း မြင်တတ်ကြသူတွေ မဟုတ်လား။ မရရအောင် နောက်ဆုံးဈေးအထိ ဒုံးပေကတ်သတ်ဆစ်ပြီး မရလျှင်မဝယ်စတမ်းတင်းခံကာ သူတို့စိတ်ကြိုက်ပေးနိုင်သည့် ဈေးပေးဝယ်တတ်ကြသူတွေဖြစ်သည်။ သည်တော့ ခင်နှောင်းက ဈေးသည်ကို ဈေးမမေးဘဲ ဈေးဝယ်ကို အရင်ဈေးမေးရခြင်းဖြစ်၏။

"ငါးရာဆိုသယ် . . . ဒါပေတဲ့ သည်ဆိုင်က ဝယ်သာ မှုတ်ဘူးရယ်၊ ဟိုဘက်ဆိုင်က . . . သည်ဆိုင်က ငါးရာ

www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ် မလျှော့ဘူးဆိုလို့ ဟိုဘက်ပြေးဝယ်ရသာ . . . ဟိုဘက်ဆိုင်သွားဝယ် . . . သည်ဆိုင်က သူ့တောင်း ရွေးမှတ်နေသာ"

ဆိုင်ရှင်က ခင်နှောင်းတို့ ဈေးစနည်းနာနေတာသိတော့ မျက်စောင်းထိုးကြည့်နေသည်။ ဈေးဝယ်မိန်းမကလည်း ပြောင်ပြောင်ပြောနေခြင်းဖြစ်၏။ သူညွှန်သည့်ဆိုင်သို့ သွား၍ ဈေးမေးတော့ ရှစ်ရာဆိုသည်။

"ဟို မိန်းမက ပြောတော့ ငါးရာဆိုတော့ . . . တော်တို့ဆိုင်က ဝယ်သာပဲ"

ဈေးသည်က မတ်တတ်ရပ်ရင်း ထောက်ခံချက်ပေးနေသည့် ခင်နှောင်းလှမ်းပြသော မိန်းမကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ 'ယူသွား ယူသွား' ဟု မအောင့်သာအောင့်သာဆိုလေသည်။ သည်ဈေးဝယ်နည်းက ကိုယ်က မတန်တဆ ဈေးဆစ်နေစရာမလိုသော လက်လှို့ဝယ်နည်းဖြစ်ပါ၏။ တောင်းတွေက အရွယ်စုံ ဆိုက်စုံရှိသည်။ တင်းတောင်း၊ ခွဲတောင်း၊ စိတ်တောင်း၊ ပြည်တောင်းက အစ စလယ်ဝင် တောင်းကလေးတွေအထိရှိသည်။ တင်းတောင်းနှင့်ပြည်တောင်းကတော့ တောင်သူလုပ်ငန်းအတွက် အများဆုံးသုံးရသော စံကိုက်တောင်းများဖြစ်သည်။ သည်တောင်းတွေက မြင်းခြံနယ် ဒမိုက်သား၊ ရေစကြိုနယ်က ရွှေကျောင်းစသည့် နာမည်ကြီး ရွာထွက်တောင်းတွေဖြစ်၏။ ခင်နှောင်းတို့ကျွန်းနယ်ထဲက ရွှေလုံ့ရွာကလည်း တောင်းပလုံး၊ ဆန်ကော၊ ဆန်ကာတွေထွက်သည်။ ရွှေလုံ့တောင်းထက် ဆန်ကော၊ ဆန်ကာ၊ ဆန်ဆေးတောင်း၊ ဆန်ခါခုံးကလေးများကို လူကြိုက်များကြသည်။ ပြီးတော့ ခေါင်းရွက်ဈေးသည်သုံး ခံတောင်း၊ နှီးချိန်ခွင်၊ ဖာ



တောင်းကလေးများ၊ ဇာတ္တာခြင်းတောင်းကလေးများ၊ ယပ်တောင် စသဖြင့် စုံနေအောင်ရှိသည်။ တောင်းတန်းကြီးကပွဲတော်ကွင်းတစ်ပတ်စာ ရှည်လျားလွန်းလှသဖြင့် ဆုံးအောင်ပင် မလျှောက်နိုင်တော့ပါ။

ခင်နှောင်းက ထန်းခေါက်ဖာကလေးနှစ်လုံး ဝယ်လိုက်သေးသည်။ အကြီးတစ်လုံး၊ အသေးတစ်လုံး။ ထန်းခေါက်ဖာအကြီးက ခင်နှောင်းအဝတ်အစားထည့်ရန်ဖြစ်သည်။ ခင်နှောင်းတို့ ရွာတွေမှာရှိသူကရှိသလို အိမ်ရှေ့ခန်းတွင် မှန်ဗီရိုကြီးများ ထားလေ့ထားထရှိကြသော်လည်း အဝတ်အစားရယ်လို့ အထည့်မလေ့ကြပါ။ အထူးသဖြင့် ခင်နှောင်းတို့ မိန်းမသားများမှာ ကိုယ့်အဝတ်အစားလူမြင်မှာ အလွန်ရှက်တတ်ကြသည်။ လျှော်ရာဖွပ်ရာမှာတောင် သိုသိုသိပ်သိပ်ရှိကြရ၏။ အတွင်းရင်ခံအင်္ကျီများဆိုလျှင် မိဘမောင်ဘွားများ အတွေ့မခံဝံ့။ အိမ်နောက်ဖေးခန်းထဲမှာပင် ထင်းရှူးသေတ္တာ၊ ထန်းခေါက်ဖာများဖြင့် ထည့်တတ်သိုတတ်ကြပါသည်။ ခင်နှောင်းကတော့ ထန်းခေါက်ဖာနံ့ကလေးသင်းသင်းကို ရေမွှေးနံ့ပေါင်ဒါနံ့တွေထက် ပို၍ မက်စက်သည်။ ပြီးတော့ ခင်နှောင်း အပျိုအသုံးအဆောင်ပစ္စည်းကလေးတွေ ကလစ်၊ ပန်းပွင့်၊ သနပ်ခါးဗူးကလေးကအစ သည်လို ထန်းခေါက်ဖာအသေးကလေးထဲထည့် ထားရခြင်းကို နှစ်သက်တာလည်း ပါသည်။သူမှမဟုတ်။ တောရွာသတို့လေ့သာ ဖြစ်၏။ ဒါကတော့ ခင်နှောင်း၏ အစွဲအလမ်းတစ်ခုလို့ ပြောလျှင်ရသလို အဖိုးနည်းသလောက် ချစ်စရာကောင်းသော အသုံးတည့်ပစ္စည်းကလေးတွေမို့ ခင်နှောင်း မြတ်နိုးမိတာလည်း ပါပါလိမ့်မည်။ တောင်းပလုံး

www.burmeseclassic.com

www.burmeseclassic.com



တွေ ဝယ်ပြီးတော့ သနပ်ခါးကျောက်ပြင် ဖုံးသည့် ဗန်းကလေး တစ်ချက်လည်း ဝယ်လိုက်သေးသည်။

"ဟဲ့ ခင်နှောင်း . . . ခွေးလေးက ပခုက္ကူစောင် မှာလိုက်သေးဆိုလားလို့"

"မှာသယ်လေ စောင်တန်းဘက် လျှောက်ရ အောင်"

တောင်းကြီးတွေကို ကိုယ်စီရွက်၍ ခင်နှောင်းတို့ စောင်တန်း ဘက်ဆီ ထွက်ခဲ့ကြသည်။ ထွန်သွားထယ်သွားတွေရှေ့မှာတော့ ယောက်ျားသားတွေ အုံးနေသည်။ သည်ပစ္စည်းတွေက အမောင်လေး ဝယ်ရမည့်ပစ္စည်းတွေ။ တောင်သူပစ္စည်းတွေ ဆိုသော်လည်း ဒါမျိုး တွေကျတော့ ခင်နှောင်းထက် အမောင်ငလေးက ပိုနားလည်သည် မဟုတ်လား။ အမောင်လေးက သူလည်း သူ့နွား ထွန်းရေးထွန်ရာ အတွက် လိုအပ်သမျှ ဝယ်လိမ့်မည်။

ပခုက္ကူအထည်ဆိုင်ကြီးတွေရှေ့မှာလည်း လူတွေ တိုး မပေါက်ပါ။ တစ်နှစ်မှတစ်ခါ ရောက်တုန်းရောက်သခိုက် ဝယ်လိုက်ကြ စမ်းဆိုတာများ။ သည်လို ကိုကြီးကျော်ပွဲမှာ ဝယ်ဖို့ခြမ်းဖို့ သုံးဖို့စွဲဖို့ အတွက် ခင်နှောင်းတို့ တစ်နှစ်ပတ်လုံး ကုန်းရုန်းရှာဖွေခဲ့ကြရတာပဲ မဟုတ်လား။ သည်လို သုံးနိုင်စွဲနိုင်ဖို့ ကိုကြီးကျော်ကပဲ မခဲ့ စခဲ့တာ မဟုတ်လား။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ခင်နှောင်းတို့ကတော့ သည်လို ယုံကြည်ကြသည်။

ပခုက္ကူစောင်တွေကတော့ အသွေးစုံ၊ အရောင်စုံ၊ အဆင်စုံ၊ အကွက်စုံ၊ ဆိုက်စုံ။ ချည်ထည်ချည်း သက်သက်လည်းရှိသည်။ စီလွန် ချည်ဖြင့် ရက်ထားသော စောင်ချောထည်တွေလည်းရှိသည်။ အနီနှင့်



ဖနက်ကွက် ချည်ယည်လွှာချင်း စောင်ကလေးတွေကတော့ ပခုက္ကူ နယ်ထွက် စောင်၏ တောသူတောင်သားကြိုက် အမှတ်တံဆိပ်ဖြင် သည်။ မနှစ်တုန်းက အမေကိုယ်တိုင် ချည်စောင်တွေ ငါးတည်ကြီး များတောင် လောဘတကြီး ဝယ်လာခဲ့သေးသည်။ သည်နှစ်တော့ စီလွန်စောင်အကွက်သုလုကလေးဝယ်ဖို့ အမေ မလိုက်နိုင်တော့။

"ကိုယ်က ဘာခြုံခြုံ ဖြစ်သယ် . . . ညည့်လာ စောင်လာကျတော့ စီလွန်စောင်ကလေးနဲ့မှဟဲ့ . . . ခေတ် ထည်ပေသိ တို့နယ် ပခုက္ကူထွက်မို့ မက်သတော်"

စီလွန်စောင်သုံးထည်၊ အဖေနှင့်အမောင်လေးဖို့ ပုဆိုးကြမ်း ချော ငါးကွင်း၊ အမေနှင့် ခင်နှောင်းဖို့ ဂျပ်ခုတ်ထဘီကြမ်းလေးကွင်း ပြီးတော့ အရီးကြော့တို့ သားအမိသုံးယောက်ဖို့ပါ ချည်လုံချည်ကြမ်း သုံးကွင်းဝယ်လိုက်သည်။

"မမိစန်းတို့အတွက် ကြိုက်ရာအဆင် ရွေးယူနော် . . . အမေက သေချာမှာလိုက်သာ"

"ရပါသယ် ခင်နှောင်းရယ် . . . ညည်းတို့ပေးသာ ကမ်း သာတွေ များလှပါပြီဟဲ့"

အဖေ့ဘက် ဆွေမျိုးရယ်လို့ အမေက နှမြောတွန့်တိုနေသူ မဟုတ်ပါ။ ခင်နှောင်းတို့ တောသူတောင်သားများမှာတော့ သူ့ဆွေ ကိုယ့်မျိုးမခွဲခြားဘဲ အားလုံးတစ်သားတည်း ချစ်ခင်တတ်ကြပါသည်။ အခုလည်း ခင်နှောင်းက ဝယ်ရုံခြမ်းရုံ ငွေရှင်းရုံသာ။ ခင်နှောင်း ဝယ်သမျှ ညီအစ်မနှစ်ယောက် ဒိုင်ခံရွက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကတ်ကြေးတစ်လက်လည်း ဝယ်ရဦးမယ်၊ အမေ
ပြောင်းဖူးဖက်လိပ်သဲ့ ကတ်ကြေးက သံချေးကိုက်လှပြီ . . .
ပြီးတော့ ဓားတစ်ချောင်းလောက်လည်း ဝယ်ချင်သေးသယ်"

ခင်နှောင်းက အမေမှာလိုက်သမျှ စဉ်းစားပြီး တစ်မျိုးပြီး တစ်မျိုး ပါအောင်ဝယ်ရသည်။ ကိုကြီးကျော်ပွဲကွင်းရောက်ပါရက်ကနဲ့ အမေမှာတာ အကုန်မပါလို့မဖြစ်။ ပွဲဈေးတန်းထဲတွင် ကက်ဆက် တိတ်ခွေရောင်းသောဆိုင်တွေကလည်း မှိုလိုပေါက်နေသည်။ ပလတ် စတစ်စ တစ်ချပ်ခင်းကာ ပုံရောင်းနေကြသူတွေရှိသလို ဆိုင်ကြီး ကနွားကြီးနှင့် သားသားနားနားရောင်းသည့် ဆိုင်တွေလည်းရှိ၏။ တိတ်ခွေဆိုင်တွေက ကက်ဆက်ကြီးတွေ ရှေ့ချကာ ခွေကောင်း ကြောင်း မိုင်ကုန်လွှင့်ပြနေသံတွေကလည်း စီစီညံနေလေသည်။ ခင် နှောင်းတို့ဆီမှာတော့ တွဲတေးသိန်းတန်သည် အခုချိန်ထိ အောင် တံခွန်လွှင့်ထူထားဆဲဖြစ်ပါ၏။

*"တစ်ယောက်မိုက် ပိတောက်ကြိုက်ရာမှ xxx*
*ပိတောက်နဲ့ ကိုယ့်ကို မေ့သော သည်ဇာတ်သဘောမှာ*
*ကွယ် xxx ဂုဏ်ခေနေ မေတ္တာလွန်ပွဲဝယ် xxx ဘဝမျှသူ*
*မောင့်တစ်ယောက်အတွက် xxx တစ်ယောက်နှမ အချစ်*
*ကို ပြောရရင် . . ."*

*"ဇာတ်မင်းသားလေး သိန်းဇော် သိန်းဇော်*
*တိုင်းပြည်ကမျှော် xxx မြန်မာ့သဘင်စင်မြင့်ပေါ်*
*တင့်တင့်တယ်တယ် ထည်ဝါလှသော် xxx အောင်စည်*
*သံငြိမ့်ငြိမ့် ညောင်းသောင်းတိုက်ကကျော် xxx သောင်း*
*တိုက်ကကျော်"*



*"လွှတ် . . . လွှတ်စမ်း ရှင်တို့ အနိုင်ကျင့်တိုင်း*
*ရမယ်လို့ ထင်သလားဟင် . . . အသက်ကိုသာ အသေ*
*ခံမယ် နားလည်လား . . . လာပါကွယ် ညီမလေးက*
*လည်း အစ်ကိုကြီးတို့က ချစ်လို့ပါဟ. . ."*

သီချင်းခွေ၊ နှစ်ပါးသွားခွေ၊ ပြဇာတ်ခွေတွေ အပြိုင်ဖွင့်နေ သည့် ကက်ဆက်ခွေဆိုင်ရှေ့မှာ အုံနေကြသော တိတ်ခွေရွေးသူ၊ ပြဇာတ်ရပ်နားထောင်နေကြသူတွေကို တိုးခွေ့ကာ အဖေမှာလိုက် သော ဦးလှသိန်းတရားခွေကို မေးရ၏။

"ဆရာကြီး ဦးလှသိန်းခွေ ရှိသလားတော့"

"ရှိပါ့ဗျား . . . သည်ဘက်လာ ငါ့နှမတို့ . . .
ဟောသည်မှာ ဆရာကြီးဦးလှသိန်းခွေစုံ . . . ကြိုက်ရာရွေး
ပေရော့"

ခင်နှောင်းတို့နယ်က ဆရာကြီးဦးလှသိန်းကို အသည်းစွဲကြ သူတွေဖြစ်၏။ အဖေဆိုလျှင် စကားပြောတိုင်း ဆရာကြီး၏ တရား တွေထဲက ဥပမာတွေကို သာဓကဆောင်လေ့ရှိပါသည်။ ခင်နှောင်းက 'အရွယ်သုံးပါး' နှင့် 'လူဆိုတာဘာလဲ' နှစ်ခွေကို ရွေးကာ ခွေစမ်းခိုင်း လိုက်သည်။ သည်ခွေတွေက အဖေ့မှာရှိပြီးသား။ မြောက်ရွာက တူ လုပ်သူ ငှားသွားပြီးကတည်းက ပြန်မရောက်လာလို့ အစားဝယ်ရခြင်း သာဖြစ်၏။ခင်နှောင်းလည်း သီချင်းတိတ်ခွေတစ်ခွေဝယ်လိုက်သည်။ ခင်နှောင်းအကြိုက် လက်ရွေးစင်တေးများ။

ပွဲဈေးတန်းတစ်တန်းလုံးက ဈေးဝယ်တွေကို ဆွဲဆောင် ညို့ ယူနေသည့်မို့ ပါလာသည့် ငွေကလေးဖြုံကာဖြုံကာကျအောင် ဝယ် လိုက် ခြမ်းလိုက်ကြစမ်းဆိုတာများ။ စတီးပစ္စည်းဆိုင်လို့ ခင်နှောင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အလှဆယ်တကူ ခေါ်လိုက်ရသော်လည်း ဆိုင်တွေထဲမှာကိုက ကြွေဇလုံကြီးတွေ၊ လင်ပန်းတွေ၊ ဒန်ပစ္စည်းတွေ မျိုးစုံရှိသည်။ အမျိုးသမီးပါတိတ်၊ အချိတ်အထည်တွေ၊ ပြီးတော့ အတွင်းခံအင်္ကျီ၊ ဖိနပ်၊ မိတ်ကပ်ကျွတ်ဗူး၊ နှုတ်ခမ်းဆိုးဆေး၊ စက္ကူပန်းရောင်စုံကလေးတွေကအစ သည်လိုပွဲကွင်းရောက်ကာမှ တစ်နှစ်တစ်ခါ ဝယ်ရတာ မဟုတ်လား။

"မိဂျမ်းရေ . . . အော်တော်မီးတစ်ခလုတ်ထီး တစ်လက်လောက် ဝယ်ကြဦးစို့"

"အေး ဟုတ်သယ် . . . တို့ညီမအစ်မ တစ်နှစ် ဝယ်မယ် ဝယ်မယ်နဲ့ . . . သည်နှစ် ဖြစ်အောင်ကို ဝယ်မယ် အေ လာစမ်း"

မမိစန်းတို့ ညီအစ်မက ဝါးလုံးတန်းတွေမှာ ချိတ်ဆွဲထားသော ထီးတွေကို အလက်စေ့ တပြောင်းပြောင်း ဖွင့်ကြည့်ကြသည်။ ထီးဆိုင်ရှင်ကတော့ သည်းညည်းအခံရဆုံးဖြစ်လိမ့်မည်ထင်၏။ ဝယ်သမျှလူက တွေ့သမျှ ထီးတွေကို ဖွင့်ကြည့်နေကြတာ မဟုတ်လား။ ခင်နှောင်းတို့ တောသူတောင်သားများ ပစ္စည်းအဝယ်မှားကြလျှင် အိပ်မပျော်စားမဝင်လည်း ဖြစ်တတ်ကြသေး၏။ သည်လို အဝယ်မှားသည့်ကိစ္စက မကြိုက်တဲ့ပစ္စည်းကြီး အဖတ်တင်နေရုံမက ကိုယ်အသုံးမကျ၍ ငွေကုန် အကျိုးမများ ဖြစ်ခဲ့ရခြင်းအတွက် တနုံ့နုံ့ခံစားတတ်ကြသူတွေပဲဖြစ်သည်။

ထီးတွေကို တပြောင်းပြောင်း ဖွင့်ကြည့်နေကြသည့် ဈေးဝယ်တွေ ရှိသလို၊ ဖိနပ်ကို တော်မတော် စီးကြည့်နေကြသူတွေ၊ အထည်စတွေ ဖြန့်ကာ ဖြန့်ကာ ကပ်ကြည့်နေကြသူတွေ။ အတွင်းခံ



အင်္ကျီဖုဖုဖောင်းဖောင်းတွေကို ဆိုက် ကိုက်မကိုက် ကိုယ်တွင်ပတ်၍ ကြည့်နေသော အမျိုးသမီးအုပ်စုက အကဲဆုံးဖြစ်၏။

"သေသေချာချာ ရွေးဆယ် ဝယ်မှအေ့ . . . တော်ကြာ လူအ,ကြီး အဖတ်တင်နေဦးမယ်"

မမိစန်းက သည်လိုပြောလိုက်တော့ ညီအစ်မတစ်တွေ ရယ်ကြရသေးသည်။ ဒါက ရွှာပုံခိုင်း။ ဟိုတုန်းက ခင်နှောင်းတို့ရွာက မိန်းကလေးတစ်ယောက်ကို တစ်ခြားရွာသားတစ်ယောက်က ရွှေအစိတ်သားတင်ကာ တောင်းရမ်းခဲ့ဖူးသည်။ လူကလည်း ရိုးရိုးအအဆိုတော့ နှစ်ဘက်မိဘသဘောတူ ကျေကျေနပ်နပ်ပေးစားလိုက်ကြသည်။ သို့သော် တစ်ရွာသားက ရိုးရုံအရုံမကဘဲ လက်ကြောကလည်း မတင်းလေတော့ တတိတိနှင့် ရွှေအစိတ်သား ပြုတ်ပြုတ်ပြုန်းပြုန်းလေတော့သည်။ ရွှေအစိတ်သားကုန်တော့ ယောက္ခမက အိမ်ပေါ်ဘင်ကျွေးထားရတော့၏။ ကြံရည်ဖန်ရည်ကလည်း မရှိ။ ယောက္ခမ လုပ်သူက လူစုံလျှင် သမက် မထုံထက်တေးအကြောင်း ရင်ဖွင့်သည်။

"အံမယ်လေး . . . ရွှေအစိတ်သားလည်းကုန်ရော . . . တို့လည်း လူအ,ကြီး အဖက်တင် ကျန်ရစ်ခဲ့တော့သာပါပဲ . . ."

သည်ပုံခိုင်းက ခင်နှောင်းတို့ ရွာမှာ မြသွားခဲ့လေ၏။ အခုလည်း ပစ္စည်းဝယ်တာ ခြမ်းတာ အရွေးမမှားဖို့ လှမ်းပုံခိုင်းလိုက်ခြင်းဖြစ်သည်။

"ဟဲ့ သည်တောင်းကြီးက ဘယ်သူ့တောင်းတုံး"

"ကျုပ်တို့တောင်း . . . ကျုပ်တို့တောင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့တောင်းဖြင့် ဘေးကပ်ထားဦးအေ့ . . . တကတည်း ဆိုင်ပေါက်ပိတ်ပြီး ထားရသယ်လို့"

"ရော် . . . သည်မှာ ဈေးဝယ်နေသာ မမြင်ဘူးလား. . . ဘေးကပ်ထားလို့ လူနိုက်သွားတော့ တော်လျော်မှာလား ကိုင်း"

တစ်ယောက်တစ်ယောက် အော်ကြဟစ်ကြအသံတွေကလည်း နန်းရင်းက နတ်ဒိုးသံတွေနှင့်အပြိုင် ဈေးတန်းထဲ ဝက်ဝက်ကွဲနေလေတော့သည်။ ဖိနပ်နင်းမိလို့၊ တောင်းနဲ့ညှိပါသွားလို့၊ တံတောင်နဲ့ တွတ်မိလို့ ဆိုသည့် ပြဿနာတွေကလည်း ဈေးခင်းကလေးထဲမှာ ပွစာတက်လို့နေသည်။

"ဟေး . . . သိန်းတင် . . . သိန်းတင်"

"ဟော်တော် . . . မမိတွတ်ကြီး ဘယ်သူတွေပါသေးတုံး လာလေ သည်ကို"

"အရွက်ကြီးနဲ့အေ့ . . . ညည်းတို့လှည်း ဘယ်နားချွတ်တုံး"

"ရေကန်တောင်ဖျားက ထန်းငုတ်ကြီးဘေးမှာ"

"အေး အေး . . . ငါလာခဲ့မယ် မပြန်ကြသေးဘူးမှတ်လား . . . ပြောစရာစကားရှိသယ် ကောင်မရဲ့"

ဟိုရွာသည်ရွာ မတွေ့တာကြာသူတွေကလည်း နတ်ပွဲကွင်းမှာ ကြုံတုန်းကြိုက်တုန်း နှုတ်ဆက်ကြ၊ စကားဆိုကြ။ ခေါင်းပေါ်မှာ တောင်းကြီးတွေ အင်းထိုးနေအောင် ရွက်ထားရသည့်ကြားက လမ်းလယ်ခေါင် လူရှုပ်ရှုပ်မှာ ရပ်ကြရင်း စကားပြောနေကြသူတွေလည်းရှိ၏။ အသံချဲ့စက်သံတွေကို လွှမ်းတက်အောင် အော်ပြောကြရာမှ



အရှိန်မြင့်လာပြီး ကျယ်သထက်ကျယ်လာသော အသံတွေက ပွဲတော်ဈေးတန်းကလေး၏ ပြိုင်တူ အော်ဟစ်သံတွေ ဖြစ်လာသည်။ လက်ဝါးချင်း တဖျန်းဖျန်းရိုက်ကာ အားမလိုအားမရ ဖြစ်ကြသူတွေရှိသလို တစ်ယောက် ကျောကုန်းတစ်ယောက်အုန်းခနဲထုကာ နှုတ်ဆက်ကြပျော်ကြသူတွေလည်းရှိသည်။ ဒုံးဒုံးဒိုင်းဒိုင်း နှုတ်ဆက်ကြသူတွေမဟုတ်လား။

"ခင်နှောင်း . . . လာစမ်းပါဦးအေ သည်မှာ သည်နှစ်ခု ဘယ်ဟာယူရမတုံး"

တစ်နာရီ ပျော့ပျော့လောက် စိမ်ပြေနပြေရွေးပြီး နောက်ဆုံးနှစ်လက် အရွေးရခက်နေသဖြင့် ခင်နှောင်းကို လှမ်းခေါ်ကြသည်။ အမှန်ပြောရလျှင် မမိစန်းတို့ ရွေးထားသော ထီးနှစ်လက်စလုံးကို ခင်နှောင်းမကြိုက်။ တစ်လက်က အနီပွင့်၊ တစ်လက်က အဝါပွင့်၊ ကိုယ်က အညာနေပူခေါင်ခေါင်ကြီးမှာ ဆောင်းရမယ့် ထီး။ သည် အရောင်ကြီးတွေဆိုလို့ကတော့ မျက်စိကျိန်းပေရော့။

"မမိစန်းကလည်း အပြာကလေး အစိမ်းကလေး ရွေးမှ ကောင်းမှာပေါ့ . . . သာမှ မျက်စိအေးသာ"

"ညည်းဘာသိလို့တုန်း ခင်နှောင်းရဲ့ . . . ကိုယ်က တစ်သက်မှတစ်ခါဆိုသလိုဝယ်ရသာ ခုကတည်းက အရောင်တောက်တော်ကဝယ်မှ ဟောင်းတော့ အံကျလောက် ဖြစ်သာ"

သူ့အစွဲနှင့်သူဆိုတော့လည်း ခင်နှောင်း အနီရဲရဲထီးကို ရွေးပေးလိုက်ရ၏။ ထီးဝယ်ပြီးတော့ ခင်နှောင်းတို့ အိုးဆိုင်တန်းဘက်ထွက်ခဲ့ကြသည်။ အိုးဆိုင်တန်းဘက်အသွား အနောက်လမ်းထိပ်မှ

www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကြီး ခဲခဲနဲ တက်လာကြသည်။ ချင်းတွင်းမြစ်နတ်ပွဲဆိပ်မှာ စက်လှေတွေဆိုက်ပြန်ပြီ ထင်ပါရဲ့။ သည်လမ်းပေါ်မှာ ချင်းတွင်းမြစ်ကမ်းဘက်ဆင်းသူထက် နန်းဘက်ကို လှေဆိပ်က တက်လာသူတွေက များ၏။ အိုးဆိုင်တန်းသည် ပွဲကွင်းမြောက်ဖျားတွင် ရှိသည်။ ကျယ်ပြန့်သော ပွဲတော်ကွင်းဖျားမှာ အိုးတွေ ခင်းကျင်းထားလိုက်သည်မှာ အိုးအလှပြိုင်ပွဲ ဝင်နေကြသည်နှင့်တောင် တူလှ၏။

ကျောက်မြောင်းနွယ်ငြိမ်းဘက်မှ စဉ့်ထည်များ၊ မြင်းခြံနယ်ဘက်မှ တောင်သာအိုး၊ မိတ္ထီလာအိုး မြေထည်များ၊ ဧရာဝတီမြစ်ရိုးဆီက စစ်ကိုင်းအိုး၊ မြောင်နယ်ထဲက နဘက်အိုး၊ ဆီမီးခုံနယ်က ရွှေပိုအိုး၊ ကတောအိုးများ။ များသောအားဖြင့်ကတော့ ချင်းတွင်းအနောက်ဘက်ကမ်း ပခန်းနယ်မှ အိုးဆိုင်တွေက ပိုများပါသည်။ ကိုကြီးကျော်ပွဲလာကြသူတွေက အထူးသဖြင့် ပခန်းအိုးပုတ်ကလေးတွေ နတ်ပွဲပြန်လက်ဆောင်ပေးဖို့ ဝယ်သွားတတ်ကြသည်။ ပခန်းအိုးပုတ်ကလေးတွေက လက်တစ်ဆစ်စာလောက်သာရှိသည့် အိုးပုတ်ဆီးကင်းကလေးတွေပဲ ဖြစ်သည်။ အိုးပုတ်ကလေးတွေက ပွင့်ဟနေသည့်ကလေးပါးစပ်ပေါက်ကလေးများနှင့်ပင် တူသည်။ ခင်နှောင်းတို့နယ်တွင် နှုတ်ခမ်းလှသူကို ပခန်းအိုးပုတ်ကလေးကျလို့တော်ဟု ပုံခိုင်းပြောဆိုတတ်ကြသည်။ သည်အိုးပုတ်ကလေးတွေကိုတော့ ပြည်တောင်းနှင့် ချိန်ရောင်းတတ်ကြ၏။

ခင်နှောင်းကလေးဘဝကတည်းက ကိုကြီးကျော်ပွဲက ပခန်းကိုးပုတ်ကလေးများနှင့် ကစားခဲ့ရသည်။ ဈေးလမ်းခဲ့ရသည်။ ခင်နှောင်းယ်ငယ်က သည်နတ်ပွဲကိုလာတိုင်း အိုးပုတ်တန်းဘက် အရင်ပြေးာ အိုးပုတ်ခိုးတမ်းကစားရခြင်းကို ပျော်ခဲ့ရသည်။ ခင်နှောင်းတို့ငယ်



ငယ်ကာလတွေတုန်းကတော့ ပခန်းအိုးပုတ်တွေက အိုးဆိုင်တန်းမှာတောင်ပူစာကြီးတွေလို မြင့်မြင့်မောက်မောက် ပုံထားခြင်းဖြစ်သည်။ သည်ဆိုင်ကလေးငါးလုံး၊ ဟိုဆိုင်က လေးငါးလုံးဖြင့် အိုးပုတ်တွေထဘီကွင်းကလေး ခါးပုံစထိုးကာ အပြည့်ခိုးထည့်၍ လှည်းဆီပြန်ကာဆော့ကစားနေတတ်ခဲ့သည်။ အိုးသည်တွေကလည်း အိုးပုတ်ကလေးတွေ ခိုးကြတာကို မသိဟန်မမြင်ဟန်ဆောင်နေတတ်ကြသည်။ ကြာတော့လည်း အိုးပုတ်ခိုးဓလေ့ဖြစ်လာကာ လူကြီးတွေကပါ နှိုက်လာကြတော့၏။ အခုတော့လည်း သည်ဓလေ့တိမ်ကောသွားခဲ့ပြီ။

"ဘဘကျော်ပွဲ လာကြသဲ့မြေးကလေးတွေ ပျော်ပါစီ ပါးပါစီ သဘောထားလိုက်သာပဲ . . . အိုးပုတ်လောက်ဖြင့် ငတို့က အယားပြေရုံလောက်ရှိရဲ့ . . . ပါသမျှ အိုးအကွဲမကျန်ရောင်းရသာကြည့် . . . တစ်နှစ်တစ်ခါ ပွဲတုန်းပွဲခါရောင်းရသာနဲ့တင်ပဲ ထိုင်စားလောက်ကဲ့ . . . ကိုကြီးကျော်မ,ချက် ရက်စက်သယ်"

အခုကော ဒိုးသည်တွေ တစ်နှစ်တစ်ခါ ထိုင်စားလောက်ရဲ့လားတော့ ခင်နှောင်းမသိ။ အိုးပုတ်ကလေးတွေကိုတော့ ဟိုတုန်းကလို တောင်ပုံရာပုံ မတွေ့ရတော့။ ခင်နှောင်းက ငါးပိအိုး ဆားအိုးလုပ်ဖို့ ပီသဝင်စဉ့်အိုးနှစ်လုံးဝယ်လိုက်သည်။ ပဲလှော်အိုးကလေးကလည်းတစ်လုံး။ နဘက်သောက်ရေအိုးကြီးကနှစ်လုံး။ ဖျဉ်းအိုးကလေးလည်းပါသေးသည်။ နွားရေကဲ့ဖို့ ကျောင်းသဒန်းအိုး (ကျောင်းသားထမ်းအိုး) ကလေးကတစ်လုံး။ ပြီးတော့ ပခန်းအိုးပုတ်ကလေးတွေက နှစ်ပြည်သား။

www.burmeseclassic.com

www.burmeseclassic.com



“ခင်နှောင်း . . . ညည်းက အိုးပုတ်တွေ ဘာလုပ်ဖို့တုန်းအေ . . . ကလေးမဟုတ် ကုလားမဟုတ်”

“အို မမိဂျမ်းကလဲ . . . ကျုပ်နှစ်တိုင်း ဝယ်နေကျပဲတော့် ဘာရယ်မဟုတ်ဘူး ရွာရောက်ရင် ကလေးတွေ ဝေပေးရသာပေါ့. . . ပွဲတော်ပြန်လက်ဆောင်ပေါ့တော်”

တောင်းကြီးတွေ မနိုင့်တနိုင်ရွက်ကာ အိုးဆိုင်းတန်းဘက်က ထွက်လာပြီး ပြန်ကျဈေးတန်းကလေးဘက် ရောက်ခဲ့ကြပြန်သည်။ သည်ဈေးတန်းကလေးကတော့ ဖင်တစ်ထိုင်စာခင်း၍ ရောင်းနေကြသော ရွာဈေးသည်များဖြစ်၏။ ရှောက်သီးခြောက်၊ ဆီးသီးခြောက်၊ သရက်သီးခြောက်၊ လက်ပံခေါင်းခြောက်၊ ပြောင်းဖူးဖက်ခြောက်၊ ပဲ၊ ကြက်သွန်၊ ဆေးရွက်ကြီး၊ ဟင်းသီးဟင်းရွက်၊ နေကြာစေ့၊ ထန်းဖူးဖက်ဆေးလိပ်၊ ထန်းဖူးဦးထုပ်၊ ထန်းဖတ်ခမောက်သည်တွေရှိသလို ရွှေရင်အေး၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ လက်သုတ်စုံ၊ ကောက်ညှင်းပေါင်း၊ မုန့်ပေါင်းကအစ ပူပူနွေးနွေးစားနိုင်သည့် အကြော်ဗိုများလည်း ရှိသည်။ ပြီးတော့ ခင်နှောင်းတို့ အပျိုတွေ မက်မက်စက်စက် ဝယ်ကြခြမ်းကြလေ့ရှိသည့် ရှင်မတောင်သနပ်ခါးတုံးများ။ မသွေးခင် ခန်းဝင်က မွှေးနှင့်လေသည့် သနပ်ခါးတုံးတွေက လေအသင့်မှာပင် မွှေးကြိုင်နေလေသည်။

ချင်းတွင်းအနောက်ဘက်ကမ်း ရှင်မတောင်နယ်မှ သနပ်ခါးတုံးများသည်လည်း ကိုကြီးကျော်ပွဲကို အင်ကြီးအားကြီး အရောက်လာတတ်သည့် အလှုကုန်တွေ ဖြစ်ပါ၏။ ကိုကြီးကျော်ပွဲမှာမှ ရှင်မတောင်သနပ်ခါးစစ်စစ်ကို ရနိုင်တာလို့ အမေက ပြောဖူးသည်။



“မောင်ကြီးကျော်ပွဲကို မဟုတ်သာ အဟုတ်လုပ်ပြီးလာ မညာဝံ့ကြဘူးရယ် . . . နတ်ကိုင်မှာ ကြောက်သာထက်ပွဲကွင်း လူစည်စည် တစ်ထိုင်တည်း ပုံရောင်းရတော့ ငွေပေါ်လွယ်သယ်. . . ဈေးကောင်းရသယ်. . . ဖောက်သည် သွင်းတောင် သည်လောက် များများစားစား ကုန်ချင်မှကုန်သာ . . . မောင်ကြီးကျော်ပွဲကတော့ တစ်နှစ်လုံး ဈေးထဲ ပုံရောင်းသထက်တောင် ရောင်းရတွင်သေး. . . ပြီးတော့ နတ်ပွဲလိုက်ရင်း လာရောင်းကြသဲ့ ရှင်မတောင် သနပ်ခါးစစ်စစ်တွေက သည်ပွဲမှာမှ စိတ်ချရသာ . . .”

သနပ်ခါးတွေက အပင်လိုက် ထောင်ရောင်းကြတာရှိသလို အတုံးအဖြတ် အပွေးအသွေးလိုက်၍ ဈေးဆိုကြသူတွေလည်း ရှိ၏။ တချို့ကလည်း တောင်းတစ်တောင်း အပြတ်ရောင်းကြ ဝယ်ကြတာမျိုးလည်း ရှိတတ်သည်။ ရှင်မတောင်သနပ်ခါးတုံးကလည်း ကိုကြီးကျော်ပွဲပြန်အမှတ်တရ လက်ဆောင်မဟုတ်လား။ ခင်နှောင်းတို့ တောသူတွေကတော့ သနပ်ခါးပါးပေါ် ဒလိမ်းထိုးလိုက်ရမှ စိတ်ရောကိုယ်ပါ လန်းဆန်းတတ်ကြသူတွေမို့ သူ့ထက်ငါ အလုအယက် ဝယ်ယူကြသည်။ သနပ်ခါးမြစ်ကလေးက ဆေးသုံးဝါးသုံး။ ပုလွေရိုးတုံးကလေးတွေကလည်း သေးသလောက် မာသည်၊ ရင့်သည်၊ မွှေးသည်။ သနပ်ခါးတုံးမှာပင် အဖို အမရယ်လို့ ရှိသေး၏။ အမတုံးက ညို့နေအောင် မွှေးသည်။ သနပ်ခါးနှစ်ထပ်ပွေးကတော့ အနှစ်ကျလေ စေးစေးပိုင်ပိုင် ထွက်လေ။ ခင်နှောင်းက လောဘတကြီး ရွေးပြီးကာမှ အားလုံးသုံးထောင်ဖိုးဆိုသဖြင့် လက်တွန့်သွားရ၏။ နှစ်ထောင်လောက်နှင့် ဈေးဆစ်ကြည့်သည်။ သနပ်ခါးသည်က နှစ်ထောင့်ငါးရာ နေ့ကိုထပ်

www.burmeseclassic.com

www.burmeseclassic.com



မဆစ်နဲ့တော့ ဆိုသည်။ ငွေနှစ်ထောင့်ငါးရာနှုန်းပြောလှသော်လည်း မဝယ်လို့ကလည်း မဖြစ်တော့ ဝယ်ရသည်။ သည်နပ်ခါးတုံးကလေးတွေကို နောက်တစ်နှစ် ကိုကြီးကျော်ပွဲမရောက်မချင်း လူးရလိမ်းရမှာ မဟုတ်လား။

ခင်နှောင်းဘေးက ရေမွှေးနံ့တွေ ထောင်းထောင်းထနေသည့် နတ်ကတော် အမျိုးသမီးကြီးကတော့ ရှင်မတောင်သနပ်ခါးတွေကို တောင်းပြတ်သိမ်းကာ တစ်သောင်းကျော်ဖိုး ဝယ်နေသည်။ မြို့မှာ ဈေးကောင်းကောင်းနှင့် ပြန်ရောင်းဖို့ပဲဖြစ်မည်။

"နှစ်ထောင်ငါးရာ တန်ပါတယ် ငါ့တူမရယ် . . . အန်တီတို့ မြို့မှာဆို တစ်တုံးထဲ တစ်ထောင် ထောင့်ငါးရာ ပေးဝယ်ရတာကွယ့် . . . ပြီးတော့ ဟောဒီ ဖေကြီးကျော်ပွဲက သနပ်ခါးကမှ ရှင်မတောင် သနပ်ခါးစစ်တာ . . . အန်တီဖြင့် မောင်ကြီးကျော်ပွဲစရိတ် သနပ်ခါးတုံးပြန်ရောင်းတာနဲ့ တင်ကျေရဲ့ . . . မြို့ရောက်ရင် သူယူမယ် ငါယူမယ်နဲ့ အလုအယက်ဝယ်ကြတာ"

သနပ်ခါးတုံးဝယ်ပြီးတော့ ခင်နှောင်းတို့ လှည်းကွင်းဆီ ပြန်ခဲ့ကြသည်။ ပွဲဈေးတန်းအစွန်တစ်လျှောက် ကာရာအိုကေ၊ ဗီဒီယိုရုံတွေက တောထလို့နေသည်။ ကိုကြီးကျော်နတ်ချော့သံကြား ဒိုးဒိုးဒန့်ဒန့် သီချင်းသံတွေက ထိုးဖောက်လာကြသည်။

အလို . . . ကိုကျီးညို။ လူအထောင်အသောင်းကြားမှာ ခင်နှောင်းမျက်လုံးတွေက ကိုကျီးညိုကို ရှာတွေ့သွားတာကလည်း အံ့သြစရာ။ ရင်တွေ ဖျန်းခနဲ တုန်သွားမိတော့၏။ ကာရာအိုအေရုံရှေ့မှာ သူက သီချင်းများ ဆိုဦးမလို့လားမသိ။ ခင်နှောင်းတို့ကိုမြင်တော့



ဝမ်းသားအားရ လျှောက်လာသည်။ ပွဲတော်ကွင်းထဲက မပြန်တော့တဲ့အတိုင်း။

"တောင်းကူထမ်းပေးရမလား ခင်နှောင်း"

"နေ နေ . . . ရပါသယ် ကိုကျီးညို"

ခင်နှောင်းတို့လည်း ခေါင်းရွက်တောင်းတွေနှင့်မို့ ကြာကြာရပ်စကားမပြောနိုင်ပါ။ မမိစန်းက မျက်နှာကလေးရဲနေသည့် ခင်နှောင်းဘေးတိုးကပ်လာကာ မစသာ,စသာ စလေသည်။

"ဧကန်တ မဟုတ်မှလွဲရော ထတောသားက ငါ့ညီမများ ပိုးနေသာလားအေ"

"မမိစန်းနော် အဲလိုမစနဲ့ ကျုပ်မကြိုက်ဘူးသိလား"

ခင်နှောင်းက တကယ်ပဲ စိတ်ဆိုးသွားသလို မျက်နှာထိမျက်နှာထားနှင့် ဆိုလိုက်တော့ မမိစန်းပင် ပျာပျာသလဲဖြစ်သွား၏။ တကယ်တော့ ခင်နှောင်းစိတ်မဆိုးပါ။ ရင်နှင့်အမျှ စလုံးစခုကြီး ဖြစ်နေတာပဲရှိသည်။

"အလကားစသာပါအေ . . . သည်လို စုတ်တီးစုတ်ဖတ်ဟာမျိုးနဲ့ တို့ကလည်း သဘောမတူပေါင်တော် . . . တစ်ရွာသား ဘာမှန်းမသိ ညာမှန်းမသိ"

မမိစန်းက သည်လိုဆိုက်လိုက်ပြန်တော့လည်း ခင်နှောင်းစိတ်မကောင်းဖြစ်သွားမိသည်။ တစ်ရွာသား ဘာမှန်းမသိ ညာမှန်းမသိ တဲ့လား။ သဘောမတူဘူးဆိုရအောင် သူကကော ဣန္ဒြေတွေမဲ့နေပြီလား။ ဟုတ်တယ်ဆိုရင်တောင် အမေတို့ကကော သဘောတူမှာတဲ့လား။ အို ခင်နှောင်း ဘာတွေ တွေးနေမိတာပါလိမ့်။ ခင်နှောင်း

www.burmeseclassic.com

www.burmeseclassic.com



မလုံမလဲ နောက်ကို လှည့်ကြည့်လိုက်တော့ ကိုကျော်ညိုက သူ့ကို ငေးကြည့်နေဆဲ။

သားတန်း ငါးတန်းကို ဖြတ်အပြန်မှာ ငါးဒန်တစ်ပိဿာလောက် ဝယ်ပြီး အမေ့ဖို့ ဆားသိပ်ယူသွားဖို့ စိတ်ကူးထားခဲ့သော နဂိုစိတ်ကူးကလေးတောင် ခင်နှောင်း သတိမရတော့။ ကြက်တွေကို ရေနွေးဖျော် အမွေးတွေ နှုတ်ပြီး ခြေထောက်မှကိုင်၍ ဆီဒယ်ပိုင်းကြီးထဲ အကောင်လိုက်ထည့်ကြော်ရောင်းနေသော ကြက်ကြော်သည်တွေရှေ့မှာ တအုံတခဲကြီး။ ဆန်ကောကြီးတစ်ချပ်ထဲတွင် ကြွပ်ကြွပ်ရွရွ နီရဲနေသော ကြက်ကောင်လုံးကြော်တွေကို လှမ်းကြည့်ရင်း ခင်နှောင်း ရင်ထဲမကောင်းဖြစ်နေမိတော့၏။

ခင်နှောင်းမှာ ရင်ကလေးဖိုနေတာပင် အငြိမ်မပျောက်ချင်။ လှည်းပေါ် ပစ္စည်းတွေတင်ပြီးတော့လည်း ကိုကျော်ညိုကိုသာ စိတ်ရောက်နေမိတာ ဆန်းတော့ အဆန်းသား။ အချစ်ဆိုတာ ဒါပဲလား။ သည်လိုပဲ စခဲ့ကြတာပဲလား။ တစ်သက်လုံး ငြိမ်နေခဲ့သည့် နှလုံးသားက ခုတော့လည်း ဆီပူအိုးထဲက ကြက်ကြော်တွေလို ကြွပ်ရွလာလေသလား။

■

(၇)

ညနေစောင်းကာမှ မဖူးငုံတို့လှည်း ဒရောသောပါး ရောက်လာခဲ့သည်။ နေညိုဆည်းဆာရောင်က အနောက်ထန်းတောကြီးကြားမှာ အကျည်းတန်လှချိန် ထိန်တောက်နေလေသည်။ သရဖီပန်းတွေ ဝေနေအောင် ပန်ထားသည့် နဂိုချော မဖူးငုံ၏ အလှကတော့ ဆိုဖွယ်ရာမရှိ။ တော၏ ရင်သွေးဆိုသော်လည်း မဖူးငုံကိုယ်တိုင်က ပြင်ပြင်ဆင်ဆင်နေတတ်သူမို့ မြို့ဆန်နေသလား မပြောတတ်ပါ။ ဒူးနားအချိတ်ယဘီဇိမ်းဝါသွေးကလေးနှင့် ရင်စေ့လက်ရှည်ဆင်စွယ်နုရောင်ကလေးကို အစပ်အဟပ်ကောင်းကောင်း ဝတ်ဆင်ထားသည်။ မဖူးငုံကို ခင်နှောင်းပင် မိန်းမချင်း ငေးကြည့်ရသည်အထိ။

"ဪ . . . ခင်နှောင်းတို့လှည်းက သည်နားတင် ချွတ်သာကိုး . . . ဟန်ကျသာပဲ အဖော်ရသာပေါ့ . . ."

မဖူးငုံတို့လှည်းပေါ်မှာ ခြေတွဲလောင်းချထိုင်လိုက်လာသော ဆရာလေးကိုသိန်းဒန်ကို လှမ်းမြင်လိုက်ရတော့ ခင်နှောင်းစိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



သွားမိသည်။ ပညာတတ်တစ်ယောက်ဖြစ်ပါလျက် သည်လောက် ရဲတင်းလိမ့်မည် မထင်တာလည်း ပါပါသည်။ ဆရာလေးကိုသိန်းဒန်က မဖူးငုံကို မဏ္ဍပ်တိုင်တက်မက်မက်စက်စက်ကြီး ပိုးပန်းနေပါရောလား။ မဖူးငုံကိုယ်တိုင်က သဒ္ဓါလေလားမသဒ္ဓါလေသလား ခင်နှောင်းမသိသော်လည်း ဒါမျိုးများတော့ လက်တင်မခံစေချင်။

"ဖူးငုံတို့များ ကိုယ့်ရွာသူမို့ ချောသာလှသာ ဂုဏ်ယူပါရဲ့ . . . ဒါပေသိ နေသာထိုင်သာ များတော့ ငရို့မျက်စေ့ထဲ တစ်နှမ်းစေ့မှ မဝင်ပေါင်အေ"

အရီးကြော့ကပင် မကြားနိုး နားလှမ်းကဲ့ရဲ့လိုက်သေးသည်။ မဖူးငုံကလည်း မဖူးငုံပါပဲ။ ပွဲကွင်းထဲရောက်ကတည်းက မျက်လုံးဆန်ကောဝိုင်းထိုးကာ ပိုးမည့်ပန်းမည့်သူတွေကို ရှာဖွေနေသလား ထင်ရသည်။ မဖူးငုံက နတ်နန်းဘက်သွားဖို့ ခင်နှောင်းတို့ကိုလည်းအပ်သည်။ ဆရာလေး ကိုသိန်းဒန်က 'ကိုချစ်ခင်ကြီးရော' လို့ မေးတာကို ခင်နှောင်းသိသိကြီးနှင့် မဖြေမိပါ။ အရီးကြော့ကတော့ စကားတတ်သူပီပီ လှမ်းထေ့ဖြစ်အောင် ထေ့လိုက်သေး၏။

"မောင်ချစ်ခင်က ယောကျ်ားလေးပဲ ဆရာလေးရဲ့ . . . သူသွားချင်သဲဆီ သွားမှာပေါ့ . . . ကျုပ်တို့ မိန်းမတွေ ရေသီနား တတန်းလန်းလန်းနဲ့ ခိုနေပါ့မလားတော့ . . ."

အရီးကြော့စကားက ရယ်စရာမပါဘဲ မဖူးငုံနှင့် ဆရာလေးကိုသိန်းဒန်တို့က အရှက်ကာ ရယ်မောနေလိုက်ကြသေး၏။ သည်လိုရယ်တာ မောတာများ အမောင်လေးတွေ့လို့ကတော့ နွားမီးချသည့်ဖားဖိုက မီးတောက်တွေလို တဖွားဖွားဖြစ်မှာ သေချာသည်။ ခင်နှောင်းပင်လျှင် ရင်ထဲခံပြင်းသလိုလို ဖြစ်မိသေး၏။



ရွာမှ ညနေပိုင်းနေအကျစောင့်ပြီး ထွက်လာကြသေးသူ လှည်းတွေက သိပ်မများလှပါ။ လေးငါးခြောက်စီးထက်မပို။ သူတို့က မနက်ဖြန်ညနေမှ ရွာကိုပြန်ကြလိမ့်မည်။ ခင်နှောင်းတို့ကတော့ မနက်စောစောထ၍ လမ်းရွာချင်းယားကို ဝင်ရဦးမည်။ သည်တော့ မဖူးငုံတို့နှင့် သည်တစ်ညသာ သည်နေရာမှာ ဆုံရောရှိတော့ သိပ်တော့လည်း ဆက်စပ်စရာမရှိ။ ညနတ်ပွဲခင်းလည်ကြဦးမှာပဲတဲ့လား။ မဖူးငုံတို့ ပွဲခင်းဘက် သွားကြပြီ။ အမောင်လေးနဲ့များ ခတွေ့နေကြမှာလား။

"ကိုချစ်ခင်ကြီးကောဗျ"

ခင်နှောင်းတို့တစ်တွေ လှည်းနောက်မြီးမှာ မြေဆိုင်ခဲ သုံးလုံးဆိုင်ကာ ထမင်းဟင်း ချက်ပြုတ်နေတုန်း မထင်မှတ်ဘဲ ကိုကျိုးညိုရောက်လာသည်။ လက်ထဲမှာလည်း ဟင်းသီးဟင်းရွက်တွေ ပွေ့လိုက်လို့။ ခင်နှောင်းကတော့ နေ့လယ်က စ, သားကြသည့်အရှိန်နှင့် ဘာ ပြောလို့ ဘာဆိုရမှန်းမသိ။ မျက်နှာကလေး ဖောက်မြထားရတော့သည်။

"ရော . . . သဟာ ကျုပ်အခင်းက ထွက်သာ အရီးတို့ ချက်စားကြ"

အရီးကြော့က ဝမ်းသာအားရ ထယူရင်း ကိုကျိုးညိုကို မျှကြမ်းပေါ်မှာပင် ရေနွေးပွဲခင်းပေးကာ ဧည့်ခံလိုက်သည်။ ကိုကျိုးညိုက ငနိုးခြေထောက်တွေ ငုံ့ကြည့်နေတုန်း အမောင်လေးရောက်လာသည်။ လက်ထဲမှာလည်း ထွန်သွားတွေ၊ သံတူရွင်းတွေ ပွေ့လို့။ ကိုကျိုးညိုကိုတွေ့တော့ ဝမ်းသာသွားပုံတော့ရသည်။

"ဟော ကိုကျိုးညို့ . . . ကျုပ်က ခင်ဗျားကို မေးနေသာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ်ခင်ကို ရွာထဲ အလည်လိုက်ခဲ့ဖို့ လာခေါ်သာဗျ. . . ကျုပ်နွားတွေ ပြချင်လို့"

"နွားတွေ . . . ခင်ဗျားနွားတွေ ဘာဖြစ်လို့တုံး"

"ရော် . . . ကိုချစ်ခင်ကလည်း ဝေးနေပြန်ပါပြီ . . . ကျုပ်က နွားမွေးကားသေးသာရယ် . . . အဲသဟာ ပြချင်လို့"

ကိုကျီးညိုက ဖျာကြမ်းပေါ်မှာ တစ်ကျော့လာထိုင်ရင်း အမောင်လေးနှင့် စကားပြောနေကြသည်။ ခင်နှောင်းက ချက်ပြုတ်ပြီးမို့ ထမင်းကျွေးဖို့ ပြင်သော်လည်း ကိုကျီးညိုက တွင်တွင်ငြင်းသည်။ ရွာဘက်သွားကြဦးမှာဆိုတော့ နောက်ကျမှာစိုးတာလည်းပါသည်။

"ကိုင်း . . . သိပ်မမှောင်ခင် သွားကြစို့"

အမောင်လေးက ခင်နှောင်းကို ပိုက်ဆံလှည့်တောင်းသဖြင့် ခင်နှောင်းက 'ဘာလုပ်ဖို့တုံး' ဟု မေးလိုက်တော့ ရှူးခနဲ ဖြစ်သွားတော့၏။

"နှင်က စစ်လား ဆေးလား လုပ်နေပြန်ပါပြီ . . . ငါ့မှားကလေးသားကျလို့ . . . အိတ်ထောင်စောင့်တော့ပါမှ ပေါ့ဟ . . . ကတည်း သည်မှာ တစ်ပြားမှ မရှိတော့ဘူး"

အမောင်လေးက ပြောပြောဆိုဆို အိတ်ထောင်ကြီးဟပြတော့ ခင်နှောင်း ရယ်ချင်သွားမိ၏။ ခင်နှောင်းက ငွေတစ်ထောင်တန်တစ်ရွက် ထုတ်ပေးတော့လည်း ဘာတစ်ခွန်းမျှမပြောဘဲ ဆတ်ခနဲဆွဲယူကာ လှည့်ထွက်သွားသည်။ လမ်းမှာတွေ့ လမ်းမှာခင်တာနဲ့ တစ်ရွာသားနောက် စိတ်ချလက်ချ လိုက်သွားတာကို ခင်နှောင်း စိတ်



တော့ ပူမိသေးသည်။ ကိုကျီးညိုကတော့ မြင်ရသလောက် မဆိုးဘူး ထင်ပါရဲ့။

"အမောင်လေးနော် . . . 'သူများရွာမှာ မူးလား ရူးလားတွေ လုပ်မနေနဲ့ . . . အဖေနဲ့တိုင်မှာ သိလား"

ခင်နှောင်းက အမောင်လေးကျောပြင်ကို လှမ်းကြည့်ရင်း အော်ဖြစ်အောင်တော့ အော်လိုက်သေးသည်။ ကိုကျီးညိုက 'စိတ်ချပါဗျာ' ဟု လှည့်ပြောဖော်ရသော်လည်း အမောင်လေးကတော့ လှည့်လို့ပင်မကြည့်ပါ။ နွားကြည့်ရအောင်ဆိုလို့ကတော့ ထမင်းမေ့ ဟင်းမေ့။ ပြီးတော့ မဖူးငုံကိုတောင် ရောက်မရောက် မေးကြည့်သွားဖော်မရ။ မဖူးငုံလာတာကို မသိသေးလို့ပဲလား။ ဒါမှမဟုတ် မဖူးငုံထက် သူမင်သော နွားတွေကို ပိုစိတ်ဝင်စားနေ၍လားဆိုတာတော့ ခင်နှောင်း မပြောတတ်။ တစ်ရွာလုံး ပေါင်းသူမရှိသော အမောင်လေး တစ်ယောက် ကိုကျီးညိုနှင့်ကျတော့မှ အဖွဲ့အကျကြီး ကျနေတာကိုပဲ ခင်နှောင်းအံ့ဩနေမိတော့၏။

ညနေ နေဝင်တရီတရော ပွဲတော်ကွင်းစပ်လှည်းမီးဖိုတွေဆီမှ ချက်ပြုတ်နေကြသော မီးခိုးလုံးတွေက ဆည်းဆာရောင်နှင့် ရောထွေးကာ မှိုင်းတိုက်သလို ဖြစ်နေသည်။ လှည်းဘေး မြေပေါက်ကြားအက်တွေပေါ် ဖိုခွင်လုပ်ကာ ချက်ကြပြုတ်ကြပြီး မီးဖိုဘေးမှာပင် ထမင်းတွေပုံ၊ ဟင်းတွေပုံစားကြရတာကိုက ပွဲတော်အရသာ။ တစ်ရွာတစ်ရွာက ဟင်းခွက်တွေ တစ်လှည်းကတစ်လှည်းကူးကာလူးကာ နှိုက်စားကြရတာကလည်း ပျော်စရာကောင်းလှပါသည်။ ဟင်းခွက်ကူးဝေလေ့က ချစ်ခင်မှုကို ရစေသည်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မိလုံး . . . ညည်းတို့ အချဉ်ကလေး တစ်တို့လောက် မပါဘူးလားဟဲ့"

"နှမ်းဖတ်ချဉ်သုတ်ပါသယ်လေ အရီးကြော့ရဲ့ ရော့ရော့"

"ခင်နှောင်းရေ . . . အစပ်ကလေး အရပ်ကလေး ပါရင် ကာစ်ဖွဲ့ပေးစမ်းအေ"

"ငရုတ်သီးကြော်ပါသယ် မမခင်သိုင်းရဲ့ . . . သည်မှာ အမဲနှပ်စားချင်ရင်လည်း ရှိသယ်"

မြေဖျင်းအိုးကြီးနှင့် တစ်လုံးတည်ထားသော ကြီးငြိမ်းစံ၏ ထူးရွက်ဟင်းချိုအိုးကြီးကတော့ ယောက်ချိုကြီးတန်းလန်းနှင့် ခပ်ချင်သူတွေက လာခပ်ယူနိုင်ကြသည်။ အရီးကြော့ကလည်း ကိုကျိုးညိုပေးသော ပဲလွှန်းရွက်တွေကို ဆီကျန်ရေကျန်ကလေး ကြော်ကာ လင်ပန်းကြီးတစ်ချပ်ထဲ ထည့်ကာ သဘောစည့်ခံထားလိုက်လို့။ ကိုကြီးသာမောင့် အိမ်သူ မပုကြည်က ငါးပိရေကျို တစ်ဇလုံကို ငရုတ်သီးစိမ်းမီးဖုတ်ထောင်းနိုင်းချင်းနှင့် ဖျော်ကာ ဝေသန္တရာလုပ်လေ၏။ မောင်ကြီးရတို့ လှည်းနောက်မြီး မီးဖိုပေါ်က ပဲစာဉပြုတ်ပူပူလောင်လောင်သည်လည်း လက်မလည်နိုင်။ ခင်နှောင်းတစ်သက် ဟောသည်ကိုကြီးကျော်နတ်ပွဲခင်းလှည်းဝိုင်းကြားက မြေစာခဲတွေပေါ် တင်ပျင်ခွေထိုင်စားရသည့် ညနေစာလောက် မြိန်တာ မရှိဖူးခဲ့။

"ဟေး ညကျရင် တီဗီယိုဇာတ်ကားကောင်းသယ် . . . လိုက်ကြမှာလား"

"ဘယ်သူတွေသဲ့တုံး"



"ရေးဟားသာတော့ အစုံပဲ . . . ဒွေးသဲ့တော် . . . ရာဇာနေဝင်းသဲ့တော် . . . လူမင်းသဲ့တော် . . . ဟော ပြီးတော့ ဇာတ်လိုက်မတွေကလည်း အများကြီး . . . အိမ်သယာကျော်ဇင်လည်း ပါသယ်တော် . . . ထက်ထက်မိုးဦးလည်းပါသယ်တော် . . . ပြီးတော့ ဟိုကောင်မ ဘယ်သူသဲ့ မိပုံ . . . မှဲ့ပါသဲ့ ကောင်မလေ"

"ထွန်းအိမ်သယားဘို"

"အေး . . . အဲသည် ကောင်မလည်း ပါသယ်"

ကိုကြီးကျော်ပွဲတော်ကွင်းတွင် ဟိုတုန်းကလို နတ်ကရားကြည့်မော့ ဟိုငေးသည်ငေးလုပ်ပြီး မြန်မာစရာမလိုတော့။ ခေတ်ပေါ်ကာရာအိုကေသီချင်းဆိုရုံကြီးတွေ၊ ပြတင်းပေါက်လောက်ရှိသည့် ဖန်သားပြင် ဗီဒီယိုကားတွေ ဆိုလို့ ကြည့်လို့ရနေပြီ။ ခင်နှောင်းတို့ တစ်တွေက ဇာတ်လိုက်မင်းသားမင်းသမီးများကို ကောင်၊ ကောင်မ သုံးစွဲတတ်ကြသည်ကို ရိုင်းတယ် မထင်စေချင်ပါ။ ယောက်ျားမိန်းမ ခွဲခြားပြီး သုံးစွဲကြခြင်းသာ ဖြစ်ပါ၏။ ကောင်မဆိုသည့် အသုံးက ရွာမှာတော့ မိန်းကလေးလို့ ဆိုလိုခြင်းသာ ဖြစ်သည်။

ခင်နှောင်းတို့ ထမင်းစားပြီးတော့ အမောင်လေး ပြန်ရောက်လာသည်။ ကိုကျိုးညိုတော့ ပါမလာတော့။ သည်တစ်ခါ အမောင်လေးကိုယ်မှ ထန်းရည်နံ့ပါမလာတာကိုဘဲ ခင်နှောင်းမှာ ထူးဆန်းနေတော့၏။ အမောင်လေးက အရက်ရယ်လို့ ချိုးကပ်အောင် သောက်တာမျိုးမရှိသော်လည်း ယောက်ျားသဘာဝ ထန်းရည်လောက်တော့ ပွဲတွေ့ကလေး သောက်ချင်တာတော့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျီးညိုဆိုသဲ့လူ . . . သူကြည့်တော့သာ ဘာမှမဟုတ်သာ လူက နမွေးကောင်း (နွားမွေးကောင်း) ဗျ . . . ဖြစ်လိုက်သဲ့ နွားကြီးတွေဆိုသဟာများ ဆင်ပေါက်ကြီးတွေကျလို့ . . ."

"ဘယ်လို အကောင်ကြီးတွေတုံးဟဲ့"

"ရော် . . . နွားပါဆိုမှ ချိုနှစ်ဘက်နဲ့ ဘို့ပါသဲ့ အကောင်ပေါ့ဗျ"

အမောင်လေးအပြောကို ခင်နှောင်းတို့က ဝိုင်းရယ်ကြသည်။ အရီးကြော့မေးလိုက်သည့် သဘောက နွားမျိုးကောင်းတို့တွင် ရှိအပ်သော ကြန်အင်လက္ခဏာတွေထဲက ဘယ်လို အင်္ဂါတွေပါသည်ကို မေးခြင်းသာ ဖြစ်၏။ ထိပ်လယ်ကြာ၊ လည်ပင်းဗွေ၊ ကျောကုန်းမွေးနု၊ အမြီးရင်းဗွေ၊ ခြေဖြူလက်ဖြူ မြီးဖျားဖြူ မျက်စိကျ နှာရောင်ကျ၊ ခွာရှည်နားတို စသဖြင့် သည်လိုနွားတွေမှ မွေးသင့်သော နွားမျိုးကောင်းအဖြစ် ခင်နှောင်းတို့ တောင်သူတွေ မက်မက်စက်စက် ရှိတတ်ကြသည်။ အသားပွ၊ တင်ပါးနိမ့်၊ ပေါင်စောင်း၊ မြင်းခေါင်းဖောက်ပြန်၊ မျက်တွင်းကျ၊ ခြေခွင်၊ ခေါင်းတို၊ မွေးရှည်မြီးရှည်၊ မွေးကြမ်းလည့်ရှည်၊ မြေကပ်ခါ၊ သွားကြာရေယို၊ ချိုတယ်လူး၊ နံ့တို နံ့ကြပ် စသည့် နွားမျိုးညံ့တွေကိုတော့ မမွေးအပ် မမွေးကောင်းသည့်အပြင် မွေးတော့လည်း အကျိုးမပေးသည့်နွားဟု အယူရှိကြသည်။ အရီးကြော့မှာ ကိုယ်ပိုင်နွားမရှိသည့်ထိုင် တောသူတောင်သားပီပီ နွားမျိုးကောင်း ချီးမွမ်းခန်းဖွင့်သံကို အသံကြားလိုက်ရုံဖြင့် ကိုကျီးညိုနွားတွေ ကောင်းမကောင်း သိလို၍ မေးခြင်းကို အမောင်လေးက ဘုတောလိုက်ခြင်းဖြစ်သည်။



"ပြီးတော့ သည်လူက အသောက်အစားတော့ ကင်းသားဟ . . . ငါက ပါလာသဲ့ ငွေကလေးနဲ့ ဒကာခံပါ့မယ်ဆိုသာတောင် ထန်းတောဘက်ခေါ်မရဘူး . . . ငြင်းလိုက်သာ ဗျာလို့ . . . ဟိုတုန်းကများတော့ ပုဆိုးတောင် မကပ်ဘူးဆိုပဲ . . . အင်း သည်လူ့ဘဝက ကြားရပုံများ သနားစရာတော့ ကောင်းသား"

အမောင်လေးက ဘယ်သူ့ရယ် မဟုတ်ဘဲ ကိုကျီးညို့အကြောင်းတွေ သိလာကြားလာသမျှ ကရားရေလွှတ် ပြောနေသည်။ ကိုကျီးညိုက မအေမုဆိုးမကြီးနဲ့အတူနေသတဲ့။ မိဘဘိုးဘွားလက်ထက်က မြေပိုင်ယာပိုင်ထန်းပိုင်တွေ၊ သူ့လက်ထက်ကျကာမှ အပေါင်းအသင်းမှားကား အသောက်အစားကလေးဖက်၊ လောင်းကစားလေးဖက်လာတော့ မိဘလက်ငုတ်စီးပွားပျက်ခဲ့ရသည်။ အဘရော၊ အဖေရော ဆုံပါးသွားတော့ မအေအိုကြီး စိတ်မှ ချမ်းသာပါစေတော့ အောက်မေ့စိတ်ဖြင့် အရက်သေစာဖြတ်ပြီး သူရင်းငှားဝင်လုပ်၊ ထန်းအငှားတက်၊ နွားအဖက်မွေးပြီး လုပ်ကျွေးမွေးမြူနေသည့် တစ်ကိုယ်ရေတစ်ကာယသမားဟု ဆိုသည်။ ခင်နှောင်း ဒါတွေ မမေးရဲပါ။ အမောင်လေးက သူ့ဘာသာ စိတ်လိုလက်ရ ပြောနေလို့သာ သိရခြင်းဖြစ်၏။

"သည်လူ့ အဖြစ်ကလည်းဟာ . . . စီးပွားပျက်ပျက်ပါဦးတော့ မြေတစ်သွယ် တစ်ကြိုးစာ မကျန်သောက်အောင် မိုက်လည်း မိုက်ခဲ့ပါ့ . . . အင်းလေ မိုက်လက်စလေး တုံးလို့ တော်သေးသာပေါ့ . . . ငါတော့ သူ့နွားကြီးတစ်ကောင် ဆွဲလိုက်ချင်တော့သာပဲ . . . ကြိုက်ချက်တော့"

www.burmeseclassic.com

www.burmeseclassic.com



အမောင်လေးကတော့ သူနှင့် နွားဝါသနာတူတာ တစ်ချက်တည်းနှင့်ပင် ကိုကျိုးညိုကို အဖွဲ့ကျသွားပြီးထင့်။ ကိုကျိုးညို့နွားကိုတောင် ဈေးကလေးပေးဝယ်ပေးလိုက်ချင်ရဲ့ ဆိုပါရောလား။ ကိုကျိုးညိုက ကိုယ့်ရွာသားမဟုတ်လို့ တစ်ရွာသားကို အံ့သြကြားနှင့် အကောင်းထင်တာလည်းဖြစ်နိုင်သည်။ ရွာကလူတွေနဲ့တော့ အမောင်လေးက ပဲတစ်စေ့စားပင် မတည့်ချင်။

"ဟင် . . . ဟို နနီကြောင်က ဖူးငုံတို့ နွားတွေမှတ်လား"

စကားပြောရင်း လွှတ်ခနဲ မေးလိုက်ပြီးမှ အမောင်လေးက ရှက်သွားပုံရသည်။ ခင်နှောင်းတို့ ရွာသူရွာသားသဘာဝက သူ့နွားကိုယ့်နွား ဘယ်နားမှာတွေ့တွေ့ မှတ်မိနေတတ်ကြသည်။ အမောင်လေးရှက်မှာ စိုးတော့လည်း ခင်နှောင်း မကြားဟန်ဆောင်နေလိုက်ပါ၏။ ခဏနေတော့ မဖူးငုံလှည်းဝိုင်းဆီ တစ်ကျော့ပြန်ရောက်လာသည်။ လက်ထဲမှာ ပြန်ပန်းတွေ ပွေ့လာပုံထောက်တော့ နတ်ပန်းဆက်ခဲ့ပြီးပြီ ထင်၏။ သူဘယ်လို တိုးခဲ့တာပါလိမ့်။ ဆရာလေးကိုသိန်းဒန်တော့ ဘယ်ကျန်ရစ်ခဲ့သည်မသိ။ အတူပြန်ပါလာတာ မတွေ့။ ခင်နှောင်းတို့လှည်းနား ရောက်လာကာ နှုတ်ဆက်သည်။

"ကိုချစ်ခင်တို့များ နတ်ပွဲသွားမယ့်ဟာ ကျုပ်တို့တောင် စောင့်ခေါ်ဖော်မရဘူး . . . တကတည်း နေနိုင်ချက်တော့ . . . ရည်းစားနဲ့များ ချိန်းထားလား မပြောတတ်ဘူး . . . ခင်နှောင်း ညည်းအစ်ကို မရှိဘူးနော် . . ."

မဖူးငုံကသည်လောက်ကလေး နှော့လိုက်လျှင်ပင် အမောင်လေးမျက်နှာပေါ်မှာ တိုရေရှားရာ အပြုံးတွေ လက်လာတော့၏။



'ကျုပ် အစ်ကိုက ရှိုးပါတော် မရှိုးသာက တော်ပါတော့' လို့ ခင်နှောင်း ပြန်ပက်ချင်လှသော်လည်း အမောင်လေး မကြိုက်မှာစိုးလို့ ငြိမ်နေလိုက်ရသည်။ မဖူးငုံက ရဲရဲတင်းတင်းပင် အမောင်လေးဘေး တမင်ဝင်ထိုင်သည်။ မဖူးငုံတူမကလေးတွေကတော့ လှည်းရိပ်မီးထွန်းကာ ချက်ကြပြုတ်ကြဖို့ မီးမွှေးကြသည်။ အခုမှ ချက်ကြမှာလား။

"ဟဲ့ အချိန်မရှိမှ ချက်ကြရမှာလား မိလှထွေးရဲ့"

"ထမင်းအိုးတစ်လုံးတင်ပါ အရီး . . . ဟင်းပါပါသယ် ပွဲခင်းက အကြော်လည်း ဝယ်စားမှာ"

သည်လိုတော့လည်း ခင်နှောင်းတို့တစ်တွေက မနေသာပါ။ ဟင်းပါတယ်ဆိုတာ ဟုတ်ချင်မှဟုတ်မည်။ ကိုယ့်မှာရှိသော ဟင်းကလေးတွေ တစ်ပန်ကန်း တစ်ယောင်းမဆိုသလို ဟင်းခွက် ကမ်းလိုက်ကြရသည်သာ။ အစီအမံညံ့ဖျင်းလေခြင်းလို့လည်း မဖူးငုံကို စိတ်ထဲကကြိတ်၍ အပြစ်တင်လိုက်မိသည်။ အစ်မက မွေးသောတူ၊ တူမတွေနှင့်သူက ဦးစီးပြီး လာခဲ့သူမဟုတ်လား။ မိန်းမ မပီသသူကို ခင်နှောင်း ယောင်းမ,မတော်ချင်။ မဖူးငုံကတော့ သူ့အလှကလေးဝန်းပြ၍ ရယ်ကာမောကာ အပိုးမသေသော အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်ဖို့သာများသည်။ တကယ်တော့ အဆင်းရူပ အချင်းမူလမဟုတ်လား။ သည်ပုံမျိုးဆို ခင်နှောင်းတို့ တောသူတောင်သားများ အကြိုက်မတွေ့နိုင်သော ချွေးမလောင်း၊ ယောင်းမလောင်းမို့ နဂိုကတည်းက သဘောမတူချင်သော မိန်းကလေးမျိုးသာ ဖြစ်၏။

ခင်နှောင်းတို့ ကျွန်းသူကျွန်းသားတွေအဖို့တော့ ရုပ်မလို၊ ဂုဏ်မလို။ ရိုးသားပြီး ကြိုးစားသော လက်ရုံးရှင်ကိုသာ အများအားဖြင့် မက်မောတတ်ကြသည်။ လုပ်ရည်ကိုင်ရည်ရှိသူကိုသာ ပထမ

www.burmeseclassic.com

www.burmeseclassic.com



ဦးစားပေး စဉ်းစားအားကိုးတတ်ကြ၏။ ဆရာလေးကိုသိန်းဒန်လို လူမျိုးနှင့် မေတ္တာဖက်လို့ကတော့ မဖူးငုံ ထမင်းအိုးလောက်လေးခွနှင့် ပစ်ချရုံသာ ရှိလိမ့်မည်။ အမောင်လေးကတော့ ကျားစီးတက် ဖားစီးတက် မြေလှန်ကြေးလှန် လုပ်ကျွေးမည့်သူသာ ဖြစ်၏။ ပြီးတော့ ခင်နှောင်းတို့က မြေပိုင်ယာပိုင်တွေ။ မဖူးငုံ 'တက်ကစီး'ဝင်လုပ်ရုံသာ။ ဒါကြောင့်များ အမောင်လေးကို ကပ်ချိတ်နေတာများလား။ ဆရာလေး ကိုသိန်းဒန်ကကော။ ဘယ်လိုတဲ့လဲ။ ခင်နှောင်း သူ့ဘာသာ တွေးရင်း အဖြေရှာနေမိခြင်းသာ ဖြစ်၏။

"ဟဲ့ မိနှောင်း . . . ငါ့ကို ပိုက်စပ်ပေးစမ်းဦးဆို"

အမောင်လေးက လှမ်းငေါက်လိုက်တော့ ခင်နှောင်း လန့်ဖျပ်သွားသည်။ နှုတ်ကလည်း ယောင်ပြီး 'သဘောတူနိုင်ပေါင်တော်' လို့ ထွက်ဖြစ်အောင် ထွက်သွားတော့၏။ တော်ပါသေးရဲ့ အမောင်လေး ကောင်းကောင်း မကြားလိုက်လို့။

"ဘာပြောသယ် မိနှောင်း"

"ဟို . . . ဟိုလေ . . . ဘာဝယ်ဦးမလို့တုံးလို့"

"ဟိုဟာ သည်ဟာပေါ့ဟာ . . . ဘာရယ် ပြောလို့ ဘယ်ရပါ့မလဲ"

လေပျော့ကလေးနှင့် အပြုံးတွေ ဝေနေသည့် အမောင်လေး မျက်နှာကို ခင်နှောင်း အကဲခတ်လို့ရနေသည်။ မဖူးငုံကို ပွဲခင်းလက်ဆောင် ဝယ်ပေးဖို့ထက် ဘာရှိဦးမှာလဲ။ သည်လိုတွေးမိတော့ ခင်နှောင်း မျက်နှာကလေး ပုပ်ထားလိုက်သည်။

"အမောင်လေးယူသာ ဘယ်လောက်ရှိပြီလဲ . . . ကျုပ်ထဲလည်း မှုန်မှုန်ကျန်တော့သာ"



"ကိုင်းပါဟာ . . . ငါ့စာရင်း ငါရှင်းပါ့မယ် ပေးမှာသာ ပေးစမ်း"

"ဘယ်လောက်တုံး"

"ဟို . . . အင်း နှစ်ထောင်လောက်"

"ဟွန်း . . . အမောင်လေး သည်လို သုံးပုံစွဲပုံမျိုးနဲ့ဆို နောက်နှစ် နတ်ပွဲတောင် မလာရဲသလောက်ဘဲ"

"ရော် . . . သည်ကောင်မလေး"

ခင်နှောင်းက အောင့်အောင့်ဆောင့်ဆောင့် လုပ်ရင်းက ငွေနှစ်ထောင် မထုတ်ချင် ထုတ်ချင် ထုတ်ပေးလိုက်ရသည်။ မဖူးငုံကတော့ လှည်းနောက်မြီးမှာ ခြေဆင်းထိုင်ရင်း မုန့်ဝိုင်းကလေးကို ထုတ်ကြည့်လို့။ သည်တစ်ခါတော့ ခင်နှောင်း ယတိပြတ် ဆုံးဖြတ်လိုက်ပြီ။ အမောင်လေးကို မဖူးငုံနှင့် လုံးဝသဘောမတူနိုင်။ ရွာရောက်လျှင် အမေ့ကို ကိစ္စလုံးစုံ အိတ်သွန်ဖာမှောက် အကုန်ပြန်ပြောရဦးမည်။ ပြီးတော့ အမောင်လေးကို တစ်ဖက်သတ်ကြိုက်နေသော ရွာတောင်ပိုင် က ဦးကြီးမှတ်သမီး မဝိုင်းစိန်နှင့် မြန်မြန်ပေးစားဖို့ အမေ့ကို ပြော မည်။ အမောင်လေး ဘယ်လောက်ဆိုးဆိုး ခင်နှောင်းကတော့ ကိုယ့်အစ်ကိုဘက်က နာလှသည်။

အမှောင်ထုက ခင်နှောင်းတို့ လှည်းပေါင်းမိုးတွေပေါ် တဖြည်းဖြည်း အိဆင်းကျလာခဲ့ပြီ။ ဒိဇယ်မီးခွက်ရောင်ကလေးတွေက လှည်းဝိုင်းကြီးတစ်လျှားစာ ဟိုကသည်က လင်းလက်လို့လာသည်။ မှောင်မည်းမည်းကန်ရေပြင်မှာ ဆီမီးဖောင်ကလေးတွေ မျောလျော သည့်အတိုင်း ကြည့်လို့လှနေသည်။ အရိုးကြော့ကတော့ အမေမရွှေ

www.burmeseclassic.com



ကိုင်း မယ်တော်နန်းဘက် ထွက်သွားသည်။ အမေရွှေကိုင်းမယ်တော်နန်း ဘက်ဆီက နတ်ဒိုးသံတွေ ကြှိုင်ကြှိုင်ကြီး ဆူဝေနေသည်။

*"လင်ကိုစိတ်ဆိုး ဓားကိုမိုးလို့ xxx သားကို*
*စိတ်ဆိုး တံတောင်မိုးလို့ xxx ကျွန်ကိုစိတ်ဆိုး ဖနောင့်မိုး*
*လို့ xxx လင်သတ် မိန်းမကျွမ်းသမတဲ့ xxx ငါနဲ့ပေါင်း*
*တော့ မကျော်ကြားလား ကျော်ကြားလား xxx သမီး*
*ကောင်းနဲ့ ရွှေယောင်းမတို့"*

ညည်ဦးယံကို ထိုးဖောက်ပြီး လွင့်ပျံ့တက်လာသော နတ်ချင်း နတ်ချော့သံတွေက ခင်နှောင်းနှလုံးသားထဲအထိ ငါးရိုးနင်သလို စူးနေလေသည်။ ဝိုင်းစက်လုလု ကောင်းကင်လမင်းကြီးဆီက အလင်းငွေရည်တွေ ယိုဖိတ်ကျလာသလား ထင်ရသည်။ လဝန်းဝါဝါ၊ ထန်းတော ညို့ညို့၊ ဟည်းထနေသော လှည်းတပ်ကြီးကြားမှာ နတ်ချင်းသံတွေကြောင့် ခင်နှောင်းမှာ ရင်ဖိုသလိုလို လွမ်းစိတ်တွေ ဝင်လာသည်။ အမေ့ကို လွမ်းနေမိတာများလား။ ခါတိုင်းနှစ်တွေ အမေပါခဲ့တုန်းကတော့ ခင်နှောင်း လွတ်လွတ်လပ်လပ် စိတ်ပျော်လက်ပျော် နတ်ပွဲကွင်းထဲ လည်ခွင့် ပတ်ခွင့်ရသည်။ သည်လို နတ်ပွဲလှည်းတွေကြား အမေ့ရင်ခွင်ထဲ ခွေအိပ်ရင်း အမေရှင်း ပြခဲ့သမျှ နတ်သမိုင်းတွေကို နားထဲ ကြားယောင်လာမိသည်။ ဒါကလည်း နှစ်တိုင်းပြောနေကျဆိုတော့ ခင်နှောင်း အလွတ်နီးပါး ရနေခဲ့ပြီ။

"ပေါက္ကံပြည့်ရှင် သိန်းခွန်မင်းမှာ တောင်နန်းမိဖုရားကြီးနဲ့ မြောက်နန်းမိဖုရားဆိုပြီး ရှိသယ်. . . တောင်နန်းမိဖုရားခေါင်ကြီးက ရွှေလောင်းမင်းသားကို ဖွားမြင်တော်မူခဲ့သလို မြောက်နန်းမိဖုရားကြီးကလည်း စည်သူနဲ့ ကျော်စွာ



ဆိုပြီး သားနှစ်ပါး ဖွားမြင်ခဲ့သတဲ့ . . . သိန်းခွန်မင်းက ရွှေလောင်းမင်းသားကို အိမ်ရှေ့အရာ ပေးလိုတော်မူတော့ စည်သူနဲ့ ကျော်စွာကို တောင်ညိုလယ်မအရပ် မလိုတမာ ပို့ထားလိုက်သာပေါ့. . . တောင်ညိုလယ်မအရပ်ကနေ ပြီးတော့မှ ညီနောင်နှစ်ပါး ပခန်းနယ်ကို ရောက်လာကြသာရယ် . . ."

အမေက သူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ မနေ့တစ်နေ့ကပဲ ဒက်ထိတွေ့လာခဲ့သလို ပြောခြင်းမျိုးဖြစ်၏။ ကိုကြီးကျော်နှင့် ပတ်သက်လာလျှင် အမေ့မျက်ခုံးအကုန် သိသည်ဆိုသော ပုံဟလည်း ဖမ်းထားတတ်သေးသည်။

"ပခန်းမြို့ကြီးမှာ ညီကိုနှစ်ယောက် တနန်းဆောက်ပြီး ယာယီစံမြန်းနေကြရှာသယ် . . . နယ်ဆိုင်ပယ်ဆိုင် နတ်တွေကို ကန်တော့ပွဲထိုးပြီး ပူဇော်ပသထားတုန်း ဖြူနီးဆိုစွန်တစ်ကောင်က ထိုးထားသဲ့ ကန်တော့ပွဲကို အားကုန်ထိုးသုတ်သွားပါလေကရောအေ့ . . . ကန်တော့ပွဲကိုချီပြီး တောင်သုံးလုံးအလယ်က ရှုံးနွယ်တွေ ပတ်နေသဲ့ ရှားပင်ကြီးပေါ် ပစ်ချထားခဲ့ရော . . . အဲသာ အတိတ်ကောင်း နိမိတ်ကောင်းယူပြီး အဲသည်နေရာမှာ ကူဖြူဘုရား ကူနီဘုရားနဲ့ မြို့သုံးဌာနတည်သတဲ့ . . ."

"မြို့တည်ပြီးတော့ ရေကျူးကလေး ပတ်ချင်သေးသာနဲ့ နောင်တော်စည်သူမင်းက ညီတော်မင်းကျော်စွာကို မြောင်းတူးရမယ် အမိန့်ချသတဲ့ . . . သဟာနဲ့ မင်းကျော်စွာက ဟိုးအထက် ဆနွင်းကိုင်း (နနွင်းကိုင်း) အရပ်က တူး

www.burmeseclassic.com

www.burmeseclassic.com



မြောင်းကြီးသွယ်ပြီး ရေကို စကြိုယူလို့ ရေစကြိုလို့ အမည်မှတ်တော်မူသော . . . ရေစကြိုမြို့က မင်းကျော်စွာ အမည်တော်မှတ်ခဲ့သာမို့ ကိုးနဝင်းကိုက်နေသာပေါ့ . . . ဟိုတုန်းက ရှေးရွာမှန်ရင် အကုန်ကိုးနဝင်းကိုက် နာမည်ပေးခဲ့ကြသာချည်းပဲ”

အမေက ရွာနာမည်တွေကို ရွတ်ပြရင်း ကိုးနဝင်းကိုက်ပြတတ်သေး၏။ နတ်ချော့သံတွေကြား လရောင်က ကြည်လွန်းလှသည်။ လူညီးတွေအားလုံး ကိုယ့်အစုနှင့် ကိုယ်စကားဝိုင်းဖွဲ့ကာ ရယ်ကြ မောကြ အော်ကြ ဟစ်ကြတာကလည်း သည်မှာလာပြီး အနားယူကြတာမျိုးဖြစ်၏။

“အဲ့ . . . အဲသလို တူးမြောင်းဖောက်နေတုန်း တန်းလန်းမှာပေါ့အေ . . . မင်းကျော်စွာက အသောက်အစားအပျော်အပါးတွေထဲ ခေါင်းစိုက်နေတော့ တူးမြောင်းက ရေမလာဘူး . . တူးမြောင်းက ရေမဆင်းရကောင်းလားဆိုပြီး အစ်ကိုက စိတ်စက်ဆိုးပြီး ညီတော်ကို သတ်စေလို့ အမိန့်ချမှတ်လိုက်သတဲ့ . . . ရက်စက်လိုက်ပုံများတော့ . . . သာပေစိ မင်းကျော်စွာက ဘုန်းရှင်ကံရှင်ဆိုတော့ သေပြီး နတ်စိမ်းဘဝ ရောက်သဲ့နောက် အစ်ကိုလုပ်သူကို လက်စားပြန်ချေသတဲ့ နတ်စိမ်းဘဝမှာ ကူနီနန်း စံမြန်းရင်း နယ်ပယ်ကို စောင့်ရှောက်တော်မူသာဟဲ့ . . . နတ်ဖြစ်ရသာချင်း အတူတူ အစ်ကို့ထက် စွမ်းနေသာ ကြည့်တော့ လူမင်းဘုန်းကြီးတော့ နတ်မင်းမခံသာ ဆိုသမှုတ်လား . . . မောင်ကြီးကျော်ကတော့ လူ့ဘဝ နတ်ဘဝ နှစ်ဌာနစလုံး ဘုန်းတန်ခိုး



ထသာဟဲ့ . . . သည်ဘုန်း သည်ကံတွေကြောင့် နှစ်စဉ်ပွဲတော်ကြီး ဟည်းထနေအောင် စည်သာ . . . အားကိုးယုံကြည်သူတွေများသာ . . . ရှေ့တော့ ရတနာသုံးပါး ပြီးရင် ဘယ်သင်းကမှ အားမကိုးဘူး မယုံကြည်ဘူး . . . ကိုကြီးကျော်ပဲ အားကိုးသဟဲ့ ယုံကြည်သဟဲ့ . . . ဟုတ်တိပတ်တိ ဘယ်သင်းကများ လာမကြလို့တုံး ဟင် . . . အလကား ပါးစပ်ပြောရှိကြသာရယ်”

အမေကတော့ သည်နယ်သည်ပယ်က ရွာသူရွာသားတွေလိုပါပဲ။ ကိုကြီးကျော်ကို အားလုံးထက် ပိုယုံကြည်အားကိုးသတဲ့။ ခင်နှောင်းတို့တစ်တွေကကော။ ငှက်ပျောပင်စိုက် မိလိုက်ဖပါ သည်လိုပဲ မဟုတ်လား။ ကိုကြီးကျော် နတ်ရာဇဝင်ကို ခင်းလေတိုင်း အမေ့မျက်လုံးတွေက အရောင်တွေ ဖျပ်ဖျပ်လူးလူး ပိုတောက်လာသလို အသံတွေကလည်း မာရေကြောရေ ရှိတတ်တာ ခင်နှောင်း သတိထားမိသည်။ အမေ့ရင်ထဲအထိ ထိုထိုပေါက် ခင်နှောင်းဝင်ကြည့်ရသလို အမေ့ခံစားချက်တွေကို ခင်နှောင်း နားလည်မိရပါသည်။ သည်ယုံကြည်မှုတွေက အရိုးစွဲနေကြပြီ။

ခင်နှောင်းတို့ရွာက ကိုကြီးကျော် တော်ကောက်ခံရသူ နတ်ကတော် အမေစိန်ပြောပြသည့် ဇာတ်လမ်းကျတော့ တစ်မျိုး။ ကိုကြီးကျော်သည် ပန်းတောင်းပြည့်ရှင် မင်းစည်သူ၏ မြင်းစီးသူရဲကောင်း မင်းကျော်စွာဟု ပြောပြန်သည်။ ခွန်ချို ခွန်သာ ရှမ်းညီနောင်က နတ်စိမ်းဘဝမှ စကားဝါပင်ကို ခုတ်လှဲချသဖြင့် မင်းကျော်စွာ သေဆုံးရပြီး နတ်ဖြစ်သွားရတာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတရံ ကိုကြီးကျော်နတ်နှင့် ပတ်သက်ပြီး အဖေတို့ လက်ဖက်ရည်ကြမ်းဝိုင်းမှာ ငြင်းကြခုန်ကြသည်များလည်း ခင်နှောင်း ကြားနေရတတ်သည်။ ရွာတောင်ဖျားက ဆေးဆရာကြီး ဘိုးရွှေလုံးက တော့ ကိုကြီးကျော်ဆိုတာ အလောင်းစည်သူမင်း၏ အမတ်ကြီးက မွေးသည့် သားတော်အထွေးဆုံးဟု ပြောသည်။

"ဘယ့်နှယ် ကိုရွှေလုံးကလည်း မဟုတ်သာဗျာ ... ကိုကြီးကျော်က အင်းဝဘုရင်မင်းခေါင်ရဲ့သား မင်းရဲကျော်စွာကို ပြောသာဗျ ... မင်းရဲကျော်စွာက ပခန်းမြို့စား (မွန်)တွေနဲ့ စစ်ဖြစ်ရာက စစ်ပွဲရှုံးပြီးသေတော့ ပခန်းလာပြီး နတ်ဖြစ်သာ ... အဲသဟာကြောင့် ပခန်းမင်း ခေါ်ကြသာ ..."

ဆရာတော့်ကျောင်းက စာတတ်ကပ္ပိယကြီး ဘဘိုးထင်က ဝင်ငြင်းသည်။ ကပ္ပိယကြီး၏ အဆိုကို ရွာကျောင်းဆရာ ဦးလှမောင် က ရာဇဝင်အကိုးအကားဖြင့် ထောက်ပြပြန်သည်။

"ကိုကြီးကျော်ဆိုတာ ရွှေစည်းခုံဘုရားတံတိုင်း အပြင်က သုံးဆယ့်ခုနစ်မင်းစာရင်းဝင် မင်းကျော်စွာလို့လည်း ပြောကြရဲ့ ... အတွင်းသုံးဆယ့်ခုနစ်မင်း အပြင်သုံးဆယ့် ခုနစ်မင်းစာရင်းက ပုဂံခေတ်ကတည်းက ရှိသာကိုးဗျ ... အနော်ရထာမင်းလက်ထက်ကလေ... အနော်ရထာမင်းနောက် နှစ်ပေါင်းသုံးရာကျော် နောက်ကျပြီးမှ မင်းဖြစ်သဲ့ အင်းဝ ဘုရင်မင်းခေါင်ရဲ့သား မင်းရဲကျော်စွာက ဘယ့်နှယ်လုပ်ပြီး ကိုကြီးကျော် သွားဖြစ်ရမလဲ တွက်ကြည့်လေဗျာ"



"သဟာတော့ ဆရာလေးက ဘိုးဒုပ်ကြီးသမား ကိုးဗျ ... ကျုပ်တို့က အစဉ်အဆက် မှတ်ခဲ့စွဲခဲ့သဲ့ ရာဇဝင်ပဲ ... ဆံချည်လွဲပေါင်ဗျာ"

ဘယ်သူ့ကိုကြီးကျော်နတ်က အမှန်ဖြစ်မှန်း ဘယ်သူကမှ တိတိကျကျ မသိသော်လည်း ကိုကြီးကျော်သည် ကိုကြီးကျော်သာ ဖြစ်သည်။ ကျွန်းကြီးရှင်နယ်ကြီးရှင်သာ ဖြစ်သည်။ ယုံကြည်လောက် စရာ နတ်ကိုင်၊ နတ်မ ဇာတ်လမ်းတွေကလည်း ရှိလေတော့ နှစ်စဉ် ဝတ္တရားမပျက် လာကြသူတွေများလှသည်။ ပွဲတုန်းပွဲခါ ဆက်ဆက် လာရောက် ဦးတိုက်ကြရမြဲ ဖြစ်ပါ၏။

အခုတော့လည်း အမေမပါတော့ သည်အသံတွေ မကြားရ တော့။ အမေခမျာ ပွဲကွင်းကို စိတ်ရောက်နေတာထက် မောင်နှမ နှစ်ယောက် ရန်ဖြစ်နေကြသလား စိတ်ပူနေလောက်ပြီ။ လသည် တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီ။ ဝိုင်းစက်လုလု လဝန်းဝါဝါကြီးသည် ထန်းပင်တွေကြား သနပ်ခါးပိန်းကြားအဖွေးသား။ ကောင်းကင်မှာ တိမ်တစ်မျှင်မရှိ။ လှည်းတွေဆီမှ ဒီဇယ်မီးခွက်ရောင်နှင့် လရောင်ရော ထွေးကာ ဖြာကျနေသော အလင်းမျှင်တန်းတွေကို လှည်းဘီးကြားမှ နေ၍ ခင်နှောင်း ငေးမောကြည့်နေမိပါသည်။ နတ်နန်းဘက်ဆီမှ ပိန်း မောင်းတိုက်နေသော ဗိုးသံကြားမှ ကြည်မြပီသလွန်းလှသော အဆို တော် နတ်ကတော်၏အသံက မိုးယံကို ဖောက်ထွက်လှခမန်း ခင်နှောင်းတို့ လှည်းတပ်ကြီးဆီ လွှမ်းတက်လာခဲ့သည်။ တစ်နေ့ခင်း လုံး ပွက်ပွက်ဆူအောင်ဖွင့်ထားကြသည့် အသံချဲ့စက်ပေါင်းများစွာက တိတ်ဆိတ်သွားတော့ နန်းဘက်က အသံတွေကိုသာ ထင်းထင်း ကွင်းကွင်း ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



*"တာဥငယ်မှ ခါနွေ xxx ဂိမှန်ငယ်သင်း ပင်ကျ*
*ရည်နှင့် မြူမှိန်မှိန်မှာ xxx ရာသီပြောင်းတဲ့ တပေါင်းလခါ*
*xxx ကြွေအံ့ ဖဲရိုက် ဂုံညင်းဝိုက် ကြက်တိုက်ပွဲနှင့် ပျော်*
*လည်း ပျော်ရာ ဒီချိန်ခါမှာ xxx ရလွယ်စေမှု တောင်းဆု*
*ကျိုးပြုရမှုမလွဲ ကိုကြီးကျော် ပျော်တဲ့ ပွဲကို နွှဲကြပါလေ*
*xxx ဆိုင်ရာအရှိန်. နှစ်စဉ်ကိုးပါတဲ့ မျိုးကြီးဆွေတို့ . . . "*

လရောင်တစ်စ အလင်းတွေ ယိုစီးကျနေသော လှည်းဘီးနှစ်ဘီးကြားက လှည်းအောက်ခင်း ဝါးကပ်ကြမ်းပေါ်မှာ ခင်နှောင်း တစ်မှေး အိပ်ပျော်သွားခဲ့ပြီ။ သူနားထဲမှာ အသံဖလံတွေ ဆူဝေနေသလိုလို အိပ်မက်တွေပဲ မက်နေသလိုလို။ သည်လို ပွဲတော်ကွင်းထဲ အိပ်ရတာကလည်း အရသာတစ်မျိုးဖြစ်သည်။ အိပ်မက်ထဲမှာ ကိုကျီးညိုက သူနွားတွေ လိုက်ကြည့်ဖို့ သူမကို ခေါ်နေသည်။ မနက်တုန်းကလို ပုခုံးတွေများ ဖက်လိုက်လို့။ အိပ်မက်ထဲမှာ ခင်နှောင်းမှုးဝေဝေ နောက်တောက်တောက် ခံစားနေရသည်။ ပြီးတော့ ယောကျ်ားတစ်ယောက်၏ ကိုယ်နံ့။ အသံတွေက ဝေးသည်ထက် ဝေးသွားသလို မှေ့ခနဲ ဖြစ်သွားလေသည်။

■

(၈)

ပိန်းပိန်းပိတ်နေသည့် အမှောင်ထဲမှာ ထူးထူးဆန်းဆန်း အလင်းအားပြင်းသည် မီးဆလိုက် စိုက်ထိုးထားသလို ကွက်ကွက်ကလေး လင်းနေသည်။ ကောင်းကင်နောက်ခံရောင်ဖြင့် အဝေးချင်းတွင်းမြစ် တစ်ဘက်ကမ်းက အလင်းရောင်တွေကို မြင်ရသော်လည်း ကြယ်ရောင်လောက်တောင် မလင်းချင်။ ခင်နှောင်းက လူသူတစ်ယောက်တစ်လေမှ မရှိသော အမှောင်ကြီးထဲမှာ တစ်ယောက်တည်း ရပ်ရင်း ချွေးတွေစို့နေသည်။ လူသံတွေ ကြားရသော်လည်း မမြင်ရ။ သီချင်းသံတွေကိုတော့ ကြားနေရသည်။

*"စိန်ခွာသံ မြေယံပျော် ပန်းခင်းတဲ့လမ်းကိုပျော်*
*xxx အသဇနီဇက်ခက်ကို လျှော့လိုလာပေါ့ ကိုကြီးကျော်*
*xxx ဝတ်လဲတော် ဝတ်လဲတော် ရွှေပုဆိုးတန်းထိုးလို့ ကြုံကြ*
*ပါနော် xxx လာဘ်ကြီးကိုမျှော် ကျော်ကိုသာတ အဟုတ်ပ*
*ရလိမ့်မလွဲနော် xxx အရက်နဲ့ကြက်ကြော် အချိန်မလပ်စေဖို့*

www.burmeseclassic.com

www.burmeseclassic.com



××× လာဘ် လာဘ်ကြီးလာလိမ့်မယ် ×××လာဘ် လာဘ်ကြီး
လာလိမ့်မယ်"

သည်လို အသံကောင်းတာမျိုး ခင်နှောင်းတစ်သက် မကြားဖူးခဲ့။ ရှေးကမြန်မာကြီးတွေဆိုတတ်သည့် အသံမျိုးဆိုတာတော့ ခင်နှောင်းသိနေသည်။ ခင်နှောင်းရှေ့တွင် ကိုကြီးကျော်က လက်နှစ်ဘက်ပိုက် ရင်ကော့လျက်က ပြုံးမိန့်မိန့်ကြီး ရပ်လို့နေသည်။ မဟာနဖူးကျယ်ကြီးကို အစထောင်ပေါင်းထားသော စိန်ခြယ်ခေါင်းပေါင်းက လှုပ်လိုက်တိုင်း အရောင်တွေ ထွက်နေသည်။ နားတောင်းကလည်း ဆိးကင်းလောက် ရှိလိမ့်မည်။ လက်ညှိုးနှင့် လက်ခလယ်ကြားက စီးကရက်ကလည်း မီးခိုးငွေ့တွေက လှိုက်တက်နေသည်။ လည်ပင်းမှာ သိုင်းထားသော နှင်းဆီပန်းရနံ့နှင့် ရေမွှေးရနံ့တွေက ခင်နှောင်းကို စပါးကြီးမြွေ ညှို့သလို ရနံ့တွေထဲမှာ မူးယစ်နေတာမျိုးဖြစ်သည်။ အနုးညှဲဆုံး ရွှေနန်းမျှင်များ လှိုင်းကြီးချိတ် အကျော်အနင်းရက်ထားသော ဝတ်လဲတော် တောင်ရှည်ပုဆိုးကြီးကတော့ ခံ့ညားသလောက် အိစက်ပျော့ပျောင်းလှသည်။ ခင်နှောင်းက သတိပြန်လည်လာသလို ပန်းတော်ဆက်ဖို့ ရှေ့ကို တစ်လှမ်းတိုးလိုက်တော့ ကိုကြီးကျော်နောက်ပါးမှာ ရှိနေသည့် နတ်ကတော်ကြီးတစ်ယောက် ရှေ့ထွက်လာသည်။ သည်နတ်ကတော်ကြီးကို ပန်းဆက်လိုက်ရမှာလား။ ခင်နှောင်းမသိ။ ကိုကြီးကျော်ကတော့ လက်ပိုက်ရင်း ပြုံးနေသည်။ နတ်ကတော်ကြီးက ခင်နှောင်းကို စိုက်ကြည့်နေသည်။ ခင်နှောင်း ကြောက်လိုက်တာ။ ခင်နှောင်း ဘယ်သူ့ကို ပန်းတော်ဆက်ရမှာလဲ။

ခင်နှောင်းနောက်မှ ခေါ်သံကြားလိုက်ရသဖြင့် ပျော်သွားသည်။ သူတစ်ယောက်တည်း မဟုတ်တာ သေချာပြီ။ အသံရှိရာ



လှည့်ကြည့်လိုက်သည်။ ခေါင်းပေါင်းစကို ခပ်ငိုက်ငိုက်ပေါင်း၍ ဝတ်လဲတော်ပုဆိုးခပ်နွမ်းနွမ်းဝတ်ထားတာကကော ဘယ်သူလဲ။

"ခါးစည်းငယ်မှ ဝေသီလေ၊ ပျော့ရှာလွန်းသည့်တစ်ကျွန်းတင့်နီး၊ တင်ပုဆိုးမှာ၊ ပိုးထဘီနှင့် အကျီငယ်မှ ခါသာ၊ အလယ်ကိုဖွားဘယ်ညာနောက်က၊ ဖနောင့်ကျ နှင့်" ဆိုတာမျိုး တောက်တောက်ပပ မဟုတ်။

"ကိုကျီးညိုများလား . . ."

ခင်နှောင်းနားထဲမှာ တရကြမ်း ငြိန်းငြိန်းမြည်အောင် တီးနေသော ဗိန်းမောင်းတိုက် နတ်ဒိုးသံတွေက လှိုက်လှိုက်ဆူဆူ ပွက်နေသည်။ နတ်ဒိုးသံစည်းချက်အတိုင်း ထိုလူက အားနှင့်မာန်နှင့် ကြက်လောင်းနေလေသည်။ ပန်းခက်ထိုးငွေဖလားကို တစ်ဘက်၊ လောင်းကြက်ပြာကျားကို တစ်ဘက်မြှောက်ချည်ချချည်။ မျက်နှာကြီးက နတ်ပူးသလိုလိုရှိဝေဝေ။ မရပ်မနား ဒလိမ်းထိုးအောင် ကနေသော ကိုကျီးညိုကိုသာ ခင်နှောင်း တအံ့တဩ ငေးမောနေမိ၏။

သည်မြင်ကွင်းကို ခင်နှောင်း ကြည့်လို့မဝနိုင်သလို ငေးနေမိခြင်းဖြစ်သည်။ ကြက်လောင်း ကြက်တိုက် ခင်နှောင်း မြင်ဖူးပေါင်းများလှသော်လည်း ကိုကျီးညို ကြက်တိုက်ပုံလောက် ကြည့်ကောင်းတာမျိုး မတွေ့ဖူးခဲ့။ ကိုကျီးညိုသည်ပင် လူသားနှင့်မတူတော့ဘဲ နတ်တစ်ပါးပါးနှင့် တူနေသည်။ ပုဝါရက်သစ် မယ်ကပေးတဲ့ ပိုးသေးမပါ ခေါင်းပေါင်းပြာ လည်မှာရစ်လို့ထားတာကိုက ခန့်လိုက်ပါဘိ။

"နရဏီ ရွှေဖလားရယ်နဲ့ ××× အားတက်ဖို့
အသာပြင် ပေါက်ကွဲ့ရေစင် ×××ကြက်ပူတိုက်လို့ လွှတ်
လိုက်ရင် ××× မမောခင် ငွေယူရေး ××× ကြက်ဖ

www.burmeseclassic.com

www.burmeseclassic.com



*ရန်အောင်တဲ့ xxx ဒီတစ်ခါ ရှိုင်းကို ကျွတ်အောင် ခွပ်
လိုက်ပါ ပြာကျား"*

အရောင်တဖျပ်ဖျပ်လက်နေသည့် ရိဝေသီသီ မျက်လုံးတွေ၊ လေးကိုင်းညွတ်နွတ်ခမ်းပါးပါး၊ ယောင့်စပ်စပ်မေးရိုးကားကား။ မို့မို့မောက်မောက် ရင်အုပ်ကြီးပေါ် တင်းတင်းရင်းရင်း စည်းနှောင်ထား သော ပိုးပုဝါစရဲရဲက ထင်းကြွနေသည်။ တစ်ကိုယ်လုံးလည်း ပိုးကတ္တီပါရည်တွေ ထုံနေအောင် လိမ်းထားသလို မွှေးရနံ့တွေ သင်းပျံ့နေတာလည်း ခင်နှောင်းစွဲမက်သည်။ ဗိန်းမောင်းရိုက်သံတွေ အငြိမ်မှာ လှုပ်ရှားမှုသည်လည်း ငြိမ်လာခဲ့သည်။ သည်တော့မှ မျက်နှာကို အကဲဖမ်းမိတော့သည်။

*'နွားအုံနှင့် ပါးဆီမှာ ကတ်ကြေးကျညီလှသည်၊ မြရေသီလ ဗျာပါဆံက ပါးယံမှာ သွယ်ခွေ ပြန်ဝိုက်လို့လာခဲ့ပြီ'* လို့ ဆိုလောက်သည့် မျက်နှာ။ တင်းတင်းခန့်ခန့်မျက်နှာကျကို ခင်နှောင်းမှတ်မိပြီ။

"အို . . . ကိုကျီးညို"

ခင်နှောင်းက အားရဝမ်းသာ ကိုကျီးညိုထံ ပြေးဝင်လိုက်သည်။ လက်ထဲက ပန်းစည်းကလေး ကမ်းလိုက်ချင်လို့ ဖြစ်သည်။ ရှေ့ အင့် လှမ်းပေးသည့်တိုင် ကိုကျီးညိုက မို့တမိ။ သည်တုန်းမှာပဲ ရုတ်တရက်ဆိုသလို စကားဝါပင်ကြီးတစ်ပင်က အိခနဲ ပြိုကျလာကာ ကိုကျီးညိုအပေါ် တည့်တည့်ကြီး ပိကျသွားတော့၏။ ခင်နှောင်း အသံကုန်ဟစ်၍ အော်လိုက်မိတော့သည်။ ခင်နှောင်း၏ အော်သံက ပုံတင်သံကြီး ထပ်နေလေ၏။

"ခင်နှောင်း . . . ခင်နှောင်း ထစမ်းဟဲ့"



အရီးကြော့ ခင်နှောင်းကို ဖျန်းဖျန်းကွဲ နှိုးနေရသည်။ သည်မိန်းကလေး ခါတိုင်း သည်လောက် နှိုးရတာ မဟုတ်။ အအိပ် အနေဆတ်တာ အရီးကြော့သိပြီးသား။ ဘီလူးသဘက်များ စီးနေရော့သလား။ ချောက်ချားစရာ အိပ်မက်တွေထဲက ရုန်းထွက်လာခဲ့ရသော ခင်နှောင်း နိုးစတုန်းကတော့ ဘာမှန်းပင်မသိ။ တစ်စုံတစ်ယောက်က နှိုးနေသည့်တိုင် ချက်ချင်းအသိမဝင်သေးသလို ကြောင်နေမိသေးသည်။ သူ့ဘေးနှစ်ဘက်က လှည်းဘီးကြားယိုနေကျသော လရောင်ကြည်ကြည်ကြောင့် မျက်စိတွေ ကျိန်းစပ်သလို ခံစားနေရသည်။ လရောင်တွေ လင်းလှချည့်လား။ နေပါဦး. . . ဘယ်သူက နှိုးလိုက်တာလဲ။ အိပ်မက်ထဲမှာ သူပိတ်မိနေတာတော့ ဖျပ်ခနဲ မှတ်မိနေသည်။

"အံမယ်လေး အိပ်လိုက်သာ ကတည်းမှ . . .
ချစ်ခင် ထန်းတောထဲ ရိုက်ခံရလို့သဲ့"

အရီးကြော့ ဆူဆူဆဲဆဲ တအားလှုပ်နှိုးတော့မှ ခင်နှောင်း ငေါက်ခနဲ ထထိုင်လိုက်မိတော့သည်။ သူ့နားထဲ ဇဝေဇဝါ ဖြစ်နေတာကို အရီးကြော့က ကြားသမျှ ပြန်ပြောပြနေသည်။ အို ဘုရား ဘုရား . . .။ ဘာတွေများ ဖြစ်ကုန်ပါလိမ့်။ မထိတ်သာ မလန့်သာ။ ခင်နှောင်း အိပ်မက်တွေ မကောင်းတာ ဒါကြောင့်များလား။ အိပ်မက်ထဲက လူက အမောင်လေးမှ မဟုတ်ဟာ။ လှည်းအောက်က ခင်နှောင်း ငုံ့ထွက်လိုက်တော့ ဘာစကားတစ်ခွန်းမှ မပြောဘဲ သူ့အနိုးကို စောင့်နေသည့် ကိုကျီးညိုကို သန့်ခနဲ ပေွ့လိုက်ရ၍ ရင်တွေ ဖိုသွားမိရသေးသည်။ ကိုကျီးညိုက မျက်နှာမကောင်း။

"အမောင်လေး ဘယ်လိုဖြစ်သာတုံး ကိုကျီးညို
ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ထန်းဟောတဲ လူရိုက်လို့ဆိုပြီး အော်ကြသဲ့အသံကြားလို့ ကျုပ်ချက်ချင်း ပြေးကြည့်တော့ ကျုပ်တို့လူ ကိုချစ်ခင်ကြီးဖြစ်နေသာရယ်. . . အဲသဟာ သတိကောင်းကောင်းမရလို့ ကျုပ်အိမ်မှာ လူ စောင့်နဲ့ ခဏထားခဲ့သယ် . . . ခင်နှောင်းတို့ လှည်းချွတ်သဲ့နေရာ ကျုပ်ပဲသိသာမှုတ်လား. . . ရေစကြိုဆေးရုံပို့မှကောင်းမယ်ထင်ပါရဲ့. . ."

"အရီးရေ လုပ်ပါဦး. . . ကိုကြီးသာမောင်တို့ ကိုကြည်တို့ လုပ်ကြပါဦးတော်. . . အမောင်. . . အမောင်လေး"

ခင်နှောင်းမှာ ကိုကျီးညို ပြောသလောက်နှင့်ပင် ခြေမကိုင်မိ လက်မကိုင်မိ မျက်ရည်တွေ စီးကျလာတော့၏။ အမောင်လေး သတိလစ်နေသတဲ့။ ရေစကြိုဆေးရုံပို့ရမတဲ့။ ဒဏ်ရာက တော်တော်များသလား။ အမောင်လေးတစ်ခုခုဖြစ်ခဲ့ရင် ခင်နှောင်းတို့မှာ လက်တိုင်းရိုးမျက် ဖြစ်ရချေရဲ့။ ရွာက အဖေတို့ အမေတို့ဆီလည်း ခင်နှောင်း စိတ်ရောက်သွားသည်။ သည်သတင်းကြားလျှင် စိတ်ပူကြရှာရော့မည်။

"ကိုင်း . . . ငိုနေလို့ မပြီးဘူး သည်လိုလုပ် . . . ငါနဲ့ ငကြည် ရေစကြိုလိုက်သွားမယ် . . . နင်တို့ မနက်ဝေလီဝေလင်းလောက် ရွာပြန်ကြ . . . ကိစ္စပြီးရင် တို့လည်း ရွာပဲပြန်ခဲ့မယ်"

"ကျုပ် . . . ကျုပ်လည်း လိုက်ပါရစေတော်"



"နင် နေခဲ့ ခင်နှောင်း . . . ငတို့ ပါနေမှတော့ ဘာမှမပူနဲ့ ကိုယ့်ရွာသားကပဲဟာ ငတို့ စောင့်ရှောက်မှာပေါ့ . . . မိန်းကလေးပါရင် အလုပ်ဖင့်သဟာ. . . ကဲ သွားကြစို့"

"တောက်. . . လက်သယ်မမိလိုက်သာ နာချက်ကွာ"

ကိုကြည်ကတော့ တောက်တခေါက်ခေါက် လုပ်ရင်း မကျေမနပ်ပါသွားတော့၏။ ခင်နှောင်း လှည်းဘေးထိုင်ချကာ အားရပါးရ ချုံးပွဲကြီးချ၍ ငိုလိုက်မိသည်။ အမေပါမလာတဲ့ နှစ်ကျမှ ဖြစ်ရလေခြင်းလို့လည်း အမေ့ကို လှမ်းအောက်မေ့လိုက်မိသည်။ အဖေနဲ့ အမေသိရင် ရင်ကွဲရှာကြမှာပဲ။

"အရှင်ဘုရား . . . ကံကောင်းထောက်မလို့ အမောင်လေး ဘာမှမဖြစ်ပါစေနဲ့ဘုရား အမိအဘကို ရင်အုပ်မကွာ လုပ်ကိုင်ကျွေးနေသဲ့ ကျေးဇူးရှင်ပါဘုရား"

ခင်နှောင်းဘုရားကိုသာ တ,၍ ဆုတောင်းလိုက်မိသည်။ အမောင်လေးတစ်ယောက် သူမအပေါ်မှာ ဘယ်လောက် ဗိုလ်ကျကျ ငေါက်ငေါက်ငန်းငန်း ခင်နှောင်း အမောင်လေးကို ချစ်သည်။ ထန်းတောရေဆိပ်မှ စက်လှေငှားပြီး ချင်းတွင်းမြစ်ရိုးအတိုင်း ရေစကြိုအသွား လမ်းတစ်လျှောက်လုံး အမောင်လေး နာနာကျင်ကျင် ဝေဒနာတွေ ခံစားသွားရရှာလေမလား။ ခင်နှောင်းရင်မှာ ပူပူလောင်လောင်ကြီးကို ခံစားနေရပါသည်။ အရီးကြော့ကတော့ တဘက်ကလေး ပုခုံးတင်ကာ လှည်းအောက် မြေကြီးပေါ်ထိုင်ချရင်း နန်းဘက်ဆီ လက်အုပ်ကလေးချီလို့ မောင်ကြီးကျော်ကို တိုင်တည်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီးကျော်တော် . . . သခင်နယ် သခင့်ပယ် သခင့်နန်း အရောက် လျှောက်ခဲ့ကြသူတွေပါဘုရား. . . သခင့်သားတော် သခင့်သမီးတော် စစ်စစ်တွေပါဘုရား. . . ကျုပ်တူ သူတော်ကောင်းကလေး အပြောမတတ်သာ ရှိသာပါဘုရား. . . သဘောသကာ်ယများ ကောင်းသူပါ ဘုရား . . . နတ်ထိန်းနတ်ယများမှအစ လူကြီးမိဘ ရှိသေသူပါဘုရား . . . စိတ်ရင်းစေတနာများကလည်း ဖြူပါရဲ့ . . . အမိအဘကို ရင်ခေါင်းပုဆိုးစည်း တောနင်းကြိမ်ခုတ် လုပ်ကျွေးသမှုပြုနေသဲ့ သားကောင်းသားမွန် လူတံခွန်ပါ ဘုရား . . . ဖေကြီးကျော် စောင့်ရှောက်တော်မူပါ . . . အသက်အန္တရာယ် မထိမရှ မခိုက် မတိုက်ပါစေနဲ့ဘုရား . . . ဖေကြီးကျော် လက်တွင်းအပ်နှင်းပါသဘုရား . . . တွေ့မယ့်ဘေး ဝေးပါစီ တိုက်မယ့် ခလုတ်ဆုတ်ပါစီ တိုးမယ့် ကန်သင်း ကင်းပါစီ . . ."

စိတ်ကလေး နည်းနည်းငြိမ်တော့မှ ခင်နှောင်းတွေးရတော့သည်။ အမောင်လေးကို ဘယ်သူတွေ ရိုက်တာပါလိမ့်။ အမောင်လေး ကိုယ်တိုင်သည်ပင် ထန်းရည်ဝိုင်းမှာ ဆိုးသွမ်းခဲ့လေသလား။ သူများ ရွာမှာ ကြက်မလို မနေခဲ့ရှာသလား။ အသောက်သမားကြီးသက်သက်မဟုတ်သော်လည်း အရက်ကလေးထွေလျှင် အမောင်လေး ဆိုးတတ်တာတော့လည်း ခင်နှောင်းသိပါ၏။ ဒါပေမယ့် ဖေကြီးကျော် နတ်ပွဲမှာ ထန်းရည်မူးပြီး ရမ်းကားရလောက်အောင် အမောင်လေး မမိုက်ကမ်းလှပါ။ တစ်စုံတစ်ယောက်ရဲ့ ပယောဂများ ပါလေရော့ သလား။ လရောင်ထဲမှာပဲ ငုတ်တုတ်ထိုင်ရင်း ခင်နှောင်းတောင်စဉ်



ရေမရ လျှောက်တွေးသည်။ ဖြစ်နိုင်ချေတွေ စဉ်းစားကြည့်သည်။ အိပ်မက်အရတော့ နိမိတ်မကောင်းလှ။ သတိရမိတော့ ငိုရပြန်သည်။ ခင်နှောင်းအတွေးတွေက မိုးလင်းလုတိုင်ထိ ထိုထိုပေါက်ခဲ့ပြီ။

မိုးမလင်းတလင်းမှာ ချင်းယားက ခဲအိုဖြစ်သူ လိုက်လာသည်။ အစ်မ၏ အိမ်သား မောင်ကြီးသိန်းက ပွဲတော်ပြန် လှည်းတွေ သတင်းပေးသွားလို့ လိုက်လာခြင်းဖြစ်၏။

"ငတို့ရွာက နတ်ပွဲပြန်တွေ ကြားလာလို့ ငါသိသိချင်းလိုက်လာသာ . . . ကိုင်း နင့်အစ်မလည်း စိတ်ပူနေသယ် . . . ရွာလိုက်ခဲ့ကြပေါ့ဟာ . . . ပြီးရင် တို့နှစ်ယောက်စလုံး ဖြူဘူးလိုက်ခဲ့မယ် . . . သွားကြစို့"

ရွာလှည်းအဖွဲ့ကို နှုတ်ဆက်ပြီး ခင်နှောင်းတို့ မောင်ကြီးသိန်းနောက် ချင်းယားရွာကလေးသို့ လိုက်ခဲ့ကြသည်။ ခါတိုင်း လှည်းမထွက်ခင် ရွာမပြန်ခင် နန်းရင်းတစ်ခေါက်ပြေး ဦးတိုက်နေကျ ဖြစ်သော်လည်း အခုတော့ လှည်းပေါ်ကပင် ခင်နှောင်းတို့ ဖေကြီးကျော်ကို လှမ်း၍ တိုင်တည်လိုက်ရတော့သည်။

"ဖေကြီးကျော်ဆီ နှောင်နှစ် နှောင်နှစ်တွေလည်း နှမများ သမီးများ နန်းထိနန်းရောက် လာရောက်ဦးတိုက်ပါရစီ . . . အခွင့် အခါကောင်းများ သနားတော်မူပါဘုရား"

ခင်နှောင်းကတော့ သည်ဆုကလေးကိုပဲ လိုသလောက် တောင်းခဲ့မိသည်။ ချင်းတွင်းမြစ်ဘေး ကမ်းခြေကို မြှောင်၍ ဖောက်ထားသော ချင်းယားရွာဆီအသွား လှည်းလမ်းကတော့ ဆေးပင်တွေဖြင့် ပိတ်သည်းလို့နေသည်။ လူသံ သူသံ၊ အသံချွဲစက်သံ၊ နတ်ဒိုးသံ၊ ကြက်လောင်းသံ၊ ပွဲသိမ်းမင်းကို ချီသံ ချော့သံတွေ ဝေး၍ ဝေး၍

www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့ပြီ။ လမ်းမှာတော့ အဝေးရွာတွေက နတ်ပွဲလာလှည်းတွေ တစ်သီကြီးတွေ့ရပြန်ပြီ။ လာသူလာ သွားသူသွား လူတွေလှည်းတွေ ကိုကြီးကျော်ဆီ သွားလို့ပင် မဆုံးနိုင်သေး။ အစ်မတို့နေကြသည့် ချင်းယားရွာ ကလေးကတော့ နတ်ပွဲကွင်းနှင့် မဝေးလှပါ။ ထမင်းတစ်စလယ်အိုးချက်လောက်ပဲ လှည်းမောင်းရသည်။ ချင်းယားရွာရောက်တော့ လင်းနေပါပြီ။ ခင်နှောင်းတို့ လှည်းဝင်လာတော့ အစ်မက ရွာလယ် ကင်းတဲ ထိပ်က ပျာပျာသလဲ ဆီးကြိုရှာသည်။

"ခြေထောက်နာနေသဲ့ကြားက အမေတော့ ပါမယ်ထင်နေသာ. . . ငါဖြင့်အေ ချစ်ခင်သတင်းကြားလိုက်ရတော့ ခေါင်းကိုဝေသွားသာပဲ . . . ငါ့မောင်ကလေးဖြစ်မှဖြစ်ရလေ အေရယ်. . . ဘယ်လိုဖြစ်သာသဲ့တုံး စိတ်ပူလိုက်ရချက်တော့"

ချင်းယားရွာမှာ ခင်နှောင်းတို့ ခါတိုင်းလို တစ်နေ့ကုန်မနေတော့ဘဲ တစ်အောင့်နှင့် ပြန်ထွက်ခဲ့ကြသည်။ အစ်မက သူ့အခင်းထွက် သစ်ဥသစ်ဖုကလေးတွေကို မိဘများအား နှစ်စဉ်ကန်တော့နေကျမို့ ကိုကြီးကျော်ပွဲပြန်တိုင်း ချင်းယားရွာကို ခင်နှောင်းတို့ ဝင်ရသည်။ ငယ်ဆရာ ဖြူဘုရားတောင်ကျောင်း ဆရာတော်ကိုလည်း အစ်မက နှစ်စဉ်လှူဒါန်းနေကျဖြစ်သည်။ သည်လို သီးနှံပေါ် ချိန် ပေါ်ဦးပေါ် ဖျားတစ်နှစ်တစ်ခါဆိုသလို ရဟန်းသံဃာ လူကြီးမိဘဆရာသမားများကို ရည်စူးလှူဒါန်းတတ်ကြသည်မှာလည်း ခင်နှောင်းတို့ ကျွန်းနယ်များ၏ ဓလေ့ဖြစ်ပါ၏။ အစ်မတို့ ချင်းတွင်းမြစ်ကမ်းဘေးရွာစဉ်တစ်လျှောက် သစ်ခင်းတွေက မြစ်ငွေ့ရလို့လား မသိပါ။ ခင်နှောင်းတို့ ကျွန်းလယ်ရွာတွေထက် ပို၍ စိမ်းစိုသည်။ စိုက်ကွင်းစိုက်ကွက်ပိုများသည်။ အစ်မ



မှာ မောင်ကြီးသိန်းမိဘများဖြစ်သော ယောက္ခမအိမ်ပေါ် တက်ကာဆိုးခင်လုပ်ရသူမို့ မပူပင် မကြောင့်ကြနေရပါသည်။ မောင်ကြီးသိန်းမှာ တောင်သူကြီး သားသမီးပီပီ တစ်ဝမ်းတစ်ခါး ကုန်းကုန်းရုန်းရုန်း လုပ်ကျွေးမည့်သူမို့ အစ်မကို မောင်ကြီးသိန်းနှင့် နှစ်ဘက်မိဘသဘောတူ ပေးစားလိုက်ခြင်းပဲ ဖြစ်၏။ ရွာအပြန်မှာတော့ အစ်မ ပါပါလာသည်။

"ခင်နှောင်း . . . ငါ့ညီမ ဝယ်ချင်သာများကော စေ့အောင် ဝယ်ခဲ့ခြမ်းခဲ့ရရဲ့လားဟင်"

"ဝယ်ခဲ့ရပါသယ် မမရယ်. . . ကျုပ်ဖြင့် အမောင်လေးအတွက်ပဲ ပူနေရသာ"

ခင်နှောင်းက အစ်မသား တူကလေးနှစ်ယောက်ကို ချီပွေ့ထားရင်း အမောင်လေးနှင့် မဖူးငုံအကြောင်းတွေကို အစ်မအား ပြောပြနေမိ၏။ အစ်မကတော့ ရွာရောက်လျှင် မဖူးငုံကို ပြောင်သွားမေးမည် ဆို၏။ ဒါကလည်း ရွာစရိုက်ဖြစ်သည်။ တောသူတောင်သားများပီပီ မတင်မကျ၊ ဝေ့လည်လည် လုပ်တာမျိုးကို မကြိုက်။ ကောင်းကောင်းဆိုးဆိုး တင်းတင်းပပရှိတာ ကြိုက်သည်။

"ဘယ့်နှယ်အေ . . . ကိုယ် တောသူပဲဟာ တစ်လင်တစ်ယောက် ကြိုက်လိုက်စမ်းပေါ့ သူ့ငွေးယူယူ နွေးယူယူ . . . ခုတော့ သူက တီပီယို မင်းသမင်း ဂိုက်ဖမ်းပြီး ရည်းစားများချင်ရသေးသတော် . . . ချစ်ခင် လူရိုက်ခံရသာ သင်းကြောင့်နေမှာပဲ . . . ငါ့မောင်သာ တစ်ခုခုဖြစ်လို့ကတော့လား . . . ကောင်မ ထဘီကလနားချင်း ချည်ဆွဲပစ်လိုက်စမ်းမယ် . . . ဟွန်း"

www.burmeseclassic.com

www.burmeseclassic.com



အစ်မသည်လည်း မောင်ကြီးသိန်းနှင့် ကိုကြီးကျော်ပွဲ လိုက်ရင်း တွေ့ခဲ့ကြခြင်းဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် ရည်ငံပြီး မိဘများကို ဖွင့်ပြောကာ နှစ်ဘက်မိဘ သဘောတူတောင်းရမ်း ပေးစားခဲ့ကြခြင်းဖြစ်သည်။ ခင်နှောင်းတို့နယ်တွင် တစ်လင်တစ်ရည်းစား ညားကြတာကို လူမှုရေး ဂုဏ်ယူစရာသဘောထားတတ်ကြသည်။ ဒိုသည့်နောက် ကလေးမိခင်ဖြစ်သည့်တိုင် ရည်းစားများသော လက်ရှိ အပျိုမိန်းကလေးထက် ဂုဏ်ရှိနေတတ်ကြသေးသည်။ သည်ဂုဏ်က မျိုးရိုးစဉ်ဆက်အထိတောင် လိုက်တတ်သေး၏။ အစ်မသာ ရည်းစားများခဲ့သူဖြစ်လျှင် ညီမဖြစ်သူ ခင်နှောင်းက အလိုလို အရည်လျော့ရတော့သည်။ ဒါကြောင့်လည်း ခင်နှောင်းတို့ ကျေးတောနေ မိန်းမသူကလေးအများစုမှာ ရည်းစားသနာထားဖြစ်ကြဖို့ ခဲယဉ်းတတ်ကြသလို တစ်ဦးနှင့်တစ်ဦး ချစ်ကြကြိုက်ကြပြီဆိုလျှင်လည်း ကြည်ကြည်ဖြူဖြူ ယူလိုက်ကြသည်သာ များ၏။ မိဘသဘောတူလောက်သူကိုမှ ရွေးလက်ခံတတ်ကြသည်။ မိဘသဘောမတူဘဲ ခိုးရားလိုက်ပြေးသတဲ့ဆိုလျှင်ပင် သည်မိန်းကလေးကို မေ့ငေါ့ချင်ချင်။ မဖူးငုံလို လှသလောက် မျက်နှာများချင်သူမျိုးကို အသိုင်းအဝိုင်းက အင်တင်တင် လုပ်ချင်ကြသည်။ သို့သော် မဖူးငုံက ဘယ်သူနှင့်ရယ်လို့ အပ်ချမတ်ချ သမီးရည်းစား ဖြစ်လေခြင်းရယ်လို့လည်း မဟုတ်။

"ကိုရင်သိန်း ရွာကျရင် ကျုပ်ကို ထားခဲ့ပြီး တော်ရေစကြို ကို တော်ရာနဲ့ လိုက်သွားဦး"

"အေးပါဟ . . . နင်တို့ ဝန်စည်စလယ်တွေနဲ့ ကြောင့်သာ ငါကဖြင့် ချင်းယားကနေတောင် ပြေးလိုက်ချင်သေးသာ အဟုတ်"



အစ်မနှင့် အကြောင်းပါတော့လည်း မောင်ကြီးသိန်းသည် ခင်နှောင်းတို့ မိသားစုအပေါ် ဆွေစိတ်မျိုးစိတ်တွေ အသွေးအသားပေါက် စီးဆင်းနေတော့၏။ အစ်မနှင့် နှီးနွယ်ပြီးတော့လည်း ချင်းယားရွာကလေးသည်ပင် ခင်နှောင်းတို့အတွက် ဆွေရွာမျိုးရွာ ဖြစ်ရပြန်သည်။ သည်လိုနှင့် ကျွန်းရွာတွေအချင်းချင်း ပိုက်ကွန်ချက် အကွက်ချင်း ယှက်သလို သံယောဇဉ် အနှောင်အဖွဲ့တွေဖြစ်ကာ နှစ်ရွာတစ်ရွာ အကူးအလူးရှိကြတော့သည်။

ရွာရောက်တော့ အစ်မတို့ မိသားစု ပါလာသဖြင့် အမေက ဝမ်းသားအားရ ပြေးကြိုရှာသည်။ ခင်နှောင်းကတော့ လှည်းပေါ်က အရင်ခုန်ဆင်းကာ အမေ့ရင်ခွင်ထဲ ခေါင်းထိုးဝင်၍ ငိုမိတော့၏။ အမေက ရင်ပတ်ပေါ် လက်ဖိရင်း သမီးကို စိတ်ပူနေရှာပုံပေါ်သည်။

"ခင်နှောင်း . . . ဘာဖြစ်လာသာလဲဟင် . . . ချစ်ခင်ကကော"

မောင်ကြီးသိန်းနှင့် အစ်မကပဲ အကျိုးသင့်အကြောင်းသင့် သိသလောက် ဝင်ရှင်းပြသည်။ အမေ့ကိုယ်ကလေးတောင့်မတ်သွားကာ ဘုရားကို တတော့သည်။ အရေးကြုံလာတော့လည်း ရှင်တော်မြတ်ဘုရား၏ ဂုဏ်ကျေးဇူးတော်ကိုသာ ရည်မှတ်ကြရမြဲမဟုတ်လား။ အမေက ခေါင်းတင်တဘက်ကလေးနှင့် မျက်ရည်တွေ သုတ်ကာတို့ကာ ဟီးချငိုလေ၏။

"အင်း . . . ထင်တော့ထင်သား ငါမပါရင်တော့ တစ်ခုခု ဖြစ်မှာပဲလို့ . . . မနေ့က မောင်ကြီးကျော်ကို လှမ်းပသတုန်း သပြေအိုးကျကွဲသွားကတည်းက စိတ်ထဲ တထင့်ထင့်နဲ့ဟဲ့ . . . အင်း ဖြစ်ရလေ ဖြစ်ရလေ . . . အပြောမတတ်

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆဲသလို ဆိုသဟာကိုး . . . ငါ့သား ချေစ်ခင် သည်
အပြောတွေကြောင့် မခံချင်သူက ရိုက်လိုက်သာနေမှာပဲ. . .
ကိုင်း ရေစကြိုလိုက်ကြရအောင် . . ."

အဖေကတော့ ယောက်ျားသားပီပီ ဘာမှတော့မပြော။ မျက်နှာတော့ မကောင်းပါ။ တကယ်တမ်း ခင်နှောင်းတို့ရွာမှ ရေစကြိုကို ရောက်ဖို့ဆိုတာ အနည်းဆုံးထားဦးတော့။ နှစ်ရေးနှစ်မော အိပ်သလောက်ကြာသည်။ အိမ်ကနွားတွေ ပွဲပြန်ပန်းလာသဖြင့် တခြားလှည်းနွားကို ငှားသွားရသည်။ ရွာမှ မြောက်စူးစူး သာဂေါင်၊ နွားမော့ ရွာတွေဘက်မောင်း၊ အဲသည်ကမှ အနောက်ထိုထို ချိုးချရသည်။ ချင်းတွင်းမြစ်ဆိပ်ကမ်း ဆင်ခြေရာ ရွာရောက်ဖို့ပင် သဲကျင်းသောင်ခုံတွေ ဖြတ်ကြရတာ အကြာကြီး။ သဲပူသောင်ပူထုကြီး ထည်ကြီးကိုက လှည်းဘီးတစ်ဝက်နစ်သည်။ ပြီးမှ မော်တော်ဖြင့် တစ်ဆင့် ချင်းတွင်းမြစ်ကို ဖြတ်ကူးရသည်။ သည်တော့မှ ရေစကြိုမြို့ကို ရောက်၏။

အမောင်လေးသည် ကံကောင်းထောက်မစွာဖြင့် ခြေလက်မကျိုး၊ မကန်း၊ မသေမပျောက်သော်လည်း ခေါင်းကို လေးငါးချက်ချုပ်ရသည်။ ပုခုံးဆစ် တုတ်ချက်ထိလို့ ပတ်တီးစည်းထားရသည်။ ခါးအောက်ပိုင်းအထိ နာခဲ့တော့ ခြေကောင်းကောင်းမထောက်နိုင်။ အမောင်လေး ဆေးရုံက ဆင်းလာတော့ လှည်းပေါ်က ပွေ့ချကြရသည်။ ကိုကျီးညိုသည်ပင် ရွာအထိ ပါလာခဲ့သည်။ အမောင်လေးကတော့ ကိုကျီးညိုကို ကျေးဇူးတင်လို့ မဆုံးတော့ပေ။ ဖြစ်သည်ဆိုကတည်းက သူ့အနားမှာ မအိပ်မစား စောင့်ရှောက်ခဲ့သည်ဟု ဆိုသည်။ လူတစ်ယောက်ကို ကျေးဇူးစကားပြောဖော်မရသော အမောင်လေးက



ကျေးဇူးစကားတွေဒါ့ထပ်ထပ်ဆိုတော့ ခင်နှောင်းပင် အံ့ဩမိရသည်။ ခင်နှောင်းကလည်း ကျေးဇူးတင်ပါတယ်တော်ရယ်။

တစ်ရွာလုံးက အမောင်လေးသတင်းလာမေးသူတွေထဲမှာ အမောင်လေး အမျှော်ဆုံး မဖူးငုံလည်း ပါသည်။ ထူးဆန်းတာက မဖူးငုံသည် မနက်တစ်ခေါက် ညနေတစ်ခေါက်ဆိုသလို အမောင်လေးဆီကိုလာပြီး ဝတ်ကြီးဝတ်ငယ် ပြုစုနေခြင်းပဲဖြစ်သည်။ အမောင်လေးကတော့ ကိုယ့်ဝေဒနာကိုပင် မေ့လျော့နေသည်ထင့်။ ခါတိုင်းလိုလည်း အလိုမကျသည့်တိုင် ခင်နှောင်းကို ငေါက်လားငန်းလား မလုပ်တော့ပါ။ လူတွေအပေါ်မှာလည်း ဆက်ဆံရေးတွေ ပြောင်းလဲလို့လာပါပကောလား။ အမောင်လေးကို ပြောင်းလဲပစ်လိုက်တာ ထန်းတောထဲ လူရိုက်ခံရလို့ပဲလား။ ဒါမှမဟုတ် မဖူးငုံရဲ့ ရှားရှားပါးပါး မေတ္တာတရားကြောင့်ပေလား။ ခင်နှောင်း မခွဲခြားတတ်ပါ။ အမောင်လေးကို ရိုက်သူတွေ ဘယ်သူတွေလဲဆိုတာကိုလည်း အမောင်လေး ကိုယ်တိုင် မသိဟုဆိုသည်။ အမောင်လေးအပေါ်မှာ မဖူးငုံစိတ်တွေ လုံးလုံးညွတ်ကျလာအောင် လုပ်ခဲ့သူ လူရိုက်တရားခံကိုပင် အမောင်လေးက ကြိတ်ပြီး ကျေးဇူးတင်နေလေရော့သလား။

ခင်နှောင်းအပါအဝင် ဆွေရိပ်မျိုးရိပ်တွေကတော့ မဖူးငုံကြောင့် သည်လိုဖြစ်ရတာလို့ တစ်ထစ်ချယူဆကာ မဖူးငုံကိုသာ မဲကြသည်။ အစ်မကတော့ အမောင်လေးကိုရိုက်တာ ဆရာလေး ကိုသိန်းဒန်တို့အုပ်စုပဲဖြစ်မည်ဟု ဗြောင်ပင် စွပ်စွဲလိုက်သေး၏။ ကိုသိန်းဒန်ကိုယ်တိုင်မဟုတ်သော်မှ သင်းလူတွေ နေမှာပဲလို့လည်း ဆို၏။ အစ်မသည်လို ပြောနေတော့ အမောင်လေးက မဖူးငုံ အနေခက်မှာ စိုးပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဟာငါ ထန်းရည်ဝိုင်း စကားများကြသာပါဟာ . . . န္တားဆရာနဲ့ ဘာမှမဆိုင်ပါဘူး. . . သည်လူလား ငါ့ကို ရိုက်ဝံ့မှာ၊ လူက လူနုရယ် . . . ဖူးငုံနဲ့လည်း သည်ကိစ္စ ဘာမှမဆိုင်ပါဘူး ဆိုသဲ့ဟာကို နင်တို့ကလဲ"

အစ်မနှင့် နှမလုပ်သူက တကျိုကျို တကျာကျာ လုပ်လွန်းတော့ အမောင်လေး၏ မဖူးငုံဘက်က ကာကွယ်နေလိုက်သေး၏။ အမေကတော့ မဖူးငုံကို ဘာမှမပြောပါ။ သူ့သား လူပေလူကပ်ကြီး ခြေရာတစ်ယောင် မောင်မဲခေါင်ကို ကွမ်းတောင်ကိုင် အပျိုချော မဖူးငုံ ကိုယ်တိုင် လာစောင့်ရှောက်ဖော်ရနေတာကိုပင် ဂုဏ်ယူနေလိုက်သေး၏။

"ဖူးငုံလို ရွာကွမ်းတောင်ကိုင်က ကြိုက်သယ်ဆိုလို့ကတော့ ငါ့သားနဲ့ သဘောမတူဘဲရှိပါ့မလား. . . ဖူးငုံက ရုပ်ချော တော့ သရိုးသရီလုပ်ချင်သဲ့သူ ပေါ်သာပေါ့ဟဲ့ . . . ဒါပေသိ ဆရာလေးကိုသိန်းဒန်လို လူစားတောင် သူက လှန်ချပစ်လိုက်သာ ရယ်အေ့ အာဂမှတ်လို့ ပြီးတော့ ဖူးငုံက ကိုယ့်ရွာသူ . . . တစ်ယောက်အကြောင်းတစ်ယောက် အတွင်းသိ အစင်းသိ . . . ဆွေဂုဏ်မျိုးဂုဏ်လည်း ရှိသယ် . . . ချစ်ခင် သည်းညည်းခံရင် ပြီးသာပဲ . . . ပြောသာပြောရသာပါအေ ငရို့အိမ်က လူကလည်း ကျောပိုးချင်နေသာပါ . . ."

အမေက သဘောတူသည် ဆိုတော့လည်း အဖေအပါအဝင် ခင်နှောင်းတို့ ဘာမှမပြောသာ။ အဖေကတော့ နဂိုကတည်းက အေးအေးနေတတ်သည်။ ယောကျ်ားဆိုတာ ဘယ်သူ့ယူယူ လုပ်ကျွေး



မှာချည်းဟုသဘောထားသူဖြစ်၏။ မဖူးငုံတို့ဘက်ကလည်း အမောင်လေးနှင့် သဘောတူသည်ဟု အသံပစ်လာသည်။ မဖူးငုံတို့က ခင်နှောင်းတို့လောက် မြေယာပစ္စည်းမကြွယ်ဝသော်သည်း ဆွေမနည်းမျိုးမနည်း ဖြူဘူးရွာဇစ်မြစ်များ ဖြစ်ကြသည်။ ခင်နှောင်းတို့နယ်မှာ ဆွေမျိုးဉာတကာများခြင်းသည်လည်း ဂုဏ်တစ်မျိုးဟု ခံယူတတ်ကြသည်။ ဆွေမျိုးများတော့ အင်အားများသည်။ ဒီမျိုးမှားတော့ တန်ခိုးထွားတာပေါ့ဟဲ့လို့ ပြောတတ်ကြသည်။ မဖူးငုံက မကောင်းရသေးသည့် ယောင်းမများကို လေပြေကလေးထိုးကာ ထိုးကာ မျက်နှာချိုသွေးတော့လည်း အစ်မကိုယ်တိုင်ပင် ပျော့ပျောင်းလာပုံရသည်။ ခင်နှောင်းကတော့ အငယ်မို့ ဘာပြောတတ်မှာလဲ။

ပြီးတော့ ထူးဆန်းတာက မဖူးငုံ ချက်ချင်းကြီး ပြောင်းလဲသွားတာကို ဖြစ်သည်။ နဂိုက အမောင်လေး ပိုးပန်းနေတာ သိသော်လည်း ချဉ်ပေါင်ပင်ထိပ်ဖူး စိတ်ကူးတောင် မထည့်ဘူးဆိုသည့် ပုံမျိုးနေခဲ့တာ ခင်နှောင်းသိသည်။ ဒါကို မဖူးငုံရိပ်မိတော့ စကားအကြောင်းရောက်သည့်အခါ သူ့သဘောထားကို တွင်တွင်ကြီး ပြောတော့၏။

"ကျုပ်က မျက်နှာများသာ မဟုတ်ဲရပါဘူး မမခင်ဦးရယ် . . . ကျုပ်တစ်သက် ရည်းစားသနာရယ်လို့လည်း လက်ညှိုးထိုးပြရလောက်အောင် မထားခဲ့ရိုးအမှန်ပါ . . . ဆရာလေးကိုသိန်းဒန်ကို စိတ်က ရည်မိသာတော့လည်း မှန်ပါရဲ့ . . . အိမ်လာနေကြသာတွေလည်း အလိုက်သင့် ဆက်ဆံရသာပါ . . . မိနဲ့ ဘနဲ့ နေသာဆိုတော့ ဧရှမ်းချင်သာလည်း ပါသယ် . . . ဆရာလေးကိုသိန်းဒန်ကိုယူလို့

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမှာတုံး နွားတောင်ဖြောင့်အောင် မချည်တတ်သဲ့ဟာ . . . ကိုယ်က မြေနဲ့နွားနဲ့ဖက်ပြီး လုပ်စားရသဲ့ တောသူတောင်သားတွေ. . . ထွန်ဟယ် ယက်ဟယ် စိုက်ဟယ် ပျိုးဟယ် ထမ်းဟယ် ပိုးဟယ်နဲ့ လုပ်နိုင်သဲ့ လုပ်ရည်ကိုင်ရည်ပြည့်သဲ့လူမှ တစ်သက်လုံး ကိုယ်က မိရမှာ မှတ်လားတော့ . . . မြို့သားယူပြီး မြို့လိုက်သွားရမှာ များတော့လည်း လုပ်နိုင်ပေါင် . . . သပ္ပာကြောင့် နတ်ပွဲသွားသဲ့နေ့ကပဲ ကိုချစ်ခင်အပေါ် ကျုပ် လုံးလုံးကြီး စိတ်ဒုံးဒုံးချလိုက်မိသာပါပဲတော် . . . ကိုချစ်ခင်ဖြစ်သယ်ကြားတော့ ခင်နှောင်းတို့ အထင်လွဲမှာစိုးလို့ ကြားရက်နဲ့ ငြိမ်ခံနေခဲ့ရသယ် . . ."

မဖူးငုံမှာ အနေမတည်၊မျက်နှာမတည်ခဲ့လေတော့ ရည်းစားများသည့်တိုင် ဖူးဖူးညွန့်ညွန့် တင်းတင်းရင်းရင်းနေရမည်အစားကွမ်းတောင်ကိုင်အလုပဂေးတန်မှဲ့ ယောင်းမလောင်းတွေကို အထက်ကြို့ကြို့ အောက်ကြို့ကြို့ စကားတွေ့ ဆိုနေရရှာသည်။ သည်လိုဆိုပြန်တော့လည်း ခင်နှောင်းပင်လျှင် မဖူးငုံစိတ်ဓာတ်ကို ကြိတ်၍အားကျလိုက်မိပါသေး၏။ အမောင်လေးက လက်ရုံးရှင်မို့ အိမ်ထောင်ဘက် ရွေးလိုက်တာတဲ့လား။ မိန်းမသားများအဖို့ တစ်သက်လုံး မှီခိုအားထားရမည့် ခင်ပွန်းဆိုတာ ကျားကျားလျားလျားရှိဖို့၊ ယောကျ်ားပီသဖို့၊ ရာသက်ပန် ကြင်နာဖို့ပဲ လိုတာ မဟုတ်လား။ ဒါဆို ကိုကျီးညိုကကော ခင်နှောင်း အားကိုးအားထားပြုနိုင်သူပေါ့။ မုန့်ဆီကြော်ကဘယ်မှာရယ်မသိ မိန်းကလေးပီပီ ခင်နှောင်းစိတ်ကူးကလေး ဖျပ်ခနဲယဉ်လိုက်မိ၏။



အမောင်လေးကို တစ်လျှောက်လုံး ရွာပစ် အိမ်ပစ် ကျွဲပစ် နွားပစ်ကူညီခဲ့သော ထန်းတောရွာသား ကိုကျီးညိုတစ်ယောက် မထင်မှတ်ဘဲ ခင်နှောင်းတို့အိမ်မှာ သောင်တင်နေခဲ့သည်။ သီးနှံသိမ်းရင်းတန်းလန်း အလုပ်လက်စတွေကို အမောင်လေးမလုပ်နိုင်တော့ ကိုကျီးညိုက ကုန်းကာ ကျုံးကာ လုပ်ကိုင်ပေးခဲ့ရှာသည်။ အဖေရှိသော်လည်းအဖေကိုယ်တိုင်က မလုပ်နိုင်တော့တာ ကြာပြီ။ ရေစကြိုးဆေးရုံကအဆင်း ထန်းတောရွာကိုပင် တစ်ခေါက်တစ်ကျင်းမပြန်နိုင်တော့ဘဲပဲသိမ်း၊ နှမ်းကိုင်၊ ဆေးရွက်ကြီးတွေ ပုတ်သွင်းကျိုကျ စနစ်ကျအောင်လက်ကြောတင်းတင်း လုပ်ပြနေတော့ အိမ်ကလည်း ကြည်ကြည်ဖြူဖြူ တားထားကြတာပါသည်။ ရေစကြိုမြို့ခံပွဲရုံတွေဆီ သီးနှံတွေသွားရောင်းပေးသည်အထိ ကူညီခဲ့သော ကိုကျီးညိုကို အမေကသဘောကျလို့ မဆုံးတော့။ အဖေကဆိုလျှင် 'သည်ကောင် တို့အိမ်ကကောင်ထက်တောင် အနှုတ်အသိမ်းသွက်သဟ' လို့ ချီးမွမ်းနေသေးတော့၏။ ကိုကျီးညိုကလည်း စကားရည် စကားကျ နှံ့စပ်ရုံမကချေချောင်ငံလည်း ရှိသည်မဟုတ်လား။

"ပါ့တူ ကျေးဇူးကြီးပါပေ့ကွယ် . . . အရီးတို့မှာ သည်သားကလေး အားကိုးနေကြရသာ . . . သူ အခုလိုဖြစ်တော့ အရီးတို့မှာ ငုတ်တုတ်ထိုင်ခံနေရမယ့်အဖြစ် . . . အင်း ပြောရသာ အားတော့ အနာသား . . . ဖြစ်နိုင်ရင် လာမယ့်နှစ် တစ်သီးတော့ အရီးတို့ကို ကူစေချင်သယ် . . . နေပါဦး မင်းနွားတွေမွေးထားဆို အခုကော ဘယ့်နှယ်လုပ်ထားခဲ့သာတုံး"

www.burmeseclassic.com

www.burmeseclassic.com



ကိုကျီးညိုသည် သူ့ အလုပ်ဝင်လက်စ ထန်းတောရှာက အလုပ်တန်းလန်းတွေ သိမ်းပေးဖို့ တာဝန်ဝတ္တရားကလည်း ရှိနေသေးသည်။ နွားတွေကို ညီဝမ်းကွဲတစ်ယောက်နှင့် လွှဲထားရသည်ဆို၏။ နွားတွေက အဖက်မွေးမို့ နွားရှင်နှင့်သူ တစ်ဝက်စီ ပိုင်ကြတာမျိုး ဖြစ်သည်။ အမေက ကိုကျီးညိုအတွက် စားလောက်သောက်လောက် ရုံမက ပိုပိုလျှံလျှံကလေး ကြိုပေးရင်း အလုပ်စရံသတ်လိုက်လေ၏။ သည်လိုနှင့် ကိုကျီးညိုတစ်ယောက် ခင်နှောင်းတို့အိမ်မှာ သူရင်းငှား တစ်ပိုင်း ဖြစ်မှန်းမသိ ဖြစ်လာခဲ့တော့သည်။ ခင်နှောင်းကတော့ မျက်စိရှေ့မှာပင် ပြောင်းလဲဖြစ်ပျက်လာသည့် လောကအကြောင်းတွေကို အိပ်မက်လို့သာ ထင်မြင်နေမိ၏။ သည်အိပ်မက်တွေကို ကိုကြီးကျော်ကပဲ ဖန်ဆင်းခဲ့လေသလား။ ဘယ်တုန်းကမှ လူပို လူငှား သူရင်းငှား ရယ်လို့ မထားခဲ့ဖူးသော ခင်နှောင်းတို့အိမ်မှာ ကိုကျီးညိုဆိုသည့် တစ်ရွာသားက ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လို့လာပါပကော။

ခင်နှောင်းတို့ ခြံထောင့်က နွားတင်းကုပ် ခြေတံရှည်တဲကလေး အပေါ်ထပ်က ပဲမှော်စင်သည်ပင် ကိုကျီးညို၏ တစ်ကိုယ်ရေ တစ်ကာယ အိမ်ဂေဟာ ဖြစ်လာခဲ့သည်။ အဖေက အမောင်လေးနှင့် အတူ အိမ်အောက်ထပ်မှာ နေဖို့ ပြောသော်လည်း ကိုကျီးညိုက လက်မခံပါ။ အဲသလို သူမနေတတ်ဘူးဟု ဆိုကာ တွင်တွင် ငြင်းခဲ့သည်။ နေထွက်နှင့်နေဝင် တစ်နေကုန် ယာထဲ ကိုင်းထဲ နေပူကျဲကျဲတွင် ထွန်ရေးငင်နေတတ်သော ကိုကျီးညိုကို ခင်နှောင်း သနားနေမိရသည်။ နွားထွန်၊ ရေခပ်၊ ထင်းပေါက် အောက်ခြေသိမ်းအလုပ်တွေ စီကာ စဉ်ကာ လုပ်ကိုင်ပေးနေရသည့်တိုင် သူ့ကြည့်ရတာ ပင်ပန်းပုံ



မရှိ။ တကယ်တော့ အမောင်လေးကို ကူညီချင်တာထက်၊ သူရင်းငှားခ လိုချင်တာထက် ခင်နှောင်းကို ချစ်ခင်စွဲလမ်းတာက ပိုမည်မှန်း အပျိုမဒန်းအရွယ်မကတော့သော ခင်နှောင်းသိပါ၏။

ယောကျ်ားသူစိမ်းတစ်ယောက်နှင့် လက်တစ်ကမ်းကွာ အတူနေရထိုင်ရတော့လည်း ခင်နှောင်းမှာ ရေချိုးရေခပ်ကအစ အနေအထိုင် ကျဉ်းကျပ်ရသည်။ ထမင်းဟင်း ခူးခပ်ကျွေးရတာ၊ လယ်ခင်းကိုင်းခင်းထဲကို ထမင်းတောင်းရွက်ပို့ရတာ၊ ရေနွေးကြမ်းကတည်ရတာကအစ သတိကလေး ချပ်ချပ်ရပ်ရပ်ထားရသည်။ မဖူးငုံကလည်း ဝင်ထွက်နေတော့ မိန်းကလေးချင်း အတင်းစီးမခံချင်။ မေတ္တာရိပ်ကလေးရှိချင်သော်မှ ခင်နှောင်းအနေတည်ပြနေရသည်။ အိမ်အလုပ်တွေ သိမ်းကျုံးလုပ်ရင်း ကိုကျီးညိုနှင့် မျက်လုံးချင်းဆုံတာတွေ များလာတော့ ခင်နှောင်း ရင်ခုန်ရပြီ။ အမေတို့ရှေ့မှာတော့ ခင်နှောင်း ကြောင်ကလေးလို နေပြရသည်။

မိုးကွဲချောက်ကြီးထိပ်မှာ အမှတ်မထင် ဆုံတွေ့ခဲ့ရသော လူညိုရောင် ကိုကျီးညိုတစ်ယောက် ခင်နှောင်းတို့အိမ်မှာ သူရင်းငှား ဖြစ်လာလိမ့်မယ်လို့ ခင်နှောင်းစိတ်ဖြင့်ပင် မထင်ရက်ခဲ့ပါပေ။ အခုတော့လည်း အသနားတွေ ပိုခဲ့ရပြီ။

■

www.burmeseclassic.com

## (၉)

သည်နှစ်ရေကြီးခါ အနောက်မြစ်ရေမအောင်ပါ။ အနောက်မြစ်ဆိုတာ ချင်းတွင်းမြစ်ကို ကျွန်းရွာတွေက ခေါ်ခြင်းဖြစ်၍ ဧရာဝတီမြစ်ကိုတော့ မြစ်မလို့ ခေါ်ချင်ခေါ်၊ အရှေ့မြစ်လို့ ခေါ်ချင်ခေါ် မြစ်ရိုးလို့ ခေါ်ချင်ခေါ်ကြသည်။ မြစ်ကြီးနှစ်မြစ်ကြားက ရွာတွေမှို့ ဝါဆိုဝါခေါင် ရေတွေဖောင်မှဖြင့် မြစ်နှစ်ဘက်စလုံးက တက်လာသော ရေတွေက ကျွန်းရွာတွေထဲ တရကြမ်းစီးဝင်တော့သည်။ ရေမအောင်ဘူးဆိုတာက မြစ်ရေကြီးချိန် ရေကောင်းကောင်းတက်မလာခြင်း၊ ရေဝင်နည်းခြင်းကို ဆိုလိုခြင်းဖြစ်ပါ၏။

သည်နှစ်ဧရာဝတီမြစ်ရေက ပုံမှန်တိုးသော်လည်း ချင်းတွင်းက ရေတိုးနောက်ကျသည်။ ရေတိုးလာတော့လည်း နှစ်ပတ်လောက်ပဲခံသည်။ ခါတိုင်းနှစ်တွေ ရေဝင်ချိန် တစ်လကိုးသီတင်းကြာတတ်တော့ ရွာထဲမှာ လှေကလေးတွေ၊ နွားစားကျင်းတွေနှင့် သွားရလာရ လူးရသည်။ ဆွမ်းခံကိုယ်တော် ကိုရင်တို့ကလည်း ဆွမ်းခံလှေတွေ ရေမဝင်



ခင်က ပြင်ကြရသည်။ ရေတိုးတော့ ဟိုဟိုသည်သည် ဈေးဝယ်နာဝယ်မရှိတော့ဘဲ, ပဲကို မလှိုင်ထား၍ ဘူးသီးခြောက်၊ ခရမ်းသီးခြောက်၊ လက်ပံခေါင်းခြောက်တွေက ဟင်းရံဖြစ်ရတော့သည်။ သည်နှစ် ရေသိပ်မအောင်တော့ ခင်နှောင်း လှေပင် ကောင်းကောင်းမစီးလိုက်ရ။ ရေကြီးခါ လှေတစ်စင်းနှင့် ထင်းမျောတွေ လိုက်ဆယ်ရင်း စကြနောက်ကြ သိပ်မပျော်လိုက်ရ။

ရှေးကတော့ သည်လိုအချိန် လှေပြိုင်ပွဲတွေ မြိမ့်မြိမ့်သည်းသည်း ရှိခဲ့ဖူးသည်။ ပြိုင်လှေကြီးတွေကတော့ ဘုန်းကြီးကျောင်းတွေအောက်မှ ငုတ်တုတ်။ သို့သော် ရွာတိုင်းတွင် တစ်ခွန်က ပြိုင်လှေကြီးတွေကို မြတ်မြတ်နိုးနိုး လှေရုံကြီးတွေ ဆောက်ကာထားသည့် ကျောင်းက ထားသလို၊ ကျောင်းအောက်မှာ တန်းထိုးပြီး တင်ထားကြတာလည်း ရှိပါသည်။ ကျောက်ဘူးက ရတနာငွေမိုး၊ မီးလောင်ကျွန်းက မှန်ကျား၊ မြေတော်ရွာက ပြည်အေး၊ ပန်းညိုရွာက သိယ်၊ ခင်နှောင်းတို့ဖြူဘူးရွာက ပြိုင်လှေကြီးကတော့ စိန်နတ်မင်းတဲ့။ အဖေက မြစ်ရေတွေ တိုးပြီဆိုလျှင် သူ့ငယ်ဘဝတွေကို လွမ်းပုံရသည်။ လှေပြိုင်ပွဲတွေအကြောင်း လွမ်းလောက်စရာ ပြောပြတတ်သည်။

"သည်တုန်းက အဖေတို့များ တောင်သူအလုပ်လုပ်ရဖို့ ထင်ထား လှေပြိုင်ပွဲတွေ ကြည့်ဖို့ရာလောက် လောင်းဖို့ရာလောက် စိတ်ဇောတွေ သန်နေကြတော့တာကလား . . . ရေကလေးမို့ တိုးလာရင် လှေလှော်တက်ကျင့်ကြတော့သာပဲ . . . သူ့ရွာ ကိုယ့်ရွာ လှေလှော်ကျင့်ကြသာများ လူမသိရဘူး . . . တိတ်တိတ်ကြိတ်ကျင့်ကြသာရယ် . . . ကိုယ့်စက္ကင်းနဲ့ ကိုယ်ကိုက်ထားသာ. . . ပြိုင်ပွဲကျမှ လူသိ

www.burmeseclassic.com

www.burmeseclassic.com



သာ . . . လောင်းကြစားကြသာများလည်း ဝက်ဝက်ကွဲပေါ့
ကွာ . . .”

ရေအကျမှာ နုန်းမြေတွေ အနှစ်ကျအောင်ကျန်ခဲ့လေတော့ ခင်နှောင်းတို့ လယ်တွေ ထွန်ရေးထယ်ရေး စိုက်ရေးပျိုးရေးစကြပြီ။ ကိုကျိုးညှိသည် မနက်မိုးမလင်းကတည်းက ခင်နှောင်းကျော်ပေးသော ထမင်းကြော်ကိုစားကာ နွားနှစ်ကောင်ဆွဲပြီး တောထဲထွက်သွားတော့သည်။ တစ်နေကုန်နှင့် တစ်နေခန်း ညက်မှုန်နေအောင် ထွန်ရေးငင်နေတတ်သော ကိုကျိုးညှိကို ရွာက အလွန်ချီးကျူးကြသည်။ နေ့လယ်တွင် အရီးကြော့က ထမင်းတောင်းသွားပို့သည်။ ခင်နှောင်းတို့တစ်တွေကတော့ အိမ်မှာတင် မျိုးမြေပဲတွေ စင်အောင် သန့်အောင် ရွေးကြရသည်။ မျိုးကောင်းမျိုးသန့်စိုက်ပါမှ အောင်မြင်ဖြစ်ထွန်းသော သီးပင်နှံပင် ဖြစ်လာမှာ မဟုတ်လား။ မျိုးရေ့ ၊မှန်ပင်မသန် ဆိုသည့် စကားရှိသား။ ညနေ ကိုကျိုးညှိ ထွန်ရေးဖြုတ်ပြန်လာတော့ မိုးစုပ်စုပ်ချုပ်ပါပြီ။ အိမ်ပြန်ရောက်သည့်နောက်တောင် နွားစာစဉ်း၊ နွားရေခပ် တကုပ်ကုပ်လုပ်ရှာသော ကိုကျိုးညှိကို အမေကိုယ်တိုင်က နားဖို့ ပြောယူရတော့၏။

“ကျုပ်မပန်းပါဘူး အရီးရာ . . . မြေသားက ခွဲနိုင်
လှန်နိုင် ထွန်နိုင် ယက်နိုင်လေ ညက်လေ မြေဆီတက်လေ
မှတ်လား . . . မြေဆီတက်တော့ သီးနှံဖြစ်သာပေါ့”

တော်ရုံတန်ရုံ အလုပ်လောက်ကို အမောင်လေးလုပ်နိုင်နေသည့်တိုင် ကိုကျိုးညှိက အဝင်မခံ။ သည်လို လုပ်ခွင့်ကိုင်ခွင့်ရနေတာကိုပဲ တစ်ဆုပ်တစ်ခဲကြီး ဝမ်းသာနေရသူဖြစ်သည်။ သူ့ရင်မှာ တစ်သက်တစ်ခါ ချစ်ခဲ့ခင်ခဲ့ တန်းတန်းစွဲခဲ့မိသော တစ်ရွာသူ



ခင်နှောင်းမျက်နှာကလေးကို မြင်ခွင့်တွေ့ခွင့်ရနေခြင်းကပင် သူ့အဖွက် စိုင်ကော်လို့ ချုပေါ်ရောက်ရသလို ဖြစ်နေသည်။ ပွဲပြီးမီးသေသဘောမထားနိုင်ခဲ့သော သူ့နှလုံးသားကိုသာ ဆက်လက်လွန့်လူးခွင့်ပေးခဲ့သည်။ သည်လိုသာ မဟုတ်ခဲ့လျှင် တစ်ရွာသူ မခင်နှောင်းကို တွေ့ဖို့ ဆုံဖို့ ပိုးဖို့ ပန်းဖို့မလွယ်။ ခုတော့လည်း ခင်နှောင်းက သူ့မျက်စေ့ရှေ့မှာ မိုးလင်းက မိုးချုပ်ရှိနေခဲ့ပြီ။

မနက်လင်းလျှင် ခင်နှောင်းဆီမှုထိုးပေးသော ညကျန်ထမင်းကြော်ကပင် သူ့အဖို့ နတ်သုဒ္ဓါ။ ညဉ့်လွှာရဲ့ မှောင်ပိန်းပိန်းပဲမှော်တိုက် ထရံပေါက်ကြားက ခပ်လှမ်းလှမ်း အိမ်အပေါ်ထပ် ခင်နှောင်းအိပ်ခန်း မီးခွက်အရောင်ကလေးကို ချောင်းကြည့်ရင်း စိတ်ကူးယဉ်ရသည်ကပင် သူ့နှလုံးသားအတွက် အားဆေးတစ်ခွက်။ နေ့ခင်းနေ့လယ် ပေါင်းကောက်လာကြသော အပျိုတွေကြားက ခင်နှောင်းရယ်သံကလေး ကြားရသည်ကပင် သူ့မှာ ပီတိအဟုန့်ဖြစ်ထွန်းရပါ၏။ တစ်ခါတစ်ခါ ခင်နှောင်း ညည်းသည့် သီချင်းသံကို ပြောင်းရိုးစဉ်းရင်း ကြားနေရတတ်သည်။ သို့သော် ပါးနှင့်နားလို အနေနီးသော်လည်း ခရီးကဝေးလှသည်ဆိုသလို ခင်နှောင်းနှင့် နှစ်ယောက်တည်းဆုံဖို့ အရေးကတော့ ရွှေပြည်တော်မျှော်တိုင်းဝေးလေ၏။ ခင်နှောင်းမှာက မြေပိုင်ယာပိုင် တောင်သူကြီး သမီးဖြစ်ရုံမက တစ်ရွာလုံး၏ ကွမ်းတောင်ကိုင်ပင် ဖြစ်ရတော့မည်။ လာမည့် ကိုကြီးကျော်နတ်ပွဲအပြီး ကိုကြီးသာမောင်တို့အလှူမှာ ခင်နှောင်း ကွမ်းတောင်စကိုင်ရတော့မည်။ မဖူးငုံသည် အမောင်လေးနှင့် ရွာသိရပ်သိ ကြောင်းလမ်းပြီးကတည်းက ကွမ်းတောင်ကိုင်ရာထူးကို အလိုလို စွန့်လွှတ်ပြီးသား ဖြစ်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်နှောင်းရယ် . . . ကျွပ်အမေကို ပစ်ထားခဲ့ပြီ တစ်ရပ်တစ်ကျေးမှာ လာအလုပ်လုပ်နေသော ခင်နှောင်းတစ်မျက်နှာကြောင့်ပါဆိုသာ သိစေချင်လိုက်ပုံများ . . ."

ကိုကျီးညို ရင်ထဲမှာ သည်ဆန္ဒကလွဲ၍ ဘာမျှမရှိပါ။ ခင်နှောင်းကို ရယူပိုင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်လေသော အခြေအနေမို့ အလှမ်းဝေးစရာ ဖြစ်နေရသည်။ မိုးနှင့်မြေလွှာ၊ နေတစ်စင်းနှင့် လတစ်စင်း ကဲ ကောင်းကံမ နီးချင်သာနီးဖို့ရှိသည်။ ခင်နှောင်းနှင့် သူနီးဖို့ မဖြစ်နိုင်။ ဒါကိုသိလေ သူရှုးရလေ။ သို့သော် သူမှာ စိတ်ကူးယဉ်ပိုင်ခွင့် ရှိနေသေးသည်။ ခင်နှောင်းကို မြင်ခွင့်တွေ့ခွင့်ရှိနေသေးသည်။ ခင် နှောင်းနှင့်ဝေးရာ သူ့လှေဟောင်းကလေး သူရွက်မလွှင့်နိုင်သေးသရွေ့ သည်နွားတင်းကုပ်အိမ်ကလေးပေါ် ကိုကျီးညို ပျော်နေမိဦးမှာပဲ ဖြစ်၏။ လွန်းတစ်ရာပိုးစပ် ကြိုးဖြတ်ချက်ပလီ မျိုးမြတ်တဲ့ ထဘီကို ဘိုးဖြတ်မယ် မကြံဝံ့သည့် ဘဝပေကိုး။

ခင်နှောင်းမှာလည်း အဖေနှင့်အမေ ပြီးတော့ အမောင်လေးတို့ကြားမှာ ချစ်ရိပ်ကလေးပင် မပြဝံ့။ ဆွတ်ပါလှဲ့ပါဟု ညွတ်နွဲ့ကာ မြူမျှော်မျှော်၍ လူကဲ့နော် မခေါ်ရှိသော်လည်း ခေါ်ဘိယောင်ယောင်ပ လုပ်နေသည့် ကိုကျီးညိုကို သူနားလည်ပါ၏။ ခင်နှောင်းမှာလည်း ဆူးလေမောင့်ကြောင့် ကြွတော့တယ်ဆိုသည့်ဘဝ မှုတ်လား။ သောက်တော်ရေအိုးကျွမ်းထိုးကောင်နှယ်ဆိုတာမျိုးပါကလား။ အတင့်ငယ်မှ ရဲချင်သော်လည်း ပျော်လိုအားနှင့် ခေါင်းဖျားတင် အရင်လူနှင့် ကွဲရမှာကိုတော့ ခင်နှောင်း ကြောက်လှပါသည်။

ကိုကျီးညိုကိုယ်တိုင် ခင်နှောင်းတို့ အိမ်ကြီးဘက်ဆီကို လှမ်းမခေါ်ဘဲ ဘယ်သောအခါမှ ကူးလာလေ့မရှိ။ သူ့ပိမာန် နွားတင်းကုပ်



အပေါ်ထပ် စံနန်းကလေးထဲမှာပဲ မပျင်းမရှိ နေရှာပါသည်။ ဘင်္ဂါ တစ်လေ အမောင်လေးက လှမ်းခေါ်လျှင်ပင် အားတောင့်အားနာလာရသည့်ပုံ။ ခင်နှောင်းက ရေနွေးပွဲကလေးသွားပို့သည့်အခါမှာတော့ ကိုကျီးညိုကို ရန်ထောင်မိရသည်သာ။

"ကိုကျီးညိုတို့များ နေနိုင်ချက်တော့ . . . အိမ်ဘက်တောင် လေမခတ်ဘူး. . . ဘာလဲ ကျုပ်တို့အိမ်ဘက်ကူးရမှာ သနလို့လား"

"မဟုတ်သာ ခင်နှောင်းကလဲ . . . သည်အိမ်နေချင်လို့မှ နေပြီပဲဟာ ကျုပ်မလာချင်ဘဲ ရှိပါ့မလား . . . ဒါပေသိ ကျုပ်က သူရင်ငှားပဲဗျာ ဒူးနေရာဒူး ဆိုသာဟာ မှုတ်လား . . . ပြီးတော့ . . ."

"ပြီးတော့ ဘာဖြစ်လဲ . . . ပြော"

ပြောဆိုတော့လည်း ကိုကျီးညိုနှုတ်ဆိတ်သွားပြန်တော့သည်။ ခင်နှောင်းကလည်း မပြောလေ ဂျီတိုက်လေ။

"ပြောလေ . . ."

"ကျုပ် . . ."

သူမ နားနှင့် ဆတ်ဆတ်ကြားချင်သည့်စကား ကိုကျီးညို မပြောဝံ့မပြောရဲ ဖြစ်နေတာကိုပဲ ခင်နှောင်း စိတ်တိုနေမိသလိုလို။ တခြားနေရာ လူရေးလူရာ ရှိသလောက် သည်စကားကလေးတစ်ခွန်းကျမှ နှုတ်တွေ ဆွံ့လိုက်ပါဘိ။

"ပြောလေ . . . ဘာ ကျုပ်လဲ"

"ကျုပ် . . . ခင်နှောင်းတို့ကို ကြောက်သယ်"

"အို . . ."

www.burmeseclassic.com

www.burmeseclassic.com



ခင်နှောင်းထင်မထားသည့်စကား။ သူဘာကို ကြောက်တာလဲ။ ပြောရကြေးဆိုလျှင် ခင်နှောင်းလည်း ကြောက်နေရတာပဲ မဟုတ်လား။ သည်တော့လည်း ခင်နှောင်းစကား စလွှဲရတော့သည်။ ကြာကြာလည်း ပြောမရ။ ကျယ်ကျယ်လည်း ပြောမရသည့် ဘဝတွေ။

"တော့်ကို ဘယ်သူက သူရင်းငှားလို့ ပြောလို့တုံး ဟင်. . . ကျုပ်ကတော့ ကျုပ်တို့ကို လာကူညီနေသဲ့ ကျေးဇူးရှင်လို့ပဲ သဘောထားသာပါတော်"

ခင်နှောင်း မျက်လုံးအိမ်ထောင့် ဝဲတက်လာသည့် မျက်ရည်ကြည်ကလေးတွေကို မြင်လိုက်ရလျှင် ကိုကျီးညိုမနေတတ် မထိုင်တတ်တော့ပါ။ တစ်ခါတစ်လေ အရီးကြော့တို့မအားသဖြင့် ခင်နှောင်း ကိုယ်တိုင် သစ်ခင်းထဲ ထမင်းလာပို့သည့်အခါများလည်းရှိ၏။ သည်လို အခါမျိုးတွင် ကိုကျီးညိုရင်ထဲကစကားတွေ ခင်နှောင်းကို ပြောဖို့ အကြိမ်ကြိမ်ကြိုးစားမိသေး၏။ သို့သော် ခင်နှောင်းကို နေ့စဉ်မြင်တွေ့နေရသည့် အခွင့်အရေးကလေး လက်လွှတ်သွားမှာကိုပင် ကိုကျီးညို စိုးထိတ်နေမိသည်ကော။ ထွန်တစ်ရေးနားလေတိုင်း ကန်သင်းဆုံမှာ ထိုင်ဆေးလိပ်သောက်ရင်း ခင်နှောင်းနှင့်သူ ဆုံတွေ့ခဲ့ရသည့် မိုးကွဲချောက်ကမ်းပါးဆီသို့ စိတ်ကူးတွေ ရောက်သွားတတ်မြဲဖြစ်သည်။ မိုးကွဲချောက်ကမ်းပါးမှသည် ကိုကြီးကျော်နတ်ပွဲ နန်းရင်ပြင်ဆီသို့ ခင် နှောင်းနှင့်အတူ ပန်းတော်ဆက်ခဲ့ကြပုံ။ သည့်နောက် မထင်မှတ်ဘဲ ခင်နှောင်းတို့ အိမ်မှာ သူလာအလုပ်လုပ်ခွင့်ရခဲ့ပုံ။ မရိုးနိုင်သော စိတ်ကူးယဉ် ဇာတ်လမ်းဟောင်းက သူ့နှလုံးသားမှာ ပြတ်ပြတ်ထင်ထင် ခတ်နှိပ်ခဲ့ရပြီ။



ယာလဲကိုင်းထဲ (သူ့ဘို့ဆီမှာတော့ 'တော' ဟု ခေါ်ကြ(?)သည်) မှာ ထမင်းပို့ရင်း တွေ့ကြဟာဆိုသော်လည်း တောထဲမှာ လူတွေ အများသား။ မရိုးမသား သက်ဆံတာမျိုးကို ကိုကျီးညိုမလုပ်ဘဲ(?) ခင်နှောင်းကလည်း အများရှေ့မှာ ထမင်းတောင်းချ ခူးခပ်ကျွေးဝံ့တာမျိုး မဟုတ်။ သစ်ပင်ရိပ်မှာ နေရာချကာ တစ်ခွန်းနှစ်ခွန်း ပြောပြီးပြန်ရတာမျိုး။ နေ့စဉ်နေ့တိုင်း တွေ့ဖန်များတော့လည်း ခင်နှောင်းရင်မှာ ကိုကျီးညိုကို သံယောဇဉ်နှောင်တင်းခဲ့မိတာ အမှန်ပဲဖြစ်သည်။ အရောင်တဖျပ်ဖျပ် လက်နေသော မျက်လုံးကြီးများဖြင့် ခင်နှောင်းကို နှိမ့်နှိမ့်ချချ ရွှန်းရွှန်းစားစား ကြည့်တတ်သည့် ကိုကျီးညို့အကြည့်တွေကို ခင်နှောင်းနားလည်ပါ၏။ ရည်းစားသနာရယ်လို့ မရှိခဲ့ဖူးသော်လည်း အရွယ်နှင့် နှလုံးသားကပဲ နားလည်စေသလား မပြောတတ်ပါ။ ခင်နှောင်းချစ်သူဆိုတာကို စွန့်စွန့်စားစား ထားကြည့်ချင်သေး(?)လည်း မိဘတွေ သဘောထားကိုလည်း ထည့်တွေးရပါ၏။ ဘာမှန်းမသိနိုင်သော အနာဂတ်ကို ကြိုဖတ်ဖို့ ခက်သည်ဆိုသော်လည်း ဘာကြောင့်ရယ်မသိ။ ကိုကျီးညိုကို ခင်နှောင်း ယုံကြည်ဝံ့ရဲနေတာက(?)လည်း ထူးဆန်းသား။ လူပုံကြမ်းသလောက် စိတ်နှလုံးနူးညံ့ပုံရသော ကိုကျီးညိုကို ခင်နှောင်းချစ်နေခဲ့မိပြီလားမသိ။ မဖြစ်နိုင်မှန်း သိလျက်နှင့် ပိုးဖလံမျိုးလို မီးကိုတိုးတဖွတ်ထိုးတာမျိုး မိုက်ပစ်လိုက်ဖို့ ခင်နှောင်း မဝံ့ရဲလှပါ။ တစ်သက်တစ်ခါ ပထမဆုံး ငုံဖူးလာသည့် အချစ်ပန်းပူးကလေးကို သူကိုယ်တိုင် အညွန့်ဆိတ်ပစ်လိုက်ရဘော့မှာလားလို့ တွေးမိတော့လည်း ရင်နာရ၏။ တစ်လင်တစ်ရည်းစားစံထားတတ်ကြသည့် မိန်းပသားဂုဏ်ကို မက်မောတတ်ကြသော ခင်နှောင်းတို့ ကျေးတော(?)

www.burmeseclassic.com

www.burmeseclassic.com



သူများအဖို့ အချစ်သက်သက်ကို ရှေ့တန်းတင်ဖို့ ဘဝနှင့် အခြေအနေက ကန့်သတ်ထားတတ်သည်။

"မကြော့ရယ် . . . ကျုပ်ဖြင့် ကျီးညိုလိုလူကိုတယ် လက်မလွှတ်ချင်တော့ဘူး. . . ခိုင်းကောင်းစေကောင်း အင်မတန် လက်ကြောတင်းသဲ့သူငယ်. . . အင်း ဖိတ်ချင်း ဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုသလို ကျီးညိုကို မိစန်းနဲ့ပေးစားရ ကောင်းမလားလို့"

အမေ့စကားကိုသာ ခင်နှောင်း နားနှင့်ဆတ်ဆတ် မကြားခဲ့ရပါလျှင် ခင်နှောင်းရင်ထဲက အချစ်ပန်းဖူးကလေး ပွင့်အာလာမည် မဟုတ်ပါ။ အရီးကြော့က သည်စကားကြားတော့ ခါးခါးသီးသီးငြင်းပါသေးသည်။ ဘာမှန်းမသိ ညာမှန်းမသိ ဇာတိ ပဝတ္တိမရေရာသည့် ဟစ်ရွာသားနှင့် ပေးစားနိုင်ပေါင်တော် လုပ်နေသေးသည်။ အမေ ပြောဖန် များတော့လည်း အရီးကြော့ကိုယ်တိုင်က ကိုကျီးညိုကို 'ရန' ကင်းသွားဟန် ကြည်ဖြူလာခဲ့သည်။

"အေးပါအေ . . . ကျုပ်လည်း အကဲခတ်နေသာ ပါ. . . အလုပ်တော့ဆင်တစ်အစ် မြင်းတစ်အစ် ညှစ်ရှန်းမယ့် လူမျိုးဟဲ့ . . ."

နောက်တော့ အရီးကြော့၏ 'မအေးသာ သဘောတော်'ဆိုသည့် သဘောကြိုက်ညီလိုက်မှုသည် ခင်နှောင်းနှလုံးသား ပန်းဖူးကလေးကို ငန့်ခနဲ ပွင့်လန်းသွားဖို့ အားသွင်းပေးလိုက်သလို သတ္တိတွေ ရှန်းကြွလာခဲ့၏။ ကယောင်ကတန်းနှင့်ပင် ကိုကျီးညိုရေတ်စိုက်ရာ အခင်းထဲကို ဟင်းရွက်ခူးသလိုလို၊ ခရမ်းချဉ်ဆွတ်သလိုလို အကြောင်း



ပြရင်းပြေးလိုက်သွားမိသည်အထိ။ ရင်တွေပူနေတော့လည်း ဘာကိုမှချင့်ချိန်မနေအားတော့။

"တော် သိလား ကိုကျီးညို ဟင် . . . အမေတို့က တော့်ကို မမိစန်းနဲ့ ပေးစားတော့မလို့သဲ့ . . . ပြောနေကြ သယ်တော်ရဲ့. . . တော်ကကော ကျေနပ်နေသာမှုတ်လား ဟင်. . . တော်ဝမ်းသာနေသာ မှုတ်လားဟင်"

ချွေးတွေရွှဲနစ်နေသော ကိုကျီးညိုလက်မောင်းအုံကြီးကို ကုတ်ဖဲ့ပစ်လိုက်မိသည်။ ဖွဲချက်တွေတင်ကာ တဝုန်းဝုန်းထုရိုက်နေသော ခင်နှောင်းလက်သီးဆုပ်ကလေးတွေကို ကိုကျီးညိုအမိအရဆွဲယူကာ ရင်ခွင်ထဲအပ်ထားလိုက်မိ၏။ အဝေရာပင်အုပ်အုပ်ကလေးတွေရှိနေသည့် ကွင်းစပ်မှာဆိုတော့ ရုတ်တရက်လူသူလေးပါး မမြင်နိုင်လို့ တော်တော့သည်။ တစ်ယောက်နှင့်တစ်ယောက် ငုံးဆုလူမသိ လုပ်နေကြသော်လည်း အရေးကြုံတော့ အချစ်ဆုးတွေပေါက်ထွက်လာခဲ့ကြသည်ကော။ ခင်နှောင်းလက်ကလေးတွေ ပူနွေးနေသည်။ ရှင်မတောင်သနပ်ခါးနံ့ကလေးကသင်းနေသည်။ သည်အထိအတွေ့က ကိုကျီးညိုကို မိန်းမူးသွားစေခဲ့၏။

"ခင်နှောင်း . . . ကျုပ်ခင်နှောင်းကို ချစ်သယ် ဒါပဲ ကျုပ်သိသယ်. . . ကျုပ်အမေ့ကိုတောင် ပစ်ထားခဲ့ပြီး သူများရွာမှာ လူငှားလာလုပ်နေသာ ခင်နှောင်းတစ်မျက်နှာတည်းကြောင့်ပါ. . . ကျုပ်လေ ကျုပ် သည်စကားကလေး ပြောချင်လို့ စောင့်နေခဲ့ရသာ ကြာပါပြီ. . ."

ခင်နှောင်းမျက်ရည်တွေစီးကျလာသည်။ ကိုကျီးညို၏ လက်ကြမ်းကြီးတွေက နူးနူးညံ့ညံ့ဖြင့် ခင်နှောင်းမျက်ရည်တွေကို

www.burmeseclassic.com

www.burmeseclassic.com



သုတ်ပေးနေသည်။ ကိုကြီးညိုဆုပ်ကိုင်ထားသော လက်ကလေးကို မရုန်းမိတော့။ နိမ့်ချည်မြင့်ချည်ဖိုလှိုက်နေသော ကိုကြီးညိုရင်အုံကြီးပေါ်မှာ ခင်နှောင်းလက်ကလေးပင် တဆတ်ဆတ်တုန်နေသည်။

"ကျုပ်က မေတ္တာရှိသယ်ပြောလို့ ဝမ်းနည်းသွားသလားခင်နှောင်း . . . ကျုပ်သည်စကားတွေ ပြောဖို့မကောင်းပါဘူး. . . ကျုပ် မိကောင်းဖခင်သားသမီးပါဗျာ ဆင်းရဲသာကလွဲလို့ အရေအရောင် မလျော့ပါဘူး . . . ခင်နှောင်းကို မိုးကွဲချောက်ထဲစမြင်ကတည်းက ချစ်ခဲ့မိသယ်. . . ကျုပ်ဘဝမယ် သာမိုးမရှိခဲ့ရိုးအမှန်ပါ . . . ဒါပေသိ ခင်နှောင်းမေတ္တာကို ဘယ်မျှော်လင့်ဝံ့ပါ့မတုံး . . . အရင်က အင်မတန် မိုက်ခဲ့သဲ့ကောင် နောက်တော့ အမေ့အတွက် အမေစိတ်ချမ်းသာပါစေတော့လို့ ကျုပ်ကိုယ်ကျုပ် ပြုပြင်ခဲ့သယ်. . . အခုတော့ ခင်နှောင်းအဘွက်ပါပေါ့လေ. . . ကိုင်း ထတော့ လူမြင်ရင်ခင်နှောင်း အဖို့ မကောင်းဘူး"

ကိုကြီးညိုက ခင်နှောင်းလက်ကလေးကို လွှတ်လိုက်ပြီးမှ ချွေးတွေ ဖုန်တွေနွံတွေ ပွစာတက်နေသော ကိုယ်လုံးကြီးတသိမ့်သိမ့် ခါအောင်ငိုရှိုက်မိတော့၏။ ကိုကြီးညိုရင်ထဲနှလုံးထဲက ချစ်ခြင်းမေတ္တာအဟုန်သည် မျက်ရည်များအဖြစ် အရည်ဖွဲ့သွားပုံရသည်။ ကြမ်းကြမ်းတမ်းတမ်း တစ်နေကုန် တစ်နေခန်း နေပူစပ်ခါး နွားလိုကုန်းကုန်းရုန်းရုန်း လုပ်နေတဲ့ ကိုကြီးညိုတစ်ယောက် အခုတော့လည်း ကလေးတစ်ယောက်လို ပါပဲကလား။



"အစ်ကိုရယ် . . . တော့်ကို ဘယ်သူကများ မတူဘူး မတန်ဘူးဆိုလို့တုံး . . . ပြောစမ်းပါဦး"

အစ်ကိုရယ်လို့တောင် ခင်နှောင်းနှုတ်ကခေါ်မိသွားခဲ့ပြီ။ ခင်နှောင်းက ကိုကြီးညိုရှေ့သွားထိုင်ကာ မျက်ရည်တွေကို ငေးကြည့်နေလိုက်မိ၏။ ကိုကြီးညိုက မျက်ရည်တွေကြားကပဲ ခင်နှောင်းကို မော့ကြည့်လိုက်ပါသည်။ စီးဆင်းနေသော ရေအလျဉ်ကိုသာတား၍ ရချင်ရမည်။ လွင့်ပါးနေသော တိမ်တိုက်တွေကိုသာ ကောက်လို့ရချင်ရမည်။ တေးဆိုငှက်တွေကို အသံတိတ်အောင်လုပ်ရချင်ရမည်။ အချစ်ကို ဘယ်အရာနှင့်တားဆီးလို့ ရမှာလဲ။ ခင်နှောင်းအသိကလေး ဖျပ်ခနဲဝင်လာတော့ ထိုင်နေရာကလူးလဲထလိုက်သည်။ ခေါင်းမှာပန်ထားသည့် သရဖီပန်းကုံးကလေးကို ကပျာကသီ ဖြုတ်ကာ ကိုကြီးညိုလက်ထဲအုပ်ထည့်ပေးလိုက်တော့ ကိုကြီးညိုမှင်တက်မိသွားသည်။ ပြီးတော့ဝမ်းသာသွားရသည်။ ခင်နှောင်းရှေ့မှာပဲ တစ်ရှာသားက ပန်းပန်းကုံးကလေးကို နမ်းနေလေတော့ ခင်နှောင်းရှက်သွေးဖြာရ၏။

"ခင်နှောင်းကျုပ်ကို မေတ္တာရှိသယ်ပေါ့နော်. . . ကျုပ်ကလည်း ခင်နှောင်းကိုပါရမီဖက်ချင်ပါရဲ့ သစ္စာမှန်ရင် ပေါင်းနိုင်ပါရစီ"

ခင်နှောင်းကတော့ နှုတ်မှတစ်ခွန်းမှ မပြောဖြစ်တော့ဘဲ မိုးလေမှန်သည့်နှစ်တွေမှာ ခဲခဲသည်းသည်း အုတတ်သော မြေပဲတွေလို မြေထဲမှာပဲသီးပြနေရတော့သည်။

နေကလေးကပင်ရင့်လှုပြီ။ စိုက်လက်စ ရှောက်ပင်ကလေးတွေ အပူဒဏ်ကြောင့် ခေါင်းကလေးတွေ ငိုက်စိုက်ကျလို့။ ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအနောက်လမ်းကြားထိပ်က အရိုးကြော့တောင်ထမင်းလာပို့နေပြီ။

“အစ်ကို . . . အစ်ကို့ကို ခင်နှောင်းချစ်သယ်ရယ်”

သည်စကားလေးကို ကမန်းမတန်းဆိုကာ လျှိုထဲပြေးဆင်းလိုက်ရင်း ပုန်းကာကွယ်ကာ ပြေးထွက်ခဲ့ရသည်။ ကိုကျီးညိုကတော့ သူနှင့်ခင်နှောင်း သည်လိုချစ်သူဘဝရောက်ဖို့ လုံးဝမျှော်လင့်ခဲ့သည်မဟုတ်။ သူဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား။ ဘာမှန်းမသိတော့ပါ။ ခင်နှောင်းပေးသွားသည့် သရဖီပန်းကုံးကလေးကို အဝေရာပင်ကိုင်းဖျားမှာချိတ်လိုက်ရင်း ထိုင်ကြည့်နေမိသည်။ ခင်နှောင်း၏မေတ္တာသင်္ကေတပန်းကုံးကလေးကို သူတစ်သက်လုံး အမြတ်တနိုးသိမ်းဆည်းသွားရမှာကိုပဲ ကြည်နူးနေမိတော့၏။ အရိုးကြော့ရောက်လာတော့ စကားတွေ တအောင့်ထိုင်ပြောဖြစ်သေးသည်။ အရိုးကြော့က သူ့အကြောင်းတွေ မေးနေတော့ ခင်နှောင်းပြောသွားတာကို သတိရမိ၏။

“တို့ကတော့ကွယ် . . . ကိုယ့်တူသားနောင်မယ်လို
အောက်မေ့နေကြပါပြီ . . . တို့သမီး တို့တူမအပျိုတွေကြား
လက်ခံထားသာ မင်းကို ယုံကြည်လို့ပေါ့”

အဲသည်ညက ကိုကျီးညိုတစ်ညလုံး ပဲမှော်စင်ပေါ်မှာ လူးလူးလိမ့်လိမ့်။ ရေနံတိုင်မီးခွက်အရောင်လေးထဲကမှာ တစ်ရွာက ပဲမှော်စင်ပေါ် သူရောက်နေရတာကိုလည်းတွေးမိသည်။ ခုတော့လည်း ချောက်ကမ်းပါးထိပ်မှာ ရပ်နေရသူတစ်ယောက်လို သူ့ရင်တွေ အေးကနဲ လှ်ခနဲ။ တစ်ဘက်က ပြန့်ပြူးလှပသော ကုန်းမြေပြင်ကလေး ဖြစ်သော်လည်း တစ်ဘက်က အသူတရာနက်လှသည့်



ချောက်။ သူ့အချစ်ကို ခင်နှောင်းလက်ခံပြီးနောက် ခင်နှောင်းကို တင့်တောင့် တင့်တယ်တောင်းရမ်းယူနိုင်ဖို့ သူ့မှာတာဝန်တွေ ရှိလာခဲ့သည်။ တကယ်တော့ သူ့မှာ မြေမရှိ၊ ယာမရှိ၊ ထန်းမရှိ။ လူအဖြုန်းစေ့မဟုတ်သော်လည်း ခင်နှောင်းတို့နှင့်စာလျှင် မိုးတိမ်နှင့် မြေမှုန့်ပမာ။ သို့သော် သူ့မှာ လုပ်အားနှင့်စေတနာရှိသည်။ သည်လုပ်အားနှင့်စေတနာကိုသာလျှင် ခင်နှောင်းအတွက် အိမ်တင်တောင်းစရာ သူ့မှာရှိသည်။ ကွမ်းတောင်ကိုင်နှင့်တစ်ရွာသား ဘဝချင်းကလည်း ခြားနားလွန်းသည်။ ‘နတ်နန်းရယ် ကွန်းစင်က ရွာတော် ရှင်ကျွန်တော်မျိုးကို အို့၊ ရှင်တိုးမ,ပါ’ လို့သာဆုတောင်းရတော့မည်။ ခင်နှောင်းမိဘတွေကို ထည့်တွက်ရသလို သူခင်မင်ရသော ကိုချစ်ခင်ကိုလည်း ထည့်စဉ်းစားရတော့သည်။ သူနှမလေးနဲ့ သဘောတူပါ့မလား။ အရိပ်နေနေ အခက်ချိုးချိုးလို့များ ဆိုလေမလား။ ဆွေတွေမျိုးတွေနဲ့ ရွာရပ်ကကော သည်ယုန်မြင်လို့ သည်ခြုံထွင်တာပါလို့ ထင်ကြမလား။

“ကိုကျီးညိုရေ . . . ခင်ဗျား ကျုပ်မင်္ဂလာဆောင်ပြီး
မှ ထန်းတောပြန်ဗျာ . . . ဖူးငုံကို ကျုပ်ဘက်က မြေသုံးသွယ်နဲ့
နွားတစ်ရှဉ်း အိမ်တင်တောင်းရသာဗျ . . . ပြီးတော့ ကျုပ်တို့
မင်္ဂလာဆောင်က မီးခိုးတိတ်ထမင်းကျွေးမှာ . . . ကိုယ့်လူ
ရှိမှဖြစ်မှာနော . . . ”

ကိုချစ်ခင်က သူ့ကိုသည်လိုဆိုဖူးသည်။ ကိုချစ်ခင်ကတော့ ဘာမှရိပ်မိပုံမရ။ ကိုကျီးညိုကို ယုံကြည်တာလည်းပါပါလိမ့်မည်။ သည်နယ်တွေမှာက မိန်းကလေးကို အိမ်တင်ပစ္စည်းတင်တောင်းရာတွင် ဘဝ၏အရင်းအနှီးအဖြစ် မြေနှင့်နွားကို အဓိကစာရင်းတင်တောင်းကြသည်။ မြေဘယ်နှသွယ် နွားဘယ်နှကောင်ဆိုသည့် တန်[illegible]သည်

www.burmeseclassic.com

www.burmeseclassic.com



ပင် မိန်းကလေးနှင့် ဆွေမျိုးမိဘဂုဏ်ရည်အလျောက် အဖိုးစားနားကြီးကြရသည်။ ထမင်းကျွေးဆောင်သည့် မင်္ဂလာဆောင်မျိုးက မျက်နှာကြီးတွေမှသာ လုပ်နိုင်ကြတာမဟုတ်လား။ မဖူးငုံကိုတောင်မြေနှင့်နွားအပါအဝင် ထမင်းကျွေးမင်္ဂလာဆောင်ယူရတယ်ဆိုမှတော့ မဖူးငုံတို့ထက်အဆောင်အယောင်ကြီးသော ခင်နှောင်းကို ဘယ်လိုတင်တောင်းရမှာလဲ ဆိုတာကိုကျီးညိုအဖို့တွေးဝံ့စရာမရှိ။ သူအဖက်မွေးထားသည့်နွားတွေကို ပြရမှာလား။ ဧကသုံးမတ်လောက်ရှိသည့် ယာကွက်ကလေးကို တင်ရမှာလား။ ပေါင်မုန့်ကြမ်းကို ထန်းလျက်ရည်ဆမ်းပြီးဆောင်ရမှာလား။ ပြီးတော့ ဆွေဂုဏ်မျိုးဂုဏ်။ စစ်စစ်ပေါက်ပေါက်ပြေးရေမှ လက်ဆယ်ချောင်းမပြည့်ချင်သော ဆွေနည်းမျိုးနည်းစာရင်းပေါက်နိုင်ပါ့မလား။ သည်တော့လည်း သူအားငယ်မိရပါသည်။

"ခင်နှောင်းရယ်. . . ကျုပ်တော့ အမှားကြီးမှားပြီ ထင်ပါရဲ့ကွယ်"

သို့သော် ခင်နှောင်းကို သူချစ်သည်။အသည်းထဲနှလုံးထဲက အသွေးအသားပေါက်ထွက်သွားမတတ်ချစ်သည်။ ခင်နှောင်းကို လက်ထပ်ယူနိုင်ဖို့ သူ့ဘက်က လုပ်နိုင်တာကြိုးစားဖို့ပင်။ သည်မာန်ကလေးဝင်လာတော့ ကိုကျီးညို အားတက်ရပြန်ပါသည်။ အခြေအနေကဆိုးလွန်းနေတာ မဟုတ်သေး။ ဆိုးနေတာပဲရှိသည်။ ဒါကိုကျော်လွန်နင်းဖြတ်ဖို့ အချိန်သာရလျှင် သူမမှု။

သုံးနှစ်သုံးမိုး ဒါမှမဟုတ် ဆယ်နှစ်ဆယ်မိုး ဖြစ်စေဦး။ ခင်နှောင်းကို တင့်တောင့်တင့်တယ် တောင်းရမ်းယူနိုင်ဖို့ သူ့ခွန်အားတွေ ဆုတ်လျှော့စေတော့။ နောက်ဆုံးသူ့အသက်ကိုတောင် ပေးရစေဦးတော့ ခင်နှောင်းစောင့်နိုင်လျှင် သူကြိုးစားမည်။ ခင်နှောင်း၏



ရာသက်ပန်ဂုဏ်ရည်လျော့ရမည့် ခိုးယူပေါင်းသင်းခြင်းမျိုးကို သူမှ သုပ်။ မလုပ်ရက်။

"ကျုပ်ရင်ထဲက ရည်မှန်းချက်တွေကို ခင်နှောင်းသိအောင် ပြောပြရမှာပေါ့ဗျာ. . . ခင်နှောင်းသာ ကျုပ်အပေါ် မယိုင်မလဲ သစ္စာမြဲနိုင်လို့ကတော့ . . ."

သူ့စိတ်ကူး သူ့ရည်မှန်းချက်တွေကို တစ်ခါတော့ ခင်နှောင်းအား ပြောပြမိသည်။ နှစ်ကိုယ်တူချစ်ရည်မျှပြီးကာမှ ဘယ်လိုပုံ ဘယ်လို အခြေဆိုက်စေတော့ ခင်နှောင်းကလည်း ကံပါသလောက်ပေါ့လေလို့ ကံကို ယိုးမယ်ဖွဲ့မည့်သူမဟုတ်။ မိုးသက်ကယ်ဆင်သလေ ပြန်ခင်မယ်ထင်ဘူး၊ ပျို့နဲ့မောင်နှစ်ကိုယ်ထူး လောင်းလှေကလူးသော်မှ ကြောက်ရွံ့မည်သူမဟုတ်။ အတူလေးရယ်တဲ့ ယှဉ်ကာပြိုင် ပန်းမွှေ့ရာ ရွှေကော်ဇော ရောနှောလို့ ထိုင်ဝံ့သူ။ ဒါကိုတော့ ကိုကျီးညို ယုံပါ၏။ ပြီးတော့လည်း ကိုကျီးညိုကို ခင်နှောင်းချစ်တာ ဂုဏ်ပကာသနမဖက်၊ မျှော်လင့်ချက်မပါ။ တစ်ဦးနှင့်တစ်ဦး အရိုးမြေကျပေါင်းဖက်ဖို့သာ စိတ်ရှိသည်။

တောထဲသစ်ခင်းထဲမှာ အမျှားမြင်ကောင်းအောင် ခရမ်းချဉ်သီးကလေး၊ ရေတ်သီးစိမ်းကလေးဆွတ်ရင်း နှစ်ယောက်သား စကားဆိုကြရ၏။ အိမ်စားဖို့ တစ်ဆုပ်တစ်ကျင်းအခင်းတွေထဲ သွားဆွတ်ကြတာ အလေ့ဖြစ်သည်။ တချို့များ ချက်ကာနီးမှ ပြေးခူးကြတာတောင်ရှိသည်။ စကားထဲတွင် အမောင်လေးနှင့် မဖူးငုံတို့ မင်္ဂလာကိစ္စရောက်သွားလျှင် ကိုကျီးညိုက သူ့ဘဝသူ အားငယ်မိကြောင်း ညည်းတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တော့ ခင်နှောင်းကို သစ္စာမြဲဖို့သာ ပြောချင်သာပါပဲ. . . ကျုပ်လုပ်ရမယ့်အလုပ် ကျုပ်သိပါရဲ့ . . . အချိန်ကလေးတော့ ပေးစေချင်သယ်. . . ဖွဟဲ့ မဆိုကောင်း ဆိုကောင်း ကျုပ်လေ ခင်နှောင်းနဲ့ လွဲရမှာစိုးသယ်"

ဟင်းနုနွယ် ဆူးပေါက်တွေလို ဆူးတွေ ချွန်မြနေသည့် စကားတွေ။ သူ့ကို ကိုကျိုးညို မယုံမရဲဖြစ်နေတာ ခင်နှောင်းနားလည်ပါ၏။

"အစ်ကိုရယ်. . . ကျုပ်မေတ္တာကို လွယ်လွယ်ကူကူရခဲ့ တာလို့များ တော်ထင်မိလို့လား. . . နေ့နေ့ညည စဉ်းစားပြီးမှ ကျုပ် ချစ်ခဲ့သာပါတော်. . . သစ္စာပျက်ဖို့များ တော့ နှောင်မပြောလေနဲ့ တော်ရေ . . . ကျုပ်တို့နှစ်ယောက် ဖေကြီးကျော်ပွဲမှာ တွေ့ခဲ့ကြသာပါ. . . နဂိုက လောကကြီး ထဲ တော်ရှိမှန်းလည်း ကျုပ်မသိဘူး . . . ကျုပ်ရှိမှန်းလည်း တော်မသိပါဘဲနဲ့ . . . ဖေကြီးကျော်က တမင်ဖူးစာဖက် ပေးခဲ့သာလို့ ကျုပ် ယုံကြည်ထားသာပါ. . . ကျုပ်တို့ နှစ်ယောက်က နတ်ဖက်သဲ့ သူတွေပါတော် လူဖျက်လို့ ပျက်နိုင်ရိုး လား . . . တော်လုပ်စရာရှိသာဆက်လုပ် . . . ကျုပ်စောင့်ပါ မယ် . . . စိတ်သာချ"

"ခင်နှောင်းက စကားတတ်ချက်တော့ကွယ် . . . ကိုကြီး ကျော်က ကျုပ်တို့ကို စုံဖက်ပေးခဲ့သာတဲ့လား . . . ဟုတ်လည်းဟုတ်ပါပေရဲ့. . . ကျုပ်ဖြင့် နန်းတိုင်မှန်ကူကွက် ကလေးထဲက ခင်နှောင်းမျက်နှာကလေး ကွက်ခနဲမြင်လိုက် တော့ ချစ်စိတ်နဲ့ ရှာခဲ့ဖွေခဲ့ရသူပါ . . . အင်း . . . ဒါပေသိ



ကိုကြီးကျော်ခမျာ အချစ်ကံမကောင်းခဲ့ဘူး ဆိုသာလည်း တွေးမိရဲ့ . . . "

"အို ကိုကျိုးညိုကလဲ. . . ဖေကြီးကျော်က မောင်းမ တွေမှ အများကြီး. . . ဘာလို့ အချစ်ကံမကောင်းခဲ့ရမှာတုံး တော့"

ခင်နှောင်းက ခရမ်းချဉ်သီးတွေ တောင်းထဲ စီထည့်ရင်း ခေါင်းကလေးမော့ကာ ပျာပျာသလဲ မေးလိုက်သည်။ ခရမ်းချဉ်သီး ဆွတ်ပြီးတော့ ခက်ရင်းကလေးကိုင်ကာ ပြောင်းပင်တွေကြားထဲ ပေါင်းလိုက်ထိုးသည်။ သစ်ခင်းတစ်လျှောက် သီချင်းသံတွေ လွင့်နေ သည်။ သူတို့ကိုများ စောင်းဆိုနေကြတာလား။ အဆိုတော် တွံတေး သိန်းတန်ရဲ့ ကိုရေချမ်းနဲ့ မပန်းမွှံသီချင်း။ ကိုကျိုးညိုကတော့ ခင် နှောင်း၏ ကိုယ်လုံးတစ်တစ်ကလေးကို ငေးကြည့်နေမိ၏။ လှလိုက် သည့် မိန်းကလေး။ ဆံရစ်နုကလေးတွေက ညှင်းညှင်းရှိမ်းရှိမ်း။ ဝန်း ကျင်ရှိ သစ်ပင်ကြီး ဝါးပင်ကြီးတွေက ရော်ရွက်ဝါကြွေလုကြွေခင်း။ နွေတမာန်ငှက်ဥသြတို့၏ မြိုင်ဦးက တွန်သံကိုပင် ခပ်သဲ့သဲ့ ကြားနေရ သည်။ နောက်လဆိုလျှင်ပင် တပေါင်းလထဲ ဝင်တော့မည်။ ကိုကြီး ကျော်နတ်ပွဲ မဝေးတော့ပြီ။ သူသည်ရွာရောက်တာ တစ်နှစ်ပြည့် တော့မှာပါလား။

"အဲသည် မောင်းမမိဿံဆိုသာတွေက လူ့ဘဝက ကံကုန်လို့ ကိုကြီးကျော်ရယ်လို့ အထင်ကရ နတ်ဘဝဖြစ်လာ ကာမှ ပဲညှောင့် ပေါက်တွေလို ပေါက်လာသဲ့ မောင်းမတွေပါ ခင်နှောင်းရယ်. . . ကိုကြီးကျော် လူ့ဘဝတုန်းက ချစ်ရသဲ့ သူနဲ့ ပေါင်းဖက်ခဲ့ရသယ်လို့ ကျုပ်ဖြင့် ဘယ်နတ်ရာဇဝင်မှာ

www.burmeseclassic.com

www.burmeseclassic.com



မှ ကောင်းကောင်းကန်းကန်း မကြားဖူးခဲ့မိပေါင်ဗျာ . . . အရွယ်မရောက်သေးသဲ့ မငွေတောင်ကလေးကိုလည်း အလို မတူဘဲ ဖွတ်ပေါင်းခဲ့သင်းခဲ့သာသဲ့. . . မယားမဘို့မယ် ကျ ပြန်တော့လည်း ထန်းရည်သည်မ . . ဆဲလွှန်းဆိုလွှန်း ကြမ်း လွန်းလို့ ကိုကြီးကျော်ကတောင် ရွံ့ရသာမျိုး. . . နတ်က တော်တွေ ဆိုကြသဲ့ အထဲမှာတောင် ပါသေးသာကော . . ."

"ကြက်လောင်းစရာ ဘို့မယ်သိလျှင် ခက်မည့် တာကြောင့် ဖွက်ရှာသည် ခါးမှာ ငွေထုပ်ကလေးသနှင့် . . . အရက်ဖိုးနှင့် ကြက်ဖိုးပါလျှင် ပျော်စရာလိုက်လို့ စိတ်ကြိုက်လည်သည် ဘို့မယ်အိမ်က ဆဲသနှင့် . . ."

သူ့ဘဝ သူ့ရှာဝန်းကျင်က ကြားဖူးနား၀ စာတွေပေတွေ တခမ်းတနား ရွတ်ပြနေသော ကိုကျိုးညိုကို ခင်နှောင်း ချစ်မက်မြတ်နိုး စွာ ငေးကြည့်နေလိုက်မိသေး၏။ သည်လိုဆိုတော့လည်း တောသား ကြီးက အဟုတ်သားပါလား။ အတူတူနေရတော့မှ ရွတ်ခိုင်းဆိုခိုင်း ရဦးမည်။ ခင်နှောင်းချစ်လိုက်သာတော်။

"အမေတို့ ပြောဖူးသာဖြင့် မငွေတောင်ကလေးက ကိုကြီးကျော်ကို ချစ်ပါသတဲ့နော်"

"ချစ်သယ်ဆိုပေသိ. . . အလိုမတူဘဲ ခိုးယူပေါင်း သင်း သဲ့သူမို့ စိတ်နာနာနဲ့ ပြန်ပြေးလာခဲ့သာဗျာရဲ့ . . . ချစ်သူခေါ်နိုး မျှော်ကိုးရင်းနဲ့ သေပွဲဝင်ရရှာသာဆိုပဲ. . . အင်းနေပါဦး မငွေတောင်ချော့သဲ့ နတ်သီချင်း ကျုပ်တောင် ရသေး. . . ကျုပ်ကြီးတော် နတ်ကတော် ဆို ဆိုနေသာ"



"မြိုင်စွန်းသူ ရှင်ဖြူလွ ခင်သူဇာလှခေါင်မော်မှာ xxxမျှော်ကာပင် မောင်ကျော်စွာ ပေါ်လာတော်မူအား xxx ထားသက် လျာ အားပျက်ကာ ပွားရတက်ဖြာxxx ကမ်းပါး ယံစွန်းမှာ လွမ်း . . ."တဲ့။

ကိုကျိုးညိုက အသံနေ အသံထားနှင့် ဆိုပြတော့ ဘာရယ် မသိ ခင်နှောင်းမျက်ရည်ဝိုင်းမိသည်။ ကိုကျိုးညိုနှင့်သာ ကွဲရပါလျှင် ခင်နှောင်းလည်း မငွေတောင်လေးလို နေမှာပဲလား။ အို ဘာတွေ တွေးမိတာပါလိမ့်။ သူတို့နှစ်ယောက်ကကော ဘာကြောင့်များ နမိတ် မရှိ နမာမရှိတာတွေ ပြောဖြစ်ကြရတာလဲ။ ကိုကြီးကျော်ဘဝနှင့် သူတို့ ဘဝက မနှိုင်းကောင်း မနှိုင်းရာ။ ကိုကျိုးညိုက ကိုကြီးကျော်မဟုတ် သလို သူကလည်း မငွေတောင်မှ မဟုတ်တာ။ ပါးပြင်ပေါ်မှာ မျက် ရည် တုတ်တုတ် ကျသည်အထိ ခင်နှောင်း ကြေကွဲသွားမိသည်။ နောက်ဆုံးစကား ချစ်သူကိုပြောထားရဦးမည်။ သူ့အားငယ်စိတ်က သူ့ကို ချောက်လှန့်နေမှာ ခင်နှောင်းမကြည့်ရက်။ ခင်နှောင်း သစ္စာရှိ ကြောင်း ပြောချင်နေတာ ကြာခဲ့ပြီ။

"ခင်နှောင်းကတော့လေ အမေတို့က သဘောမတူ ဘူး ဆိုရင်တောင် အစ်ကို့နောက် ခိုးရာလိုက်ခဲ့မှာပဲ သိလား . . . ကျုပ်ကို ဝေးရာကိုသာ ခေါ်သွားပါနော်. . . ကျုပ် လိုက်ပါရစီ"

"အလိုဗျာ. . . ခင်နှောင်းကို ခိုးဖို့ ရွာရှေ့တောင် ညောင်ပင်ကြီးမှာ မြင်းကိုယ်စီ ပြင်ရဦးမှာသဲ့လား. . . မလုပ်ဝံ့ပေါင်ဗျာ သည်လိုလုပ်ပြီး ခင်နှောင်းကို ကျုပ်မယူ ရက်ပေါင်ပါဗျာ. . . ကျုပ်က မိသား ဖသားပီပီ ကျုပ်အမေ

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးမကြီးနဲ့ လာတောင်းယူမှာပါ. . . ပဲတစ်ပြည် နှမ်းတစ်ဆုပ်နဲ့မဟုတ်ပါဘူး. . . ကျုပ်ခန္ဓာကိုယ်နဲ့ ချိန်စက်ပြီး တောင်းမှာပါ . . . "

ကိုကျီးညိုက ဖုဖုထစ်ထစ် သန်မာကျစ်လစ်လှသော သူ့လက်မောင်းသားတွေကို ထုတ်ညွှန်ပြနေသေးသည်။ ကိုကျီးညိုသည် ခင်နှောင်းအားကိုးအားထားပြုလောက်သည့် ယောကျ်ားကောင်းဆိုတာ ယုံကြည်ပါသည်။ ခင်နှောင်းကို သူ့မိခင်အိုကြီးနှင့်အတူ လာတောင်းမှာတဲ့။ သည်ရိုးသားမှုကပဲ ခင်နှောင်းအတွက် အားဖြစ်ရပြန်သည်။ ရိုးသားတာကို ခင်နှောင်းကြိုက်သည်။

သည်လိုနှင့် သူနှင့်ကိုကျီးညို သစ်ခင်းကိုင်းခင်းထဲ လုပ်ရင်းကိုင်ရင်းဆိုသလို တွေ့ကြရသည်။ ချစ်သူသဘာဝ လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့်မသာသော်လည်း မျက်လုံးချင်း အပြုံးချင်း တိတ်တခိုးကူးလူးရက်ယှယ်ရသည်ကပင် အချစ်ကို ပိုနက်ရှိုင်းလာစေခဲ့သည်လားမသိ။ ပေါင်းဆုံခွင့်မသာသေးသည့် ချစ်သူနှစ်ဦး၏ ရင်ခုန်သံများကို လူသူလေးပါး မသိသေးတာ အကောင်းဆုံးဟု ခင်နှောင်းထင်သည်။

ကျေးလက်တောရွာမှာက အပ်ကျတာကအစ တစ်ရွာလုံးပေါက် အသိမြန်တတ်ကြသည်။ အတူနေ၊ အတူသွား၊ အတူစား၊ အတူအိပ်ကြသည့် မမိစန်းတို့ ညီအစ်မကိုတောင် ခင်နှောင်းဖွင့်ဟမတိုင်ပင်ခဲ့ပါ။ သည်ညီအစ်မသိသွားလျှင် အမေ့နားပေါက်မှာ သေချာသည်။ သည်လို သည်လိုတဲ့ ကြားသမျှ သိသမျှ ပြောကြရသည့် ဝတ္တရားလည်း သူတို့မှာ ရှိသည်မဟုတ်လား။ ဒါကိုတော့ အပြစ်မဆို



သာ။ လူကြီးသူမကို ဦးဦးဖျားဖျား သိစေကြားစေတာကလည်း အမျိုးကို စောင့်ရှောက်ခြင်းသာ ဖြစ်သည်။

သို့သော် သည်အကြည့် သည်အပြုံး သည်အမူအရာတွေကို အရီးကြော့က သိလေသည်။ တစ်ခါ သူထမင်းပို့အသွား ခင်နှောင်းလျှို့ထဲ ဆင်းလိုက်တာ ရိပ်ခနဲ မြင်လိုက်ရကတည်းက စိတ်ထဲ ထင့်ခနဲ ဖြစ်သွားခဲ့ဖူး၏။ သဘောရိုးသာဆိုလျှင် ပုန်းစရာ ကွယ်စရာမလို။ အရီးကြော့ ထမင်းတောင်းချတော့ ခင်နှောင်း သနပ်ခါးနံ့ပင် မပြယ်ချင်သေး။ သေချာတာက အဝေးရာပင်ကိုင်းမှာ တလန်းလန်းလှုပ်နေသည့် သရဖီပန်းကုံးကလေးကို မြင်လိုက်ရခြင်းပဲဖြစ်သည်။ မအေးသာကို ပြောလိုက်ဖို့ စိတ်ကူးမိသော်လည်း မအေးသာထက် မောင်ချစ်ခင်က တစ်စခန်းထလိုက်မှာ စိုးခဲ့သည်။ မောင်ဘွားဆိုတော့ နှမကိစ္စ ရှက်စိတ်မွှန်လိုက်လျှင် ကျော်မကောင်း ကြားမကောင်း ဖြစ်ဖို့သာရှိ၏။ ကျေးလက်မှာမို့ မျက်လုံးပေါင်းများစွာ အောက်မှ သည့်ထက်မှားစရာ မရှိနိုင်သော်လည်း မထိတ်သာ မလန့်သာ မိန်းမပျိုကလေးတစ်စုံတစ်ရာ ဖြစ်သွားခဲ့ပါလျှင် သူ့ခေါင်းပေါ် ပုံကျရုံသာ ရှိတော့၏။ မအေးသာက သူ့သမီးမိစန်းနှင့် နားချနေသော်လည်း ခင်နှောင်းကဦးနှင့်ပြီ။ သည်လိုဆိုတော့လည်း မျက်စိမြင် နားကြား မဟုတ်သေးသည့်တိုင် အခြေအနေကို ဖွင့်ပြောလိုက်ရတော့သည်။

"နှစ်ခါသုံးခါရှိပါပြီအေ. . . ကျုပ်တို့လည်း ငယ်ရာက ကြီးလာခဲ့ကြသာဟာကို. . . တော့်သမီး ပလူမွှေး ပလူတောင်က ကျုပ်ကို မရိပ်မိဘူးထင်သာတော့ . . . မအေးသာရယ် စဉ်းစားပါဦး . . . ကျုပ်ကတော့ ချစ်ခင်သိရင် မီးလောင်လိမ့်မယ် ထင်သနော. . . ကြည့်လုပ်ပေါ့တော်"

www.burmeseclassic.com

www.burmeseclassic.com



သည်သတင်းကြားကြားချင်း ဆိုသလို ဒေါ်အေးသာမှာ သမီးကို ဆိုလိုက် ပြောလိုက် ဆုံးမပစ်လိုက်ချင်စမ်းလှသော်လည်း မဟတ်သေး။ သမီးတစ်ကောင် နွားတစ်ထောင်ဆိုသလို အကင်းအညာ မဲ့လေခြင်းလို့သာ သင်းကို ပေါင်တွင်းကြောပြတ်အောင် လိမ်ဆွဲပစ် လိုက်ချင်မိ၏။ သို့သော် အပျိုစင်သမီးကလေး လိပ်ပြာငယ်သွားမှာ စိုးမိပြန်သည်။ မိန်းမသူတစ်ဦး၏ဘဝမှာ ငယ်ရွယ်စဉ်က ကွမ်းတောင် ကိုင်ခဲ့ရသည့်ဂုဏ်ကို မိခင်ပီပီ ဒေါ်အေးသာမက်မောသည်။ သူလည်း ကွမ်းတောင်မကိုင်ခဲ့ရသလို သမီးကြီးခင်ဦးလည်း ကွမ်းတောင်ကိုင် မဖြစ်ခဲ့။ အခုတော့ တစ်မိပေါက် တစ်ယောက်ထွန်း ကံထူးကံမ သင်း ကလေးကျကာမှ ရွာအပျိုချောထိပ်ခေါင်တင်ဘွဲ့ အပ်နှင်းခြင်းခံရတာ ကို ဒေါ်အေးသာ မက်စက်သည်။ ကွမ်းတောင်ကိုင်ဖို့ပင် မရွယ်ရသေး သော သမီးချောကလေးကို ပြောကြကြေးဆိုလျှင် တစ်ရွာသား သူရင်း ငှားနှင့် ဘယ်လိုမှ သဘောမကျနိုင်ပါလေ။ သည်သတင်းသာ ရွာ ကျော်ရပ်ကျော် ပေါက်ကြားသွားလို့ကတော့ သမီးခင်နှောင်း ကွမ်း တောင်တကယ်မကိုင်ရခင်က လွတ်ကျရတာမျိုး ဖြစ်တော့မည်။ ဂုဏ် သရေ ညှိုးဖို့ရာသာ ရှိတော့သည်။

ထိုညက ဒေါ်အေးသာ အိပ်မပျော်သလို အရီးကြော့လည်း အိပ်မပျော်။ ချစ်သူနှစ်ဦးကလည်း နိုးနေခဲ့ကြသည်။ မီးပွားတစ်စ ကျခဲ့ပြီ။

■

(၁၀)

မြစ်ရိုးတစ်လျှောက် လှေနှင့်တက်နှင့် လုပ်ကိုင်စားသောက် ရသူတွေမှာ စကားရှိသည်။ ရေစစ်ကိုင်း၊ လှိုင်းပခန်းတဲ့။ ပခန်းကြီး နယ် ရေစကြိုနယ်တစ်ဝိုက်မှာ လေထန်လှိုင်းထန်တတ်တာကို ပြော ခြင်း ဖြစ်၏။ ခင်နှောင်းတို့ဒေသတွင် နွေကလေးပေါက်ချင်ပြီဆိုတာ နှင့် လေမှုန်လာတတ်သည်။ သစ်ရွက်တွေကြွေ၊ လေရူးတွေထ၊ မြူတွေ ဆိုင်းနေတတ်တော့ လွမ်းစရာ အလွန်ကောင်းလှသည်။ တချို့လည်း သီးနှံစောစောသိမ်းကြသလို တချို့ကွင်းတွေမှာ ရိတ်သိမ်းစရာတွေ ကျန်နေသေးသည်။ ကွင်းထဲမှာ ဝူးထိုးကြရင်း လှည်းတွေပေါ် ပဲလုံး ကြီးတွေ ထိုးထိုးတင်နေကြတာကလည်း သည်နှစ် ပဲကောင်း မကောင်း ခန့်မှန်းနိုင်သည်။ ပဲပင်တွေကို အသီးရင့်သည်နှင့် တံစဉ် ဖြင့် ရိတ်ပြီး လူတစ်ဘက်စာ အနွယ်လိုက် လုံးပုံထားခြင်းကို ပဲလုံးဟု ခေါ်ခြင်းဖြစ်၏။ သည်ပဲလုံးကြီးတွေကို လှည်းနှင့်တိုက်ကာ အိမ်တ လင်းပြင်အရောက် အခေါက်ခေါက် ကဲ့ရပါသည်။ တလင်းထဲရောက်

www.burmeseclassic.com

www.burmeseclassic.com



မှ နေလှန်း၊ နွားနယ်၊ ပြာတီးပြီး ပုတ်ထဲ ကျီထဲ အရောက်သွင်းကြရ၏။ ပြီးမှ သီးနှံရောင်းကာ ငွေဖော်ကြရသည်။

ပဲရိုးပဲမှော်တွေကိုတော့ နွားစာအဖြစ် တခုတ်တရ သိမ်းဆည်းကြရသည်။ ခင်နှောင်းတို့အရပ်က ရေဝင်အရပ်မို့ ပဲမှော်တိုက်ဟု ခေါ်သော ပဲမှော်စင်များထိုးကာ ယိုင်ပတ်များကာ၍ မိုးလုံလေလုံထားတတ်ကြသည်။ တောင်သူကြီးအိမ်တစ်အိမ်တွင် ပဲမှော်တိုက်ကိုက အိမ်တစ်ဆောင်နီးပါး ဆောက်ထားတတ်ကြပါသည်။ အပေါ်ထပ်က ပဲရိုးပဲမှော်၊ ပြောင်းဖူးဖက်၊ မျိုးပဲ စသဖြင့် အခင်းထွက် စုံစီနဖာသိုလှောင်ထားတ်ကြပြီး အောက်ထပ်ကတော့ နွားတွေနေစရာ နွားတင်းကုပ်ပဲဖြစ်သည်။ ကိုကျီးညိုပင် ပဲမှော်တိုက်အောက်မှာ ခုတင်တစ်လုံးနှင့် ဆင့်နေရပြီ။ သူ့ပီမာန်ကလေးပေါ် နွားစာတင်ရတော့မှာမဟုတ်လား။

သည်ရာသီ သည်အချိန်ရောက်လေတိုင်း ခင်နှောင်းတို့ကျွန်းနယ်တစ်ခွင်လုံး မြစိမ်းရောင်နှင့် ရွှေညိုရောင် ရောထားသည့် မှုန်ညို့ညို့မှိုင်းလွင်လွင်အသွေးဖြင့် တစ်မျိုးလှနေတတ်သည်။ ကြည့်လေရာရာ သစ်ခင်းတွေအားလုံးက မြေသားတစ်ပြင်လုံး ဖုံးလွှမ်းထားသလား ထင်ရ၏။ ခင်နှောင်းတို့ အခင်းတွေကတော့ ခါတိုင်းနှစ်ထက်အသီးအနှံပိုထွက်လိမ့်မည်ဟု ခင်နှောင်း တွေးကြည့်နေမိသည်။ မြေပဲခင်းတိုင်းလိုလို မည်းမည်းထအောင် ထူထပ်သိပ်သည်းကာ "ဉ" ဆင်းအားကောင်းခဲ့သည်။ ပဲထောပတ်ဖြူ၊ ပဲနီ၊ ပဲကြီး၊ ပဲစာဥပင်တွေမှာလည်း အသီးတွေ အပြွတ်လိုက် အခိုင်လိုက် ရိုးတံပင်မနိုင် မြေပေါ်ညွတ်ကျကာ ခဲခဲရွဲရွဲသီးလှသည်။ တာဂျီးနီးယား ဆေးရွက်ကြီးတွေကလည်း ထူအမ်းအမ်းအရွက်ကြီးတွေ ပြန့်ပြန့်ကားကားနှင့် အခင်းစပ်က လျှောက်သူပင် မူးဝေလာအောင် ဆေးသားတွေ တက်လိုက်ပုံများ။ တစ်နေနှစ်နေ ပြလိုက်ရုံဖြင့် 'ကျားသစ်ရေ' လိုက် 'မြွေပွေးကွက်' ထလာမည့်ပုံ။ ဒါတွေအားလုံး ကိုကျီးညို၏ လုပ်အားတွေကြောင့်လည်း ပါပါလိမ့်မည်။

နောက်လဆိုလျှင် တစ်ကွင်းလုံး ပဲတွေ သိမ်းပြီးရော့မည်။ လက်ပံဦးတို့ ဖူးကြပြီ။ စာကလေး၊ ဆက်ရက်၊ သပိတ်လွယ်၊ မြေဝပ်စသည့် ငှက်ပေါင်းစုံတို့ မြူးကြပြီ။ 'တက်တက်တူခါခါး' ခါငှက်တွန်သံကလေးတွေကိုပင် ကြားရပြီ။ အစာကောက်ငှက်ကလေးတွေ ကွင်းတွေထဲမှာ ငှက်အုပ်ကြီးကျတာနှင့်တောင် တူ၏။ ဥဩသံက လက်ပံပင်ကြီးတွေဘက်က တစ်မနက်လုံး 'တွန်' နေကြသည်။ မြူနှင်းဖုန်တွေရောထွေးကာ ကွင်းထဲမှာ လေကတော့ ထိုးတာကလည်း ခဏ ခဏ။ ခါတိုင်းနှစ်တွေတုန်းက ဘယ်လိုမှ မခံစားရသော ခင်နှောင်းမှာ သည်နှစ်တော့ လူမသိသူမသိ ချစ်သူကလေးရှိနေလို့လား မသိ၊ မြင်သမျှကြားသမျှ လွမ်းတတ်နေခဲ့ပြီ။

တစ်နှစ်နေနေ တစ်နှစ်ဆန်းဆန်း သီးနှံတွေ လှိုင်လှိုင်ကြီးသိမ်းကြရတော့မည်။ ကျွန်းတောင်သူတို့သီးနှံကလေးလွင် ငွေကလေးရလို့ ကြည်နူးဖို့ အချိန်ရောက်လို့လာခဲ့ပြီ။ နှစ်စဉ်နှစ်တိုင်း အမျှော်ကြီးမျှော်ခဲ့ရသော ကိုကြီးကျော်ပွဲတောင် တစ်ကျော့နီးပြန်ပြီ။ နောက်တစ်လတောင် မလိုတော့ပါလား။ ပြက္ခဒိန်ကို ထ ထ ကြည့်ရတာအမော။ သည်နှစ်တော့ အမေ လိုက်နိုင်မည်ထင်သည်။ ခြေထောက်ကောင်းကောင်းထောက်နိုင်လာပြီဆိုတော့ ခင်နှောင်းဝမ်းသာရသည်။ သည်နှစ်နတ်ပွဲ ဘယ်သူလှည်းမောင်းမှာလဲ။ မဖူးငုံရောက်လာတော့

www.burmeseclassic.com



အမောင်လေးက နှမကို လိုက်ပို့ပါတော့မလား။ မပို့ချင်နေပေါ့။ သူနဲ့သွားရတာ အငေါက်အငန်းခံရတာတောင် ပိုသေး။ ကိုကျီးညိုကိုလည်းမောင်းပို့ခိုင်းမှာပေါ့။ အမေရယ် ခင်နှောင်းရယ် အရီးကြော့တို့သားအမိတစ်တွေရယ် နောက်ပေါင်းမိုးကလေးထဲ ထိုင်ကြမည်။ နတ်ပွဲအတွက် ခင်နှောင်းပိုက်ဆံရှာသမျှ စုထားသည်။ နတ်ပွဲရတ်မတိုင်ခင်ကိုကျီးညို ရေစကြိုဘက် သီးနှံရောင်းသွားရရင်တော့ ကောင်းမည်။ ဂျစ်ကားပုဆိုးကလေး နှစ်ထည်ဝယ်ခိုင်းရမည်။ ဘုတလင် ထည်ဖျင်ချောလည်ကတုံး အင်္ကျီကလေးနဲ့ဆို ကိုကျီးညိုနှင့်လိုက်မည်။ သူ့မှာအင်္ကျီပုဆိုးလည်း ကောင်းကောင်းမမြင်။ ရွာမှာတော့ ရှိရဲ့လား မသိ။ သည်နှစ်တော့ ကိုကျီးညိုတို့အိမ်ကို ခင်နှောင်းလိုက်လည်ရဦးမည်။ ကိုကျီးညိုအမေကိုလည်း ခင်နှောင်းမြင်ဖူးချင်သေးသည်။ နတ်ပွဲမရောက်ခင်ကတည်းက သည်လို တောင်စဉ်ရေမရတွေ တွေးရတာခင်နှောင်းပျော်သည်။

ခင်နှောင်းပျော်နေသလောက် ဒေါ်အေးသာရင်ထဲမှာတော့ လူမသိ သူမသိ အပူလုံး အပူခဲကြီး ဝင်မွှေနေတော့၏။ ခင်နှောင်းကိစ္စကို လင်သားနှင့်တိုင်ပင်လည်း မဖြစ်သေး။ ပါးစပ်ပေါက်ဖွာနိုင်လွန်းလှသော ချင်းယားရွာက သမီးကြီးကိုလည်း အသိမပေးဝံ့။ သားချစ်ခင်က ပို့ဆိုးရော့မည်။ အရေးကြီးတာက သစ်ခင်းအလုပ်လက်စတွေ မသိမ်းရသေးတာပဲဖြစ်သည်။ နှစ်ပေါက်စာ လုပ်အားခပေးထားရတာထက် အလုပ်လက်ကြောတင်းသော ကျီးညိုကို ချက်ချင်းဆိုသလို နှင်ထုတ်လို့လည်း မဖြစ်သေး။ သည်တော့ မကြံသာ ကြံသာအရီးကြော့နှင့် နှစ်ကိုယ်ကြား နှစ်နားတိုင်ပင်ရတော့၏။ နွှာမြောက်ဘက် စေတီပျက်နားသွား၍ သမီးယောင်းမ မျက်ရည်စက်လက် တိုင်



ပင်ကြရသည်။ အရီးကြော့ကတော့ သူ့ဉာဏ်ရည်သွားသလောက် အကြံဉာဏ်ကို ပေးခဲ့လေ၏။

"ကျုပ်ကတော့ ရေစကြို မခင်သန်းတို့နဲ့ ရန်ကုန်ထည့်လိုက် ချင်သာပဲ. . . တစ်လကိုးသီတင်းဆို ကျီးညိုလည်း အလုပ်သိမ်းကရောပေါ့. . . မောင်ကြီးနဲ့ ချစ်ခင်ကို တော့ကြည့်ကျက် ပြောရမှာပေါ့ . . . တော်ကြာ မတော်တရော်လည်း ထင်နေပါဦးမယ်တော်. . ."

အရီးကြော့ပေးသည့် အကြံအတိုင်း တစ်ရက်တော့ ခင်နှောင်းကို တောထဲ ခရမ်းချဉ်ဆွတ်ခေါ်ခဲ့သည်။ ထိုနေ့က ကိုကျီးညိုထန်းတောရွာက သူ့အမေဆီ ပိုက်ဆံသွားပို့သောနေ့မို့ အခင်းထဲ ဘာအလုပ်မျှမရှိ။ သားအမိနှစ်ယောက် ခရမ်းချဉ်ဆွတ်တာ တော်တော်ကလေးရတော့ အမေက အဝေရာပင်ရိပ် ကျိုးကျိုးကျဲကျဲမှာ ခင်နှောင်းကို ထိုင်ခိုင်းသည်။ အမေမျက်နှာမကောင်းတာ တော်တော်ကြာပြီ။ သူနဲ့ကိုကျီးညိုအကြောင်း အမေများ သိသွားလေရော့သလားခင်နှောင်း တွေးလိုက်မိသေးသည်။ သို့သော် အမေက ဘာမှမမေးတော့ ခင်နှောင်းလည်း ပေါ့ပေါ့ပါးပါး နေလိုက်မိသည်။ တစ်ခါတော့အရီးကြော့နှင့် စကားပြောရင်း အမေငိုတာ ခင်နှောင်း တွေ့လိုက်ရသည်။ သူ့ကိုမြင်တော့ ကပျာကသီ ခေါင်းပေါင်းတဘက်ကလေး ဖြုတ်ကာ မျက်ရည်သုတ်လေသည်။ အခုလည်း တစ်အောင့်ထိုင်ရအောင်တဲ့။

"ငါ့သမီး ထိုင်ပါဦးအေ . . . အမေစကားပြောချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



ခင်နှောင်း အမေ့ဘေးမှာထိုင်ရင်း ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ ဘာများပါလိမ့်။ သည်တစ်ခါ အမေပြောမည့်စကားက သူ့ဘဝနဲ့ ဆိုင်တာ သေချာပြီ။ အမေသည်လို တစ်ခါမှ သူ့ကို တောထဲ မခေါ်စဖူး။ သူကလည်း ပြောလောက်စရာ မရှိခဲ့ဘဲကိုး။

"အမေနဲ့သမီးတော့ ပြောစရာရှိပေါင်အေ . . .
ငါ့သမီးက လိမ္မာပြီးသားဟာကို. . . အခုက ညည်းအဖေ
ကလည်း ခွင့်ပြုလို့ . . . ရွာရောက်နေသဲ့ မခင်သန်းတို့နဲ့
ရန်ကုန်ရွှေတိဂုံဘုရားလိုက်ဖူးဖို့ အမေစီစဉ်ထားသယ် . . .
ငါ့သမီးလိုက်ခဲ့အေ. . . မြို့ကြီးပြကြီး ရောက်ဖူးသာပေါ့ . . .
တို့မလည်း တစ်နှစ်တစ်နှစ် ကျွဲနဲ့နွားနဲ့ရုန်း ရှာဖွေထားသာ
ကုသိုလ်ရေးမသုံး ဘာသွားသုံးရမတုံး . . . ဟုတ်ဖူးလား"

အမေ့စကားက ထူးဆန်းနေသည်။ အဖေခွင့်ပြီးသားဆိုလျှင် ဘာကိစ္စ တောထဲလာပြောရမှာလဲ။ ခင်နှောင်းစိတ်က ချက်ချင်းလိုလို တစ်စုံတစ်ရာတော့ မှားနေပြီဆိုတာ သိလိုက်ပြီ။ ရွာကျောင်းမှာ မူလတန်း ရေစကြိုမှာ ခြောက်တန်းလောက်အထိ ခင်နှောင်းကျောင်းနေခဲ့သည်။ ကျောင်းစာရယ်လို့ အတန်းမရခဲ့သည့်တိုင် လူရေးလူစမည်ခဲ့၊ အမေက တောသူတောင်သားပီပီ ခြောက်တန်းလောက်ဆိုတော်ရော့ပေါ့ဆိုတာနဲ့ မိဘတတ်နိုင်သည့်ကြားက ကျောင်းထွက်ခဲ့ရသည်။ လောကရေးမှုရေး အားလုံးမဟုတ်ရင်တောင် ဘယ်စကားဘယ်ရောက်သည်ဆိုတာလောက်တော့ ခင်နှောင်းသိပါသည်။

ဒေါ်လေးခင်သန်းသည် ခင်နှောင်းတို့နှင့် ဆွေရိပ်မျိုးရိပ်မကင်းသော မြို့ဘူး အဆက်ထဲက ဖြစ်သည်။ ခင်နှောင်း ရေစကြိုမှာ ကျောင်းတက်ခဲ့စဉ်က ဒေါ်လေးခင်သန်းတို့အိမ်မှာ နေခဲ့ဖူးသေး



သည်။ အခုတော့ ဒေါ်လေးခင်သန်းတို့က ရန်ကုန်မှာ ထန်းလျက်ပွဲရုံထောင်ကာ ရေစကြိုနှင့် ကူးလူးနေသူဖြစ်၏။ ဒေါ်လေးခင်သန်းနှင့် ရင်းနှီးနေခဲ့တာ ကြာပြီဖြစ်သော်လည်း အမေ ရန်ကုန်ဘုရားဖူးလိုက်ဖို့ တစ်ခါမျှ စိတ်ကူးစိတ်သန်းမပေါ်ခဲ့တာ ခင်နှောင်းသိသည်။ ပြီးတော့ နတ်ပွဲကြီးနီးကာမှ၊ အမောင်လေး မင်္ဂလာဆောင်မည့်နှစ်ကျကာမှ စိတ်လိုလက်ရ ဘုရားဖူးထွက်မည်ဆိုသော အမေ့ကို ခင်နှောင်း အကဲဖမ်းလို့ရပါသည်။ ခင်နှောင်းရင်ထဲမှာ မြတ်ရွှေတိဂုံကို ဖူးချင်သည့်ဆန္ဒရှိပါသည်။ တစ်နေ့တော့ ဖူးဖြစ်အောင်ဖူးမည် ရည်စူးကြည်ညိုပြီးသား။ သို့သော် ခုလို ဗြုန်းစားကြီးမဟုတ်။ ကိုကျီးညိုနဲ့ဝေးရအောင် တမင်စီမံလေရော့သလား။ ကိုကျီးညိုက သူရင်းငှားမို့ သူရင်းတိုင်ဂဏမလိုလျှင် အိမ်မှာ လက်ခံထားစရာမလို။ ရိုင်းရိုင်းဆိုရလျှင် နှင်ထုတ်လိုက်ရုံသာ။ သူနှင့် ကိုကျီးညို ဖြစ်ရိုးအမှန် အမေသိလျှင် သဘောတူလျှင်တူ၊ မတူလို့ကတော့ နွေခေါင်ခေါင် မိုးကြိုးပစ်နိုင်တာ မဟုတ်လား။

အခုတော့ သူနှင့် ကိုကျီးညိုအကြောင်း တစ်ခွန်းတစ်ပါဒမပါ။ ဘုရားဖူးသွားရအောင်တဲ့။

"အမေရယ် . . . သည်စကား အိမ်မှာ ပြောလည်း
ရရဲ့သားနဲ့ . . . သည့်အရင်ရက်က ရန်ကုန်ကိစ္စ ပြောကြသာ
ကြားပေါင်. . . နတ်ပွဲနီးကာမှ အမေရယ်. . . ပြီးမှ သွားရ
အောင်ပါ. . . အမောင်လေးကိစ္စကလည်း ရှိသေးသဲ့ဟာကို"

"နတ်ပွဲက တစ်သက်လုံးကိစ္စပါအေ . . . ငချစ်ခင်
မင်္ဂလာဆောင်က ရက်ရှိပါသေးသဟဲ့ . . . ငါ မအေပါအေ
ငါက အကန်တော့ခံရမယ့်လူပါ. . . အခုက လူကြုံရိုဟုန်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမှာ. . . မခင်သန်းနဲ့ ကြေည့်အိမ်ဝတွေ့လို့ ပြောပြီးဆို ပြီးကြပြီ. . . ညက ညည်းအဖေပြောတော့ သွားကြလေသဲ့ . . . ဒါပဲ ငါကလည်း ညည်းပါမှ အထောက်အကူရမှာပေါ့ . . . ညည်းနှယ်”

အမေက ဆောင့်ကြီးအောင့်ကြီးဆိုတော့ ပြောတော့ ခင်နှောင်း နောက်ထပ် စောဒကမတက်ဝံ့ပါ။ တစ်သက်လုံး အမေ့စကား မြေဝယ်မကျ နားထောင်ခဲ့တာပေမယ့် သည်တစ်ခါတော့ ကလန်ကဆန် လုပ်ချင်စိတ်ကလေးတော့ ပေါက်မိသား။ ကိုကျီးညိုနှင့် သူ့အကြောင်းကို အမေသိသွားလောက်သည်။ လောလောဆယ် ခင်နှောင်းကတော့ ငိုချင်နေမိတာပဲရှိသည်။ ကိုကျီးညိုကို နှုတ်ဆက်စကားဆိုဖို့တောင် အကွက်ချောင်းမရတော့။ အမေက သူ့ကို သစ်ခင်းတွေဘက် မလွှတ်တော့တာ ခင်နှောင်းရိပ်မိသည်။ သွားရမည့် ရက်နီးလာလေ ခင်နှောင်းရင်တွေ ကျိုက်ကျိုက်ဆူလာလေတော့၏။ နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ် ကိုကျီးညိုရှိရာ နွားတင်းကုပ်ဗိမာန်ကလေးဆီ ရေနွေးပွဲကလေး သွားပို့ရင်း မဲဆိုသာဆိုသာ ဖွတ်အရဲကိုးရကောင်းမလား တွေးရတော့သည်။ ဒါလည်း မဖြစ်နိုင်။ ဒါဆိုရင် အမေသည်းခံမှာမဟုတ်။ သူ့ကို ရိုက်တာဆိုတာ ကိစ္စမရှိ။ ကိုကျီးညိုကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ‘မင်းက ဘယ့်နှယ်တုံးကွယ့် . . . ခွေးနဲ့မတန် ဆီအိုးလှန်လုပ်ချင်တာလား’ ဆိုလျှင် ရှက်စရာတွေဖြစ်ကုန်လိမ့်မည်။

ဘာပဲဖြစ်ဖြစ် တစ်အိမ်တည်း အတူနေသူချင်း နှုတ်ဆက်စကားတစ်ခွန်း မပြောခဲ့ရဘူးဆိုတာကတော့ ခင်နှောင်းဘက်က အလွန်ကျဲနေလိမ့်မည်။ ကံကောင်းချင်တော့ ကိုကျီးညိုနွားစာထည့်



ကျွေးနေတုန်း အိမ်ပေါ်ကနေ ခင်နှောင်းစာခေါက်ကလေး ပစ်ချလိုက်နိုင်ခဲ့သည်။ ကိုကျီးညိုက မျက်လုံးတစ်ချက်ပင့်ကြည့်ပြီး ဟန်မပျက်ကောက်ယူလိုက်တော့မှ ခင်နှောင်းစိတ်အေးသွားရသည်။ ဒါကတဒင်္ဂ။ စာပေးလိုက်ပြီးကတည်းက ခင်နှောင်းစိတ်တွေ စပူရပြန်သည်။ သူများ မှားသွားပြီလား။ အိမ်ထောင့်က ကင်းပွန်းပင်ကြီးရိပ်မှာ ကနေ့ည တွေ့ကြဖို့ ခင်နှောင်းရေးထားခဲ့သည်။ ချစ်သူခေါ်ရာလိုက်တော့မယ် ဆိုတာမျိုးတော့ မဟုတ်။ သူရန်ကုန်ကို ဘုရားဖူးလိုက်ရတော့မှာမို့ စိတ်ချလက်ချနေရစ်ခဲ့ဖို့ မှာချင်တာလေး ရေးထားခြင်းသာ ဖြစ်၏။ သူ့ဘဝမှာ ပထမဆုံး ချစ်သူဆိုသူနှင့် ကင်ပွန်းပင်ရိပ်မှာ ညအချိန်တွေ့ရတော့မှာပါလား။ တွေးမိတော့ ချွေးများပင် စို့လာခဲ့သည်။ ခင်နှောင်းမှာ ချစ်သူရည်းစား ထားမိသော်လည်း ချူလို့ ပစ်ရတော့မလား၊ မြူလို့ ရစ်ရတော့မလား မသိနိုင်အားပါပေ။

* * *

ထိုညက ကောင်းကင်က မည်းသည့်ကြား တိမ်ပုပ်တွေ မိုးသားအပြည့်ရှိနေသည်။ ကြယ်ကလေးတွေက ဖြိုးဖြိုးဖြောက်ဖြောက်။ တိမ်ပုတ်တွေအောက်မှာတော့ ကြယ်တွေရှိကြလိမ့်ဦးမည်။ ညကတိတ်ဆိတ်ချောက်ချားဖွယ်ကောင်းလှ၏။ ရွာထဲဘက်ဆီက ကလေးငိုသံ၊ လူကြီးသူမချောင်းဟန့်သံကလွဲလျှင် ဘာသံမှမရှိ။ အိမ်အောက်ထပ်ဆီက အဖေ့ဘုရားရှိခိုးသံပင် တိတ်ဆိတ်သွားခဲ့ပြီ။ တစ်နေကုန်ပင်ပန်းခဲ့ကြသမျှ တစ်ရွာလုံး အိပ်မောကျကုန်ကြလေသလား။ နွားစားကျင်းဆီမှ နွားတွေနှာမှုတ်သံ၊ ဝမ်းရုပ်သံတွေကြားနေရသည်။ ရင်ခံထဲထည့်ထားသည့်ပိုက်ဆံစက္ကူတွေကို လက်နှင့်စမ်း

www.burmeseclassic.com



ရင်း ခင်နှောင်းအသာလှဲနေလိုက်သည်။ သည်ရက်တွေထဲမှာ ညဘက် အမောင်လေးတစ်ယောက် မဖူးငုံတို့အိမ်ဘက်မှာ အနေများသည်။ အမောင်လေးက သူ့နွားကြီးတွေစိတ်မချတာနဲ့ပဲ အအိပ်ဆတ်သူ။ အခုတော့ ကိုကျိုးညိုက သူ့ထက်စိတ်ချရတော့ နွားဘက်မလှည့်တော့ပြီ။ အမေကတော့ သူ့ကို သည်လောက်အတင့်ရဲလိမ့်မည်လို့တော့ ထင်ထားပုံမရ။ ဒါပေမယ့် မပြောနိုင်။

တကယ်တမ်းကျတော့ ညမှောင်မှောင်မှာ အိမ်တံခါးဖွင့်ပြီး လှေကားထစ်တွေက ဆင်းသွားရဖို့ကို ခင်နှောင်းအတင့်မရဲလှပါ။ တစ်သက်နှင့်တစ်ကိုယ် သည်လိုလည်း မစွန့်စားဖူးခဲ့။ အချစ်ကပဲ သတ္တိတွေပေးနေသလား မပြောတတ်ပါ။ သွားဖို့ ဒုံးခနဲ စိတ်ဖြတ်လိုက်သည်။ သည်လောက်ဆို ကိုကျိုးညိုစောင့်နေရှာလောက်ရောပေါ့။ ကဲလားတံခါးကလေး အသာမကြည့်လိုက်တော့ အပြင်မှာ လရိပ်ပင်မရှိ ပိန်းပိတ်နေသည်။ ခင်နှောင်းပင်လျှင် ကင်ပွန်းခြုံကြီးဘက်သွားရမှာ ကြောက်နေသည်။ သည်နေရာကို နေ့ခင်းဘက်တောင်ခင်နှောင်းရောက်ခဲ့သည်။ ကင်ပွန်းခြုံကြီးက အနီးရှိဥန္နဲပင်ကြီးကိုမှီရင်း စပါးကြီးမြွေတစ်ကောင်လို ကွေ့ကောက်တွန့်လိမ်တက်နေတာနှင့်တူသည်။ ဥန္နဲတစ်ပင်လုံးသိုင်းယှက်အုပ်ဖြာလျက် ကြီးမားလွန်းလှသဖြင့် မှောင်ရိပ်ကြီးကျနေ၏။ အောက်မှာသစ်ရွက်ကြွေတွေ ရှိနေတာကို ခင်နှောင်းသတိထားရမည်။

အိပ်ရာမှ အသာကလေးထကာ အသံဖလံများကို နားစွင့်လိုက်သည်။ တစ်အိမ်လုံးတိတ်ဆိတ်ငြိမ်သက်နေတာကို အကဲခတ်ပြီး တံခါးမင်းတုံးကို ဖြည်းဖြည်းကလေးဖွင့်ရင်း အားတွေမွေးလိုက်သည်။ တစ်ခါမှ မလုပ်ဖူးသည့် သည်လိုအလုပ်မျိုးကို ခင်နှောင်း



မလုပ်ချင်တာကတော့အမှန်။ သို့သော် သည်လိုမှမလုပ်လျှင် ကိုကျိုးညိုနှင့်တွေ့ဖို့မလွယ်။ ဖြစ်လာတော့လည်း ရင်ဆိုင်ရုံပေါ့လို့ ရဲဆေးတင်ကာလှေကားပေါ်က တစ်ထစ်ချင်းဆင်းသည်။ တစ်ချို့လှေကားဆံက ဖျိုးခနဲ ဖျောက်ခနဲ အသံမြည်ချင်သေးသည်။ အောက်ထပ်ဆီက အမေ့အသံမကြားရ။ အဖေကတော့ ဟောက်သံကလေးပြု၏။ ကင်ပွန်းခြုံကြီးရှိရာ တန်းမသွားဘဲ နွားစားကျင်းဘက်က ခင်နှောင်းပတ်လာခဲ့သည်။ သစ်ရွက်ခြောက်တွေ မရှိသည့်ဘက်ကိုရွေးလိုက်ခြင်းဖြစ်၏။ ဥန္နဲပင်ရိပ်မှာ လူရိပ်တွေ့လိုက်တော့ ခင်နှောင်းလန့်သွားကာရပ်နေလိုက်သည်။ ရင်တွေလှိုင်းလိုခုန်နေ၏။

"ခင်နှောင်း"

နှစ်ကိုယ်ကြားစာ လေသံကလေးဖြင့် ကိုကျိုးညိုက လှမ်းခေါ်သည်။ ခင်နှောင်း မရှက်နိုင်တော့။ ကိုကျိုးညိုရှိရာ တိုးဝင်ရင်းသိုင်းဖက်လိုက်သည်။ နှစ်ယောက်သား ပါးချင်းအပ်ကာ စကားမဆိုမိကြသေး။ ခင်နှောင်းက ရင်ခံထဲ ဝှက်ယူလာခဲ့သော ပိုက်ဆံလိပ်ကိုထုတ် ကိုကျိုးညိုကို ပေးလိုက်သည်။

"အစ်ကို. . . ခင်နှောင်း ရန်ကုန်ဘုရားဖူးလိုက်ရမယ်သဲ့. . စာဖတ်ပြီးပြီမှတ်လား . . . ရော့ သဟာကနတ်ပွဲဝတ်ဖို့ အစ်ကိုပုဆိုးနှစ်ထည်နဲ့ အကျီဝယ်ပါ. . . ကျုပ်ကိုယ်တိုင် ဝယ်ဆင် ချင်သာ အစ်ကိုရဲ့ . . . ဒါပေမယ့် "

ပြောရင်း ခင်နှောင်းငိုမိပြန်သည်။ ကိုကျိုးညိုက ခင်နှောင်းပေးသော ငွေငါးထောင်ပျော့ပျော့လောက်ကို မယူပါရစေနဲ့ ငြင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်နှောင်းပေးသာယူရလို့ အစ်ကိုမရှက်ပါနဲ့ . . . အစ်ကိုပေးရင်လည်း ခင်နှောင်းယူမှာပဲ. . . ကဲပါ ရော့ သိမ်းထား ရေစကြို့သွားသဲ့နေ့ကျ ဝယ်ဖြစ်အောင် ဝယ်နော် : . . ကျုပ် နတ်ပွဲအမီ ပြန်လာခဲ့ပါ့မယ်တော်"

ခင်နှောင်းက ကိုကျိုးညို အကျီအိတ်ထောင်ထဲ ပိုက်ဆံတွေ ထွတ်ထည့်လိုက်သည်။ အမှောင်ထဲမှာပဲ ကိုကျိုးညိုကို မော့ကြည့်လိုက်မိ၏။ ကိုကျိုးညို မျက်ဝန်းမှာ မျက်ရည်တွေနှင့် ဖျပ်ဖျပ်ခါနေသည်။ ကိုလူကြမ်းကြီးက ခင်နှောင်းထက်တောင် နှလုံးသားနုနယ်နေသေးတော့၏။

"ကျုပ်ကို ပစ်သွားသာများလား ခင်နှောင်းရယ်"

"အို . . . ဘာလို့ အစ်ကို့ကို ပစ်သွားရမှာလဲ . . . အဲသလို ထင်မှာစိုးလို့ ခင်နှောင်း ခုလို အရဲစွန့်လာရသာတော့် . . . ဝေးနေတုန်းလည်း ကျုပ်ကို သတိရပါဦး တစ်ရွာသားရဲ့"

နှစ်ကိုယ်ကြား လေသံပေမယ့် ညထဲမှာ ကျယ်များနေလေသလား။ ခင်နှောင်းကတော့ ကိုကျိုးညို စိတ်ငယ်တတ်မှန်းသိသဖြင့် တမင် ပေါ့ပေါ့ပါးပါး ပြောလိုက်ခြင်းဖြစ်၏။ ကိုကျိုးညိုကတော့ စကားတစ်ခွန်းကိုပဲ မှာနေတော့သည်။

"ပြန်မလာမချင်း ကိုကျိုးညို မအိပ်ဘဲစောင့်မယ် ခင်နှောင်းရယ် . . . နတ်ပွဲအမီသာ ပြန်လာခဲ့ပါကွယ် . . ."

ကိုကျိုးညိုရင်ခွင်မှ ရုန်းထွက်ကာ ခင်နှောင်းအိမ်ဘက် ပြန်ပြေးထွက်ခဲ့သည်။ အဖေ့ဟောက်သံသာ ကြားရပြီး အမေ့အသံကို မကြားရတော့ ခင်နှောင်း သွေးလန့်နေမိသည်။ အိမ်ပေါ်ရောက်သည်



အထိ ရင်ခုန်မပျောက်ချင်သေး။ အဲသည်ညက မိုးသာလင်းရော ခင်နှောင်းတစ်ရေးအိပ်မပျော်ခဲ့။ တစ်ညလုံး မျက်ရည်အလူးလူးဖြင့် ကုန်ဆုံးခဲ့ရတော့၏။

* * *

မနက်စောစော မြေတော် သင်္ဘောဆိပ်ကို ခင်နှောင်းတို့လှည်းမောင်းထွက်ခဲ့ကြတော့ ကိုကျိုးညိုတစ်ယောက် နွားတင်းကုပ်စွန်းကလေးမှာ မတ်တတ်ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့ရှာသည်။ ထန်းလျက်ပွဲစား ဒေါ်လေးခင်သန်းတို့လှည်းက လာကြိုခြင်းဖြစ်သည်။ ကိုကျိုးညိုကို ခင်နှောင်း တွေ့ခဲ့မြင်ခဲ့ရတာ ဒါနောက်ဆုံးပါပဲ။ မကြည့်ရဲရဲ ကြည့်ရဲရဲဖြင့် လှမ်းကြည့်ရင်း အမေ့ကို ကြောက်လို့ ခင်နှောင်း လက်ကလေးတောင် ဝှေ့ရမ်းမပြသာခဲ့။ မျက်ရည်မကျမိအောင် မျက်တောင်ကိုသာ တွင်တွင်ခတ်ရင်း သိမ်းနေရတော့၏။ ခင်နှောင်းတို့ရွာမှဆိုလျှင် မြေတော်သင်္ဘောဆိပ်ကို တစ်နာရီသာသာလောက်လှည်းခရီးကြာသည်။ လမ်းတစ်လျှောက် စိမ်းစိုနုသစ်သော သစ်ခင်းသစ်ကွက်တွေကို မြင်ရတော့ အမေ ဘာ့ကြောင့် ရန်ကုန်ကို ဘုရားဖူးထွက်လာခဲ့မှန်း ခုထိ ဝိုးတိုဝါးတား ဖြစ်နေရသည်။

လှည်းပေါ်မှာ ဒေါ်လေးခင်သန်းနှင့် သူ့အဖော် ပါလာသော်လည်း ခင်နှောင်းကို သိပ်အရောတဝင်မရှိတာ ခံပြင်းမိသည်။ အမေ့ကြောင့်သာ ငြိမ်နေလိုက်ရသော်လည်း သင်္ဘောဆိပ်အထိ ဘာစကားတစ်ခွန်းမျှ မဆိုသောကြောင့် အမေ့ကိုသာ ခင်နှောင်း အံ့ဩရတော့သည်။ ဆွေရိပ်မျိုးရိပ် မကင်းတာတော့ ဟုတ်ပါ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အမေက တောင်သူ၊ ဒေါ်လေးခင်သန်းက ပွဲစား။ လူပုံပန်းကွာသလို ဟန်ပန်ချင်းကလည်း ကွာလှ၏။

"ညည်း ရန်ကုန် မလိုက်ချင်ဘူးဆို ခင်နှောင်း . . .
ရန်ကုန်ရောက်ရင် ညည်းပြန်ချင်မှာတောင် မဟုတ်ဘူး . . .
ဟိုကျတွေ့ပါလိမ့်မယ်"

မြေတော်ဆိပ်ကမ်းရောက်တော့မှ နော့သလိုလို ကညော့သလိုလို အမေးခံလိုက်ရသဖြင့် ဒေါ်လေးခင်သန်းကို ခင်နှောင်း စိတ်ချဉ်ပေါက်သွားရ၏။

"တော့် ဘယ်သူက ပြောသလဲ မလိုက်ချင်ဘူးလို့
. . . ရန်ကုန်ပဲ မလိုက်ချင်ဘဲ ရှိပါ့မလား ဒေါ်လေးရယ်"

"သိပေါင်အေ . . ."

သည်စကားတွေက အမေ့ဆီက မသွားလျှင် ဘယ်ကမှ သွားစရာမရှိ။ ကိုကျိုးညိုနှင့် ကိစ္စမဟုတ်သည့်တိုင် အမေဘာကြောင့် ခင်နှောင်းအကြောင်းကို ပြောရတာလည်း ခင်နှောင်းနားမလည်။ အမေ့ကိုလည်း ခင်နှောင်း စိတ်မကောင်းဖြစ်ရသည်။ သည်အသက် သည်အရွယ်ရောက်ကာမှ ကလေးတစ်ယောက်ကို ကွပ်ညှပ်ခံနေရတာ ခင်နှောင်းခံပြင်းမိ၏။

မြေတော်ဆိပ်ကမ်းမှ ပြည်ကူးတို့ သင်္ဘောကြီးစီးပြီး ပြည်အထိ လိုက်ရသည်။ ပြည်မြို့မှတစ်ဆင့် ရန်ကုန်ကို ကားတစ်ဆင့်စီးရမည်။ ဒေါ်လေးခင်သန်း ထန်းလျက်တောင်းတွေက တော်တော်များပါသည်။ သည်လို လုပ်ကိုင်စားသောက်နေရတာ မြင်ရတော့လည်း ခင်နှောင်းမှာ ဒေါ်လေးခင်သန်းကို သနားမိရပြန်၏။ အေးအတူ ပူအမျှ ရှိသည့် ခင်နှောင်းတို့ဘဝတွေနှင့် တခြားစီ။ တစ်ခါမှ မရောက်



ဖူး မတွေ့ဖူးသော အတွေ့အကြုံသစ်တွေပေမယ့် အမိဟှာယ်မဲ့နေသလို ခင်နှောင်းခံစားရသည်။ ပင်ကိုယ်အားဖြင့် သည်ကျွန်းသည်မြေပေါ်မှာ တစ်သက်လုံး နေထိုင်ကြီးပြင်းခဲ့ရသူမို့ တစ်ခဏတာကလေးမျှပင် မခွဲခွာချင်တာပါသလို ချစ်သူကို အောက်မေ့တာလည်းပါ၏။ ချစ်ရသူနှင့် ခွဲရဖို့ဆိုတာ မပြောနှင့်တော့။ ခင်နှောင်း မွေးဖွားရာကျွန်းကလေးပေါ်မှ ခွဲရဖို့ပင် ခင်နှောင်းမတွေးဝံ့ပါပေ။

"အင်း . . . ရန်ကုန်ရောက်ရင်တော့ အေးအေး
ဆေးဆေး ဘုရားစုံဖူးပြီးမှပြန်မယ် . . . ငါ့သမီးလေးလည်း
သာမှနားရမှာ ခင်သန်းရဲ့ . . . ခမျာ ရွာမှာဆို တောက်တက်
တောက်တက်နဲ့ အဲလုပ်နဲ့လက် ပြတ်သယ် ရှိရပါဘူးအေ"

အမေက လမ်းတစ်လျှောက်လုံး ခင်နှောင်းကို အချော့လွှန်နေသလား ထင်မိ၏။ ခင်နှောင်းတို့ ပြည်မြို့မှာ တစ်ညအိပ်ရင်း ပြည်ရွှေဆံတော်ဘုရားကြီး ဖူးကြသည်။ ရွှေဆံတော်ဘုရားကြီးမှာ အညံ့ရှိလျှင် ပြေပါစေကြောင်း ခင်နှောင်း ဆုတောင်းမိသည်။ ရန်ကုန်မြို့ကြီးဆိုတာကို ရောက်တော့လည်း ဒေါ်လေးခင်သန်းပြောသလို ရောက်ရဘိခြင်း အောင်းမေ့မိ၏။ သားအမိနှစ်ယောက်ကို စိတ်ရှည်လက်ရှည် ဘုရားဖူးလိုက်ပို့ကြသော ဒေါ်လေးခင်သန်း၏ သမီးနှင့်တူမကို ခင်နှောင်း ကျေးဇူးတင်ရပါသည်။ ရွှေတိဂုံစေတီ၊ ကမ္ဘာအေးစေတီ၊ ဗိုလ်တထောင်၊ ဆူးလေ၊ မယ်လမု အတော်ကလေးစုံအောင် ဖူးရသဖြင့် ခင်နှောင်းစိတ်ကြည်နူးရတာလည်း အမှန်ပဲဖြစ်သည်။ ဘုရားတစ်ဆူဖူးရတိုင်း ကိုကျိုးညိုနှင့် ပေါင်းဖက်ရပါစေသား ဆုတွေတောင်းမိရသည်သာ။

www.burmeseclassic.com

www.burmeseclassic.com



"အမေရယ် . . . လေးငါးရက်ရှိမှတော့ ပြန်ကြရအောင်ပါ . . . သည်မှာ ဘုရားတွေဖူးရ မမြင်ဖူးသာတွေ မြင်ရကြားရနဲ့ ကျုပ် ပျော်ပါသယ် . . . ဒါပေသိ ကျုပ်ရွာကိုပဲ လွမ်းသယ်အမေ . . ."

ခင်နှောင်းက အမေ့ကို ရင်ထဲကစကားပြောမိတော့ အမေကလည်း ပြန်ချင်ပုံရသည်။ မြို့မှာ အမေလည်း 'တောက်' လှပြီ။ ပြီးတော့ အမေ့ခြေထောက်က ကားအတက်အဆင်းတွေမှာ ပြန်နာချင်လာပုံရသည်။ ညတိုင်း ခင်နှောင်း ဆေးလူးရင်း နှိပ်နယ်ပေးနေရသည်။

"ပြန်သာပေါ့အေ . . . ခင်သန်းတို့က ပဲခူးတို့ တညင်တို့လည်း လိုက်ပို့ချင်သေးသာဟဲ့ . . . အားနာစရာ မရှိပါဘူး သမီးရယ် . . . အမေ ပေးစရာရှိသာ ပေးထားခဲ့မယ် သမီးနေခဲ့ဦး . . . နတ်ပွဲနီးတော့မှ အမေလာခေါ်လှဲ့မယ် . . . ညည်းအဖေလည်း ဘုရားဖူးရင်း ခေါ်ခဲ့မယ်"

"အို . . . တစ်နယ်တစ်ကျေးမှာ အမေရယ် . . . ကျုပ်တစ်ယောက်တည်း မနေရစ်ခဲ့ချင်ပါဘူး . . . သည်မှာ ကျုပ်ပျော်လည်းမပျော်ဘူး . . . အမေပြန်ရင်လိုက်မှာပေါ့ မဟုတ်သာ . . . သူများအိမ်မှာ အမေမို့ ထားခဲ့ချင်သယ် . . . ရန်ကုန်မှာ နေဝံ့ပေါင်တော်"

သည်လိုဆိုတော့လည်း အမေမျက်နှာမကောင်းရှာ။ သို့သော် ရန်ကုန်ရိပ်မကြီး ရောက်ကာမှ အကြံပျက်လို့လည်း မဖြစ်သေး။ ခင်နှောင်းနှင့် ကျီးညိုတို့ သံယောဇဉ်ကြီးသင့်သလောက် ကြီးကြသေးတာမဟုတ်တော့ တစ်လနှစ်လ ခွဲထားရုံနှင့် ရှိလက်စ သမုဒယလေး လွင့်ပျယ်လိမ့်မည်။ ရွာပြန်ရောက်လို့ အလုပ်အနားသတ်ပြီးရင်တော့ ကျီးညိုကို သူ့ရွာပြန်လွှတ်လိုက်ရုံသာ။ ဒါကြောင့်လည်း သမီးလေး ညွန့်ညွန့်ဖူးဖူးကို ဖွတ်နှစ်၍ထားရစ်ခဲ့ကော့၏။



"ကိုင်း အမေပြန်မယ်သမီး . . သည်မှာ မိလှနုတို့ မိစံမေတို့လည်း အရှိသားပဲဟာ . . . မြို့ရောက်တုန်း ပေါက်တုန်း နေစမ်းဦးဟဲ့ . . . ငါ့သမီး မြို့သွေးမြို့မွေးပေါက်အောင်လို့ . . . နတ်ပွဲရက်ကျ အမေလာခေါ်လှဲ့မယ်"

"ဟင့်အင်း . . . ကျုပ်မနေရစ်ခဲ့ချင်ဘူး ရွာပြန်လိုက်မယ် အမေ"

"ငါ့တူမကလည်း သည်မှာ အဖော်တွေရှိသားနဲ့ . . . နတ်ပွဲကျမှ အတူပြန်ကြသာပေါ့ . . . ချစ်ခင်မင်ဆောင်လိုက်ရင်း ဒေါ်လေးတို့နဲ့မှ ပြန်ကြားလား"

ခင်နှောင်း အတန်တန် ငိုယိုတောင်းပန်ပါလျက် အမေလှည့်မကြည့်တော့ပြီ။ ဒေါ်လေးခင်သန်းကပါ သိသိသာသာကြီး ဝင်တားလို့နေသည်။ ခင်နှောင်းနားလည်လိုက်ပါပြီ။ အမေသည် ခင်နှောင်းကို မြို့ထားခဲ့ပြီး ကိုကျီးညိုနှင့် တစ်နယ်စီ ခြားလိုက်ကြတာသေချာပါပြီ။ ကိုကျီးညို လုပ်ငန်းခွင်သိမ်းပြီး ထန်းတောရွာပြန်မှ ခင်နှောင်းကို ရွာပြန်ခေါ်ကြတော့မှာပေါ့။ နှစ်ပေါက်စာ သူရင်းငှားခပေးထားရသော ကိုကျီးညိုကိုတော့ အမေတို့ ခိုင်းကြစေကြဦးမှာပေါ့။ တစ်သက်လုံး ကလေးတစ်ယောက်လို အမေ့ကို ချစ်ခင်လေးစားပြီး ဗိုင်းကောင်းကျောက်ဖိနေလာခဲ့သော ခင်နှောင်းတစ်ယောက် အမေ့

www.burmeseclassic.com



အပေါ် မဖြစ်စဖူးစိတ်ကွက်သွားမိရ၏။ ဝမ်းနည်းကြေကွဲခဲ့ရ၏။ သူ့ကို သည်လောက်အထိ ပစ်ပစ်ခါခါ လုပ်ရက်ကြလိမ့်မည်မထင်ခဲ့။

"ကျုပ်တို့ ဝေးကြပြီ ထင်ပါရဲ့ ကိုကျီးညိုရယ် . . ."

ခင်နှောင်းရင်မှာ ပူလောင် ဆွေးမြေ့ငိုရှိုက်တမ်းတနေရုံမှတစ်ပါး မတတ်နိုင်ခဲ့ပါ။ အမေရွာပြန်သွားခဲ့ပြီ။ ချွေးစို့အောင် ပူလောင်အိုက်စပ်သော ရန်ကုန်နွေရာသီထဲမှာ ခင်နှောင်း လူးလူးလွန့်လွန့်ကြိတ်ခံစားရင်း ကျွန်းထဲက ခင်နှောင်းရွာကလေးကို လွမ်းမိ၏။ လေတဖြူးဖြူးနှင့် အေးမြကျယ်လွန့်သော ကျေးလက်၏ အရသာကို ခင်နှောင်း တမ်းတမိ၏။ ချစ်ရသူ ကိုကျီးညိုကို သတိရနေမိတာကတော့ ဆိုဖွယ်ရာမရှိ။ တပေါင်းလနတ်ပွဲကျရင်တော့ အမေလာခေါ်မှာပါလေလို့ စိတ်ကို တင်းဆယ်ထားခဲ့သော်လည်း ခင်နှောင်းထင်သလို မဟုတ်ခဲ့ပါ။ တပေါင်းလဆန်းကတည်းက မျှော်မောခဲ့ရသော အမေသည် ရက်တွေသာ တလွှားလွှား ကုန်ဆုံးသွားခဲ့သည်။ အမေကတော့ ပေါ်မလာခဲ့ပါ။

ဒါတွေ အဖေသိရဲ့လား၊ အမောင်လေးကော သိရဲ့လား။ မဖူးငုံကကော၊ ရွာကကော သိသွားကြပြီလား။ ကိုကျီးညိုကတော့ ခင်နှောင်းပြန်မလာမချင်း မအိပ်တော့ဘူးတဲ့။ ဥန္နဲပင်အောက်မှ ရင်ခုန်ခဲ့ရသော ညကို ခင်နှောင်းမမေ့။ ကိုကျီးညိုကတော့ ရေစကြိုလိုက်ပြီး ပုဆိုးကလေးနှစ်ထည်နှင့် အင်္ကျီကလေးနတ်ပွဲဝတ်ဖို့ ဝယ်ထားမှာသေချာသည်။ ပဲလုံးတိုက်ရင်း၊ နွားစာစဉ်းရင်း၊ ပဲမှော်တင်ရင်း၊ ဆေးရွက်လှန်းရင်း၊ ပုတ်သွပ်အိတ်ထည့်ရင်း သိုရင်း နေထွက်က နေဝင် ခင်နှောင်းကို မျှော်ရှာရှာရှာမည်။ အမေပြန်လာပြီး သူပါမလာခဲ့



တာကို ကိုကျီးညို တွေးမိလောက်ပြီ။ ခင်နှောင်း ကြေကွဲရသလို ကိုကျီးညိုလည်း ကြေကွဲနေရှာလောက်ပြီ။ တမှိုင်မှိုင်တတွေတွေနှင့် အိပ်ရာထဲချည်း ခွေနေတတ်သော ခင်နှောင်းကို ဒေါ်လေးခင်သန်းကတော့ လေပြေထိုးကာ နားချနေသည်။

"ငါ့တူမရယ် . . . ညည်းအမေချည်းလည်း မျှော်မနေပါနဲ့ . . . ငတို့ ဆွေမျိုးတွေပါဟဲ့. . . မိဘဆိုသာ သည်လိုပေါ့အေ . . . သားသမီးကို အမြင့်တက်သချင်သာပေါ့ . . . ချုံပုတ်ထဲ ဘယ်တိုးစေချင်ပါ့မလဲ . . . လူကြီးမိဘကတော့ သင့်တော်၏ မသင့်တော်၏ ကြည့်ကြသာပေါ့ . . . အပြစ်မဆိုသာဘူးဟဲ့ . . . ဖူးငုံကိုကြည့် ချစ်ခင်ကိုယူတော့ မတင့်တယ်ဘူးလား . . ."

"အခု ကျုပ်က ဘာတွေဖြစ်နေလို့လည်း ဒေါ်လေးရဲ့"

"သဘောပြောသာပါအေ . . . ကိုယ်နဲ့ လိုက်ဖက်တင့်တယ်သဲ့ လင်သားရှာမှ တို့မိန်းမများ တစ်သက်လုံး လူမွေးလူတောင် ပြောင်သာ . . . ငါ့တူမတော့ ဘာပြောစရာရှိမှာတုံး . . . တစ်ဘက်ကို ပြောရသာ"

ဒေါ်လေးခင်သန်းကို ခင်နှောင်း စကားအတိုက်အခံမလုပ်ချင်ပါ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်မဟုတ်လား။ တပေါင်းလဆန်းကတည်းက ရွှေလည်တိုင်ဖော့ရှိုးကျိုးမတတ် မျှော်ခဲ့ရသော အမေ့ကို တပေါင်းလဆန်း ဆယ့်သုံးရက်အရောက်မှာတော့ ခင်နှောင်း လက်လျှော့လိုက်ပါပြီ။ သည်ရက်မှာ ခင်နှောင်းတို့ရွာက လှည်းတွေ ပွဲသိမ်းမင်းကို ကြိုဆိုနှုတ်ဆက်ဖို့ ကိုကြီးကျော်နန်းဆီ လှည်းတန်းဆက်သွား

www.burmeseclassic.com



ကြသည့်အချိန်ဖြစ်သည်။ ဟိုရွာသည်ရွာက လှည်းသံ လူသံ ဆူသံ ညံသံ နတ်ချင်းသံတွေ၊ နတ်နန်းမှာ အလုပ်တယက် ပန်းဆက်နေကြသူတွေ၊ ပွဲဈေးတန်းထဲ ပွစာတက်နေသည့် လူတွေ၊ ပွဲတော်မုန့်တွေ၊ ထမင်းအိုးတောင်း ဟင်းအိုးတောင်းတွေ၊ လှည်းတပ်ကြီးကြား မီးခိုးတအူအူနှင့် စားကြသောက်ကြ အော်ကြဟစ်ကြ ပွက်လောကြီး ရိုက်နေမည့် ကာလဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ကြားနေကျ နတ်ချင်း နတ်ချော့သီချင်းသံတွေ သည်နှစ် ခင်နှောင်း မကြားရတော့ပြီ။ နတ်ပွဲလာသူတွေ ချင်းတွင်းမြစ်ထဲမှာလည်း တည်ည်။ ဧရာဝတီမြစ်မှာလည်း တသောသော။ ဖေကြီးကျော်နယ်က ဆိုင်ရာပိုင်ရာ ရွာကလေးတွေဆီက လှည်းသံ ခြူသံ တမြိုင်မြိုင်နှင့်။ မနှစ်တုန်းက သည်လိုရက်ပါပဲ။ ခင်နှောင်းနှင့် ကိုကျီးညို မိုးကွဲချောက်ကြီးမှာ စတွေ့ခဲ့ကြသည်။ သည်ကနေ့ တစ်နှစ်ပြည့်ခဲ့ပြီ။ တစ်နှစ်ဆိုတာ ခဏကလေးပါလား။ လူ့ဘဝဆိုတာလည်း ခဏကလေးလို့ အဖေတို့ ပြောတတ်ကြသည်။ အဲသည် ခဏကလေးကိုပဲ ခင်နှောင်း ရင်နှင့်အမျှ ခံစားနေရပြီ။

ညဘက်တွင် ခင်နှောင်း အိပ်မက်တွေ မက်ပြန်သည်။ ကိုကြီးကျော်နတ်ပွဲကွင်းထဲ ခင်နှောင်းရောက်နေသည်။ ကိုကျီးညိုက ပုဆိုးသစ်ကြီး ခေါက်ရိုးမကျိုးဝတ်လို့။ ရင်ပတ်မှာလည်း ရှန်နီစ ပါးပါး ချည်ထားလိုက်သေးသည်။ အုပ်ပေါင်းထားသော ခေါင်းပေါင်းကြီးကြောင့် မျက်နှာကို ကောင်းကောင်းမမြင်ရသော်လည်း ညိုးချုံးနေသည်။ ကိုကျီးညိုက သရဖီပန်းကုံးတွေ လည်မှာဆွဲလို့ လှည်းတပ်တွေကြား အရူးကြီးတစ်ယောက်လို လျှောက်သွားနေသည်။ ခင်နှောင်းကို ရှာနေတာများလား။ ဟော . . . ကိုကျီးညိုလည်မှာ ဆွဲထားသော သရဖီပန်းကုံးတွေကို တစ်ဆုပ်တထွေးကြီး ပွေ့ရင်း နတ်ပွဲလှည်း



တွေကို တစ်လှည်းတစ်ကုံး လိုက်ကမ်းနေသည်။ ခင်နှောင်းတို့ လှည်းနားရောက်တော့ ခင်နှောင်းကို မသိသလိုလိုနှင့် နောက်ဆုတ်သွားသည်။ ခင်နှောင်းတို့လှည်းကို ကျော့ကျော်မည်လုပ်တော့ ခင်နှောင်း လှမ်းအော်လိုက်သည်။

"ကိုကျီးညို . . . ကျုပ်တို့လှည်းကိုလည်း ပေးဦး လေတော် . . . တော့နှယ် ကျော်မှ သွားရက်ပလေသယ်"

ကိုကျီးညိုက တစ်ချက်သာလှည့်ကြည့်ပြီး ရှေ့ဆက်သွားသည်။ တခြားလှည်းတွေကိုသာ သရဖီတစ်ကုံးစီ လိုက်ကမ်းနေတာ လှည်းတစ်ဆုံး မြင်နေရ၏။ အလို . . .။ ကိုကျီးညို ဘယ့်နှယ်ဖြစ်သွားရတာပါလိမ့်။ ခင်နှောင်းကို စိမ်းကားလို့ သွားပါပကောလား။ ကိုကျီးညိုနောက်ကို လိုက်ဖို့ ခင်နှောင်းလှည်းပေါ်က ခုန်ချလိုက်တော့ ခြေထောက်ခွင်ကျသွားကာ ပုံလျက်သားလဲလေသည်။ အရှိုးခိုက်အောင် နာကျင်ရမှုကို ကျိတ်မှိတ်ခံရင်း ကိုကျီးညိုကို အားကိုးတကြီး လှမ်းကြည့်လိုက်မိ၏။ သည်တော့မှ ကိုကျီးညိုက ခင်နှောင်းဘက်လှည့်ပြီး ပန်းကလေးတစ်ကုံး အဝေးကပဲ လှမ်းပစ်ပေးသည်။

"ကိုကျီးညို . . ."

လဲနေရာက မခံချင်စိတ်ဖြင့် ခင်နှောင်း ကျုံးအော်လိုက်တော့မှ အိပ်မက်က လန့်နိုးတော့၏။ မိုးမလင်းသေး။ အိပ်မက်ထဲမှာ ကိုကျီးညိုကို ခင်နှောင်း ဂယနဏကြီး တွေ့လိုက်ရသည်။ ကိုကျီးညို တစ်ယောက် သူ့ကိုများ သတိရနေလို့လား။ မနောအာရုံတွေ အကူးအလူးရှိတတ်ကြောင်း ခင်နှောင်း ကြားဖူးနားဝရှိသည်။ အခုကော ကိုကျီးညိုနဲ့သူ အနောအာရုံချင်း ကူးစက်ကြလေသလား။

www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေမှာတော့ ဘဝကို ဖြစ်ချင်ရာဖြစ် ခင်နှောင်း ပစ်ချထားလိုက်တော့သည်။ ကိုကြီးကျော်နတ်ပွဲရက် လွန်သွားမှတော့ ခင်နှောင်း ဘာကိုမှ မမျှော်လင့်တော့ပါ။

■

(၁၁)

လတန်ခူးကို ရောက်ခဲ့ပြီ။

ဘာလိုလိုနှင့် ရွာကို ခွဲခွာခဲ့ရတာ နှစ်လတောင် ရှိရော့မည်။ ရန်ကုန်မှာ သင်္ကြန်မိုးပြေးကလေးတွေ တစ်စွက်နှစ်စွက် ဖျန်းပက်လို့ နေပြီ။ သည်အချိန်ဆို ရွာမှာ အလုပ်တွေ အကုန်သိမ်းပြီးကြရော့မည်။ အမောင်လေး မင်္ဂလာဆောင်ရက်တောင် ခင်နှောင်း ကောင်းကောင်း မမှတ်မိချင်တော့။ ကိုကြီးကျော် နတ်ပွဲအပြီး သည်လို တန်ခူးကဆုန် ဆိုရင် ကျွန်းနယ်က ရွာတွေမှာ အလျှူ မင်္ဂလာဆောင်တွေ စကြပြီ ပေါ့။ ကိုကြီးကျော်ပွဲ ကျင်းပမပြီးမချင်း ဘယ်သူမှ မကျွပ်ကန္တာ:မထိုး ကြ။ ဆိုင်းသံ ဗုံသံ ဒိုးသံမပေးရ။ နတ်ပွဲပြီးလျှင်တော့ စိတ်ကြိုက် လုပ်လေ့ရှိကြသည်။ သည်ဓလေ့က ခင်နှောင်းတို့ ကျွန်းနယ်တွေမှာ အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့ကြသည့် ဓလေ့လည်းဖြစ်၏။

တန်ခူးလတစ်ရက်မှာ အဖေနှင့်အမေ မြန်းစားကြီး ရောက် လာကြသည်။ ခင်နှောင်းကိုမြင်တော့ အဖေရော အမေပါ မျက်ရည် တွေ ကျကြသည်။ ခင်နှောင်းကိုယ်တိုင် မသိလိုက် မသိဘာသာနေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း နှလုံးကွဲနေရသည့်ဒဏ်က ခင်နှောင်း၏ ခန္ဓာတစ်ခြမ်းစာကို ဖွဲ့ထုတ်ပစ်လိုက်ပုံရသည်။ အဖေက သမီးကိုဖက်ရင်း အသံမထွက်ဘဲ မျက်ရည်ကျရှာသည်။ အဖေက ခင်နှောင်းတို့ မိသားစုထဲမှာ ကင်းကင်းပပနေရှာသူ ဖြစ်သည်။ တောသူတောင်သားပီပီ လုပ်စရာရှိတာ လုပ်နေတာမျိုးကလွဲလျှင် ကြင်နာကြောင်း ချစ်ခင်ကြောင်း ဘယ်တုန်းကမှ ပြခဲ့သူမဟုတ်။ မချစ်လို့မဟုတ်ဘဲ မေတ္တာကို သိုဝှက်ထားနိုင်သူသာဖြစ်သည်။ အဖေငိုနေတော့ ခင်နှောင်း ရန်မတွေ့လိုတော့ဘဲ တစ်ခွန်းသာ ပြောမိ၏။

"ကျုပ်မှာ ဘာအပြစ်တွေ ရှိလို့လည်း အဖေ . . . ကနေ့အထိ မိဘနဲ့ဆွေမျိုးတွေ အရှက်သိက္ခာမပွန်းမပဲ့ နေခဲ့ပါရက်ကနဲ့. . . ကျုပ်အပြစ်ကျတော့ ကြီးလိုက်သာတော် . . . အဖေတို့ ကျုပ်ကို ဘယ်လောက်အထိ စောင့်ရှောက်ထားကြမှာလဲ. . . ကျုပ်ကို ဘာလုပ်ကြဦးမှာလဲ. . . လုပ်ကြပါတော့"

အမေ့ကို ခင်နှောင်း စကားတစ်လုံး ထည့်မပြောဘဲ ဖအေကိုသာ တိုင်တည်းရင်း တစ်လုံးချင်းပြောနေခဲ့သည်။ အမေ၊ ဒေါ်လေးခင်သန်း၊ လှလှနုနှင့် မစံမေတို့တစ်တွေလည်း မျက်နှာမကောင်းကြ။ ခင်နှောင်းစကားကြောင့် အဖေ အံကိုကြိတ်ရင်း အမေ့ကို လှမ်းကြည့်၏။ မျက်ရည်စတွေ သိမ်းပြီးတော့ ခင်နှောင်းစကားပြောင်းလိုက်သည်။ တော်ပါပြီ။ သည့်ထက်လည်း ပိုမပြောတတ်သလို သည့်ထက်လည်း ပိုမပြောချင်တော့။

"ပဲကွေ သိမ်းပြီးပြီလားအဖေ . . . အမောင်လေး မင်္ဂလာကိစ္စအတွက်ကော ဝယ်ခြမ်းပြီးကြပြီးလား . . . ကျုပ်တောင် အမောင်လေးမင်္ဂလာဆောင်ဝတ်ဖို့ ဘာမှ မဝယ်ရသေးဘူး . . . စက်ဆိုင်အပ်ဖို့တောင် မီပါ့မလား မသိဘူး"



"ဟဲ့ ခင်နှောင်း . . . ရန်ကုန်က ရယ်ဒီမိတ် ဝယ်သွားပါလားဟဲ့ . . . ချုပ်ပြီးသား ဒါဒိုက်ဝတ်လို့ရသယ်"

"မဝတ်တတ်ပါဘူး မစံမေရယ်. . . မမီလည်း မချုပ်တော့ပါဘူး"

အဖေက ရန်ကုန်ဘုရားဖူးဆိုလို့ ရွှေတိဂုံစေတီတော်မြတ်ကို ကမန်းကတန်းဖူးပြီး ချက်ချင်းရွာပြန်ခဲ့ကြသည်။ ခင်နှောင်း၏ ခြောက်သယောင်းလုလု နှလုံးသားစပယ်ရုံကလေး အတက်နုနုကလေးတွေ ပြန်ထွက်လာသလို ရင်တွေပြန်ခုန်လာခဲ့ရပြန်ပြီ။ ကားကလည်း နှေးလိုက်သာတော်။ သဘော်ကတော့ ရေထဲတောင်ဆင်းကူးပစ်လိုက်ချင်သေးသည်။

"ဘော်. . ."

မြေတော်ဆိပ်ကမ်းအဝင် မှုတ်လိုက်သည့် သဘော်ဥသြက ခင်နှောင်းနှလုံးသားတွေကို ဆွဲညှစ်ပစ်လိုက်သလို ခံစားရသည်။ မြေတော်သဘော်ဆိပ်က နတ်ပွဲရက်တွေတုန်းက အတော်စည်ခဲ့ပုံရသည်။ ခရီးသည်များစခန်းချရာ ထန်းလက်တဲပြန့်ကြီးတွေတောင် မသိမ်းရသေး။ စဥ့်အိုးတန်းကြီးနှင့် ဈေးဆိုင်အနည်းအပါးလည်းရှိသေးသည်။ ပြီးစီးသွားခဲ့သော နတ်ပွဲအငွေ့အသက်ကို ခင်နှောင်းရနေသည်။

"နတ်ပွဲ စည်သလား အဖေ"

"စည်သယ်ပြောပါတော့သမီးရယ်. . . တို့အိမ်က ဘယ်သူမှ မသွားကြပါဘူး . . . မိစန်းတို့ ချစ်ခင်တို့ ဖူးငုံတို့တော့ လိုက်ကြရဲ့ . . . မောင်ကျီးညို့. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော် ကိုဘမင်း . . . ရန်ကုန်က ပိုလိုဗူး ဝယ်ခဲ့ဖို့ရာ မေ့သွားသတော် . . . ချစ်ခင်မင်္ဂလာဆောင် ကမ်းဖို့လေ. . ."

"ရေစကြိုဈေးဝယ်လည်း ရပါသယ်ဟာ နင်ကလဲ"

အမေက စကားဖြတ်လိုက်တာကို ခင်နှောင်းဖျပ်ခနဲ ရိပ်စားလိုက်မိသည်။ မောင်ကျီးညို. . . ဘာဖြစ်သလဲ၊ အမေဘာဖြစ်လို့ စကားပိတ်လိုက်ရတာလဲ။ သူတို့ ကိုကျီးညိုကို ထန်းတောပြန်ပို့ လိုက်ကြလို့လား။ ထန်းတောဆိုတာ ရန်ကုန်မဟုတ်။ တစ်ရက်ရက် သူလိုက်သွားနိုင်သည့်နေရာ။ ကိုကျီးညို သူ့ကိုတွေ့လျှင်တော့ မတွေ့ရတာကြာတောင့်ကြာမှ မျက်နှာတူရှုသူလည်းအလာ မယ်သာမျှော်ဆိုသလို အံ့ဩဝမ်းသာဖြစ်မှာ သေချာသည်။ သည်တော့မှ ကိုကျီးညို ကျေနပ်အောင် တောင်းပန်ရဦးမည်။

ဖြုံဘူးရွာထဲကိုဝင်တော့ အနံ့အသက်ကလေးတစ်ခု ခင်နှောင်းရလိုက်သည်။ ဘာနံ့ပါလိမ့်။ မှတ်မိပြီ။ ဥန္နဲပင်ညက ခင်နှောင်းစွဲလန်းမူးမူးရှိခဲ့ရသည့် ကိုကျီးညို၏ ကိုယ်သင်းရနံ့။ ခင်နှောင်းသာပြန်လာမှန်းသိရင် ရွာအဝင်ဝက ကိုကျီးညိုလာကြိုလိမ့်မည်ထင်၏။ ကြိုကောကြိုဝံ့ပါ့မလား။ ခင်နှောင်းတို့ကို ကြောက်တယ်လို့ ကိုကျီးညိုပြောခဲ့ဖူးသည်ကော။ ခြံဝင်းထဲ လှည်းချိုးကွေ့လိုက်တော့ ပဲမှော်စင်ကြီးက လှည်းဦးတိုက်။ နွားတွေကို အစာကျွေးသည့် နွားစားကျင်းကိုခင်နှောင်းအကဲခတ်ကြည့်လိုက်တော့ အမောင်လေးလက်ရာ။ ပေပေပွပွ။ ကိုကျီးညိုဆိုလျှင် ဒါမျိုးမဟုတ်။ သပ်သပ်ရပ်ရပ် သန့်ရှင်းနေတတ်တာ ခင်နှောင်းသိသည်။ ပဲမှော်စင်အောက်က သူ့နေရာမှာလည်း အဝတ်စုတ်ကလေးတစ်ထည်သော်မှ မမြင်။ လူရိပ် လူယောင်



လည်းအလျဉ်းမတွေ့ရ။ ပဲတွေဆေးတွေတောင် ပုတ်ထဲကျီထဲ ရောက်နေတော့ တောလုပ်ငန်းလည်းသိမ်းပြီပေါ့။ ကိုကျီးညိုအိမ်မှာ မရှိတော့တာ သေချာပြီ။ သူ့ရွာထန်းတောကို ပြန်သွားရှာပြီထင့်။

ခင်နှောင်းမြို့ကပြန်လာပြီဆိုသည့် သတင်းကရွာထဲလှည်းဝင်လာကတည်းက ပျံ့နှံ့သွားခဲ့ပြီ။ လှည်းပေါ်မှာကတည်းက အသံတွေ ပြာလောက်အောင် အော်ဟစ်နှုတ်ဆက်ခဲ့ရသလို ခုလည်းအိမ်ဝိုင်းထဲမှာ လူတွေအပြည့်။ ခင်နှောင်းက ရန်ကုန်ပြန်လက်ဆောင်မုန့်တွေကို ရောအင့်ပေးရ ဝေငှရသည်။ ဒါကလည်း ရွာထုံးစံဖြစ်သည်။ တစ်ရပ်တစ်ကျေး အလည်အပတ်သွားရာကအပြန် ဒေသထွက် ပစ္စည်းလက်ဆောင် မုန့်ပဲသရေစာမျိုးကို တကန်တကဝယ်လာခဲ့ရသည်။ ရွာရောက်တော့လောက်တောင်မလောက်။

"ခင်နှောင်းမြို့မှာ အတော်နှံ့ခဲ့ရဲ့လားဟဲ့"

"ဘုရားစုံ ဖူးခဲ့ရရဲ့လား ပြောစမ်းပါဦးအေ"

"ခင်နှောင်းရယ် . . . ညည်းမလဲ မြို့သွားနေပြီး မြို့သွေးမြို့ မွေးမပါချက်တော့. . . ကတည်းမည်းလို့ပိန်လို့ . . . ကိုယ့်တောနေသာကမှ တစ်သွေးတစ်မွေးရှိသေးရဲ့"

ဒေါ်ကြီးပေါက်စိမ်းစကားက ရိုးရိုးမှဟုတ်ရဲ့လား။ လွမ်းဖျားလွမ်းနာကျလာလိုက်တာအေလို့ ပြောလိုက်တာများလား။ ခင်နှောင်းမလုံမလဲဖြစ်လိုက်မိသေး၏။ လူတွေအတော်ရှဲသွားတော့မှ အမောင်လေးကို မမြင်မိတာ သတိရမိ၏။ အိမ်မှာလည်း ဖုန်တွေတသောသောပွစာတက်လို့နေသည်။ ခင်နှောင်းကတော့ နောက်ဖေးခြံထောင့်ကဥန္နဲပင်ကြီးရှိရာ ကင်ပွန်းခြုံကြီးကို လှမ်းငေးနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ငအောင်ရေ လာစမ်း . . . ချစ်ခင် သွားရှာစမ်း အိမ်မှာမနေနိုင်ဘူး ယောက္ခအိမ်နဲ့ ပြီးနေတော့သာပဲ"

အမေကတောင်ဘက်အိမ်က ကောင်လေးကို လှမ်းအော်ကာခိုင်းလိုက်သည်။ ခဏနေတော့မှ အမောင်လေးရော မဖူးငုံပါ ပေါက်လာကြသည်။

"ဟောဗျာ . . . အဖေတို့ ဘယ်နှယ့်မြန်လှချည်လား . . . ကျုပ်က သွားရက်ပြန်ရက် ဟိုမှာ ဘုရားဖူးကြမယ့် ရက်တွက်ကြည့်သာ သည်လောက်မြန်မယ်ထင်ပေါင်ဗျာ . . . နို့ဖြင့်ရင် အဖေတို့က ရန်ကုန်ဘာသွားလုပ်ကြသာတုံးကိုင်း"

အမောင်လေးပြောပေါက်က ဖအေမအေတွေ အမြန်ပြန်လာလို့ အပြစ်တင်နေသည့် ပုံမျိုးဖြစ်နေ၏။ အမောင်လေးစကားကို ခင်နှောင်းနားလည်ရသလောက် သူ့ကိစ္စကို အမောင်လေး ဘာမှ သိပုံမပေါ်ပါ။ အမောင်လေးကတော့ ချစ်ရသူနှင့်ပေါင်းဖက်ရတော့မှာမို့ မခေါ်ခင်က တော်ထူးချင်နေတော့၏။ အမောင်လေးအတွက် ခင်နှောင်းဝမ်းသာမိရပါသည်။ မျက်နှာကြီးပြုံးဖြီးဖြီးလုပ်ကာ ခင်နှောင်းဇက်ပိုးတွေ ဆုတ်ဖျစ်ရင်း နှမဖြစ်သူကို နှာကျင်အောင် တမင်စနေသေးသည်။

"ကြည့်စမ်း . . . မြို့ရောက်မှ ဇက်ပိုးတွေ တက်လာလိုက်သာဟာ . . . မြို့မှာစားလိုက်သောက်လိုက် ငါ့နှမ ဖိမ်ကျနေသာပေါ့လေ. . . သည်မှာဆို နွားလွှတ်နွားကျောင်း ရေခပ်ထင်းခွေနဲ့ပန်းလှ သယ်. . . မြို့မှာနေရောပေါ့ဟာ"



"ဘာလဲ. . . အမောင်လေးမင်္ဂလာဆောင်မှာ မရှိစေချင်ဘူးပေါ့လေ. . ."

"ရော်ဟာ . . . မေ့သွားလို့ပါ ငါ့နှမရာ . . . ငါ့မင်္ဂလာဆောင် နင်မရှိလို့ရပါ့မလားဟ"

ခင်နှောင်းကစကားနှဲ့ထိုးတော့ အမောင်လေးက ကပျာကသီရှင်းပြရှာသည်။ တစ်ခြားအကြောင်းတွေ စကားရောက်ကြသော်လည်း ကိုကျီးညိုအကြောင်းတော့မပါ။ ခင်နှောင်းစကားစလို့လည်းမဖြစ်။ အရီးကြော့တို့သားအမိသုံးယောက် တောထဲကောက်သင်းကောက်ရာက ပြန်လာကြတော့ ခင်နှောင်းတို့ အတွက် ထမင်းဟင်းတန်းချက်နေကြပြန်သည်။ ရန်ကုန်ကအမေလုံးယူလာသော ငါးသလောက်တွေ တစ်အိုးကြီးချက်ကာ ဘုန်းကြီးကျောင်းသို့တစ်ချိုင့်ပို့ ရွာထဲလူကြီးသူမတွေ တစ်ချို့ဝေရသည်။ အခုလို ရေကျချိန်မျိုးတွင် ခင်နှောင်းတို့ ရွာတွေက ငါးရှားတတ်သည်။ ရေကြီးခါ ငါးပေါပြန်တော့လည်း ငါးသလောက်ဆိုတာ မြင်ပင်မမြင်ဖူး။ ဒါကြောင့်လည်း အမေက ငါးသလောက်တွေကို ရွာအရောက်သယ်လာခြင်းဖြစ်၏။

ထမင်းဝိုင်းတွင် ငါးသလောက်ချက်ထက် ခင်နှောင်းပိုမက်မောသော ခရမ်းချဉ်သီးငါးပိချက်၊ ပဲစာဥပြုတ်၊ သရက်ကင်းတို့နှင့် ဗူးရွက်ဟင်းချို။ မြို့မှာအနေကြာခဲ့သည်ကတစ်ကြောင်း၊ အစားအသောက်ပျက်လာခဲ့သည်ကတစ်ကြောင်းမို့ ရွာထမင်းရွာဟင်းနှင့်တွေ့တော့ ခင်နှောင်းထမင်းစားလို့ကောင်းလိုက်ပုံများ။ ဗိုက်တွေတောင် တင်းကားသွားအောင်စားပစ်လိုက်မိ၏။ ခင်နှောင်းတို့မိသားစုထမင်းဝိုင်းကလေးမှာ ယောင်းမ မဖူးငုံတစ်ယောက်ပါလာမှုပြီဖြစ်သော်လည်း တစ်ရွာသားကိုကျီးညိုပါမလာနိုင်သေးပါ။ ထူးဆန်း

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ငါးကို သေမလောက်ကြောက်သော အမောင်လေး တစ်ယောက် ငါးဟင်းတွေတောင်စားလို့နေပြီ။

"ငါးမစားလို့ မရတော့ဘူးဟ . . . ဖူးငုံက စားရမယ်ဆိုသဟာကိုး"

အရီးကြော့က သူ့အကွက်ဝင်သွားကာ ပြန်ပက်တော့၏။

"ချစ်ခင်များ မိဘက ငါးများအိမ်မှာချက်ရင် ဇိုးဇိုးဇောင့်ဇောင့်လုပ်ရသာအမော. . . ခုတော့ မယားနဲ့ကျ တို့ညီနောင် ဖောင်တော်ဦး ဒူးတုပ်ရက်ပေါ်ဖြစ်နေပြီလေ ညည်းအစ်ကို"

အရီးကြော့အပြောကို ခင်နှောင်းပင် ရယ်မိသေးသည်။ အချစ်ဆိုတာ ဆန်းကြယ်တယ်ဆိုသည့်စကားမှန်လှပါလား။ ခင်နှောင်းကတော့ အမောင်လေးကို မဖူးငုံတစ်ကယ်ချစ်ရဲ့လားဆိုတာ တွေးနေမိသည်။ နှစ်နှစ်ကာကာ ချစ်ရသည့်အချစ်မျိုး လောကမှာ တစ်ခုတည်းသာရှိသည်ဆိုလျှင် တစ်ခြားမရှိနိုင်။ သူ့ဆီမှာပဲရှိသည်ဟု ခင်နှောင်းယုံသည်။

"အမောင်လေး . . . ကိုကျိုးညိုရော"

ကိုကျိုးညိုကိုစိတ်ရောက်သွားပြီး ခင်နှောင်းလွှတ်ခနဲ မေးချလိုက်မိတော့၏။ အများရှေ့ထမင်းဝိုင်းမှာပဲ အစ်ကိုဖြစ်သူကို ပြောင်မေးလိုက်မိသည်အထိ ခင်နှောင်းမရှက်နိုင်အားတော့ပါ။ အမောင်လေးသည် ခန်းလုံးပေါက်ခုတင်ကြီးပေါ် လှဲရင်း ထမင်းလုံးစီနေရာက ငေါက်ခနဲထထိုင်သည်။ ခင်နှောင်းကိုပါးစပ်အဟောင်းသားနှင့်ပင် ကြည့်နေလေ၏။ သည်ခဏကလေးမှာ တစ်အိမ်လုံးတိတ်ဆိတ်သွား



ခဲ့သည်။ ထမင်းဝိုင်းသည်ပင် စားလက်စရှိသူတို့ လက်တွေတန့်သွားသည်။

"မိနှောင်း . . . ကိုကျိုးညိုအကြောင်း နင်မသိသေးဘူးလား . . . ရော်ဗျာ. . . အမေတို့က မပြောဘူးလား"

မမိစန်းက ထမင်းဝိုင်းမှ ဝုန်းခနဲထရပ်ကာ သိမ့်ခနဲရှိုက်လိုက်သည်။ ခင်နှောင်းအဖြစ်ကို သိထားသူပီပီ သည်စကားရောက်လာတော့ စိတ်မထိန်းနိုင်ပုံမျိုးဖြင့်ထသွားတော့၏။ အရီးကြော့ကတော့ ပြောင်းဖူးဖက်လိပ်ကြီးထောင်းထောင်းထဖွာရင်း မေးကြီးရှေ့ထိုးထားသည်။ မဖူးငုံသည်ပင်ခေါင်းကလေးငုံ့သွားသည်။ မမိစန်းပြေးထွက်သွားသည့် ခြံထောင့်က တလင်းပျက်ကလေးရှေ့ကို ခင်နှောင်းထလိုက်သွားမိတော့၏။ မမိစန်းဘေးဝင်ထိုင်ရင်း ပုခုံးကိုဖက်လိုက်သည်။

"မမိစန်း ပြောမှာသာပြောစမ်းပါတော် ကိုကျိုးညိုဘာဖြစ်သလဲဟင်"

ခင်နှောင်းအသံက တည်ငြိမ်လွန်းလှသည်။ အကောင်းကိုမျှော်လင့်ပြီး ချစ်ခဲ့ရသည့်အချစ်မဟုတ်သဖြင့် အဆိုးဆုံးဆိုတာထက် ဆိုးစရာဘာရှိဦးမှာလဲ။ ဖြစ်သမျှခါးစည်းခံရုံကလွဲလျှင် ခင်နှောင်းလို သာမာန်ကျေးတောသူ တစ်ယောက်၏အချစ်ဇာတ်လမ်းကို ဘယ်သူကများစိတ်ဝင်စားမှာတဲ့လဲ။

"အလုပ်တွေသိမ်းပြီးတော့ ကိုကျိုးညို သည်အိမ်ကထွက်သွားရသယ်. . . သူထွက်သွားသဲ့နေ့က ရေလဲပုဆိုးဟောင်းကလေးနဲ့ ထုပ်ထားသဲ့အထုပ်ကလေး ထမ်းပြန်သွားသာ မျက်စိထဲက မထွက်ပေါင်အေ. . . ခမျာထန်းတော

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့မယ့်သူတောင်မရှိပါဘူး . . . ကျုပ်ပုဆိုးကလေး နှစ်ထည်ဝယ်ထားသာ ဝတ်လည်းဝတ်သယ် ဆိုသာတွေ ခင်နှောင်းလာရင် ပြောပြလိုက်ပါလို့ ငါ့ကို ကျိတ်မှာသွား ရှာသေးသယ်"

အို . . . ကိုကျီးညိုရယ်။ ပုဆိုးဝယ်တာ၊ ဝတ်သွားတာကိုများ မှာခဲ့သေးသတဲ့လား။ ခင်နှောင်းကို ထန်းတောရွာကစောင့်နေမယ် လို့ကော မမှာခဲ့ဘူးလား။ မှာခဲ့ရောပေါ့တော်။ ကျုပ်ဆွေကျုပ်မျိုးတွေ ရယ်လို့ တော် မပြောရဲခဲ့လေ့ရောသလား။ ကျုပ်အချစ် ကျုပ်မေတ္တာကို ကိုကျီးညိုကလွဲလို့ ဘယ်သူမှမပိုင်ဘူးတော်ရေ့။ ခင်နှောင်းရင်တွင်း စကားတွေ တွင်တွင်ဆိုနေမိသေးတော့၏။

"အခု သူ ထန်းတောမှာပေါ့နော်"

"မရှိတော့ဘူးခင်နှောင်း . . . သူထန်းတောမှာပဲ ဆုံးရှာသယ် . . . သနားလိုက်သာအေ"

မမိစန်းစကားတွေကို ခင်နှောင်းမနည်းကောက်နေရသည်။ မမိစန်းကငိုရှိုက်နေသည့်ကြားက ဗလုံးဗထွေးပြောနေတော့ ခင်နှောင်း မနည်းလိုက်ဖမ်းနေရသည်။ ခင်နှောင်းနားလည်လိုက်တာ ကိုကျီးညို လူ့လောကထဲမှာ မရှိတော့ဘူးဆိုသည့် အဓိပ္ပာယ်။ ခင်နှောင်းပြိုလဲကျမသွားခင် ချောက်ချောက်ချားချားအော်လိုက်သည့် မမိစန်း၏ အသံကိုသာကြားလိုက်ရတော့၏။

* * *



နောက်တစ်နှစ်တပေါင်းလဆန်း ရောက်တော့ ခင်နှောင်း တို့ ကိုကြီးကျော်ပွဲနန်းကိုသွားကြရပြန်ပြီ။ အမောင်လေးနှင့် မဖူးငုံ တို့က လှည်းတစ်စင်း။ ခင်နှောင်းတို့အိမ်ကလှည်းတစ်စင်း။ အမောင် လေးကသည်နှစ် အိုးအိမ်ခွဲသွားပြီဆိုတော့ ကိုကြီးကျော်နန်းကို တသီး တသန့်သွား ဦးတိုက်ရသည်။ ခင်နှောင်းတို့လှည်းကိုတော့ ငအောင် ကမောင်းသည်။ ငအောင့်ကို ခင်နှောင်းတို့က သူရင်းငှား ငှားလိုက် ရသည်။ သည်နှစ် လှည်းပေါ်မှာ အမေလည်းပါသည်။ အရီးကြော့ တို့သားအမိသုံးယောက်လည်းပါသည်။ ရွာထိပ်မှာ လှည်းတန်းကြီးစီ တော့ ခါတိုင်းနှစ်တွေလိုပဲ ရင်ဖိုရသော်လည်း ခင်နှောင်းမပျော်တော့ ပါ။ လှည်းတန်းထိပ်က ကိုကြီးသာမောင် အသံချဲ့စက်က နှစ်တိုင်းလို ပဲ နတ်ချင်းတွေမြိုင်နေခဲ့၏။

*"မြောင်တူးဆိုရဝေနန်း ရွှေခန်းမင်းကြွလာပြီ*
*xxx ရွှေခန်းကြီးအရှေ့ဆီမှာ ရွှေကူနိကျော်ကြားxxx*
*ဘုန်းရောင်ပွင့် ညာဏ်ဆွယ်လှယ်xxx အမှန်ကွယ် နန်း*
*တော်ထက်ဖွား . . . ဟား ဟာ"*

ခင်နှောင်းကတော့ ကိုကျီးညိုကိုပဲ သတိရလွမ်းဆွတ်နေခဲ့ မိသည်။ ခင်နှောင်းမသိလိုက်ရသော ကိုကျီးညို၏ နောက်ဆုံးဘဝတွေ ကို မမိစန်းကပြောပြခဲ့သည်။ ခင်နှောင်းမြို့ကိုသွားပြီးနောက် ကိုကျီး ညိုတစ်ယောက် ရွာထဲပင်ပြန်မလာတော့ ဟုဆိုသည်။ သစ်ခင်းစောင့် ရင်း တောထဲမှာပဲ တဲတစ်လုံးထိုးကာ နေ့နေ့ညည နေခဲ့သည်။ ညဘက်ဆိုလျှင် ကိုကျီးညိုတဲဆီက သီချင်းသံတွေတောင်ကြားနေရ တတ်သတဲ့။ သီးနှံတွေရိတ်သိမ်းပြီး နတ်ပွဲရက်ရောက်တော့ ကိုကျီး ညိုသူ့ရွာကို ပြန်သွားခဲ့သည်။ တပေါင်းလဆန်း ၁၃-ရက်နေ့က

www.burmeseclassic.com

www.burmeseclassic.com



တေရော်လမ်းဆုံမှာ ထိုင်ရင်းဖြုံဘူးရွာကလှည်းတွေအလာကို သစ်ငုတ်သစ်စူး ပေစောင့်နေခဲ့သည်ဆို၏။

"ခင်နှောင်းရွာကို ပြန်မလာသေးဘူး ကိုကျိုးညို"

ကိုကြည့်လှည်းကြုံစီး၍လိုက်ပါခဲ့သော မမိစန်းက သတင်းပေးလိုက်တော့ ခေါင်းငိုက်စိုက်ထိုးကျကာ ကိုကျိုးညို ထန်းတောရွာဆီ ပြန်သွားခဲ့သတဲ့။ ညနေဘက်လှည်းကွင်းထဲမှာလည်း ကိုကျိုးညိုကို တွေ့သည်။ ပွဲဈေးတန်းလမ်းကြိုလမ်းကြားမှာလည်း အရူးကြီးတစ်ယောက်လို လျှောက်သွားနေခဲ့သည်။ လူတွေပျားပန်းခတ် နတ်ပန်းဆက်ရာနန်းရင်းတိုင်ကြီးကို မှီပြီးငုတ်တုတ်ကြီးထိုင်နေသော ကိုကျိုးညိုကိုလည်း ရွာကတွေ့သူတွေက တွေ့ကြသတဲ့။ မမိစန်းကကျူကျူပါအောင်ငိုရင်းကပြောပြရှာသည်။

"ကိုကျိုးညို ဆုံးသံကြားတော့ တို့တစ်ရွာလုံး မယုံကြပေါင်အေ. . . ဘယ့်နှယ် ကျားကျားလျားလျား ခေါင်းသန်မောင်းသန် ကျားကိုးစီးစားမကုန်သဲ့ ကိုကျိုးညိုက ဘာရောဂါနဲ့ သေရသာသဲ့တုံး . . . သူ့အမေကပြောတော့ နတ်ပွဲပြီးကတည်းက တရှောင့်ရှောင်နဲ့ ဖျားသာပဲသဲ့. . . ငန်းဆေးတွေ ဆေးနီကျော်တွေလည်း မတိုးဘူးပြောသာပဲ . . . ဩော်. . . ကိုကျိုးညိုနှယ် ဖြစ်မှဖြစ်ရက်ပလေသယ်တော်. . ."

မမိစန်းသည်လိုပြောတိုင်း ခင်နှောင်းမျက်ရည်သွန်ကျခဲ့ရသည်နှင့် မျက်ရည်ပင်ကျန်သည် မထင်တော့ပါ။ တစ်နေ့ရွာကို ပြန်ရမည်၊ ကိုကျိုးညိုနှင့်တွေ့ကိုတွေ့ရမည်ဟု စိတ်ပိုင်းဖြတ်နိုင်ခဲ့သော ခင်နှောင်းပင် တမြေ့မြေ့ခံစားခဲ့ရသေးလျှင် ဟေမဝန်ချာ သီတာ



တောင်တောသာတယ်ကို ကြော့ဆုံးမေ့စံရာ ဘယ်မှာ‌ပို့ မမှန်းတတ်နိုင်ရှာသည့် ကိုကျိုးညိုခမျာလောင်မြိုက်နေရှာပေလိမ့်မည်။

ခင်နှောင်းတို့လှည်း မိုးကွဲချောက်ထိပ်ကိုရောက်တော့ လှည်းကတုန့်ခနဲရပ်သွားသည်။ နွားကြီးက ဘူးမနဲ့အလန့်တကြား အော်လိုက်သေး၏။ အောင်က လှည်းမထိန်းနိုင်သေးတော့ အမောင်လေးကပဲ ချောက်ဆင်းချောက်တက်ကို လှည်းမောင်းချပေးရ၏။ ကိုကျိုးညိုနဲ့စပြီးတွေ့ခဲ့သည့် သည်နေရာဂလေးရောက်တော့ ခင်နှောင်းရင်မှာ အဟောင်းတွေ အသစ်ဖြစ်၍ပြန်လေသည်။

*"ရာသက်လုံး မှန်းဘယ်ခါ ဆုံးဆယ်ကမ္ဘာ ကွယ်ကာပျက်စေတော့ xxx တွယ်တာလျက် ချစ်ခန်းသာ ချမ်းမြစေရာ xxx ဝေဆာလန်းလို့ ထင်ပေါ်စေရာ xxx သခင်ကျော်စွာ မစမ်းပါ ဘုရာလေး xxx ချစ်ခန်းသာစွလေး . . ."*

ခင်နှောင်းတို့လှည်းတွေ တေရော်လမ်းဆုံရောက်တော့ လှည်းအုပ်ကြီး လက်ပံပင်ရိပ်အောက်မှာ တစ်အောင့်တစ်နားရပ်ကြသည်။ ခင်နှောင်းမျက်စိထဲမှာလူတစ်ယောက်။ လှည်းတွေကို တစ်လှည်းချင်းလိုက်ကြည့်ရင်း လူပျောက်ရှာနေတာမျိုး အို မဟုတ်တာ. . .။ ခင်နှောင်းမျက်ရည်စတွေသိမ်းလိုက်ရင်း လှည်းပေါ်မှဆင်းလိုက်သည်။ နှစ်စဉ်လှူတန်းနေကျ လက်ပံပင်ကြီးအောက်က အလှူခံသေတ္တာပုံးရှိရာကို သွား၍ ကိုကျိုးညိုကို ရည်စူးကာ ခင်နှောင်းငွေလှူလိုက်၏။ ခင်နှောင်းအာရုံမှာ အနံ့အသက်တစ်ခုရလိုက်သလို ခံစားလိုက်ရသည်။ သည်ရနံ့ကို ခင်နှောင်းနှစ်သက်သည်။ သရဖီပန်းရနံ့။ ဘေးဘီဝဲယာကို ခင်နှောင်းလိုက်ရှာတော့ဖွေတော့ သရဖီပန်းနှင့်တူ

www.burmeseclassic.com



သော အရောင်အဆင်းကိုပင်မတွေ့။ လက်ပံပွင့်တွေကသာ ရဲရဲစွေးစွေးလေအနေ့မှာ အသော့ကြွေနေလေ၏။ သရဖီပန်းနံ့ကတော့ ကြိုင်နေဆဲ။

"ဆီးယိုကလေးစားပါဦး . . . လက်ဖက်သုပ်ကလေးများ မြည်းစမ်းပါဦးကွယ် . . . ဟောသည်မှာ ဆီးဖြူသီးဆားရေစိမ်တွေလည်း ထည့်သွားကြဦး"

ခင်နှောင်းလက်က ဆီးဖြူသီးဆားရေစိမ်တွေကို လှမ်းအနိုက်။ ခင်နှောင်းကိုယ်ကို တစ်စုံတစ်ယောက်က တိုးလိုက်လို့ လေဟပ်သွားသလို ခင်နှောင်းခံစားလိုက်ရသည်။ ကိုကျိုးညိုများလား။ ခင်နှောင်းမျက်စိကိုမှိတ်ကာ ကိုကျိုးညိုကို စိတ်ကရည်လိုက်သည်။ နတ်ပွဲပြန်လှည်းတွေက ခင်နှောင်းတို့ကို လှမ်းအော်ကာ စနောက်သွားကြသည်။ ခင်နှောင်းလက်ကလေးကို အသာဖေ့ရှမ်းပြပြီး လှည်းဆီပြန်လာခဲ့သည်။

"အို"

လှည်းပေါင်းမိုးအစွန်းကလေးမှာ သရဖီပန်းကုံးကလေးတစ်ကုံးပါလား။ ဘယ်သူများ ချိတ်သွားပါလိမ့်။ သရဖီပွင့်ဝါကလေးတွေတစ်ပွင့်ချင်းသီကုံးထားလိုက်သည်မှာ ပေါင်းမိုးစွန်းမှ လှည်းရုံတိုင်အထိ ရှည်ရှည်လျားလျား တွဲလောင်းကျလို့နေသည်ကော။ သရဖီပန်းကုံးကလေးကို ခင်နှောင်းဖြုတ်ယူကာ ဆံထုံးမှာ အလိုက်သင့်ပတ်ရစ်လိုက်သည်။ စိတ်ထဲမှာတော့ ဇဝေဇဝါ။

ကိုကြီးကျော်ပွဲကွင်းကိုရောက်တော့ ခင်နှောင်းတို့တစ်တွေနန်းရင်းဘက်ဆီ နတ်ပန်းဆက်ဖို့ လာခဲ့ကြသည်။ နတ်ပန်းတစ်စည်းပြီးတော့မှ ကိုကျိုးညိုကို ဖျတ်ခနဲ သတိရပြီး နှစ်စည်းဝယ်လိုက်သည်။



နတ်ပွဲကတော့ ခါတိုင်းနှစ်တွေထက်တောင် ပိုစည်သလားလို့ ခင်နှောင်းအောက်မေ့မိသည်။ နန်းတိုင်ခြေရောက်တော့လည်း မှန်ကူကွက်ကလေးတွေကို ခင်နှောင်းလှမ်းကြည့်လိုက်မိ၏။ အရောင်စုံအသွေးစုံ လူပေါင်းစုံတို့ တလှုပ်လှုပ် တရွရွထင်ဟပ်နေသည့် အရိပ်တွေကိုကြည့်ရင်း ခင်နှောင်းမျက်နှာကလေးပေါ်လာတာကို လိုက်ရှာခဲ့ဖူးသည့် ကိုကျိုးညို၏ ချစ်မေတ္တာကို ခံစားရမိပြန်သည်။ ဟော. . . မှန်ကူကွက်ထဲမှာ ကိုကျိုးညို။ လူအုပ်ကြားထဲက ပျောက်သွားလိုက်ပေါ်လာလိုက်။ ခင်နှောင်းနောက်ကို လှည့်ကြည့်တော့ လူရောင်စုံတွေသာ မွှတကြနေသည်။ ခင်နှောင်းတွေ့ချင်သော ကိုကျိုးညိုကိုမတွေ့။ မှန်ကူကွက်ထဲပြန်ကြည့်တော့ ကိုကျိုးညိုကပေါ်လာပြန်၏။ ခင်နှောင်းရင်တွေတဒိတ်ဒိတ်ခုန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်လို့လာသည်။ ခေါင်းတွေမူးဝေနောက်ကျိကာ ချွေးစေးချွေးပေါက်တွေ ပြန်လာသည်။

"ဟဲ့ ခင်နှောင်း . . . မူးလို့လား လာ လာ ဟိုဘက်နား သွားနေချေ . . . လူကြားထဲမနေနဲ့ ပေးစမ်း နတ်ပန်းအမေ့ဟာ အမေဆက်ခဲ့စမ်းမယ်"

ခင်နှောင်းလက်ထဲက နတ်ပန်းနှစ်စည်းကို ယူကာအမေနန်းရင်ပြင်ထဲတိုးဝင်သွားသည်။ ခင်နှောင်းဘာကြောင့် နတ်ပန်းနှစ်စည်းဝယ်သလဲဆိုတာ အမေသဘောပေါက်ပုံရ၏။ ခြောက် ဟိုအရင်တစ်နှစ်ဆီက နန်းရင်ပြင်အတူတက်လို့ နတ်ပန်းအတူ ဆက်ခဲ့ကြသည်ကော။

*"မိုးချုပ်ပေါ့လေ နေရိပ်ပေါ့နှမတွေး ××× ရွှေခန်းစံ ပြန်ရဦးမယ် အားလုံးတဲ့ဝေး ××× မီးကျည်ရွှေထိုးလို့*

www.burmeseclassic.com

www.burmeseclassic.com



*ဗျောက်အိုးတွေရဲ့ xxx ပြန်မလေ တိမ်မဆီးနဲ့ ရွှေခန်း*
*လေညာက xxx ဘုန်းသာတဲ့ မီး"*

နတ်ပန်းဆက်ပြီးတော့ ခင်နှောင်းလှည်းဆီပဲ ပြန်လာခဲ့သည်။ အမေတို့ အရိုးကြော့တို့တတွေကတော့ ပွဲဈေးတန်းဘက်သွားကာ တစ်နှစ်လုံးစာ ဝယ်ကြခြမ်းကြသည်။ လှည်းဘီးနှစ်ဘီးကြားလှည်းအောက်က ကတ်ကြမ်းခင်းကလေးပေါ်မှာပဲ ခင်နှောင်းခွေနေမိ၏။ ခင်နှောင်းစိတ်က ထင်နေလို့လားမသိ။ လှည်းဝိုင်းကြီးကြားကိုကျီးညိုလိုလိုပုံရိပ်တွေ ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားနေသည် ထင်မိ၏။ ကိုကျီးညိုရယ်. . . တော်သာ မသေဘဲရှိနေသေးလို့ အရှုးကြီးဘဝနဲ့ ဟောသည်နတ်ပွဲလှည်းတွေကြား လျှောက်သွားနေတယ် ဆိုဦးတော့။ ကျွပ်ကတော့ ချစ်နေမှာသိလား။ ခုတော့ ခင်နှောင်း ကိုကျီးညိုကို လွမ်းနေရုံမှ တစ်ပါး ဘဝချင်းခြားခဲ့ပြီ။

ပိုပြီးလွမ်းစရာကောင်းတာက လပြည့်နေ့ဆွမ်းကြီးလောင်းပွဲတွင် အမေက ကိုကျီးညိုကိုရည်စူးကာ ဆွမ်းတွေလောင်းခြင်းဖြစ်သည်။ ခါတိုင်းတပေါင်းလဆန်း ၁၃-ရက်နေ့ နတ်ပွဲလာ၊ ၁၄-ရက်နေ့ချင်းယားရွာကလေးဆီသွားပြီး ခင်နှောင်းတို့ရွာကို ပြန်ခဲ့ကြမြဲဖြစ်သည်။ သည်နှစ်တော့ အမေကိုယ်တိုင်က ဆွမ်းသိမ်းပွဲလောင်းချင်သေးသဖြင့် လပြည့်နေ့အထိခင်နှောင်းတို့ နတ်ပွဲကွင်းထဲနေခဲ့ကြသည်။ ကိုကျီးညို၏ မိခင်ကြီးရှိရာ ထန်းတောရွာထဲကိုလည်း အမေကသွားခွင့်ပြုခဲ့သည်။ သူကိုယ်တိုင်မရည်ရွယ်ဘဲ ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်အပေါ်မှာ အမေကြေကွဲဝမ်းနည်းနေတာလည်း ပါပါလိမ့်မည်။ အမေသည် တောသူတောင်သားပီပီ ရက်စက်တတ်သည့် နှလုံးသားမျိုးမရှိတာ ခင်နှောင်းယုံပါသည်။ အမေ့နေရာက ကြည့်လျှင်



အမေမမှားဟု ခင်နှောင်းထင်သည်။ တစ်ရွာသားနဲ့ ကွမ်းတောင်ကိုင်၊ သူရင်းတိုင်သမီးနဲ့ သူရင်းငှား အမေသဘောမမျှလိုတာ ခင်နှောင်းအပြစ်မမြင်ပါ။ အခုတော့လည်း အမေကိုယ်တိုင်က ကိုကျီးညိုကိုနှမြောတသ နေပုံလည်းရပါသည်။ ခင်နှောင်းကတော့ အမေ့ကိုမှ မဟုတ်ပါ။ ဘယ်သူ့ကိုမှ အပြစ်မမြင်လိုပေ။ ခင်နှောင်းပြုပြုခဲ့သမျှကံအကြောင်းတရားကြောင့်လို့သာ ဆိုရတော့မည်။ ဝိပါတ်ကြမ္မာမယိုးသာဆိုသည်မဟုတ်လား။ အဖေပြောခဲ့ဖူးသလို ဘဝဆိုတာ တစ်ခဏတာပါဆိုတာမှန်လျှင် တစ်ခဏထဲက တစ်ဆိတ်စာဖွဲ့ပေးခဲ့ရသည့်သူ့ဘဝကိုသာ ခင်နှောင်းရင်နာမိရပါ၏။

* * *

မမိစန်းကိုအဖော်ခေါ်ကာ ထန်းတောရွာကလေးထဲသို့ ခင်နှောင်းအရဲကိုးကာ ရောက်ခဲ့သည်။ ဖေကြီးကျော်နယ်ခံ ထန်းတောရွာကလေးသည် လှပသာယာလွန်းလှ၏။ ထန်းပင်ကြီးတွေစီတန်းကာအုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ရှိနေပုံကလည်း လွမ်းစရာကောင်းနေသည်။ ရွာအနောက်ကကပ်၍ သွယ်ကာမြောင်ကာစီးဆင်းနေသော ချင်းတွင်းမြစ်ကြီးကြောင့် ရွာကလေးက ပိုမိုစိမ်းစိုနေလေသည်။ အိမ်ကြီးရခိုင်၊ သစ်ခင်းသီးခင်း၊ မြေပိုင်ထန်းပိုင်တွေ ပေါများသောထန်းတောရွာထဲက ကိုကျီးညိုတို့သားအမိနေထိုင်ရာ မြေစိုက်အိမ်ကလေးထဲ ခင်နှောင်းရောက်ခဲ့သည်။ ခင်နှောင်းတို့ဝင်လာတော့ အမေအိုက ကဲလားတံခါးပေါက်ဘေးက ခုတင်ပေါ်ထိုင်ကာ ပုဆိုးဟောင်းတွေသီချုပ်နေသည်။ ခင်နှောင်းတို့ကိုတွေ့တော့ အံ့သြနေပုံရသည်။ ခင်နှောင်းမှန်းသိတော့ အမေအိုက ငိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သားကတော့ ပြောရှာသား . . . သူ့အလုပ်လုပ်သွဲ့ အိမ်ကသူရင်းတိုင်သမီးကလေးက ချောသတဲ့ လှသတဲ့ သဘောမနောကောင်းလှသတဲ့ . . . အင်း မိန်းမကောင်းမိန်းမမြတ် ကြန်အင်လက္ခဏာရှိသွဲ့ မိန်းကလေးပဲကွယ် . . . မြင်ရုံနဲ့သိပါရဲ့ . . . ကျုပ်သားက လူလိမ္မာကလေးပါတော် . . . အဆိုးမရှိပါဘူး . . . အသောက်အစားကင်းသယ် မအေကို ခေါင်းပေါ်တင့် လုပ်ကျွေးရှာပါရဲ့ . . . အလုပ်လက်ကြောတင်းသယ် . . ဒါပေသိ သင်းကံမကောင်းရှာပေါင်ကွယ်"

အမေအိုက ခင်နှောင်းပုခုံးကလေးကို ပွတ်ကာသပ်ကာ မျက်တောင်ငုတ်စူးကလေးတွေ ပုတ်ခတ်ကာ စကားဆိုသည်။ ကိုကျိုးညိုနှင့်ခင်နှောင်းအကြောင်းကို အမေအိုသိတန်သလောက်သိပုံရ၏။ မတော်လိုက်ရသည့် ချွေးမကလေးကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း ခင်နှောင်းကို ချစ်ခင်ပုံလည်းရသည်။ ခင်နှောင်းစိတ်မကောင်းလိုက်တာ။

"ကျိုးညို အသုဘလည်း စည်လှသယ် မဟုတ်ပါဘူး သမီးရယ် . . . ကိုယ့်တောဆိုသာ သည်လိုရောက်ရားပေါ့ . . . အခု သူ့ပုဆိုးကလေးတွေ ကျန်ရစ်တော့ တင်းတိမ်စပ်ချုပ်ပြီး ဘုန်းကြီးကျောင်းလှူမယ်စိတ်ကူးသယ်"

အမေအိုလက်ထဲက ချုပ်လက်စပုဆိုးဟောင်းကလေးတွေကို ခင်နှောင်းတယုတယကိုင်ကြည့်လိုက်မိသည်။ ဟောသည်ပုဆိုးဟောင်းကလေးတွေကြားက ခပ်လတ်လတ်ပုဆိုးနှစ်ထည်ကတော့ ခင်နှောင်းဝယ်ဆင်ခဲ့သော ကိုကျိုးညိုနောက်ဆုံးဝတ်သွားသည့် ပုဆိုးတွေ



ဖြစ်မည်။ ခင်နှောင်းမျက်ရည်စကလေးတွေကို သိမ်းလိုက်သည်။ ခင်နှောင်းရင်ခံထဲ ထည့်ယူလာခဲ့သော ငွေငါးထောင်ကိုထုတ်၍ အမေအိုကို ထိုင်ကန်တော့လိုက်ပါသည်။

"သာဓုပါတော် သာဓု သာဓု . . . ငါ့သမီး သည့်ထက်သည် အဆတိုးလို့ ချမ်းသာပါစီ . . . ကျန်းမာပါစီ . . . ဘဝအဖော်ကောင်းနဲ့ တွေ့ပါစီတော်"

အမေအို လက်ချောင်းသေးသေးကလေးတွေကို ဆုပ်နယ်ကာ ခင်နှောင်းနှုတ်ဆက်လိုက်ပါသည်။ အမေအို့ဆီကို စားဖို့သောက်ဖို့ ခင်နှောင်းမပြတ်ပို့ပေးမည့်အကြောင်းလည်း ကတိပြုခဲ့၏။ ထန်းတောရွာက ထွက်ခဲ့တော့ တိမ်တွေတောက်နေသည်။ နတ်ပွဲလာ နတ်ပွဲသွားတို့ ပျားပန်းခတ်နေကြဆဲ။ သည်အပျော်တွေ သူ့ဆီမကူးနိုင်တော့။

တစ်နှစ်တစ်ခါ တပေါင်းလဆန်းလေတိုင်း ကိုကြီးကျော်နန်းဆီသို့ ခင်နှောင်းတို့တစ်တွေရောက်နေကြဦးမှာပဲဖြစ်သည်။ ရိုးမှိုင်းမြောက်တောင် ညင်းလေသာဆောင် ဖန်ရောင်မလန်း အာကာယံတောင်တော သာလာ နွေဖွဲ့ဆန်းသည့် လတပေါင်းမှာ ငှက်သံညံစီစီ ပင်ညီဝေ ရွှေဖိတ်တွေ ခိုင်ညှာလန်းသည့် ရာသီရောက်တိုင်းကိုကျိုးညိုကို ခင်နှောင်းပိုလွမ်းနေဦးမှာပဲဖြစ်၏။ လှည်းသံ၊ လူသံ၊ နတ်ချင်းနတ်ချော့သံ၊ ကြက်လောင်းသံ၊ ပွဲသိမ်းမင်းကို ကြိုဆိုကြသည့် အသံတွေကြား ခင်နှောင်းနေပျော်ရတော့မှာပဲ မဟုတ်လား။ သည်ကျွန်း၊ သည်ရေ၊ သည်လေ၊ သည်လူတွေမှာတော့ သည်အသံ၊ သည်အရောင်၊ သည်ရနံ့၊ သည်အပျော်တွေ တစ်နှစ်တစ်ခါ ပွက်ပွက်ကြီးဆူနေမှာ သေချာပါသည်။ ဝတ်လဲတော်ရွှေပုဆိုး တန်းထိုးလို့ကြို

www.burmeseclassic.com

www.burmeseclassic.com



ကြသူတွေကြားမှာ ခင်နှောင်းနှစ်စဉ်ရှိနေမှာပါ။ လှည်းပေါင်းမိုးပေါ်က သရဖီပန်းကုံးကလေး ရယူပန်ဆင်ဖို့ နတ်ပွဲကွင်းထဲမှာ လူပျောက်ရှာနေမည့် ချစ်သူကို အရိပ်အယောင်ပြဖို့ နှစ်အဆက်ဆက် ဝတ်မပျက် ခင်နှောင်းလာနေရဦးမှာ ထင်ပါရဲ့။

ခင်နှောင်းခေါင်းက သရဖီပန်းကုံးကလေးကို အသာအယာ ရစ်ဖြေယူလိုက်သည်။ ပြီးတော့ အသာအယာနမ်းလိုက်မိပါ၏။ သရဖီပန်းကုံးကလေးမှာ မျက်ရည်တွေ လူးကျံခဲ့ပြီ။

■ ■ ■

ခင်ခင်ထူး

*(ကျွန်မဆွေမျိုးသားချင်းများရှိရာ မြို့ဘူးရွာ၊ ထန်းတောရွာ အပါအဝင် ကျွန်းဆယ်နှစ်ရွာနှင့် ကိုကြီးကျော်နတ်ပွဲသွား ရိုးရာဓလေ့ကို အခြေခံ၍ရေးဖွဲ့သော ကျွန်မ၏စိတ်ကူးဖြင့် တည်ဆောက်သည့် ခံစားမှုဝတ္ထုရှည်တစ်ပုဒ်သာ ဖြစ်ပါသည်။)*

BURMESE CLASSIC .com

www.burmeseclassic.com